The
# Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .15, NO . 6 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | Feb 9 , 2015



## အရှည်အသွေး ကောင်းပါမှ
# မျက်နှာကောင်းရမည်

| မြင့်ဦး-ပခုက္ကူ |

၂၀



## ဖရဲ၊ သခွားမွှေးအလုပ်ရုံဆွေးနွေးပွဲမှသည်
# တည်ငြိမ်သော ဈေးကွက်သစ်ဆီသို့

၁၄



မူဆယ်သို့ ဆန်အပို့ရပ်နားထားသင့်ပြီး
ရန်ကုန် FOB သင်္ဘောတင်ပုံမှန်လေးဆက်သွားနိုင်မည့်
ဆန်ဈေးကွက်

၄

တမူးနယ်စပ်ဒေသတွင်
သခွားမွှေးများ
စမ်းသပ်စိုက်ပျိုးသင့်

၁၈

ချင်းပြည်နယ်တွင်
စားသုံးသူအခြေခံပွားမှု
ဖြေရှင်းရေးအဖွဲ့များဖွဲ့စည်း

၂၅

# မြန်မာနိုင်ငံဈေးကွက်သို့ တရားဝင်တင်သွင်းလာသော အရည်အသွေးကောင်းမွန်သည့် ထိုင်းနိုင်ငံထုတ် DUMEX Super Mix (လိမ္မော်ရောင်)

- မိခင်နို့သည် ကလေးအတွက် အကောင်းဆုံးဖြစ်ပါသည်။
  Breast Milk is the best Food for Infant.
- မိခင်နို့ မလုံလောက်၍ဖြစ်စေ၊ မကျန်းမာ၍ဖြစ်စေ၊ အခြားအကြောင်းတခုခုကြောင့်ဖြစ်စေ၊ မိခင်နို့ အစားထိုး " နို့မှုန့် "တိုက်ကျွေးရန် လိုအပ်လာပါက ကျန်းမာရေးဝန်ထမ်း၏ ညွှန်ကြားချက်ဖြင့်သာ တိုက်ကျွေးသင့်ပါသည်။
- သင့်ကလေးအတွက် ကျန်းမာရေးဝန်ထမ်း၏ ညွှန်ကြားချက်ဖြင့် " နို့မှုန့် " တိုက်ကျွေးရန် လိုအပ် လာပါက အရည်အသွေး ပြည့်မီကောင်းမွန်သော ထိုင်းနိုင်ငံထုတ် DUMEX နို့မှုန့်များကို ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)၏ တင်သွင်းခွင့်ထောက်ခံချက်များ၊ စီးပွား/ကူးသန်း ဝန်ကြီးဌာနမှ သွင်းကုန်လိုင်စင်များရယူကာ နိုင်ငံတော်သို့ အကောက်ခွန်၊ ကုန်သွယ် လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်များ အပြည့်အဝပေးဆောင်ပြီး သက်သာသောဈေးနှုန်းများဖြင့် မြန်မာနိုင်ငံ ဈေးကွက်သို့ စတင်မိတ်ဆက် ဖြန့်ဖြူးရောင်းချလျက် ရှိပါသည်။
- ထို့သို့ ဖြန့်ဖြူးရောင်းချရာတွင် ကျန်းမာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့၏ (၂၄-၇-၂၀၁၄)ရက်စွဲပါ အမိန့်စာ-အမှတ် ၂၂/၂၀၁၄ နှင့်အညီ DUMEX (Thailand) နို့မှုန့်ဘူးများပေါ်တွင် မြန်မာဘာသာဖြင့် တိုက်ကျွေးနိုင်သည့် အသက်အရွယ်၊ အထူးသတိပြုရန်အချက်များ၊ ပါဝင်ပစ္စည်းများ၊ ဖျော်စပ်ပုံ၊ သိမ်းဆည်းထားသိုပုံနှင့် ဆောင်ရန်/ရှောင်ရန်တို့ကိုပါ ဖော်ပြပြီး ဈေးကွက်သို့ တင်ပို့ ရောင်းချနေခြင်း ဖြစ်သဖြင့် အလွယ်တကူ သေချာစွာဖတ်ရှုလေ့လာပြီး ယုံကြည်စိတ်ချစွာဖြင့် ဝယ်ယူအားပေးနိုင်ကြောင်း မိတ်ဟောင်း/မိတ်သစ်များအား သတင်းကောင်းပါးအပ်ပါသည်။

ကျေးဇူးတင်စွာဖြင့်
The Advanced Generation Co.Ltd
တိုးတက်မျိုးဆက်ကုမ္ပဏီလီမိတက်

ဖြန့်ချီရာဌာန
အမှတ်-၁၂၅(မြေညီထပ်)၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်းနံပါတ်
၀၁ ၃၈၈၈၀၅၊ ၀၉ ၂၅၄၂၁၇၉၂၇၊ ၀၉ ၇၃၁၄၂၂၆၉





# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဟောပြောဆွေးနွေးပွဲ အခမ်းအနားသို့ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်အမှာစကားပြောကြား

အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေးဥပဒေရေးရာ အသိပညာပေးဟောပြောဆွေးနွေးပွဲ အခမ်းအနားကိုဖေဖော်ဝါရီလ ၃ ရက်က နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရုံး၌ကျင်းပခဲ့ရာ အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးနေဝင်းမှအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ဆောင်ရွက်ချက် များ၊ ဥပဒေရေးရာနှင့် နောက်ခံသမိုင်း၊ အရေးယူဆောင်ရွက်မှုအခြေအနေများ၊ ခေတ်မီဥပဒေသစ်တစ်ရပ်ပေါ်ထွန်းလာရေးကြိုးပမ်းဆောင်ရွက်ခဲ့မှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍လည်းကောင်း၊ ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် ဦးမောင်ရှိန်က အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့်ပတ်သက်၍ လည်းကောင်း၊ ဝန်ထမ်းများအနေဖြင့် ဥပဒေကိုသိရှိပြီးသတိပြု ဆင်ခြင်နိုင်စေရေးတို့နှင့် ပူးပေါင်းဆောင်ရွက်နိုင်စေရေးတို့အတွက်လည်းကောင်း အကျယ်တဝင့် ဟောပြောဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ယခုလိုဝန်ထမ်းများအားလုံး အဂတိလိုက်စားမှုကင်းဝေးစေရေးအတွက် အသိပညာပေး ဆွေးနွေးဟောပြောပေးသော အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ တာဝန်ရှိ ပုဂ္ဂိုလ်များအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြုပြင်ပြောင်းလဲရေးကို အရှိန်အဟုန်မြှင့်တင်၍လုပ်ဆောင်လျက်ရှိရာတွင် အကျင့်ပျက်ခြစားမှုကို ပပျောက်အောင် လုပ်ဆောင် လျက်ရှိပါကြောင်း၊ ယင်းကဲ့သို့ အကျင့်ပျက်ခြစားမှုပြဿနာများ နည်းနိုင်သမျှနည်းအောင် မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း လုပ်ငန်းများကို အွန်လိုင်းမှတစ်ဆင့် e-government စနစ်ဖြင့်လုပ်နိုင်ရန်ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ နှစ်ပေါင်းများစွာအဂတိလိုက်စားလာသည့်အကျင့်ဓလေ့သည် မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေးကို အဟန့်အတားဖြစ်စေနိုင်သည်ဟု သုံးသပ်ကြပါကြောင်း၊ ကောင်းမွန်သည့်အုပ်ချုပ်ရေးစနစ်ဖြစ်ပေါ်ရေးနှင့် သန့်ရှင်းသောအစိုးရဖြစ်စေရန် ပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြဖို့လိုအပ်လျက်ရှိပါကြောင်း၊ ဝန်ထမ်းများအတွင်း လာဘ်ပေးလာဘ်ယူမှုများ၊ အဂတိလိုက်စားမှုများ ရှိနေဆဲဖြစ်ကြောင်း၊ဝန်ထမ်းများ၏စိတ်ဓာတ်က အစပြောင်းလဲပစ်ရန်လို ကြောင်းကို နိုင်ငံတော်သမ္မတက မိန့်ကြားထားပြီးဖြစ်ပါကြောင်း၊ ရပ်ကွက်ရုံးများမှတစ်ဆင့်ဝန်ကြီးဌာနရုံးများအထိ ဌာနဆိုင်ရာအများစု၏အဆင့်တိုင်းနီးပါးမှာ ခြစားမှုတွေရှိနေပြီး နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံလိုသူများအနေဖြင့်လည်း အဆိုပါပြဿနာကို ရင်ဆိုင်နေရသည်ဟု နိုင်ငံတကာအဂတိလိုက်စားမှု စောင့်ကြည့်ရေးအဖွဲ့များ၏အစီရင်ခံစာများတွင် ဖော်ပြရေးသားခဲ့ကြပါကြောင်း၊ အဂတိလိုက်စားမှုကြောင့် လာဘ်ထိုးတဲ့ငွေကိုပါ ကုန်ကျစရိတ်တွင် ထည့်သွင်းပြီး ဈေးတင်ရောင်းခြင်းသည် ကုန်ဈေးနှုန်းကြီးမြင့်စေသည့် များစွာသော အကြောင်းရင်းများအနက် အဓိက အချက်အဖြစ်ပါဝင်နေပါကြောင်း၊ ဝန်ထမ်းများအားလုံးကိုမှာကြားလိုသည်မှာမိမိတို့၏ဂုဏ်သိက္ခာ၊ မိသားစု ဂုဏ်သိက္ခာ၊ ဌာနဂုဏ်သိက္ခာ၊ နိုင်ငံ့ဂုဏ်သိက္ခာ မညှိုးနွမ်းအောင် အဂတိလိုက်စားမှုကင်းရှင်းစွာဖြင့် တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ကြစေလိုကြောင်းမှာကြားခဲ့ပါသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲသို့ အရာထမ်း၊ အမှုထမ်းစုစုပေါင်းအင်အား ၄၃၁ ဦးတက်ရောက်ခဲ့ကြောင်းသတင်းရရှိပါသည်။

**HR Mg**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးဆောင်၍ Trade Policy Review Follow-up Workshop နှင့် Public Presentation on Trade Policy Review of Myanmar တို့ကိုကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) နှင့် ဥရောပသမဂ္ဂ (EU) ၏ ကူညီထောက်ပံ့မှုဖြင့် နေပြည်တော်ရှိ Lake Garden Hotel တွင် ဇန်နဝါရီ ၂၀ ရက်မှ ၂၁ ရက်အထိ Trade Policy Review (TPR) Follow-up Workshop ကို လည်းကောင်း၊ ရန်ကုန်မြို့ရှိ Kandawgyi Palace Hotel တွင် ဇန်နဝါရီ ၂၃ ရက်၌ Public Presentation on Trade Policy Review of Myanmar ကိုလည်းကောင်း အသီးသီးကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲနှစ်ခုကို အီးယူ၏ ငွေကြေးထောက်ပံ့မှုဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

နေပြည်တော်တွင် ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအပါအဝင် ကုန်သွယ်မှုနှင့် သက်ဆိုင်သည့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း ၂၂ ခုလက်အောက်ရှိ ဦးစီးဌာန/အဖွဲ့အစည်း ၅၀ တို့မှ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူအရာထမ်း ၇၀ ဦးတို့ပါဝင်တက်ရောက် ဆွေးနွေးခဲ့ကြပြီး၊ ရန်ကုန်မြို့တွင်ကျင်းပသော ရှင်းလင်းတင်ပြပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအပါအဝင် ကုန်သွယ်မှုနှင့် သက်ဆိုင်သည့်ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်း ငါးခုလက်အောက်ရှိဦးစီးဌာန ကိုးခုတို့မှ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူ အရာထမ်း ၁၆ ဦး၊ ပုဂ္ဂလိကကဏ္ဍမှ ၇၃ ဦးနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ၇၀ ဦးတို့ပါဝင်တက်ရောက်ခဲ့ကြသည်။




နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့သည့်အလုပ်ရုံဆွေးနွေးပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားခဲ့ပြီးနောက် WTO မှ TPR Division ၏ ညွှန်ကြားရေးမှူးဖြစ်သူ Mr. Willy Alfaro နှင့် ဥရောပသမဂ္ဂ(EU)မှ Programme Manager-Trade and Private Sector, Delegation of the European Union to Myanmar ဖြစ်သူ Mr. Alberto Menghini တို့က အဖွင့်အမှာစကားများ အသီးသီးပြောကြားခဲ့ကြပါသည်။

နေပြည်တော်တွင် ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲ၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး

**စာမျက်နှာ ၁၅ သို့**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နင်းပန်းဖြူ၊
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွင့်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(မြဲ-၃၈၁၉)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
အောင်မျိုး၊ မြင့်ဆွေ၊ တင်တင်အေး၊
ခင်မြတ်မွန်၊ တင်တင်ထွန်း

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ စန္ဒာမိုး၊ မော်မော်စန်း၊
သီရိဝင်း၊ မြတ်ဆုလှိုင်၊

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(မြဲ-၀၉၇၄၄)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# မူဆယ်သို့ ဆန်အပို့ရပ်နားထားသင့်ပြီး ရန်ကုန် FOB သဘော်တင်ပုံမှန်လေးဆက်သွားနိုင်မည့် ဆန်စျေးကွက်

ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)ရဲ့ လက်ကားဆန်စျေးနှုန်းမှာ ဖေဖော်ဝါရီလ ၆ ရက်နေ့ စျေးနှုန်းအရ ဖျာပုံပေါ်ဆန်း လတ်စ တစ်အိတ်ကို ၂၈၀၀၀ ကျပ်၊ ထိပ်စ ၂၉၀၀၀ ကျပ်၊ မြောင်းမြ၊ ပုသိမ် ပေါ်ဆန်းလတ်စ တစ်အိတ်ကို ၃၁၀၀၀ ကျပ်၊ ထိပ်စ ၃၂၀၀၀ ကျပ်၊ နယ်စုံပေါ်ဆန်း လတ်စ တစ်အိတ်ကို ၂၇၀၀၀ ကျပ်၊ ထိပ်စ ၂၉၀၀၀ ကျပ်ဖြင့် ဆန်ချော စျေးတွေ ဆက်ငြိမ်နေတာ တွေ့ရပါတယ်။

ဆန်ချောတွေသာ အဝယ်လိုက်ပြီး ညံ့တဲ့ဆန်ချောတွေက စျေးကွက်မှာ အဝယ်မလိုက်ဘဲ စျေးဆက်ငြိမ်နေရတာလို့ စျေးကွက်က ဆိုပါတယ်။ ဧည့်မထ လတ်စ တစ်အိတ်ကို ၁၆၀၀၀ ကျပ်၊ ထိပ်စ ၁၆၈၀၀ ကျပ်၊ မိုးသုခ စျေးနှုန်းက ၁၆၅၀၀ ကျပ်မှ ၁၇၃၀၀ ကျပ်အတွင်းဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ၂၀၀ ကျပ်မှ ၅၀၀ ကျပ်အတွင်း စျေးဆက်တက်လာတာ တွေ့ရပါတယ်။ ရန်ကုန်မှာ သဘော်တင်ရှိနေသည့်ပြင် ရန်ကုန် FOB အပို့ကုမ္ပဏီများမှ အဝယ်ဆက်ရှိနေချိန်မှာ ရန်ကုန်သို့ ဆန်ကြမ်းလည်း အဝင်နည်းနေလို့ အကြမ်းစျေး ဆက်တက်ရတာဖြစ်တယ်လို့ သိရပါတယ်။ တရုတ်မူဆယ်လိုင်းသို့ ရန်ကုန်မှ ဆန်အပို့အတော် လေးကျဲသွားပြီး ဝါးတန်းဒိုင်သို့ ဆန်အဝင်နဲ့ အရောင်းအဝယ်အခြေအနေမှာ ပုံမှန်လေးသာ သွားနေတယ်လို့ ကုန်စည်ဒိုင်ဆန်စျေးကွက်မှ ကြားသိရပါတယ်။

ရန်ကုန်စျေးကွက်အတွင်း ဧည့်မထ ၂၅ မှတ် (ပြည်ပ) ဆန်တစ်အိတ် ၅၀ ကီလိုကို ၁၄၆၀၀ ကျပ်-၁၄၇၀၀ ကျပ်ခန့် ဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ၂၀၀ ကျပ်ခန့်၊ ယခင်နှစ်ပတ်ထက်ဆိုရင် တစ်အိတ်ကို ၇၀၀ ကျပ်ခန့်စျေးတက်သွားတာတွေ့ရပါတယ်။ လက်ရှိမှာ သဘော်တင်ဆဲရှိနေသည့်ပြင် ရန်ကုန် FOB ဖြင့်ပို့နေကျ ဆန်ကုမ္ပဏီကြီးများအပြင် MAPCO ကလည်း ပြည်တွင်းဆန်စျေးကွက်မှာ ဆက်ပြီး ဝယ်နေဆဲဖြစ်တယ်လို့သိရပါတယ်။ EMATA MYANMAR 25% FOB (Yangon)စျေး 310-320 USD/ MT ဟုဆိုသော်လည်း အမှန်ရောင်းချရာတွင် 310 USD/MT နှင့်အောက်သာရရှိနေကြပြီး သဘော်တင်ချိန်မှာ ပြည်တွင်းဆန်ကြမ်းစျေးတက်လာခြင်းနှင့် ငွေလဲနှုန်းလေးနေခြင်းများကြောင့် တွက်ခြေမကိုက်ဟု ဆန်စျေးကွက်မှ ကြားသိရပါတယ်။

မူဆယ်ဆန်စပါးကုန်စည်ဒိုင်မှာ ဖေဖော်ဝါရီလ ၆ ရက် ဆန်ပေါက်စျေးနှုန်း မထွက်နိုင်ဘဲ ဖေဖော်ဝါရီ ၄ ရက် စျေးနှုန်းသာထွက်ရှိရောင်းဝယ်နိုင်ခဲ့ပြီး ဧည့်မထ ၅ မှတ် မော့်ဘီ တစ်အိတ်ကို ၁၄၅ ယွမ်ဖြစ်ခဲ့လို့ ဇန်နဝါရီလ ၂၆ ရက်နေ့ စျေးနှုန်းထက် တစ်အိတ်ကို တစ်ယွမ်ခန့်သာ စျေး တက်ခဲ့သော်လည်း ဧည့်မထ ၅ မှတ် စူပါတစ်အိတ်ကို ၁၃၄-၁၃၇ ယွမ်၊ ဧည့်မထ ၁၀ မှတ်၊ မနောသုခ ၁၃၂ ယွမ်၊ ဧည့်မထ ၂၅ မှတ် ၁၂၃-၁၂၄ ယွမ်၊ ငစိန် ၂၅ မှတ် ၁၂၀-၁၂၃ ယွမ်၊ ဆန်ကွဲ B 1,2 တစ်အိတ် ၁၀၄ -၁၀၇ ယွမ်၊ B,1& EXTRA ၁၀၈-၁၁၄ ယွမ်ဖြစ်ခဲ့ကြလို့ ယခင်အပတ်ထက် တစ်အိတ်ကို တစ်ယွမ်မှ သုံးယွမ်အတွင်း စျေးကျခဲ့ကြောင်း၊ ဖေဖော်ဝါရီလ ၆ ရက်နေ့ မူဆယ်ရှိ ငွေလဲနှုန်းမှာ တစ်ယွမ်ကို ၁၆၃ ဒသမ ၉၃ ကျပ်ဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက် သုည ဒသမ ၁၃ ကျပ် သာ စျေးပြန်တက်ခဲ့ကြောင်း၊ ဇန်နဝါရီလ ၂၆ ရက်ကစပြီး တရုတ်ထဲမှာ ဆန်ဖမ်းနေရာမှ ဖေဖော်ဝါရီလ ၄ ရက်မှာ အရောင်းအဝယ်နဲ့ ဆန်အပို့ပြန်ရှိခဲ့သော်လည်း ဆက် ဖမ်းနေလို့ အရောင်းအဝယ်ပါ သိသာစွာပြန်ကျသွားကြောင်း၊ တရုတ်ထဲမှာ ဆန်ဖမ်းဆီးနေမှုများကြောင့် မူဆယ်မှာ ဆန် အရောင်းအဝယ် နှစ်ပတ်ခန့် သိသာစွာကျဆင်းခဲ့ရာ မူဆယ်မှာ ဆန်လက်ကျန်တွေ များလာနေပြီး မူဆယ်သို့ ဆန်အဝင်ပါ သိသာစွာ လျော့ကျလာနေကြောင်း၊ ယခုတစ်ပတ်အတွင်း ပြည်တွင်းနယ်စုံမှ မူဆယ်သို့ ဆန်တန်ချိန် ၁၃၈၀၀ ခန့် ဝင်ရောက်ခဲ့ပြီး ယခင်တစ်ပတ်ထက် တန်ချိန် ၁၂၃၀၀ ခန့်ထိ အဝင်သိသာစွာ လျော့ကျလာနေကြောင်း၊ ရန်ကုန်မှ မူဆယ်သို့ ဆန်တင်ဆောင်ခမှာ တစ်တန်ကို ၁၀၀၀၀၀ ကျပ်ခန့်ဖြစ်ခဲ့ပြီး အတက်ကားရှားနေလို့ ယခင်တစ်ပတ်ထက် ၅၀၀၀ ကျပ်ခန့် စျေးတက်ခဲ့သော်လည်း ရန်ကုန်မှ ဆန်တင်ပို့သူမရှိသလောက် ကျဲသွားပြီဖြစ်ကြောင်း၊ မူဆယ်ဆန်စျေးကွက် ရှေ့အလားအလာမှာ ဆန်ကို ဆက်တိုက်ဖမ်းနေဆဲဖြစ်ကာ ပြောင်းဆန်ပါဖမ်းနေလို့ တရုတ်နှစ်ကူးပြီးလောက်မှသာ မူဆယ်ဆန်စျေးကွက် တဖြည်းဖြည်းပြန်ကောင်းနိုင်မည်ဟု သုံးသပ်နေကြောင်း မူဆယ်ဆန်စျေးကွက်မှ ကြားသိရပါတယ်။

မြန်မာ့ဆန်နဲ့ ဆန်ကွဲ ပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက် နေ့ထိ တန်ချိန် ၁၄၄၈၉၉၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၅၂၃ သန်းကျော်ရရှိနေကာ ယခင်ဘဏ္ဍာနှစ်ကာလတူထက် တန်ချိန် ၅၀၉၉၃၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၁၇၀ ကျော် ပိုမိုတင်ပို့ထားနိုင်တာ တွေ့ရပါတယ်။ မြန်မာ့ဆန်စျေးကွက် ရှေ့အလားအလာအနေဖြင့် တရုတ်- မူဆယ်ဆန်စျေးကွက်မကောင်းနိုင်သေးဘဲ မူဆယ်မှာလည်း လက်ကျန်ဆန်တွေ ပုံလာနေပြီဖြစ်လို့ ထားစရာနေရာခက်ခဲလာနိုင်သဖြင့် ပြည်တွင်းနယ်စုံမှ မူဆယ်သို့ ဆန်အပို့ရပ်ထားသင့်ပြီး ရန်ကုန် FOB သဘော်တင်မှာမူ ပုံမှန်လေးဆက်သွားနိုင်သော်လည်း ပြည်တွင်းဆန်ကြမ်းစျေး ယခုထက် မတက်နိုင်ဟု သုံးသပ်လျက်ရှိကြောင်းတင်ပြလိုက်ပါတယ်။ **သန်းအေး-ဆန်စပါး**

## စပါးစျေးကျပြီး ဆန်စျေးကောင်းနဲ့ အရောင်းအဝယ်ဖြစ်နေ

ပြည်မြို့ရဲ့ယခင်တစ်ပတ် စပါးစျေးကွက်မှာ စပါးစျေးတွေမြင့်တက်လို့ အရောင်းအဝယ်သမားတွေ အခက်တွေ့နေတဲ့ တောင်ပျံမွှေးစပါးဟာ ယခုတစ်ပတ်မှာတော့ စပါးစျေးကျလာတာ တွေ့ရပါတယ်။ စျေးနှုန်းအနေနဲ့ တောင်ပျံမွှေး စပါးတင်း(၁၀၀) ၄၆ ပေါင်ကိုက်နဲ့ ယခင်တစ်ပတ်စျေး ၆၆၂၄၀၀ ကျပ်မှ ယခုတစ်ပတ်စျေး ၆၄၄၀၀၀ ကျပ်သာ ပေါက်တော့ကြောင်းသိရပါတယ်။ ဆန်လတ်စတစ်အိတ်စျေးကတော့ ၃၂၀၀၀ ကျပ်ဖြစ်လို့ ယခင် အပတ်ထက် ၂၀၀၀ ကျပ် စျေးပိုလာတာတွေ့ရပါတယ်။ နယ်ဘက်သို့တင်ပို့မှု မကိုက်လို့ရပ်နားထားပေမယ့် ဒေသတွင်းသုံးစွဲမှုအနေနဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့သိရပါတယ်။

ဧည့်မထစပါးစျေးကတော့ တင်း(၁၀၀)၄၆ ပေါင်ကိုက်စျေး ၄၁၄၀၀၀ ကျပ်ပေါက်ပြီး စျေးငြိမ်နေတာတွေ့ရပါတယ်။ ဧည့်မထ အမျိုးအစားထဲကအင်းလယ်ဆန်တစ်အိတ်စျေးကတော့ ၁၇၅၀၀ ကျပ်နှင့်စျေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်နေပါတယ်။ ရန်ကုန်-မန္တလေးဘက်သို့ တစ်ရက်လျှင်အိတ် ၅၀၀ မှ ၇၀၀ ထိ တင်ပို့ရကြောင်းလည်း သိရပါတယ်။ အင်းလယ်ဆန်က မပျော့မမာနဲ့စားလို့ကောင်းတာကြောင့် အရောင်းအဝယ် သွက်နေပါတယ်။ ကျောက်ရွှေး၊ အင်းမရဲဘော်၊ ငွေတိုး စတဲ့ဆန်တွေကတော့ တစ်အိတ်လျှင် ၂၂၀၀၀ ကျပ်ဖြင့် အရောင်း အဝယ်ပုံမှန်ရှိကြောင်းသိရပါတယ်။ **နီနီဝင်း-ပြည်**

## အာရှနိုင်ငံတွေက FOB ဆန်စျေးနှုန်းများ

၅-၂-၂၀၁၅ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၄၃၁ | ၄၃၂ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၂၂ | ၄၂၃ | △ | ၃၆၀ | ၃၅၅ | ▽ | ၃၉၅ | ၃၉၅ | □ | ၃၅၅ | ၃၄၅ | ▽ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၄၀၁ | ၄၀၂ | △ | ၃၃၀ | ၃၂၅ | ▽ | ၃၆၀ | ၃၆၀ | □ | ၃၂၀ | ၃၁၀ | ▽ |
| ပေါင်းဆန် | ၄၃၀ | ၄၀၅ | ▽ | - | - | - | ၃၉၀ | ၃၉၀ | □ | ၄၀၀ | ၃၉၅ | ▽ |

*Source: oryza.com*

## အမေရိကနိုင်ငံတွေက FOB ဆန်စျေးနှုန်းများ

၅-၂-၂၀၁၅ ဒေါ်လာ/တန်

| | တောင်အမေရိက | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၉၅ | ၄၉၅ | □ | ၅၉၅ | ၅၉၅ | □ | ၅၉၅ | ၅၉၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၇၅ | ၄၇၅ | □ | - | - | - | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၆-၂-၂၀၁၅) ရက်နေ့ ဆန်၊ စပါးစျေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၃၉၅၀ | □ | ၁၆၀၀၀ | □ | ၆၄၄၀ | ▽ | ၃၂၀၀၀ | △ |
| ပုသိမ် | ၃၉၅၆ | □ | ၁၆၀၀၀ | □ | ၆၅၇၃ | □ | ၂၈၀၀၀ | ▽ |
| ပဲခူး | ၃၆၀၀ | □ | ၁၅၀၀၀ | △ | ၅၇၀၀ | □ | ၂၅၀၀၀ | □ |
| ရွှေဘို | ၄၇၀၀ | ▽ | ၁၆၅၀၀ | □ | ၈၇၀၀ | □ | ၂၉၀၀၀ | □ |
| စစ်တွေ | ၃၈၅၀ | □ | ၁၅၀၀၀ | △ | ၆၀၀၀ | □ | ၂၃၀၀၀ | △ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၄၃၀၀ | □ | ၁၆၅၀၀ | △ | - | - | ၃၄၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၃၅၅၀ | □ | ၁၆၀၀၀ | △ | - | - | ၂၇၀၀၀ | □ |
| မန္တလေး | ၄၇၀၀ | △ | ၁၈၅၀၀ | □ | - | - | ၂၈၀၀၀ | □ |
| မကွေး | ၅၂၀၀ | △ | ၁၇၅၀၀ | △ | - | - | ၃၃၀၀၀ | □ |
| မော်လမြိုင် | ၃၆၈၀ | □ | ၁၄၀၀၀ | □ | ၆၄၀၀ | □ | ၂၃၀၀၀ | □ |
| လှိုင်ကော် | ၆၀၀၀ | □ | ၂၂၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မြိတ် | ၃၈၀၀ | □ | ၁၇၅၀၀ | □ | - | - | ၃၁၀၀၀ | □ |
| ဘားအံ | ၃၅၀၀ | □ | ၁၅၀၀၀ | □ | - | - | ၂၈၀၀၀ | □ |
| တောင်ကြီး | - | - | ၁၈၀၀၀ | □ | - | - | ၃၄၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်စျေးမှာ နတ္တလင်းဆန်စျေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်စျေးများ ဖြစ်ပါသည်။

## နယ်စပ်စခန်းများမှ ဇန်နဝါရီလအတွင်းဆန်တင်ပို့မှုလျော့ကျပြီး ဆန်ကွဲပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ နယ်စပ်စခန်းများမှ ဇန်နဝါရီလ နောက်ဆုံးပတ်မှာ တရုတ်နိုင်ငံသို့ ဆန်တန်ချိန် ၂၆၁၁၆ တန် တင်ပို့ခဲ့ပါတယ်။ တန်ဖိုးမှာ ကန်ဒေါ်လာ ၉ ဒသမ ၆၈၇ သန်းဖိုးဖြစ်ပြီး စခန်းအလိုက် တင်ပို့နိုင်မှုများမှာ မူဆယ်(၁၀၅)မိုင်မှ ငစိန်ဆန် ၁၅၀၄၀ တန်၊ ဧည့်မထဆန် ၈၅၃၅ တန်၊ ချင်းရွှေဟော်စခန်းမှ ငစိန်ဆန် ၁၅၄၁ တန်နဲ့ လွယ်ဂျယ်စခန်းမှ တန် ၁၀၀၀ ဖြစ်ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် တန် ၄၀၀၀ ကျော် လျော့နည်း ခဲ့ပါတယ်။ယခုတစ်ပတ်မှာ မောင်တောစခန်းမှ ဆန်တင်ပို့မှုမရှိခဲ့ပါဘူး။ ယခုသီတင်းပတ်မှာ မူဆယ်မှ ကန်ဒေါ်လာ ၃ ဒသမ ၇၃၁ သန်းတန်ဖိုးရှိ ဆန်ကွဲ ၁၁၄၇၆ တန်ကျော်နဲ့ ကန်ဒေါ်လာ သုည ဒသမ ၂၈၂ သန်းဖိုးရှိ ကောက်ညင်းဆန် ၅၈၇ တန်၊ ချင်းရွှေဟော်စခန်းမှ ကန် ဒေါ်လာ သုည ဒသမ ၁၁၃ သန်းဖိုးရှိ ဆန်ကွဲ ၃၄၈ တန်တင်ပို့ခဲ့ပါတယ်။

ဇန်နဝါရီလ တစ်လလုံးအတွက်ကတော့ မြန်မာ-တရုတ်နယ်စပ်စခန်းများမှ ကန်ဒေါ်လာ ၄၇ ဒသမ ၆၉၁ သန်းဖိုးရှိ ဆန်ဖြူ ၁၃၁၃၉၁ တန်ကျော်နဲ့ မြန်မာ-ဘင်္ဂလားဒေရှ့်နယ်စပ်ရှိ မောင်တောစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၀၄၈ သန်းဖိုးရှိဧည့်မထဆန် ၁၂၅ တန်တင်ပို့နိုင်ခဲ့ပါတယ်။ အနီးစပ်ဆုံး ဒီဇင်ဘာတစ်လလုံးမှာ မြန်မာ-တရုတ်နယ်စပ်မှ ဆန်တန်ချိန် ၁၆၉၁၃၄ တန်တင်ပို့နိုင်တဲ့အတွက် ဇန်နဝါရီလမှာ ၃၇၇၄၃ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။ ဇန်နဝါရီတစ်လလုံးမှာ ကန်ဒေါ်လာ ၁၆ ဒသမ ၄၄၅ သန်းဖိုးရှိ ဆန်ကွဲ ၅၀၆၆၇ တန်ကျော်ကို မူဆယ်၊ လွယ်ဂျယ်နဲ့ ချင်း ရွှေဟော်စခန်းများမှတင်ပို့ခဲ့ပြီး ယခင်လထက် ၂၂၀၈၂ တန်ခန့် ပိုမိုတင်ပို့ထားကြောင်းသိရပါတယ်။ **ယဉ်ယဉ်အေး MIRT (DCCA)**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၆-၂-၂၀၁၅ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၃၀/၁ | ၆/၂ | ပြောင်းလဲမှု | ၃၀/၁ | ၆/၂ | ပြောင်းလဲမှု | ၃၀/၁ | ၆/၂ | ပြောင်းလဲမှု | ၃၀/၁ | ၆/၂ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၃၉၉ | ၁၃၃၁ | ▼ | ၁၃၃၃ | ၁၂၁၇ | ▼ | ၁၃၂၀ | ၁၂၁၅ | ▼ | - | ၁၃၅၀ | - |
| ၂ | ပဲစင်းငုံ | ၁၃၄၂ | ၁၃၇၀ | ▲ | ၁၂၈၀ | ၁၂၉၂ | ▲ | ၁၂၈၀ | ၁၃၃၀ | ▲ | ၁၃၀၅ | ၁၂၉၅ | ▼ |
| ၃ | ပဲတီစိမ်း | ၁၇၅၀ | ၁၇၀၀ | ▼ | ၁၈၆၇ | ၁၆၄၄ | ▼ | - | ၁၅၇၉ | - | ၁၇၆၃ | ၁၇၆၃ | ■ |
| ၄ | ကုလားပဲရိုးရိုး | ၁၀၃၀ | ၁၀၀၀ | ▼ | - | - | - | - | - | - | ၇၇၄ | ၇၃၆ | ▼ |
| ၅ | ပဲလွန်းဖြူ | ၁၀၅၀ | ၁၀၀၀ | ▼ | ၉၆၇ | ၁၀၃၃ | ▲ | - | - | - | - | - | - |
| ၆ | ထောပတ်ပဲ | ၁၃၀၀ | ၁၃၀၀ | ■ | ၁၂၈၀ | - | - | ၁၁၀၅ | ၁၀၀၀ | ▼ | ၁၀၅၃ | ၁၀၅၃ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၆-၂-၂၀၁၅ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ မွန်ဘိုင်း | | | အိန္ဒိယ ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၂၉/၁ | ၅/၂ | ပြောင်းလဲမှု | ၂၉/၁ | ၅/၂ | ပြောင်းလဲမှု | ၂၉/၁ | ၅/၂ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၈၆၀ | ၇၉၀ | ▼ | ၉၃၅ | ၈၈၁ | ▼ | ၉၇၆ | ၁၀၀၂ | ▲ |
| ၂ | ပဲစင်းငုံ | ၈၁၅ | ၈၁၀ | ▼ | ၈၇၀ | ၈၇၃ | ▲ | ၈၈၂ | ၈၆၉ | ▼ |
| ၃ | ပဲတီရွှေဝါ | ၁၀၆၀ | ၁၀၀၀ | ▼ | ၁၁၈၇ | ၁၁၈၀ | ▼ | ၁၂၈၅ | ၁၂၉၃ | ▲ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၄၅၀ | ၄၅၀ | ■ | ၅၆၁ | ၅၉၀ | ▲ | ၅၄၅ | ၅၃၇ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှုအခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု ယခင်တစ်ပတ် (၂၄.၁.၁၅)ထိ | ပြည်ပတင်ပို့မှု ယခုတစ်ပတ် (၃၁.၁.၁၅)ထိ | ပြည်ပတင်ပို့မှု (၁.၄.၁၄) မှ (၃၁.၁.၁၅) ထိ |
|---|---|---|---|
| မတ်ပဲ | ၅၀၅၅ | ၇၉၄၉ | ၄၂၉၉၃၀ |
| ပဲတီစိမ်း | ၃၃၄၂ | ၅၃၀၆ | ၁၁၅၈၁၉ |
| ပဲစင်းငုံ | ၁၀၉၂ | ၉၄၀၉ | ၁၆၇၆၃၁ |
| ကုလားပဲ | ၅၄ | ၈၁၉ | ၉၅၆၆ |
| ပဲလွန်းဖြူ | ၃၄၅ | ၁၅၀၄ | ၂၉၁၅၇ |
| မြေထောက်ပဲ | ၇၂ | ၁၂၀ | ၇၈၉၁ |

## ပြည်ပဲလွန်းဖြူ ပဲအဝင်ပါးပြီး အရောင်းအဝယ်လည်းအေး

ပဲလွန်းဖြူသစ်များ ပြည်ဈေးကွက်သို့ ဒီဇင်ဘာလကုန်မှစ၍ ဝင်ရောက်ခဲ့ပြီး ဇန်နဝါရီလ တစ်လလုံး ဝင်ရောက်လျက်ရှိသလို ယခုဖေဖော်ဝါရီလဆန်းမှာတော့ ပဲအဝင်ပါးသွားလို့ အရောင်းအဝယ်လည်း အေးခဲ့တယ်လို့ သိရပါတယ်။

ပဲဈေးနှုန်းမှာလည်း ယခင်လက တစ်တင်း ၁၉၀၀၀ ကျပ်ဖြင့် ပဲသစ်ပေါ်စအချိန်ထက် ဈေးပိုရခဲ့သော်လည်း ယခုတစ်ပတ်မှာ ပဲဈေးလည်းအေးလို့ တစ်တင်း ၁၈၅၀၀ ကျပ်ဖြင့် ဒေသတွင်းလက်လီသမားအချို့သာ ဝယ်ယူမှုရှိခဲ့လို့ တစ်ရက်အိတ် ၂၀ ကျော်ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြတယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

**စီးပွားရေးလုပ်ငန်းရှင်များသို့**

ဂျာနယ်တွင် ကြော်ငြာကိစ္စများနှင့်ပတ်သက်၍ သုတေသနနှင့် ပြည်သူ့ဆက်ဆံရေးဌာနခွဲ ညွှန်ကြားရေးမှူးကိုယ်တိုင် လက်မှတ်ရေးထိုးထားသော ကြော်ငြာထည့်ရန် မေတ္တာရပ်ခံသည့်စာဖြင့် ကြော်ငြာတာဝန်ခံဝန်ထမ်း ဒေါ်မြင့်ဇင်ညွှန့်ကိုယ်တိုင် ကြော်ငြာများ လက်ခံလျက်ရှိပါသည်။ ညွှန်ကြားရေးမှူး၏ မေတ္တာရပ်ခံစာ မပါဘဲ၊ ကြော်ငြာလာရောက်လက်ခံပါက အောက်ပါဖုန်းနံပါတ်များသို့ အသိပေးအကြောင်းကြားပါရန်မေတ္တာရပ်ခံအပ်ပါသည်။

ဖုန်း - ၀၁ - ၃၇၁ ၀၂၃ ၊ ၂၅၁ ၁၉၇ ၊ ၂၅၂ ၀၁၇

# ဇန်နဝါရီလအတွင်း အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ပြည်ပဲမျိုးစုံဈေးကွက်၏ ဈေးနှုန်းအခြေအနေ

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်မှာ ၂၀၁၅ ခုနှစ် ဇန်နဝါရီလအတွင်း အဓိကအရောင်းအဝယ် ဖြစ်ခဲ့သော ပဲများရဲ့ ဈေးနှုန်းအခြေအနေများကို လေ့လာရာမှာ လဆန်းရက်မှစ၍ လကုန်ရက်အထိ ဈေးနှုန်းများ သိသိသာသာ အတက်အကျမရှိဘဲ ဈေးငြိမ်ခဲ့ပြီး ကုလားပဲသီးနှံတစ်မျိုးသာ လဆန်းရက်ထက်လကုန်မှာ ဈေးပိုရခဲ့တာကို တွေ့ရပါတယ်။ ပဲတစ်မျိုးချင်းရဲ့ အပတ်စဉ်အရောင်းအဝယ်ဖြစ်ခဲ့သော တစ်တင်းဈေးနှုန်းများကိုတော့ အောက်ဖော်ပြပါဇယားအတိုင်း တွေ့ရပါတယ်-

| ပဲအမျိုးအစား | ဇန်နဝါရီ ပထမပတ် | ဇန်နဝါရီ ဒုတိယပတ် | ဇန်နဝါရီ တတိယပတ် | ဇန်နဝါရီ စတုတ္ထပတ် | ဇန်နဝါရီ ပဉ္စမပတ် |
|---|---|---|---|---|---|
| မတ်ပဲ | ၂၈၀၀၀ | ၂၈၈၀၀ | ၂၈၀၀၀ | ၂၈၀၀၀ | ၂၇၀၀၀ |
| ပဲတီစိမ်း | ၃၅၀၀၀ | ၃၆၅၀၀ | ၃၆၀၀၀ | ၃၆၅၀၀ | ၃၃၀၀၀ |
| ကုလားပဲ | ၁၅၀၀၀ | ၁၅၇၀၀ | ၁၅၅၀၀ | ၁၅၂၀၀ | ၁၆၀၀၀ |
| ပဲမျိုးစုံ | ၂၄၂၀၀ | ၂၅၇၀၀ | ၂၅၄၀၀ | ၂၅၇၀၀ | ၂၅၇၀၀ |
| ပဲကြီး(ရွှေကျွန်း) | ၂၂၀၀၀ | ၂၂၅၀၀ | ၂၂၀၀၀ | ၂၃၀၀၀ | ၂၂၀၀၀ |
| ပဲကြီး (ကမ်းနား) | ၁၉၀၀၀ | ၁၉၅၀၀ | ၂၀၀၀၀ | ၂၁၀၀၀ | ၂၀၀၀၀ |
| ပဲပုပ် | ၁၇၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၁၅၆၀၀ |

မတ်ပဲသီးနှံမှာ နှစ်ဆန်းပိုင်းမှစ၍ ပဲသစ်အချို့ဝင်ရောက်လာလို့ ယခုနှစ်မှာ မတ်ပဲဈေးနှုန်းလည်း ယခင်နှစ်က နှစ်ဆန်းဈေးထက် ဈေးပိုရနေတဲ့အတွက် တစ်တင်း ၂၈၀၀၀ ကျပ်ဖြင့် ရန်ကုန်ဝယ်လက်များ နေ့စဉ်ဝယ်ယူမှုရှိခဲ့ပါတယ်။ ဇန်နဝါရီ ဒုတိယပတ်မှာ တစ်တင်း ၂၈၈၀၀ ကျပ်သို့ဈေးဆက်လက်မြင့်တက်လာပြီး လလယ်မှစ၍ ဈေးပြန်လျော့သွားကာ လဆန်းရက်ကဈေးအတိုင်း ၂၈၀၀၀ ကျပ်ဖြင့် ပြန်လည် အရောင်းအဝယ် ဖြစ်ခဲ့ပြီး နောက်ဆုံးပတ်မှာတော့ တစ်တင်း ၂၇၀၀၀ ကျပ်ဖြင့်သာ ပဲသစ်များ ဆက်လက်အရောင်းအဝယ် ဖြစ်လျက်ရှိခဲ့ပါတယ်။

ပဲတီစိမ်းသီးနှံကတော့ ဈေးကွက်အတွင်း ဈေးအမြင့်ဆုံးရနေတဲ့အတွက် နှစ်ဆန်းမှစ၍ တစ်တင်း ၃၅၀၀၀ ကျပ်နှင့်အထက်ရရှိနေသလို ပဲဝင်ရောက်မှုမှာလည်း ဇန်နဝါရီလအတွင်း ပဲသစ်များ လှိုင်လှိုင်ဝင်ရောက်ခဲ့သလို မန္တလေးလိုင်းသမားများမှလည်း နေ့စဉ်ဝယ်ယူနေကြတာကြောင့် ဇန်နဝါရီလအတွင်းမှာ အရောင်းအဝယ်အသွက်ဆုံးနဲ့ ဈေးအမြင့်ဆုံးရခဲ့တဲ့ ပဲဖြစ်နေခဲ့ပါတယ်။ လကုန်ရက်မှာပဲ အဝင်ပါးလို့ အရည်အသွေးလည်းကျတဲ့အတွက် ဈေးပြန်လျော့ပြီး တစ်တင်း ၃၃၀၀၀ ကျပ်ဖြင့်သာ ရရှိခဲ့သော်လည်း ဈေးကွက်မှာတော့ ဈေးအမြင့်ဆုံးပဲဖြစ်နေခဲ့ပါတယ်။

ကုလားပဲသီးနှံမှာ ဇန်နဝါရီလဆန်းတွင် ပဲသစ်များ ဝင်ရောက်မှုမရှိသေးဘဲ လက်ကျန်ပဲများဖြင့်သာ ဒေသတွင်း ခွဲစက်သမားနှင့် လက်လီသမားများ ဝယ်ယူမှုရှိခဲ့လို့ ဈေးနှုန်းမှာ တစ်တင်း ၁၅၀၀၀ ကျပ်ဖြင့်သာ ဈေးငြိမ်နေခဲ့ပြီး ဒုတိယပတ်မှာ ပဲသစ် အနည်းငယ်ဝင်ရောက်လာလို့ ပဲဟောင်းထက်ဈေးပိုရခဲ့ကာ တစ်တင်း ၁၅၇၀၀ ကျပ်ဖြင့် ခွဲစက်သမားအဝယ်သွက်လို့ အိတ် ၂၀၀ ကျော်နေ့စဉ် အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ လကုန်ပတ်မှာတော့ တစ်တင်း ၁၆၀၀၀ ကျပ်ထိ ဈေးဆက်ပိုလာခဲ့တယ်လို့ သိရပါတယ်။

ပဲစင်းငုံသီးနှံသစ်များကတော့ နှစ်ကုန်မှစ၍ပဲသစ်များ ဝင်ရောက်ခဲ့ပြီး နှစ်ဆန်း ဇန်နဝါရီလမှာလည်း ပဲသစ်များဆက်တိုက်ဝင်ရောက်နေခဲ့သလို ပဲဈေးနှုန်းမှာလည်း တစ်ပတ်ထက်တစ်ပတ် ဈေးပိုရလာခဲ့ပါတယ်။ ရန်ကုန်ဝယ်လက်မှ နေ့စဉ် ဝယ်ယူမှုရှိလို့ တစ်ရက်အိတ် ၅၀၀ ကျော် ၆၀၀ အထိ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ လကုန်ရက်မှာတော့ ပဲအဝင်ပိုများလာတဲ့အတွက် အိတ် ၉၀၀ ကျော်ထိ ပန်းတောင်း၊ ကံမ၊ ရွှေတောင်၊ ပေါက်ခေါင်းနယ်စုံမှ ဝင်ရောက်နေခဲ့ပြီး ဝယ်လက်မှလည်း ဝယ်လိုအားကောင်းနေခဲ့တယ်လို့ သိရပါတယ်။

ပဲကြီးဈေးနှုန်းများကတော့ ဇန်နဝါရီလအတွင်း လက်ကျန်ပဲများဖြင့်သာ အရောင်းအဝယ်ဖြစ်နေတဲ့အတွက် (ရွှေကျွန်း) တစ်တင်း ၂၂၀၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၁၉၀၀၀ ကျပ်ဖြင့် ဒေသတွင်း ပဲလှော်ဖိုသမားဝယ်ယူလို့ နေ့စဉ်အိတ် ၂၀၀ ကျော်အရောင်းအဝယ်ဖြစ်ခဲ့သလို လလယ်မှာလည်း ပဲအဝင်မရှိပေမယ့် လက်ကျန်ပဲများရှိလို့ ဈေးငြိမ်ငြိမ်နဲ့ ပုံမှန်အရောင်းအဝယ်ဖြစ်နေခဲ့ပါတယ်။ လကုန်ပတ်မှာတော့ ဈေးမြင့်တက်လာပြီး (ရွှေကျွန်း) ထက် (ကမ်းနား) ပဲက ပိုအရောင်းအဝယ်သွက်ကာ တစ်တင်း ၂၁၀၀၀ ကျပ်ထိ ဈေးရရှိခဲ့ပါတယ်။

ပဲပုပ်သီးနှံမှာ ပဲသစ်များ ဇန်နဝါရီလအတွင်း အရောင်းအဝယ်ဖြစ်နေပြီး လဆန်းရက်အစမှာ တစ်တင်း ၁၇၀၀၀ ကျပ်ဖြင့် လက်လီသမားအဝယ်ရှိလို့ အိတ် ၅၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ လလယ်မှာ ပဲအဝင်ပိုသွက်လာပြီး တစ်ရက်အိတ် ၂၀၀ ကျော်အထိ ပန်းတောင်း၊ ပေါက်ခေါင်း၊ ပေါင်းတလည်မြို့နယ်များမှ ဝင်ရောက်ခဲ့သလို လက်လီသမားရော လှောင်လက်ပါ ဝယ်ယူမှုရှိနေခဲ့ပါတယ်။ ပဲသစ်များအဝင်လှိုင်လာတဲ့အချိန်မှစပြီး ပဲဈေးမှာ ဈေးလျော့ခဲ့လို့ လကုန်မှာလည်း တစ်တင်း ၁၆၀၀၀ ကျပ်ဖြင့် လဆန်းရက်ထက် ဈေးကျဆင်းခဲ့တာကို တွေ့ရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ကသာပဲဇုန်ရဲ့ပထမခြေလှမ်း

၂၀၁၄ ခုနှစ် စက်တင်ဘာလ ၁၆ရက်နေ့က ဖွဲ့စည်းခဲ့တဲ့ ပဲပြောင်းနှမ်းသီးနှံစုံ စိုက်ပျိုးထုတ်လုပ်သူများအသင်း (ကသာဇုန်) ဟာ အသင်းရဲ့ဦးဆောင်လုပ်ဆောင်မှု ပထမခြေလှမ်းအဖြစ် ဆင်းပဒေသာ-၁၁ အထွက်တိုးမြေပဲမျိုး ၃၂ ဧကကို ဆောင်းသီးနှံအဖြစ် စိုက်ပျိုးခဲ့ပါတယ်။

စိုက်ပျိုးမြေတွေက ဧရာဝတီမြစ်ကမ်း နုန်းတင်မြေနုမြေဖြစ်တာကြောင့် မြေပဲပင်တွေ အောင်မြင်တဲ့အပြင် ဇန်နဝါရီလအတွင်း မိုး နှစ်ကြိမ်ရွာသွန်းတာကြောင့် မြေပဲပင်များ သန်စွမ်းလာကာ အထွက်တိုးအောင်မြင်မှာ ဖြစ်ကြောင်းသိရပြီး၊ မြေပဲနှုတ်သိမ်းပြီးရင် အသင်းဝင်တွေကို မျိုးဖြန့်ပြီး နောင်နှစ်မှာ တိုးတက်စိုက်ပျိုးသွားမှာဖြစ်ကြောင်းသိရပါတယ်။ **ကျော်အုန်း-ကသာ**

## ပြည်ဘိုကိတ် လက်လီ၊ လက်ကား အဝယ်သွက်ပေမယ့် ဈေးငြိမ်

ပြည်ပဲဈေးကွက်သို့ ဘိုကိတ်ပဲသစ်များ နေ့စဉ်အိတ် ၁၀၀ မှ ၁၅၀ ကျော်အထိ အဝင်ရှိခဲ့ပါတယ်။ ပန်းတောင်း၊ ရွှေတောင်၊ ပေါက်ခေါင်းမြို့နယ်အပြင် ကံမဘက်မှလည်း ဝင်ရောက်မှုရှိခဲ့ပါတယ်။ ဒေသတွင်းလက်လီသမားများ ဝယ်ယူမှုရှိသလို ရန်ကုန်ဝယ်လက်မှလည်း နေ့စဉ်ဝယ်ယူနေတယ်လို့ သိရပါတယ်။ ပဲဈေးနှုန်းကတော့ တစ်တင်း ၁၅၀၀၀ ကျပ်ဖြင့် ဇန်နဝါရီလကုန်မှစ၍ ၎င်းဈေးအတိုင်း ဈေးငြိမ်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# မန္တလေးကုန်စည်ဒိုင်မှာ အရောင်းအဝယ်ဖြစ်တဲ့ သီးနှံများရဲ့ သုံးလကာလတူ ဈေးနှုန်းနဲ့ အရောင်းအဝယ်ဖြစ်မှုများနှိုင်းယှဉ်ခြင်း

ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှာ အနယ်နယ်အရပ်ရပ်မှ လယ်ယာထွက်ကုန်များဖြစ်တဲ့ ပဲအမျိုးမျိုး၊ ပြောင်းဖူးစေ့အမျိုးမျိုးနဲ့ နှမ်းများကို နေ့စဉ်လာရောက်အရောင်းအဝယ်ပြုလုပ်တဲ့ မြန်မာနိုင်ငံရဲ့ ဗဟို အချက်အခြာကျတဲ့ ပဲ၊ ပြောင်း၊ နှမ်းကုန်စည်ဒိုင်ကြီးတစ်ခုဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ပထမအပတ်မှာ အရောင်းအဝယ်ပြုလုပ်တဲ့ ဈေးနှုန်းနဲ့ ယခင်ကာလတူလများမှ အရောင်းအဝယ်ပြုလုပ်ခဲ့တဲ့ ဈေးနှုန်းများကို နှိုင်းယှဉ်ပါက- **တစ်ပိဿာ-ကျပ်**

| သီးနှံအမည် | ၅. ၁၂. ၂၀၁၄ | | ၅. ၁. ၂၀၁၅ | | ၅. ၂. ၂၀၁၅ | |
|---|---|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် |
| ပဲတီစိမ်း | ၁၇၇၈ | ၂၀၂၇ * | ၁၉၀၂ | ၁၉၅၆ | ၁၅၁၁ | ၁၆၅၃ |
| ပဲလွန်းဖြူ | - | ၁၀၀၀ | ၇၅၀ | ၉၁၇ | ၁၀၀၀ | ၁၀၈၃ * |
| ပဲပုပ် (ရှမ်း) | ၉၄၈ | ၁၀၁၄ | ၉၉၅ | ၁၀၇၀ * | ၈၈၃ | ၉၀၁ |
| ပဲပုပ် (ဗမာ) | - | ၉၇၇ | ၁၀၅၂ | ၁၀၆၁ * | - | ၈၈၃ |
| ပဲယင်း | ၁၀၈၃ | ၁၁၁၇ * | ၁၀၆၇ | ၁၀၈၃ | ၈၅၀ | ၉၀၀ |
| ထောပတ်ပဲ | ၁၈၆၇ | ၁၉၂၀ * | ၁၈၆၇ | ၁၉၂၀ * | - | - |
| မြေထောက်ပဲ | - | ၁၁၁၁ | ၁၀၅၆ | ၁၂၀၄ * | - | ၁၁၄၈ |
| ပဲကြီး | ၁၃၃၉ | ၁၄၁၂ * | ၁၀၈၆ | ၁၃၇၅ | ၉၉၅ | ၁၂၆၇ |
| စွန်တာပြာ | ၈၅၈ | ၈၇၆ * | ၇၄၇ | ၇၅၅ | - | ၇၅၅ |
| မတ်ပဲ | ၁၄၆၇ | ၁၅၀၀ * | ၁၄၀၀ | ၁၄၅၀ | ၁၂၁၇ | ၁၂၃၃ |
| ပဲစင်းငုံနီ | ၁၂၅၀ | ၁၂၆၇ | ၁၁၇၅ | ၁၁၈၃ | ၁၂၇၈ | ၁၂၈၃ * |
| ပဲစင်းငုံရွှေ (ဖြူ) | ၁၂၅၀ | ၁၂၆၇ | ၁၁၇၅ | ၁၁၈၃ | ၁၂၈၃ | ၁၃၀၀ * |
| ကုလားပဲဖြူကြီး | ၆၉၉ | ၇၁၆ | ၆၉၀ | ၆၉၉ | ၇၃၄ | ၇၅၁ * |
| ကုလားပဲထိုင်ဝမ် | ၆၇၆ | ၆၈၄ | ၆၈၁ | ၆၈၄ | ၇၀၂ | ၇၁၁ * |
| ပြောင်းဖူးစေ့ (ရှမ်း) | ၃၈၀ | ၃၈၃ * | ၃၇၀ | ၃၇၄ | - | ၃၈၀ |
| ပြောင်းဖူးစေ့ (ဗမာ) | ၃၅၂ | ၃၆၁ | ၃၅၂ | ၃၆၁ | - | - |
| ပြောင်းဖူးစေ့ (စီပီ) | ၃၈၀ | ၃၈၃ * | ၃၇၀ | ၃၈၀ | - | ၃၈၀ |
| အထွက်တိုးပြောင်း | ၄၃၄ | ၄၆၂ * | ၃၄၉ | ၃၇၇ | ၃၇၇ | ၄၀၆ |
| ဆန်ပြောင်း | - | ၄၅၆ * | ၃၈၀ | ၃၈၈ | ၃၉၇ | ၄၀၅ |
| နှမ်းဖြူ | ၃၀၆၇ | ၃၁၅၆ * | ၂၂၅၆ | ၃၀၀၀ | ၂၁၁၁ | ၂၄၄၄ |
| နှမ်းညို | ၂၅၅၆ | ၂၅၇၇ * | ၂၃၁၁ | ၂၃၃၃ | ၂၀၆၇ | ၂၀၈၉ |
| နှမ်းနက် | ၃၈၈၉ | ၄၁၁၁ * | ၃၁၁၁ | ၃၆၆၇ | ၂၁၁၁ | ၃၂၂၂ |
| နှမ်းနက် (စမုံ) | ၄၃၃၃ | ၄၄၀၀ | ၄၀၀၀ | ၄၂၂၂ | ၄၅၁၁ | ၄၅၃၃ * |
| ပန်းနှမ်း | - | ၁၂၀၀ | ၁၁၅၆ | ၁၁၇၈ * | ၁၁၀၀ | ၁၁၁၁ |
| မြေပဲဆန် | ၂၂၀၀ | ၂၃၀၀ | ၂၅၀၀ | ၂၅၅၀ * | ၂၂၀၀ | ၂၂၅၀ |

*** အမြင့်ဆုံးဈေးနှုန်း**

ပြည်ပ(တရုတ်)မှ ပုံမှန်ဝယ်ယူမှုရှိနေတဲ့ ပဲတီစိမ်းကြီးမှာ ယခင်လ (၂၀၁၄ ခုနှစ် ဒီဇင်ဘာလနဲ့ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ)များရဲ့ ဈေးအောက်မှာရှိကာ ဈေးအေးပေမယ့် ရောင်းဝယ်မှုပမာဏလျော့နည်းသွားခြင်းမရှိတဲ့အပြင် ပိုမိုပြီးတော့ အရောင်းအဝယ်သွက်လက်နေပါတယ်။ ယခုနှစ် ဖေဖော်ဝါရီလ လဆန်းမှာ ပဲတီစိမ်းကြီး တစ်ပိဿာ ၁၆၅၃ ကျပ် (တစ်တန် ၁၀၁၂၂၈၁ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၁၅၀၀ မှ ၂၀၀၀ ကြား အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ပဲလွန်းဖြူကို တရုတ်ဝယ်လက်မှ ကြိုက်နှစ်သက်မှုရှိတာကြောင့် ယခင်လများထက် ဈေးမာလျက် အရောင်းအဝယ်သွက်လက်လျက်ရှိပါတယ်။ ယခုတစ်ပတ်မှာ ပဲလွန်းဖြူ တစ်ပိဿာ ၁၀၈၃ ကျပ် (တစ်တန် ၆၆၃၂၁၈ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ပဲပုပ်များကို တရုတ်ဝယ်လက်များမှ ဝယ်ယူမှုရှိသော်လည်း ယခုတစ်ပတ်မှာ အရောင်းအဝယ်ဖြစ်မှုနည်းပါးပေမယ့် ပြည်တွင်းမှ ပုံမှန်ရောင်းအဝယ်ရှိတာကြောင့် ရောင်းဝယ်မှုပမာဏ သိသိသာသာ ကျဆင်းမှုမရှိပါဘူး၊ ယခုတစ်ပတ်မှာ ပဲပုပ်(ရှမ်း) တစ်ပိဿာ ၉၀၁ ကျပ် (တစ်တန် ၅၅၁၇၆၃ ကျပ်)၊ ပဲပုပ် (ဗမာ) တစ်ပိဿာ ၈၈၃ ကျပ် (တစ်တန် ၅၄၀၇၄၀ ကျပ်) နဲ့ ယခင်လထက်ဈေးအေးပေမယ့် နေ့စဉ် သုံးတင်းအိတ် ၃၀၀ ကျော်အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ပဲယင်းဈေးနှုန်း ယခင်လအောက် ရောက်ရှိဈေးအေးနေပေမဲ့ တရုတ်ဝယ်လက်နဲ့ ပြည်တွင်းဝယ်လက် ရန်ကုန်ဝယ်လက်များကြောင့် အရောင်းအဝယ်သွက်လက်လျက်ရှိပါတယ်။

ယခုတစ်ပတ်မှာ ပဲယင်း တစ်ပိဿာ ၉၀၀ ကျပ် (တစ်တန် ၅၅၁၁၅၁ ကျပ်) နေ့စဉ်သုံးတင်းအိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ထို့အတူ မြေထောက်ပဲမှာလည်း တစ်ပိဿာ ၁၁၄၈ ကျပ် (တစ်တန် ၇၀၃၀၂၄ ကျပ်) နဲ့ ယခင်လဈေးအောက်ရောက်ရှိပေမယ့် ပုံမှန်အရောင်းအဝယ်ရှိပါတယ်။ ပဲကြီးနဲ့ စွန်တာပြာများမှာ ဒေသတွင်းဝယ်လက်များနဲ့ တရုတ်ဝယ်လက်များမှ ဝယ်ယူမှုရှိပါတယ်။ ယခုတစ်ပတ်မှာ ပဲကြီးတစ်ပိဿာ ၁၂၆၇ ကျပ် (တစ်တန် ၇၇၅၈၉၈ ကျပ်)၊ စွန်တာပြာ တစ်ပိဿာ ၇၅၅ ကျပ်(တစ်တန် ၄၆၂၃၅၄ ကျပ်)နဲ့ ပြည်တွင်းဈေးကွက်မှာရော ပြည်ပ (တရုတ်) ဈေးကွက်မှာလည်း ဝယ်ယူလျက်ရှိကြောင်း သိရပါတယ်။

အိန္ဒိယဝယ်လက်ပြန်လည်အဆွဲရှိလို့ အရောင်းအဝယ်ဖြစ်မှုရော ဈေးနှုန်းမှာပါ ဦးမော့လာတဲ့ မတ်ပဲ၊ ပဲစင်းငုံနီနဲ့ ပဲစင်းငုံရွှေ (အဖြူ) များမှာ ယခင်နှစ်ကာလတူဈေးထက် များစွာမြင့်တက်သလို အရောင်းအဝယ်ပမာဏလည်း များပြားလာကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ မတ်ပဲ တစ်ပိဿာ ၁၂၃၃ ကျပ် (တစ်တန် ၇၅၅၀၇၇ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၇၀၀ ခန့် အရောင်းအဝယ်ဖြစ်ပြီး ပဲစင်းငုံနီ တစ်ပိဿာ ၁၂၈၃ ကျပ် (တစ်တန် ၇၈၅၆၉၆ ကျပ်)၊ ပဲစင်းငုံရွှေ (အဖြူ) တစ်ပိဿာ ၁၃၀၀ ကျပ် (တစ်တန် ၇၉၆၁၀၇ ကျပ်)နဲ့ ပဲစင်းငုံ နှစ်မျိုးပေါင်း နေ့စဉ်သုံးတင်းအိတ် ၂၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။ ပြည်ပအဆွဲနည်း ရန်ကုန်အဆွဲနည်းတဲ့ ကုလားပဲဖြူကြီးနဲ့ ကုလားပဲထိုင်ဝမ်များ ယခုတစ်ပတ်မှာ ဈေးမာလျက်ရှိပါတယ်။ ကုလားပဲဖြူကြီး တစ်ပိဿာ ၇၅၁ ကျပ် (တစ်တန် ၄၅၉၉၀၅ ကျပ်)၊ ကုလားပဲထိုင်ဝမ် တစ်ပိဿာ ၇၁၁ ကျပ် (တစ်တန် ၄၃၅၄၀၉ ကျပ်)နဲ့ ကုလားပဲနှစ်မျိုးပေါင်း နေ့စဉ်သုံးတင်းအိတ် ၅၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ယခင်နှစ် ၂၀၁၄ ခုနှစ် စက်တင်ဘာ၊ အောက်တိုဘာလများမှာ တရုတ်ဝယ်လက်များမှ ဝယ်လိုအား လွန်စွာကောင်းမွန်ခဲ့တဲ့ ပြောင်းဖူးစေ့များ ယခုတစ်ပတ်မှာ ဈေးအေးသွားသလို အရောင်းအဝယ်ဖြစ်မှုများမှာလည်း လွန်စွာနည်းပါးကြောင်း သိရပါတယ်။ ယခု တစ်ပတ်မှာ ပြောင်းဖူးစေ့ (ရှမ်း)နဲ့ ပြောင်းဖူးစေ့ (စီပီ) တစ်ပိဿာ ၃၈၀ ကျပ် (တစ်တန် ၂၃၂၇၀၈ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၂၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ အထွက်တိုးပြောင်း တစ်ပိဿာ ၄၀၆ ကျပ်(တစ်တန် ၂၄၈၆၃၀ ကျပ်)၊ ဆန်ပြောင်း တစ်ပိဿာ ၄၀၅ ကျပ်(တစ်တန် ၂၄၈၀၁၈ ကျပ်)နဲ့ နှစ်မျိုးပေါင်း သုံးတင်းအိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်လို့ ယခင်လ၊ ယခင်တစ်ပတ် အရောင်းအဝယ်ဖြစ်မှု ပမာဏနဲ့ ကွာဟမှု ကျဉ်းမြောင်းကြောင်းသိရပါတယ်။

ပြည်ပ (တရုတ်) ဝယ်လိုအားပုံမှန်ရှိနေတဲ့ နှမ်းရောင်စုံများ ဒိုင်ကိုအဝင်ရှိသလောက် အရည်အသွေးအလိုက် ဈေးနှုန်းသတ်မှတ်ပြီး အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလရဲ့ ပေါက်ဈေးအောက်ကို နှမ်းအမျိုးအစားတော်တော်များများ ဈေးအေးပြီး နှမ်းနက်(စမုံ) တစ်မျိုးတည်းသာ အမြင့်ဈေးနဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ယခုတစ်ပတ်မှာ နှမ်းဖြူ တစ်ပိဿာ ၂၄၄၄ ကျပ် (တစ်တန် ၁၄၉၆၆၈၁ ကျပ်)၊ နှမ်းညို တစ်ပိဿာ ၂၀၈၉ ကျပ် (တစ်တန် ၁၂၇၉၂၈၃ ကျပ်)၊ နှမ်းနက် တစ်ပိဿာ ၃၂၂၂ ကျပ် (တစ်တန် ၁၉၇၃၁၂၁ ကျပ်)၊ နှမ်းနက် (စမုံ) တစ်ပိဿာ ၄၅၃၃ ကျပ် (တစ်တန် ၂၇၇၅၉၆၄ ကျပ်)နဲ့ အဆိုပါနှမ်းလေးမျိုးပေါင်း နေ့စဉ် သုံးတင်းအိတ် ၂၅၀၀ အထက်မှာ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ ပန်းနှမ်း တစ်ပိဿာ ၁၁၁၁ ကျပ် (တစ်တန် ၆၈၀၃၆၅ ကျပ်)နဲ့ အနည်းငယ်ဈေးအေးပေမယ့် နေ့စဉ် သုံးတင်းအိတ် ၅၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ အခြားဆီထွက်သီးနှံတစ်ခုဖြစ်တဲ့ မြေပဲလုံးဆန်များ တရုတ်မှ အဝယ်လိုက်သလို ပြည်တွင်းဆီစက်များမှလည်း ပုံမှန်ဝယ်ယူလျက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ မြေပဲလုံးဆန် တစ်ပိဿာ ၂၂၅၀ ကျပ် (တစ်တန် ၁၃၇၇၈၇၈ ကျပ်)နဲ့ ဈေးအနည်းငယ်အေးပေမယ့် နေ့စဉ် သုံးတင်းအိတ် ၁၅၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

မန္တလေးကုန်စည်ဒိုင်အတွင်းမှာ သီးနှံစုံများ ဈေးအနိမ့်အမြင့်၊ အတက်အကျနဲ့ အရောင်းအဝယ်ပြုလုပ်ကြပြီး၊ မန္တလေးမြို့မှတစ်ဆင့် မူဆယ်သို့ မန္တလေးမြို့အထွက် ၁၆ မိုင် (ကျောက်ချော)စစ်ဆေးဂိတ်မှ ဖြတ်သန်းစီးထွက်သော သီးနှံများ၏ တင်ပို့မှုပမာဏကို သုံးလတာကာလဖြင့် နှိုင်းယှဉ်ကြည့်ပါက- **ရေတွက်ပုံ-တန်**

| သီးနှံအမည် | ၁၁/၂၀၁၄ | | ၁၂/၂၀၁၄ | | ၁/၂၀၁၅ | |
|---|---|---|---|---|---|---|
| | စုစုပေါင်း | ပျမ်းမျှ | စုစုပေါင်း | ပျမ်းမျှ | စုစုပေါင်း | ပျမ်းမျှ |
| ပဲတီစိမ်း | ၃၄၉၈. ၀၄ | ၁၃၁. ၆ | ၄၄၁၈. ၉၆ | ၁၄၂. ၅၅ | ၇၀၆၄. ၅ | ၂၂၇. ၈၉ |
| ပဲလွန်းဖြူ | ၃၀. ၂၄ | ၁. ၀ | ၅၂၉. ၁၇ | ၁၇. ၀၇ | ၁၄၈၀. ၃ | ၄၇. ၇၅ |
| ပဲယင်း | ၁၉၇. ၇၅ | ၆. ၅၉ | ၁၆၃. ၈ | ၅. ၂၈ | ၆၄၁. ၃ | ၂၀. ၆၉ |
| ပဲပုပ် | ၇၁. ၇ | ၂. ၃၆ | ၁၃၃. ၁ | ၄. ၂၉ | ၉၅. ၅ | ၃. ၀၈ |
| ပဲကြီး | ၉၉. ၂၅ | ၃. ၃၁ | ၁၀၁. ၃ | ၃. ၂၇ | ၆၉. ၉၅ | ၂. ၂၆ |
| မြေထောက် | ၁၅၅. ၃၅ | ၅. ၁၈ | ၇၄. ၉ | ၂. ၄၂ | ၁၄၅. ၂၅ | ၄. ၆၉ |
| စွန်တာပြာ | ၃၂၃. ၄၈ | ၁၀. ၇၈ | ၃၇၂. ၅ | ၁၂. ၀၂ | ၁၂၀. ၆၇ | ၃. ၈၉ |
| ကုလားပဲ | ၃၁၄. ၆၅ | ၁၀. ၄၉ | ၂၉၄. ၉ | ၉. ၅၅ | ၆၃. ၉၅ | ၂. ၀၆ |
| ပြောင်းဖူးစေ့ | ၂၇၁၃၉. ၁ | ၉၀၄. ၆၄ | ၆၉၈၀. ၀၀ | ၂၂၅. ၁၆ | ၄၈၈. ၂၅ | ၁၅. ၇၅ |
| ဆန်ပြောင်း | ၁၂၅၉. ၈၅ | ၄၂. ၀ | ၁၂၈၀. ၂ | ၄၁. ၃ | ၁၂၀၀. ၃ | ၃၈. ၇၂ |
| နှမ်းဖြူ | ၂၉၂၃. ၁၃ | ၉၇. ၄၄ | ၄၀၆၁. ၆၄ | ၁၃၁. ၀၂ | ၂၈၁၈. ၂ | ၆၈. ၆၁ |
| နှမ်းနက် | ၆၉၀၃. ၂၄ | ၂၃၀. ၁၁ | ၁၀၁၄၄. ၅ | ၃၂၇. ၂၄ | ၆၂၈၇. ၈ | ၂၀၂. ၈၃ |
| မြေပဲဆန် | ၈၁၇၇. ၈၅ | ၂၇၂. ၆ | ၇၇၃၂. ၄ | ၂၄၉. ၄၃ | ၆၅၃၃. ၇ | ၂၁၀. ၇၆ |
| ပဲနီပြား | ၃၇၅. ၀၅ | ၁၂. ၅ | ၁၇၁. ၆၇ | ၅. ၅၄ | ၂၅၀. ၇၃ | ၈. ၀၉ |

ယခု ၂၀၁၅ ခုနှစ်မှာ အပို့ပိုမိုတဲ့ ပဲအမျိုးအစားမှာ ပဲတီစိမ်းကြီး၊ ပဲလွန်းဖြူနဲ့ ပဲယင်းများ ဖြစ်ပါတယ်။ ယခင်လများနဲ့ နှိုင်းယှဉ်ပါက တစ်ရက်ပျမ်းမျှ သိသိသာသာပိုမိုကြောင်း သိရပါတယ်။ အခြားတင်ပို့တဲ့ ပဲများမှာ ယခင်လတင်ပို့မှုအောက်ကို ရောက်ရှိနေပါတယ်။ ပြောင်းဖူးစေ့များမှာ သိသိသာသာ အပို့လျော့နည်းကြောင်း သိရပါတယ်။ ဆီထွက်သီးနှံများဖြစ်တဲ့ နှမ်းရောင်စုံနဲ့ မြေပဲဆန်များ အပို့လျော့ပေမယ့် သိသိသာသာ လျော့နည်းမသွားကြောင်း သိရပါတယ်။

ကုန်စည်ဒိုင်အတွင်းမှာ လက်ရှိ အရောင်းအဝယ်ဖြစ်တာက ပဲတီစိမ်း၊ ပဲလွန်းဖြူ ပဲယင်း၊ မတ်ပဲ၊ ပဲစင်းငုံတွေက နေ့စဉ် အရောင်းအဝယ်မပြတ်သလောက်ပါပဲ။ တစ်ခါတစ်ခါ ဈေးနှုန်းကြောင့်ရော၊ ဝယ်လက်ဆွဲအားကြောင့်ရော အရောင်းအဝယ်အေးတတ်ပါတယ်။ အခုဆိုရင် နှမ်းအတော်များများ ဈေးအနည်းငယ်အေးပေမယ့်လည်း ပုံမှန်အရောင်းအဝယ်ရှိကြောင်း၊ တရုတ်အဓိကဝယ်ယူတဲ့ ပဲတီစိမ်း၊ နှမ်းရောင်စုံနဲ့ မြေပဲဆန်ကို ဈေးအေးသွားလည်း ခဏပါပဲ။ သူတို့ရဲ့ ဈေးကွက်မှာ အဲဒီသီးနှံတွေက နေရာရပြီးသားတွေ ဖြစ်နေလို့ပါပဲ။ အဲဒီလိုပဲ မတ်ပဲနဲ့ ငုံနီတွေကလည်း ဈေးဆက်လက်မာနေမယ်လို့ ထင်မြင်မိကြောင်း မန္တလေးကုန်စည်ဒိုင်မှ ကုန်သည်ပွဲစားကြီးတစ်ဦးမှ ပြောကြားကြောင်း သိရပါတယ်။ **စိုးအောင်-မန္တလေး**

## နယ်စပ်စခန်းများကပို့တဲ့ ပဲမျိုးစုံ

၂၀၁၅ ခုနှစ် ဇန်နဝါရီလအတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော် နယ်စပ်စခန်း၊ မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်တို့မှ ကန်ဒေါ်လာ ၈ ဒသမ ၄၉၀ သန်းတန်ဖိုးရှိ ပဲတီစိမ်း (လုံးပြည့်) ၃၀၆၇ တန်၊ (လုံးခြမ်း) ၅၅ တန်ကျော်၊ ပဲကြီး ၈၄ တန်ခွဲ ၊ ပဲယင်း တန် ၂၆၀ ၊ ပဲလွန်းဖြူ ၆၅၃ တန်၊ ပဲပုပ်စေ့ ၂၁၄ တန်၊ ကုလားပဲ ၈၁ တန်၊ မတ်ပဲ ၁၇ တန်ခွဲ၊ မြေပဲဆန် ၄၀၂၉ တန်ကျော်၊ ပဲနီကြား ၅၃ တန်၊ စွန်တာပြာ ၁၇ တန် ၊ ထောပတ်ပဲ ၆၇ တန်ခွဲ၊ ဘိုကိတ်ပဲ ၁၂ တန်ခွဲ နှင့် မြေထောက်ပဲ ၃၆ တန်ကျော်တို့ကို တင်ပို့နိုင်ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်ရဲ့ ယခင်လနဲ့ ယခုလ ပဲဈေးနှုန်းများကို မိမိဘက်ပေါက်ဈေးနဲ့ တစ်ဖက်နိုင်ငံဈေးများကို နှိုင်းယှဉ်ဖော်ပြပေးလိုက်ပါတယ်-

| | မိမိဘက်ပေါက်ဈေး | | တစ်ဖက်နိုင်ငံဈေး | |
|---|---|---|---|---|
| | ယခုလ (တန်/ကျပ်) | ယခင်လ (တန်/ကျပ်) | ယခုလ (တန်/ဒေါ်လာ) | ယခင်လ (တန်/ဒေါ်လာ) |
| ပဲတီစိမ်း | ၁၂၆၀၅၅၆ | ၁၂၈၅၇၂၆ | ၁၂၂၆ | ၁၂၃၇ |
| ပဲယင်း | ၆၅၉၈၂၀ | ၆၇၃၀၃၈ | ၆၄၂ | ၆၄၈ |
| ပဲလွန်းဖြူ | ၆၅၉၈၂၀ | ၆၇၃၀၃၈ | ၆၄၂ | ၆၄၈ |
| ပဲပုပ်စေ့ | ၆၀၂၅၃၇ | ၆၄၇၉၉၇ | ၅၈၆ | ၆၂၄ |
| ပဲကြီး | ၉၀၅၃၁၉ | ၉၂၃၄၅၆ | ၈၈၁ | ၈၈၉ |
| မြေထောက်ပဲ | ၉၀၅၃၁၉ | ၁၀၅၇၀၁၂ | ၈၈၁ | ၁၀၁၇ |
| ထောပတ်ပဲ | ၇၄၉၈၃၆ | ၇၆၄၈၅၈ | ၇၂၉ | ၇၃၆ |
| ပဲနီကြား | ၇၅၁၄၇၃ | ၇၆၆၅၂၈ | ၇၃၁ | ၇၃၈ |
| မြေပဲ | ၁၁၁၈၀၈၅ | ၁၁၄၀၄၈၄ | ၁၀၈၈ | ၁၀၉၈ |

**မော်မော်အောင် MIRT (DCCA)**

## နနွင်း

### နှစ်သစ်ကူးနီးလို့ ရှမ်းနနွင်းဈေးကွက် အရောင်းအဝယ်အေး

ဒီတစ်ပတ်တော့ ရှမ်းနနွင်းကအရောင်းအဝယ်ပြန်အေးသွားပါတယ်။ တရုတ်နှစ်သစ်ကူးနီးတော့ တရုတ်ဝယ်လက်တွေ အဝယ်နားသွားတာကြောင့် အရောင်းကလည်းပါးသွားတယ်လို့ သိရပါတယ်။ လောလောဆယ်လည်း နနွင်းခြောက်က အဝင်မရှိတော့ပါဘူး၊ နနွင်းအသစ်တွေ ပေါ်နေပေမယ့် ဈေးကွက်ကိုတော့ မဝင်လာသေးပါဘူး၊ နေလှန်း၊ ပြုတ်ခြောက်လုပ်ပြီးမှသာ နနွင်းခြောက်က ဈေးကွက်ကို ဝင်လာမှာဖြစ်ပါတယ်။ အခုလောလောဆယ်တော့ ကုန်ခြောက်ဖြစ် အောင်ပြုလုပ်နေရလို့ အသစ်တွေ မရသေးတာကြောင့် အဟောင်းလက်ကျန်တွေ ကိုသာရောင်းနေရပါတယ်။ နနွင်းအစိုကိုတော့ မျိုးအဖြစ် ပြန်လည်စိုက်ပျိုးဖို့အတွက်တောင်သူ၊ ခြံရှင်တွေက အချင်းချင်းရောင်းဝယ်မှုတော့ရှိနေတယ်လို့လည်း သိရပါတယ်။ ဒီတစ်ပတ်တော့ နနွင်းကို ပြည်တွင်းသုံးအတွက်ပဲ ဝယ်ယူမှုရှိနေပါတယ်။ နေရာအစုံက ဝယ်ယူထားတာကြောင့် တစ်ပတ်အတွင်း နနွင်းပိဿာချိန်ပေါင်း တစ်သောင်းခန့်လည်း အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ အောင်ပန်းဈေးကွက်မှာ နနွင်း ပေါက်ဈေးကတော့ ရိုးရိုးနနွင်းဆိုရင် တစ်ပိဿာ ၁၃၀၀ ကျပ်-၁၄၀၀ ကျပ်နဲ့ ဆင်တောင်နနွင်းက ၁၈၀၀ ကျပ်ဈေးရှိပါတယ်။ **ဇေခိုင်-တောင်ကြီး**

### စုစုပေါင်းနနွင်းတန်နှစ်ရာ့ရှစ်ဆယ်ကျော်တင်ပို့

သီတင်းတစ်ပတ်ဖြစ်တဲ့ ဇန်နဝါရီ ၁၈ မှ ၂၄ ရက်သီတင်းပတ်အတွင်း နနွင်း ၂၈၃ ဒသမ ၉၉ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့နိုင်ငံမှာ စင်ကာပူနိုင်ငံဖြစ်ပါတယ်။ ဒီတစ်ပတ် ပါကစ္စတန်နိုင်ငံကို ၅၆ တန်၊ ယီမင်နိုင်ငံကို ၃၁ ဒသမ ၉၉ တန်၊ မလေးရှားနိုင်ငံကို ၄၈ တန်၊ စင်ကာပူနိုင်ငံကို တန် ၉၀၊ အိန္ဒိယကို ၅၈ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်း ပတ်နနွင်းတန်ချိန် လေးဆယ်တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် နှစ်ရာ့လေးဆယ်ကျော် တင်ပို့မှုပိုခဲ့ပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဒီဇင်ဘာလနနွင်းတင်ပို့မှုမှာ တန်ချိန် နှစ်ရာကျော်တင်ပို့နိုင်ခဲ့ပြီး ဇန်နဝါရီလမှာ တန်ချိန် ခြောက်ရာကျော်ထိတင်ပို့နိုင်ခဲ့တာကြောင့် ဇန်နဝါရီလမှာ နနွင်းတင်ပို့မှုပိုခဲ့ပါတယ်။ **သီတာဝင်း (DOT)**

### မူဆယ်နှင့် စစ်တွေနယ်စပ်စခန်းတို့မှ နနွင်းတက် ပိုမိုတင်ပို့

ဇန်နဝါရီလ နောက်ဆုံးသီတင်းပတ်မှာ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၂၃၅၄၈ တန်ဖိုးရှိ နနွင်းတက် ၄၁ တန်၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိစစ်တွေနယ်စပ် ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၂၄၇၉၇ တန်ဖိုးရှိ နနွင်းတက် ၁၅ တန်ခွဲတင်ပို့နိုင်ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က မြဝတီကုန်သွယ်ရေးဇုန်မှ ၆ တန်ခွဲနဲ့ စစ်တွေစခန်းမှ ၈ တန်သာ တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ်ရဲ့ နနွင်းတက်တင်ပို့မှု ပိုမိုလာတာတွေ့ရပါတယ်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလအတွင်း မူဆယ်၊ မြဝတီ၊ တာချီလိတ်၊ စစ်တွေနဲ့ တမူးစခန်း ပေါင်းစုံကနေ နနွင်းတက် ၁၆၅ တန်ခွဲတင်ပို့ခဲ့ပါတယ်။ **မော်မော်အောင် MIRT (DCCA)**

## မန်ကျည်း

### မန်ကျည်းပို့အား တဖြည်းဖြည်းကောင်းလာ

ဇန်နဝါရီလ ၂၅ ရက်မှ ၃၁ ရက်သီတင်းပတ်အတွင်း မန်ကျည်း ၆၃၃ ဒသမ ၅ တန်ကို ပင်လယ်ရေကြောင်းလမ်းမှတင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့နိုင်ငံမှာ ပါကစ္စတန်၊ ဖိလစ်ပိုင်နဲ့ စင်ကာပူနိုင်ငံတို့ဖြစ်ပါတယ်။ ဒီတစ်ပတ်မှာ မလေးရှား နိုင်ငံကို ၁၄၆ တန်၊ ပါကစ္စတန်နိုင်ငံကို ၃၅၄ တန်၊ ဖိလစ်ပိုင်နိုင်ငံကို ၂၄ တန်၊ စင်ကာပူနိုင်ငံကို ၇၀ ဒသမ ၅ တန်၊ အာရပ်နိုင်ငံကို ၃၉ တန်တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ပါကစ္စတန်နိုင်ငံကို အများဆုံးတင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်မှာ တန်ချိန် နှစ်ရာ့ရှစ်ဆယ်ကျော်ထိ တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်တန်ချိန် သုံးရာ့ငါးဆယ်ကျော်တင်ပို့မှု ပိုခဲ့ပါတယ်။ ဇန်နဝါရီလအတွင်းမှာ မန်ကျည်းပို့အားက တစ်ပတ်ထက်တစ်ပတ်ကောင်းလာတာ တွေ့ရပါတယ်။ မန်ကျည်းတင်ပို့မှုကြောင့် ကန် ဒေါ်လာ ၂၁၂၂၂၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဇန်နဝါရီအတွင်း ပါကစ္စတန်နိုင်ငံ၊ ဖိလစ်ပိုင်၊ မလေးရှား၊ ယူအေအီး၊ စင်ကာပူစတဲ့နိုင်ငံများကို တင်ပို့ခဲ့ပါတယ်။ စုစုပေါင်းတင်ပို့တန်ချိန်မှာ ၁၁၈၉ တန်ဖြစ်ပြီး ကန်ဒေါ်လာ ၃၉၇၉၈၀ ဝင်ငွေရရှိခဲ့ တယ်လို့ သိရပါတယ်။ **သီတာဝင်း (DOT)**



## ချင်း



### ကြိုက်ဈေးရမှဖော်ရောင်းတဲ့ ရှမ်းချင်းဈေးကွက်

အောင်ပန်းဈေးကွက်မှာ ဒီတစ်ပတ်တော့ ချင်းအဝင်လည်း မများသလို အရောင်းလည်းနည်းနေတယ်လို့ ဆိုပါတယ်။ ပြည်ပဝယ်လက်မရှိဘဲ ပြည်တွင်းဈေးကွက်တစ်ခုတည်းကြောင့် ရောင်းအားကတော့ ပုံမှန်ခန့်သာ ရှိနေတယ်လို့လည်း သိရပါတယ်။ မန္တလေးတိုင်းဒေသကြီး တပ်ကုန်းမြို့မှာ ချင်းဒါးလီးခြောက်လုပ်တဲ့ စက်ရုံတစ်ခုတည်ထားတာကြောင့် အောင်ပန်းဈေးကွက်က ချင်းစို ညံ့စတွေကို တစ်ပိဿာ ၄၀၀ ကျပ်နဲ့ ဝယ်ယူပြီး၊ ဒါးလီးခြောက်ပြုလုပ်နေတယ်လို့ သိရပါတယ်။ တပ်ကုန်းဝယ်လက်တွေက သူတို့ကြိုက်တဲ့ ပစ္စည်းတွေကိုတော့ ထွက်သလောက်၊ ရှိသလောက်ဝယ်ယူနေပါတယ်။ ဒီထက် ကောင်းတဲ့ချင်းတွေကိုတော့ မဝယ်ယူပါဘူး။ တောင်သူတွေမှာတော့ ပစ္စည်းလက်ကျန်တွေရှိနေပေမယ့် အများအားဖြင့် မတူးကြသေးဘဲ မြေကြီးထဲမှာသာ ထားကြပါတယ်။ မြေကြီးထဲမှာက နောက်နှစ်သီတင်းကျွတ်လောက်အထိ ထားနိုင်တာကြောင့် စိတ်ကြိုက်ဈေးရရင် ဒါမှမဟုတ် ငွေလိုမှသာဖော်ရောင်းကြတော့မယ်လို့လည်း သိရပါတယ်။ ဒီနှစ်ချင်းဈေးက ၂၀၀ ကျပ်အောက်မှာ သိပ်မရှိတော့ ချင်းခြောက်ကို ခပ်များများမလုပ်ဖြစ်ကြပါဘူး၊ လက်ကျန်ချင်းခြောက်တွေကိုလည်း ဈေးမတက်နိုင်တော့လို့ ပစ္စည်းရှိသမားတွေက တစ်ပိဿာကို ၂၁၀၀ ကျပ်-၂၂၀၀ ကျပ်-၂၃၀၀ ကျပ်စတဲ့ ဈေးတွေနဲ့ ရောင်းလိုက် ကြပါတယ်။ ချင်းတက် အခက်လှ၊ ကြီးတွေကိုတော့ ဈေးပတ်သမားတွေက စားသုံးဖို့အတွက် ဝယ်ယူတာလည်း ရှိနေပါတယ်။ အောင်ပန်းဈေးကွက်မှာတော့ ချင်းစိုတွေကို တစ်ပိဿာ ၃၀၀ ကျပ်မှ ၈၀၀ ကျပ်ဈေးနဲ့ ဝယ်ယူပြီး ပြန်ရောင်းရင်တော့ တစ်ပိဿာ ၄၀၀ ကျပ်မှ ၉၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ် ပြုလုပ်နေကြပါတယ်။ ချင်းညံ့စ တစ်ပိဿာ ၄၀၀ ကျပ်တန်ကို တပ်ကုန်းဝယ်လက်တွေက ဝယ်ယူနေပြီး ဈေးပတ်သမားတွေကတော့ အခက်ကြီးလှ တစ်ပိဿာ ၉၀၀ ကျပ်ကို ဝယ်ယူတယ်လို့ အောင်ပန်းပွဲရုံတွေက သိရပါတယ်။ **ဇေခိုင်-တောင်ကြီး**

### အဝင်များလို့ ပြည်ချင်းဈေးကျ

ယခုတစ်ပတ်တွင် အောင်ပန်း၊ တောင်ကြီးဘက်မှ ချင်းများပြည်ဈေးကွက်သို့ ပိဿာ ၃၀ ဝင်အိတ် ၂၅၀ ခန့်အဝင်ရှိပြီး ယခင်တစ်ပတ်ထက် အဝင်ပိုများလာကာ ဈေးနှုန်းမှာလည်း တစ်ပိဿာကို (ရှယ်) ၉၀၀ ကျပ်၊ (ဂွန်) ၈၀၀ ကျပ်တို့နဲ့ ရောင်းဝယ်လျက်ရှိတာကြောင့် ယခင်တစ်ပတ်ကထက် တစ်ပိဿာကို ၁၀၀ ကျပ်ခန့် ဈေးကျသွားခဲ့ပါတယ်။ ဈေးကျသွားသော်လည်း အရောင်းအဝယ်မှာ တစ်နေ့ကို ပိဿာချိန် ၂၀၀ ခန့် သာရှိပြီး ဈေးကွက်မှတစ်ဆင့် ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဘက်သို့ စားသုံးမှုအဖြစ် တစ်နေ့ကို ပိဿာချိန် ၃၀၀ ခန့် တင်ပို့မှုရှိတယ်လို့ ချင်းပွဲရုံများမှ တစ်ဆင့် သိရပါတယ်။ **ဝင်းဝင်းခိုင်-ပြည်**

**၂-၂-၂၀၁၅ မှ ၆-၂-၂၀၁၅ ထိ CO Form များ ထုတ်ပေးမှုစာရင်း**
**ရန်ကုန်တိုင်းဒေသကြီးရုံး**

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 186 | 12,889,184.889 |
| 2 | Form D | 42 | 2,080,713.900 |
| 3 | Form E | 51 | 725,891.160 |
| 4 | Korea GSP | 4 | 101,632.280 |
| 5 | Form AK | 40 | 2,246,278.730 |
| 6 | Form AJ | 7 | 321,699.160 |
| 7 | Form AI | 34 | 2,284,332.490 |
| 8 | AANZ | - | - |
| Grand Total | | 364 | 20,649,732.609 |

## ကြက်သွန်နီ

### စခန်းစုံမှကြက်သွန်နီ တင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ကြက်သွန်နီ ၄၅၃ တန်၊ တာချီလိတ်နယ်စပ် ကုန်သွယ်ရေးမှ တန် ၅၀၊ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တန် ၂၀ တို့ကို စုစုပေါင်းတန်ဖိုး ကန်ဒေါ်လာ ၁၅၇၉၃၈ ဖိုး ယခုသီတင်းပတ်မှာ တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မြဝတီစခန်းတစ်ခုတည်းမှသာ ၃၇၂ တန်ခွဲ တင်ပို့ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှာ စခန်းပေါင်းစုံက တင်ပို့ခဲ့တဲ့ ကြက်သွန်နီတန်ချိန်ပေါင်း ၂၃၅၅ တန် ရှိပါတယ်။ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ ထိုင်း၊ တရုတ်၊ အိန္ဒိယနိုင်ငံတွေကဒီနှစ်မှာ မြန်မာနိုင်ငံထွက် ကြက်သွန်နီတွေကို ဝယ်လိုအားရှိနေပေမယ့် ဈေးနှုန်းကတော့ မတက်ဘဲကျနေကြောင်း၊ ဒါကြောင့် ပွဲရုံတွေကလည်း ဈေးနှုန်းနဲ့ ဈေးကွက်ကို ချိန်ဆဝယ်နေရကြောင်း ကြက်သွန်ပွဲစားတစ်ဦးထံက သိရပါတယ်။

**မော်မော်အောင်**
**MIRT (DCCA)**

## သီဟိုဠ်စေ့

### သီဟိုဠ်စေ့တင်ပို့မှုတွင် ကော့သောင်းနယ်စပ်မှ ဒုတိယများဆုံးတင်ပို့နိုင်

မြန်မာ-ထိုင်းနယ်စပ်ရှိ ကော့သောင်းနယ်စပ်မှ ၂၀၁၅ ခုနှစ် ဇန်နဝါရီလအတွင်း သီဟိုဠ်စေ့တင်ပို့မှုမှာ တန်ချိန် ၁၇ တန်ကျော်၊ တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၁၃၅ သန်းရှိ၍ ဒုတိယနေရာရှိနေပါတယ်။

ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်း၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဧပြီလမှ ဇန်နဝါရီလအတွင်း သီဟိုဠ်စေ့ တင်ပို့မှုများမှာ တန်ချိန် ၂၁၆တန်ကျော်၊ တန်ဖိုးကန်ဒေါ်လာ ၁ ဒသမ ၆၁၉သန်း ရှိပြီး လအလိုက်တင်ပို့မှုမှာ အောက်ပါအတိုင်းဖြစ်ပါတယ်-

| လအမည် | တန်ချိန် | တန်ဖိုး (ကန်ဒေါ်လာသန်း) |
|---|---|---|
| ဧပြီ | ၃၂·၇၀၀ | ၀·၂၄၉ |
| မေ | ၁၂·၇၀၀ | ၀·၀၉၇ |
| ဇွန် | ၁၆·၅၀၀ | ၀·၁၂၅ |
| ဇူလိုင် | ၁၃·၃၂၀ | ၀·၁၀၁ |
| ဩဂုတ် | ၃၅·၁၇၀ | ၀·၂၆၇ |
| စက်တင်ဘာ | ၃၃·၄၂၀ | ၀·၂၅၄ |
| အောက်တိုဘာ | ၉·၁၀၀ | ၀·၀၆၉ |
| နိုဝင်ဘာ | ၁၉·၂၀၀ | ၀·၁၂၀ |
| ဒီဇင်ဘာ | ၂၆·၆၀၀ | ၀·၂၀၂ |
| ဇန်နဝါရီ | ၁၇·၇၀၀ | ၀·၁၃၅ |

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဧပြီလမှ ဇန်နဝါရီလအတွင်းမှ ဩဂုတ်လတွင် အများဆုံးတင်ပို့ခဲ့ပါတယ်။

**ခင်မြနွယ် MIRT (DCCA)**



# မြန်မာ့ပစ်တိုင်းထောင်၏ အနှစ်သာရ

|မောင်မောင်အေး-လှိုင်ကော်|

မြန်မာ့ရိုးရာ ကလေးကစားစရာတွေ အများအပြားရှိကြပါတယ်။ များသောအားဖြင့်တော့ ဂျပ်စက္ကူတွေ၊ သစ်ပွသားတွေနဲ့လုပ် ကြတာများပါတယ်။ ကျားရုပ်၊ ဆင်ရုပ်၊ မြင်းရုပ်၊ မျက်နှာဖုံးမျိုးစုံ၊ ဖိုးဝရုပ်၊ သူငယ်တော်ရုပ်၊ ဇီးကွက်ရုပ်၊ ပစ်တိုင်းထောင်၊ မင်းသားရုပ်၊ မင်းသမီးရုပ်များ ဖြစ်ကြပါတယ်။ ကလေးများအတွက် ကစားစရာအရုပ်များဖြစ်တာနဲ့အညီ အရောင်စုံတောက်တောက်ပြောင်ပြောင်နဲ့ ကလေးများစွဲလမ်းနှစ်ခြိုက်ကြပါတယ်။

အချို့အရုပ်တွေဆိုရင် ကလေးများသာမက နိုင်ငံတော်ရဲ့ပုံရိပ်အဖြစ် သင်္ကေတအဖြစ်တောင် ကိုယ်စားပြု သုံးစွဲလာကြပါတယ်။ ဥပမာ-ခရီးသွားနှစ်အတွက် ဖိုးဝရုပ်နဲ့ အရှေ့တောင်အာရှ အားကစားပွဲအတွက် ဇီးကွက်ရုပ်များ ဖြစ်ကြပါတယ်။ ကလေးများသာမက လူကြီးများကလည်း ဟိုတယ်၊ ဧည့်ရိပ်သာနဲ့ မိမိအိမ်ဂေဟာဧည့်ခန်း၊ အိပ်ခန်းတွေမှာ အလှဆင်ပစ္စည်းများအနေနဲ့ မြန်မာ့ကလေးကစားစရာ အရုပ်ကြီးငယ်များကို ခင်းကျင်းချိတ်ဆွဲ လာကြပါတယ်။ မြန်မာနိုင်ငံကနေ ပြည်ပသွားတဲ့အခါ တကူးတက မြန်မာ့လက်ဆောင်ဆိုပြီး၊ မြန်မာ့ခရီးသွားတွေသာမက ပြည်ပခရီးသွားများပါ အပြန်ကို ဝယ်ယူသယ်ဆောင်သွားကြတာလည်းတွေ့ရပါတယ်။

ဖော်ပြပါ မြန်မာ့ကလေးကစားစရာတွေထဲကမှ မြန်မာ့ပစ်တိုင်းထောင်အရုပ်လေးများကို အထူးသဘောကျ စိတ်ဝင်စားမိပါတယ်။ ဘယ်သူစတင်တီထွင် ထုတ်လုပ်ခဲ့တယ်တော့ မစူးစမ်းမိပါဘူး။ ဒါပေမဲ့ အသွင်သဏ္ဌာန်နဲ့ အနှစ်သာရကတော့ ယနေ့အထိ ပန်းပန်အောင်လံထူလျက်ပါပဲ။ ငယ်ငယ်တုန်းကလည်း ဒီအရောင်ပါပဲ။ အဖြူရောင်မျက်နှာ ပြုံးရွှင်ရွှင်နဲ့ အနီရောင်ကိုယ်ထည်အောက်ပိုင်းမှာ အမဲရောင်၊ အဓိကမကျတဲ့ ခြေတွေလက်တွေ ထည့်မထားပါဘူး။ သူအမြဲတမ်းပြနေတဲ့သင်္ကေတကတော့ ဘယ်အချိန်ကြည့်လိုက်ကြည့်လိုက်၊ ဘယ်လိုပဲပစ်ပစ်၊ လှိမ့်လှိမ့် နောက်ဆုံးတော့ သူက အပြုံးမပျက်ဘဲ မားမားမတ်မတ် တည့်တည့်မတ်မတ်ထောင်လျက်ပါပဲ။

ဒီနိမိတ်ပုံ၊ ဒီသင်္ကေတကိုတော့ အများပြောကြ၊ ရေးကြ၊ ဆုံးမကြ၊ နမူနာပြကြနဲ့ ရိုးနေလို့ ထပ်ပြီး မတင်ပြလိုပါဘူး။ ဒါပေမဲ့ ဘာဖြစ်လို့ ပစ်တိုင်းထောင်ရုပ်ကလေး အမြဲတမ်းထောင်နိုင်တာလည်းဆိုတာတော့ ခပ်ဖွဖွကလေး စဉ်းစားကြည့်ကြတာပေ့ါ။ ဒါများဘာဆန်းလို့လဲဗျာ၊ အရုပ်အောက်ခြေမှာ မြေခဲ၊ ရွှံ့ခဲ၊ ဒါမှမဟုတ် ဘိလပ်မြေခဲ ထည့်ထားလို့ပေ့ါလို့ လူတိုင်းမှန်းတတ်ကြပါတယ်။ ကျွန်တော် အဓိကတင်ပြချင်တာက အဲဒီအချက်ပါပဲ။

လောကမှာ မားမားမတ်မတ်ရပ်တည်နေနိုင်ဖို့၊ လောကဓံတွေကို ကြံ့ကြံ့ခံနိုင်ဖို့ လေယူရာမယိမ်းနွဲ့စေဖို့၊ ပစ်တိုင်းထောင်အရုပ်ရဲ့အောက်ခြေမှာ အလေးခဲတစ်ခုကပ်ပြီး ထည့်ထားသလို လူတိုင်းလူတိုင်း၊ အထူးသဖြင့် အလုပ်အကိုင်ရှာဖွေနေကြတဲ့ သားငယ်သမီးငယ်တိုင်း ကိုယ်ပိုင်အတတ်ပညာဆိုတဲ့ လူမခိုးနိုင်တဲ့ ပညာရွှေအိုးများဆိုတဲ့ အခြေခံကောင်းများ ရှိထားသင့်ကြပါတယ်။

ယနေ့ နိုင်ငံတော်ရဲ့ အဘက်ဘက်က ပြုပြင်ပြောင်းလဲတိုးတက်နေတဲ့ခေတ်ကြီးမှာ အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါများလှပါတယ်။ အလုပ်အကိုင်အသစ်တွေ ရွေးချယ်ခေါ် ယူ ခန့်ထားပေးတဲ့ ကုမ္ပဏီများလည်း ရှိကြပါတယ်။ ဒါပေမဲ့ ခေတ်မီတိုးတက်တဲ့ နိုင်ငံတော်ကြီးမှာ ခေတ်မီတိုးတက်တဲ့လုပ်ငန်းတွေ ကမ္ဘာနဲ့ယှဉ်ပြီး လုပ်ကြရမှာဆိုတော့ ဥပမာ-အရင်တုန်းကလို ၁၀ တန်းအောင်ရမယ်။ ဘွဲ့တစ်ခုခုရမယ်၊ အသက်မည်မျှထက် မကျော်လွန်ရဆိုတာမျိုးလောက်နဲ့ မရတော့ပါဘူး။

> **အချိန်မရှိလို့၊**
> **မအားလို့ဆိုတာတွေက**
> **လူညံ့တွေရဲ့**
> **ဆင်ခြေတွေပါ။**

သူ့ရဲ့ကုမ္ပဏီလုပ်ငန်းတာဝန်အရ၊ လုပ်ငန်းသဘောသဘာဝအရ ‘ကျား’ဖြစ်ရမည်၊ ‘မ’ဖြစ်ရမည်။ အနည်းဆုံး မဟာဘွဲ့ရရှိရမည်။ ကွန်ပျူတာကျွမ်းကျင်ရမည်။ အင်တာနက်အသုံးပြုတတ်ရမည်။ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး ဘယ်နှစ်နှစ်ရှိရမည်စသဖြင့် ဘောင်တွေစည်းတွေ ကန့်သတ်ခေါ် ယူကြပါတယ်။

ဒါကလည်း သူ့အဆိုးမဆိုသာဘူး။ သူကအလုပ်ပေးမှာကိုး။ သူကပိုက်ဆံပေးမှာကိုး။ သူ့ကုမ္ပဏီရောက်မှ လခထုတ်ပေးပြီးရင် သင်တန်းမလွှတ်ပါဘူး။ အဲဒါမျိုးက နိုင်ငံတော်ရဲ့ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများကပဲ အရှုံးခံပြီး အနစ်နာခံပြီး ခန့်ထားကြတာ။ ပုဂ္ဂလိကကဏ္ဍမှာတော့ ပြီးပြည့်စုံသူများကိုသာ အလုပ်ခန့်လိုကြတာ။ ဒေါက်-တိုးများသာပေ့ါ။

အဲဒီတော့ အလုပ်လုပ်ချင်တဲ့ကိုယ်က ပြီးပြည့်စုံသူဖြစ်ဖို့လိုတာပေ့ါ။ ကိုယ့်ကိုကိုယ်ပြည့်ဝအောင်ဖြည့်ဆည်း၊ ဖြည့်စွက်ထားရမှာပေ့ါ။ ခုခေတ်လူငယ်တိုင်းလိုလိုမှာ ရှိပြီးဖြစ်တဲ့ ရိုးရိုးဘွဲ့၊ မဟာဘွဲ့များကလည်း ကန့်သတ်ချက် တစ်ခုအနေနဲ့ မရှိမဖြစ်ရှိကြရမှာပါပဲ။ မိမိဝါသနာပါတဲ့ မိမိစိတ်အားထက်သန်တဲ့ စာရင်းအင်း၊ စာရင်းကိုင်၊ ဈေးကွက်စီးပွားရေး၊ ခရီးသွားလုပ်ငန်း၊ တည်ဆောက်ရေးလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်းတွေနဲ့ပတ်သက်ပြီး သင်တန်းများ ဆက်လက်တက်ရောက်ပြီး ဆည်းပူးလေ့လာထားသင့်ကြပါတယ်။

အချိန်မရှိလို့၊ မအားလို့ဆိုတာတွေက လူညံ့တွေရဲ့ ဆင်ခြေတွေပါ။ ရုံးချိန်၊ ကျောင်းချိန်အလွတ်၊ နံနက်ပိုင်း၊ ညနေပိုင်းသင်တန်းတွေရှိပါတယ်။ ယုတ်စွအဆုံး အင်တာနက်ထဲမှာလည်း သင်ယူလေ့လာနိုင်တဲ့ ဝက်ဆိုက်တွေ စုံအောင်ရှိကြပါတယ်။ ပညာလိုချင်တဲ့စိတ်ကလေး တစ်ခုပဲလိုတာပါ။ ဒါမှသာ မိမိတို့ရဲ့ ကိုယ်ရည်ကိုယ်သွေးတွေ တိုးတက်တောက်ပလာပြီး မိမိကိုယ်ကို ယုံကြည်မှုလည်းရှိလာမှာဖြစ်ပါတယ်။ ဒီလိုသာပြည့်ဝနေပြီဆိုရင် လူသတင်း လူချင်းဆောင်ပြီး ကိုယ်ကအလုပ်ကိုရှာစရာမလိုဘဲ၊ အလုပ်ရှင်က ကိုယ့်ဆီကိုလာပြီး “လူကြီးမင်းကို ကျွန်တော်တို့ ကုမ္ပဏီမှာ အလုပ်လာလုပ်စေလိုပါတယ်” လို့ တောင်းဆိုရမှာပါ။

အဓိကအားဖြင့် အလုပ်ရှာနေကြတဲ့ သားငယ်သမီးငယ်တွေကို ရည်ညွှန်းပေမဲ့ လူသားအားလုံးကို ရည်ရွယ် ပါတယ်။ Life-Long Learning ဆိုသလိုပါပဲ။ ဘဝဆိုတဲ့ကျောင်းသင်ခန်းစာမှာ ဘယ်သင်ရိုးညွှန်းတမ်းမှ ပြီးဆုံးတယ် မရှိပါဘူး။ အမြဲတမ်းလေ့လာမြဲ၊ လေ့လာဆဲ ရှာဖွေလေ၊ မသိတာတွေ၊ မတတ်တာတွေ ပိုပိုသိလာလေဖြစ်ပါတယ်။ ဘယ်အရွယ်ဖြစ်ဖြစ် သင်ယူလေ့လာမှုကို ရပ်ပစ်လိုက်လို့မဖြစ်ပါဘူး။ ကိုယ်ရပ်လိုက်ရင် ကိုယ်ကျန်ခဲ့မှာဖြစ်လို့ လူတိုင်းလူတိုင်း အမြဲတမ်း သင်ယူလေ့လာနေရမှာဖြစ်ပါတယ်။

ဒါမှလည်း မြန်မာ့ပစ်တိုင်းထောင်လို ဘယ်လိုအနေအထားမျိုးမှာပဲဖြစ်ဖြစ် မတ်မတ်ထောင်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ပစ်တိုင်းထောင်ရုပ်ရဲ့အောက်ခြေမှာ အလေးခဲတစ်ခုကပ်ထားသလို လောကမှာ မတ်မတ်ထောင်နိုင်ဖို့ အခြေခံအုတ်မြစ်ဖြစ်တဲ့ အသိပညာ၊ အတတ်ပညာများကိုပြည့်ဝအောင် အဆက်မပြတ်ဖြည့်ဆည်းရန် လိုအပ်လှပါကြောင်း တင်ပြလိုက် ရခြင်းဖြစ်ပါတယ်။

■

## Hurun Best of the Best Awards 2015 အခမ်းအနားတွင် Huawei Mate7 မှ Smartphone Best New Arrival ဆုကို ဆွတ်ခူးရရှိ

ရှန်ဟိုင်းတွင်ကျင်းပခဲ့သည့် (၁၁) ကြိမ်မြောက် Hurun နည်းပညာပစ္စည်း အကောင်းဆုံးဆုပေးပွဲတွင် Huawei ၏ စမတ်ဖုန်းအသစ်တစ်ခုဖြစ်သော Mate 7 က 2015 ခုနှစ်၏ အကောင်းဆုံး စမတ်ဖုန်းအသစ်ဆုကို ချီးမြှင့်ခြင်းခံခဲ့ရသည်။

အဆိုပါအခမ်းအနားတွင် ဇိမ်ခံပစ္စည်းအမျိုးအစား ၁၀၀ ကျော်ဖြစ်သည့် ကား၊ နာရီ၊ ဖက်ရှင်တံဆိပ်များနှင့် လက်ဝတ်ရတနာ၊ ရွက်လှေ၊ သင်္ဘော၊ ဂျက်လေယာဉ်၊ ပုဂ္ဂလိက ဘဏ်လုပ်ငန်းအစရှိသည့် ဇိမ်ခံပစ္စည်း များကို ဆုများချီးမြှင့်ခဲ့ပြီး Huawei Mate 7 အနေဖြင့် အရောင်းရအမြန်ဆုံး၊ အကျော်ကြားဆုံး၊ တိုးတက်မှုအမြန်ဆုံး စသည့်ဂုဏ်ပုဒ်များကြောင့် အဆိုပါဆုကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်ကြောင်း Huawei Consumer BG ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

Huawei အမှတ်တံဆိပ်သည် သုံးစွဲသူများအတွက် အဆင့်မြင့်၊ အရည်အသွေးမြင့်သည့် စမတ်ဖုန်းတစ်ခုဖြစ်သည့်အတွက် Mate 7 သည် Hurun ၏ အဆင့်မီဇိမ်ခံပစ္စည်းအမှတ်တံဆိပ်တွင် ပါဝင်နေခြင်းဖြစ်ကြောင်း၊ Huawei ၏အရည်အသွေးမြင့်ပစ္စည်းများထုတ်လုပ်သည့်နည်းဗျူဟာကြောင့် ယခုကဲ့သို့ အောင်မြင်မှုကိုရရှိခဲ့ခြင်းဖြစ်ကြောင်း Huawei Consumer BG Handset Product Line ၏ ဥက္ကဋ္ဌ မစ္စတာကီဗင်ဟိုက ပြောကြားခဲ့သည်။

Mate 7 ကို စတင်မိတ်ဆက်သည့် ၂၀၁၄ခုနှစ်စက်တင်ဘာလမှယနေ့အထိ ကမ္ဘာတစ်ဝန်းတွင် အလုံးရေနှစ်သန်း ကျော်ကို ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

## ဓာတ်ဆီ/ဒီဇယ်

### ဓာတ်ဆီ၊ ဒီဇယ် တန်ချိန် လေးရာ့သုံးဆယ်နှစ်တန်ကျော်ဝင်

ဇန်နဝါရီ ၂၅ ရက်မှ ၃၁ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၈၉၆၇၃၆၃ ဒသမ ၆၄ တန်ဖိုးရှိ ဓာတ်ဆီ ၁၀၂ ဒသမ ၁၅၅ တန်နဲ့ ကန်ဒေါ်လာ ၂၈၂၄၆၂၆၈ ဒသမ ၃၀ တန်ဖိုးရှိ ဒီဇယ် ၃၂၉ ဒသမ ၉၉၀ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှတင်သွင်းဖို့ သွင်းကုန်လိုင်စင် လျှောက်ထားခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်အတွင်း ဓာတ်ဆီ အဝင် ၅၃ ဒသမ ၂၄ တန် အဝင်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၄၈ ဒသမ ၉၁၅ တန် အဝင်ပိုခဲ့ပါတယ်။ ဒီဇယ်က ယခင်တစ်ပတ်မှာ ၃၈၆ ဒသမ ၄၉၆ တန်ဝင်လာခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၅၆ ဒသမ ၅၀၆ တန်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဇန်နဝါရီလမှာ ဓာတ်ဆီ၊ ဒီဇယ်စုစုပေါင်းမှာ ၁၂၆၄ ဒသမ ၄၃၁ တန်ဝင်ခဲ့ပြီး ဒီဇင်ဘာလမှာ ၁၈၅၅ ဒသမ ၈၂၈ တန်ဝင်လာခဲ့တာကြောင့် ဇန်နဝါရီလမှာ ၅၉၁ ဒသမ ၃၉၇ တန်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ဖေဖော်ဝါရီ ၂ ရက်မှ ၆ ရက်အတွင်း ရောင်းချနေတဲ့ ဓာတ်ဆီ၊ ဒီဇယ်ဈေးများက ဒီတစ်ပတ် တောင်ကြီးနဲ့ မော်လမြိုင်မှာ ဈေးကျလာပြီး ရန်ကုန်မှာ ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပြင်ပမှာလက်လီရောင်းချနေတဲ့ ဒီဇယ်၊ ဓာတ်ဆီ ပီပါဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဒီဇယ်ရော၊ ဓါတ်ဆီပါဈေး အနည်းငယ်ကျပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဓာတ်ဆီ အောက်တိန်းနဲ့ ဒီဇယ်မှာဈေးငြိမ်နေပြီး အဆင့်မြင့်ဒီဇယ်မှာ ဈေးအနည်းငယ်ကျလာတယ်လို့သိရပါတယ်။ ဒီတစ်ပတ်မှာ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ ဈေးမှာ ဓာတ်ဆီတစ်လီတာ ၈၁၄ ကျပ်၊ ဒီဇယ် ၆၄၀ ကျပ်၊ အောက်တိန်း ၅၄၀ ကျပ်နဲ့ အဆင့်မြင့်ဒီဇယ် ၆၉၀ ကျပ်နဲ့ ရောင်းချတယ်လို့သိရပါတယ်။ ဒီတစ်ပတ် ပြင်ပမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ဓာတ်ဆီဈေးမှာ ဖေဖော်ဝါရီ ၂ ရက် ဓာတ်ဆီ ဝယ်ဈေးတစ်ပီပါ ၁၅၅၀၀၀ ကျပ်၊ရောင်းဈေး တစ်ပီပါ ၁၅၇၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ၄ ရက်မှာ ဝယ်ဈေး ၁၅၇၀၀၀ ကျပ်၊ရောင်းဈေး ၁၅၉၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာမှ ၅ ရက်မှာ ဝယ်ဈေး ၁၆၅၀၀၀ ကျပ်၊ ရောင်းဈေး ၁၆၇၀၀၀ ကျပ်ကို ထပ်မံဈေးမြင့်ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒီဇယ်ဈေးမှာ ဖေဖော်ဝါရီ ၂ ရက်မှာ ဝယ်ဈေး၁၁၆၀၀၀ကျပ်၊ ရောင်းဈေး ၁၁၈၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီးနောက် ၄ ရက်မှာ ဝယ်ဈေး ၁၁၁၀၀၀ ကျပ်၊ ရောင်းဈေး ၁၁၃၀၀၀ ကျပ်၊ ၅ ရက်နေ့တွင် ဝယ်ဈေး ၁၁၅၀၀၀ ကျပ်၊ ရောင်းဈေး ၁၁၇၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ တစ်ဂါလန်ဝယ်ဈေး၊ ရောင်းဈေးများမှာတော့ ဒီတစ်ပတ်မှာ ဓာတ်ဆီဈေးက ဝယ်ဈေးတစ်ဂါလန် ၂၈၀၀ ကျပ်ဖြစ်ပြီး ရောင်းဈေး ၃၀၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၂၅၀၀ကျပ်ဝယ်ပြီး ၂၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဓာတ်ဆီ၊ ဒီဇယ် အရောင်းအဝယ်သမားတစ်ဦးထံမှ စုံစမ်းသိရှိခဲ့ပါတယ်။

မန္တလေးဈေးကွက်မှာ ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဈေးရောအပြင် လက်လီဆိုင်များမှာ ရောင်းချနေတဲ့ဈေးမှာ ဒီတစ်ပတ်ဈေးကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီတစ်လီတာ ၈၄၇ ကျပ်၊အောက်တိန်း ၆၂၀ ကျပ်၊ ဒီဇယ် ၆၈၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၅၀ ကျပ်နဲ့ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဖေဖော်ဝါရီ ၂ ရက် ဒီဇယ်ဝယ်ဈေးမှာ ၁၁၉၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၂၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ မှ ၃ ရက်တွင် ဝယ်ဈေး ၁၁၆၀၀၀ ကျပ်၊ ရောင်းဈေး ၁၁၉၀၀၀ကျပ်၊ ၄ ရက်တွင် ဝယ်ဈေး ၁၁၈၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၁၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ ဖေဖော်ဝါရီ ၂ ရက်မှာဝယ်ဈေး ၁၃၅၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၈၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ပဲ အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များရဲ့ တစ်ဂါလန်ဈေးမှာ ဒီဇယ် ၃၂၀၀ ကျပ်၊ ဓာတ်ဆီ ၃၈၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီမှာ ဈေးငြိမ်ပြီး ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးကျပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ ဈေးများက ဓာတ်ဆီတစ်ဂါလန် ၃၇၈၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၁၉၅ ကျပ်၊ အောက်တိန်း ၃၀၁၅ ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓါတ်ဆီတစ်ဂါလန် ၃၇၈၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၁၉၅ ကျပ်၊ အောက်တိန်း ၃၀၁၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ဒီတစ်ပတ်ပုဂ္ဂလိက စက်သုံးဆီဆိုင်ရဲ့ဈေးများ ကျလာသလိုပြင်ပလက်လီဆိုင်များရဲ့ဈေးမှာလည်း ကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိက စက်သုံးဆီဆိုင်ရဲ့ ဈေးမှာ ဓာတ်ဆီတစ်ဂါလန် ၂၄၀၀ ကျပ်၊ ဒီဇယ် ၂၈၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓါတ်ဆီ ၂၄၀၀ ကျပ်၊ ဒီဇယ် ၂၈၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## ငွေလဲနှုန်းများ ဆက်လက်တည်ငြိမ်နေ

ယခုတစ်ပတ်အတွင်း ငွေလဲလှယ်နှုန်းများသည် ဆက်လက်တည်ငြိမ်လျက်ရှိကြောင်း ငွေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ပြင်ပငွေလဲစင်တာများနှင့် ပုဂ္ဂလိကဘဏ်များ၏ ငွေလဲစင်တာများတွင် နေ့စဉ်ဖြစ်ပေါ်နေသည့် ငွေလဲနှုန်းများမှာ တူညီလုနီးပါးရှိနေကြောင်း၊ ယင်းကဲ့သို့ဖြစ်ရခြင်းမှာ ငွေလဲစင်တာများအားလုံးတွင် ဖြစ်ပေါ်နေသည့် ငွေလဲနှုန်းများသည် ဗဟိုဘဏ်မှသတ်မှတ်ပေးသည့် ရည်ညွှန်းငွေလဲနှုန်းများပေါ်တွင် အခြေခံ၍ တွက်ချက်သည့်နှုန်းထားများနှင့် တူညီလုနီးပါးဖြစ်လာသောကြောင့် ဈေးနှုန်းများ ဆက်လက်တည်ငြိမ်နေခြင်းဖြစ်ကြောင်း သိရသည်။

"ငွေလဲနှုန်းက ဒီတစ်ပတ်မှာတော် တော်လေးကို ငြိမ်ပါတယ်။ ကျွန်တော်တို့အပြင်က ငွေလဲစင်တာတွေရော၊ ပုဂ္ဂလိကဘဏ်တွေရဲ့ ငွေလဲစင်တာတွေ မှာရော ဈေးနှုန်းတွေက တော်တော်လေးကို တူညီနေပါတယ်။ ကွာလည်း တစ်ကျပ်လောက်ပဲကွာတော့တာ ဖြစ်တဲ့အတွက် ဈေးနှုန်းငြိမ်နေတယ်လို့ ပြောရမှာပါ။ ဈေးငြိမ်တဲ့အတွက် လုပ်ရတဲ့သူတွေလည်း လုပ်သာကိုင်သာရှိလာတယ်။ ဈေးကစားမှုတွေ မဖြစ်ပေါ်တော့ဘူးပေါ့"ဟု ပုဂ္ဂလိကငွေလဲစင်တာတစ်ခုမှ ကိုစိုးညီက ဆိုသည်။

သိမ်ဖြူငွေလဲစင်တာတွင် ဖေဖော်ဝါရီလ ပထမပတ်အတွင်း ရောင်း ဈေး ၁၀၃၀ကျပ်၊ ဝယ်ဈေး ၁၀၂၅ ကျပ်ဖြင့် ရောင်းဝယ်လျက်ရှိသည်။

ပြင်ပငွေလဲစင်တာများတွင် ဖေ ဖော်ဝါရီ ၂ရက်က ရောင်းဈေး ၁၀၂၆ ကျပ်၊ ဝယ်ဈေး ၁၀၂၂ကျပ်ရှိခဲ့ပြီး ဖေဖော်ဝါရီ ၄ ရက်မှ ၆ရက်အထိ ရောင်းဈေး ၁၀၂၉ ကျပ်၊ ဝယ်ဈေး ၁၀၂၅ ကျပ်ရှိခဲ့သည်။

**မယ်သီတာ**

## မြန်မာ့ရွှေဈေး အနည်းငယ်ပြန်လည်ကျဆင်းလာ



ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ကတည်းကကျဆင်းမည့် အရိပ်အယောင်ပြခဲ့သည့် မြန်မာ့ရွှေဈေးသည် ယခုတစ်ပတ်တွင်လည်း အနည်းငယ်ကျဆင်းခဲ့ ကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်း သိရှိရသည်။

ရွှေဈေးကျဆင်းမည့် အရိပ်အယောင်ပြနေသော်လည်း အလွန်အမင်းကျဆင်းလာခြင်းမရှိဘဲ တဖြည်းဖြည်း ကျဆင်းနေခြင်းသာဖြစ်ကြောင်း ရွှေဈေးကွက်ကျွမ်းကျင်သူများက ပြောကြားခဲ့သည်။

"ရွှေဈေးက ကျလာတယ်ဆိုပေမယ့် သိပ်ပြီး အရမ်းကာရောကျလာတာမဟုတ်ဘူး။ တစ်နေ့ကို နည်းနည်းချင်းစီပဲ ပြန်ကျလာတာ။ ကမ္ဘာ့ရွှေဈေးကလည်း နည်းနည်းစီကျလာတယ်။ ဒါပေမယ့် ဒီတစ်ပတ်ထဲမှာတော့ ဒေါ်လာ ၂၀လောက်ကို ကျသွားတယ်။ မြန်မာငွေပေါက်ဈေးနဲ့တွက်ရင်တော့ နှစ်သောင်းလောက် ကျသွားတယ်။ ကမ္ဘာ့ရွှေဈေးနဲ့မြန်မာ့ရွှေဈေးကလည်း လိုက်ပြီးတန်းညှိလို့မရတဲ့အခြေအနေဖြစ်နေတော့ ကမ္ဘာ့ရွှေဈေးက ကျသွားပေမယ့်လည်း ဒီကဈေးမှာ သိပ်မကျတာကိုတွေ့ရတယ်။ နောက်ပြီး ရွှေဈေးသိပ်မကျတဲ့အတွက် အဝယ်ထက် အရောင်းက ပိုများလာတယ်"ဟု ရွှေကုန်သည်တစ်ဦးက သုံးသပ်ပြခဲ့သည်။

မြန်မာ့ရွှေဈေးသည် ဖေဖော်ဝါရီ ၂ ရက်က ကျပ် ၆၉၈၀၀၀ ရှိခဲ့ပြီး ဖေဖော်ဝါရီ ၄ ရက်တွင် ကျပ် ၆၉၆၀၀၀ သို့ ကျဆင်းသွားခဲ့သည်။ ဖေဖော်ဝါရီ ၆ ရက်တွင်မူ ကျပ် ၆၉၆၅၀၀ရှိခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် ဖေဖော်ဝါရီ ၂ ရက်က အမေရိကန်ဒေါ်လာ ၁၂၈၀ ရှိခဲ့ပြီး ဖေဖော်ဝါရီ ၄ ရက်တွင် အမေရိကန် ဒေါ်လာ ၁၂၆၃ရှိခဲ့သည်။ ဖေဖော်ဝါရီ ၆ ရက်တွင် အမေရိကန် ဒေါ်လာ ၁၂၆၄ ရှိခဲ့သည်။

**မယ်သီတာ**

## Currency Exchange Rate

February 2, 2015

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.28 |
| BDT | Bangladesh Taka | 77.48 |
| CAD | Canada Dollars | 1.24 |
| CNY | China Yuan Renminbi | 6.24 |
| EUR | Euro | 0.87 |
| HKD | Hong Kong Dollars | 7.75 |
| INR | India Rupees | 61.74 |
| IDR | Indonesia Rupiahs | 12619.19 |
| JPY | Japan Yen | 117.27 |
| MYR | Malaysia | 3.55 |
| PKR | Pakistan Rupees | 101.17 |
| PHP | Philippines Pesos | 44.17 |
| RUB | Russia Rubles | 65.82 |
| SGD | Singapore Dollars | 1.34 |
| KRW | South Korea Won | 1089.51 |
| LKR | Sri Lanka Rupe | 131.75 |
| THB | Thailand Baht | 32.56 |
| GBP | United Kingdom Pounds | 0.65 |
| VND | Vietnam Dong | 21344.19 |

*Source : xe.com*

## World Gold Price

February, 2015 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 2 | 1276 | 1278 | 1278 |
| 3 | 1276 | 1278 | 1278 |
| 4 | 1260 | 1261 | 1261 |
| 5 | 1268 | 1269 | 1269 |
| 6 | 1264 | 1266 | 1266 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 2-2- 2015 | 698.00 | 697.70 |
| 3-2- 2015 | 698.80 | 698.60 |
| 4-2- 2015 | 696.00 | 695.20 |
| 5-2- 2015 | 697.50 | 697.50 |
| 6-2- 2015 | 696.50 | 696.20 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဖေဖော်ဝါရီလ ၂၀၁၅ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 2 | 6 .26 | 32.57 | 77.82 | 61.79 |
| 3 | 6. 26 | 32.58 | 77.70 | 61.81 |
| 4 | 6 .25 | 32.57 | 76.97 | 61.67 |
| 5 | 6 .25 | 32.61 | 78.67 | 61.91 |
| 6 | 6.24 | 32.56 | 77.48 | 61.74 |

## Energy NYMEX 6-2-2015

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 51.42 | 0.94 | 1.86 |
| Brent Crude Futr (USD/bbl) | 57.48 | 0.91 | 1.61 |
| Gasoline Rbob Fut (Cent/gal) | 153.89 | 1.41 | 0.92 |
| Natural Gas Futr (USD/MMBtu) | 2.62 | 0.02 | 0.73 |
| Heating Oil Futr (Cent/gal) | 182.23 | 1.64 | 0.91 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 2-February | 17.08 | 2121.74 | 1840.16 | 5636.96 | 1230.00 |
| 3-February | 17.18 | 2177.28 | 1862.56 | 5745.15 | 1232.00 |
| 4-February | 17.22 | 2178.18 | 1865.70 | 5816.61 | 1235.00 |
| 5-February | 17.44 | 2159.36 | 1846.43 | 5805.41 | 1242.00 |
| 6-February | 17.28 | 2163.39 | 1862.56 | 5807.42 | 1255.00 |

Source:kitco.com

# ဘိလပ်မြေ

## ဇန်နဝါရီလမှာ ဘိလပ်မြေအဝင်နည်း

ဇန်နဝါရီလ ၂၅ ရက်မှ ၃၁ ရက် သီတင်းတစ်ပတ်အတွင်း ကန်ဒေါ်လာ ၄၀၅၂၁၇၃ တန်ဖိုးရှိ ဘိလပ်မြေ ၄၇၉၃၅ ဒသမ ၇၇၂ တန်ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ထိုင်း၊ စင်ကာပူ၊ တရုတ်နိုင်ငံများ မှတင်သွင်းခဲ့ပါတယ်။ တင်သွင်းခဲ့တဲ့တံဆိပ်များမှာ ဆင်၊ စိန်၊ SCG နဲ့ Spider တံဆိပ်များအပြင် အခြားတံဆိပ်များလည်း ဝင်လာတယ်လို့ သိရပါတယ်။ ဒီတစ် ပတ်မှာ ဆင်တံဆိပ်ဘိလပ်မြေက အများဆုံးဝင်လာခဲ့တယ်လို့ သိရပါတယ်။ ယခင် သီတင်းပတ်အဝင်နဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ငါးသောင်းကိုးထောင်ကျော် အဝင်နည်းခဲ့ပါတယ်။ လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဇန်နဝါရီလမှာ တန်ချိန် နှစ် သိန်းလေးသောင်းကျော် ဝင်လာခဲ့ပြီး ဒီဇင်ဘာလမှာ တန်ချိန် နှစ်သိန်းနှစ်သောင်း ကျော်ဝင်လာခဲ့တာကြောင့် ဇန်နဝါရီလမှာ တန်ချိန် လေးသောင်းသုံးထောင်ကျော် အဝင်နည်းခဲ့ပါတယ်။

## အရောင်းအဝယ်သွက်နေသော်လည်း ဘိလပ်မြေ စျေးကွက်ငြိမ်

ဇန်နဝါရီ ၂၅ ရက်မှ ၃၁ ရက်သီတင်းပတ်မှာ ပြည်တွင်းကိုရေလမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် လေးသောင်းခုနစ်ထောင်ကျော် ရှိခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ တန်ချိန် တစ်သိန်း ခုနစ်ထောင်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေတန်ချိန် ငါးသောင်း ကိုးထောင်ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် ဘိလပ်မြေအဝင်မှာ တန်ချိန် တစ်သောင်းခုနစ်ထောင်ကျော် ရှိခဲ့ပြီး ယခင်တစ်ပတ် အဝင်မှာ တန်ချိန်နှစ်သောင်းကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ခြောက်ထောင့်လေးရာကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှရော နယ်စပ်လမ်းမှပါ အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ်ဘိလပ်မြေစျေးကွက်အခြေအနေများမှာ-

**မော်လမြိုင်ဘိလပ်မြေစျေးကွက်မှာ** ဒီတစ်ပတ်မှာ အရောင်းအဝယ်သွက်ပေမယ့် စျေးအပြောင်းအလဲ သိပ်မရှိဘူးလို့ သိရပါတယ်။ ဒီတစ်ပတ်မှာ စိန်ဘိလပ်မြေကစျေးနည်း နည်းမြင့်လာပြီး ကြံ့က စျေးနည်းနည်းကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် စျေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့စျေးက ဆင်(ထိုင်း) ၅၁၀၀ ကျပ်၊ မြင်းခေါင်း ၄၂၀၀ ကျပ်၊ ကြံ့(မြိုင်ကလေး) ၄၆၅၀ ကျပ်၊ စိန် ၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မကွေးစျေးကွက်မှာ** ဒီတစ်ပတ်မှာ အရောင်းအဝယ်ပုံမှန်ရှိတယ် လို့သိရပါတယ်။ စျေးကွက်ထဲ ဘိလပ်မြေစျေး အနည်းငယ် မြင့်လာပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဆင်(မြန်မာ)က ၁၀၀ ကျပ်၊ ဆင်(ထိုင်း) က ၂၅၀ ကျပ်၊ အပါချီက ၂၀၀ ကျပ်စျေးမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် စျေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ စျေးမှာ အပါချီ ၅၃၀၀ ကျပ်၊ မက်စ်(မြန်မာ) ၅၃၀၀ ကျပ်၊ ဆင်(ထိုင်း) ၆၆၅၀ ကျပ်၊ မြင်းခေါင်း ၅၂၀၀ ကျပ်၊ ဆင်(မြန်မာ)၄၇၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**တောင်ကြီးစျေးကွက်မှာ** ဘိလပ်မြေကဒီတစ်ပတ်မှာ ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိတယ်လို့သိရပါတယ်။ အရောင်းအဝယ်ကောင်းပေမယ့် ဘိလပ်မြေစျေးက ငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်စျေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ စျေးမှာ စိန် ၇၃၀၀ ကျပ်၊ ခြင်္သေ့ ၅၀၀၀ ကျပ် ၊ အပါချီ ၅၁၀၀ ကျပ်၊ ကျားခေါင်း ၅၀၀၀ ကျပ်၊ နဂါး ၅၂၀၀ နဲ့ ကမ္ဘောဇ ၄၄၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ် ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

# ဓာတ်မြေဩဇာ

## နိုင်ငံစုံမှ မြေဩဇာများဝင်

ကန်ဒေါ်လာ ၁၅၄၁၉၂၃ တန်ဖိုးရှိ မြေဩဇာ ၄၈၀၇ ဒသမ ၇၁၁ တန်ကို ဇန်နဝါရီ ၂၅ ရက်မှ ၃၁ ရက်သီတင်းပတ်အတွင်းမှာ ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ထိုင်းနိုင်ငံမှ တန် ၆၀၊ စင်ကာပူနိုင်ငံမှ ၂၃၉၃ ဒသမ ၆၈၅ တန်၊ ဂျပန်နိုင်ငံမှ ၁၂ ဒသမ ၅၇၆ တန်၊ ဗီယက်နမ်နိုင်ငံမှ တန် ၅၀၀ ၊ တရုတ်နိုင်ငံမှ ၁၇၄၂ တန်၊ ဂျာမနီနိုင်ငံမှ ၉၉ ဒသမ ၄၅ တန် တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ စင်ကာပူနိုင်ငံမှ အများဆုံးဝင်လာခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်အဝင်နဲ့ ယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် တစ်ထောင့်တစ်ရာကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဇန်နဝါရီလ မြေဩဇာအဝင်စုစုပေါင်းမှာ တန်ချိန် နှစ်သောင်းသုံးရာကျော်ရှိခဲ့တာကြောင့် ဒီဇင်ဘာလအဝင်စုစုပေါင်းနဲ့ ယှဉ် ကြည့်ရင် တန်ချိန် သုံးထောင်ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

## အရောင်းအေးစျေးကွက်ငြိမ်နေတဲ့ ဓာတ်မြေဩဇာ

ဇန်နဝါရီလ ၂၅ ရက်မှ ၃၁ ရက်အတွင်း ပြည်တွင်း ကိုရေလမ်းမှ မြေဩဇာ တန်ချိန် လေးထောင့်ရှစ်ရာကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ငါးထောင်ကိုးရာကျော် ရှိခဲ့တာကြောင့် ယခင်တစ်ပတ်အဝင်နဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် တစ်ထောင့်တစ်ရာကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေဩဇာအဝင်မှာ တန်ချိန် တစ်သောင်းငါး ထောင့်သုံးရာကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် တစ်သောင်းလေးထောင် ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ခုနစ်ထောင့်ကိုးရာ့ကိုးဆယ်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာရေလမ်းမှ အဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှ အဝင်ပိုခဲ့တယ်လို့သိရပါတယ်။

**မော်လမြိုင်စျေးကွက်မှာ** ဒီတစ်ပတ်မြေဩဇာအရောင်းအေးပြီး ဒီတစ်ပတ်မှာ စျေးလည်း ငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ် ပတ်စျေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ စျေးနှုန်းတွေမှာ ပုလဲ-အသေး ၄၆% (ရွှေတုံး ၊ ရွှေပျား၊ရွှေတောင်-တရုတ်) ၁၉၀၀၀ ကျပ်၊ ကွန်ပေါင်း(အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ၃၄၀၀၀ ကျပ်၊ ကွန်ပေါင်း(ပန်းရောင်)(ထိုင်း) ၂၈၀၀၀ ကျပ်၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ၂၈၀၀၀ ကျပ်၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ၁၈၅၀၀ ကျပ် ၊ တီစူပါ ၁၆% (မြားကမ္ဘာ- တရုတ်) ၁၁၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**တောင်ကြီးစျေးကွက်မှာ** မြေဩဇာက ဒီတစ်ပတ်မှာ အရောင်းအဝယ်အေးတယ်လို့သိရပါတယ်။ ရာသီသီးနှံစိုက်ပျိုးမှုနည်းနေတာကြောင့် အရောင်းအဝယ်ကပါးတယ်။ ဒါကြောင့်လည်း စျေးကအပြောင်းအလဲမရှိ ငြိမ်နေတယ်လို့သိရပါတယ်။ ဒီတစ်ပတ်စျေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ စျေးမှာ ယူရီးယား(ပန်းဖူး-တရုတ်) ၁၉၃၀၀ ကျပ်၊ ယူရီးယား (ရွှေတောင်-တရုတ်)၁၈၆၀၀ ကျပ်၊ ယူရီးယား(ကမ္ဘာလုံး-တရုတ်) ၁၈၆၀၀ ကျပ်၊ တီစူပါ ၁၂%(တရုတ်) ၉၈၀၀ ကျပ်၊ တီစူပါ ၁၆%(တရုတ်) ၁၀၇၀၀ကျပ်၊ တီစူပါ ၁၅း၁၅း၁၅ (တရုတ်) ၃၅၀၀၀ ကျပ်၊ ဓာတ်ဆား(တရုတ်) ၁၂၅၀၀ ကျပ်၊ ပိုတက်(တရုတ်) ၂၃၅၀၀ကျပ်၊ ယူရီးယား(ယူအေအီး) ၁၉၅၀၀ ကျပ်၊ မြားကမ္ဘာ ၁၄၃၀၀ ကျပ်စျေးရှိတယ်လို့ မြေဩဇာအရောင်းဆိုင်မှသိရှိရပါတယ်။

**ရန်ကုန်စျေးကွက်မှာ** မြေဩဇာက ဒီတစ်ပတ်မှာအရောင်းအဝယ် ပုံမှန်ရှိတယ်လို့သိရပါတယ်။ ဒီတစ်ပတ်စျေးကွက်ထဲမြေဩဇာစျေးနည်းနည်းတက်တယ်လို့ သိရပါတယ်။ စျေးမြင့်တာက ယူရီးယား၊ တီစူပါနဲ့ ပိုတက်တို့ဖြစ်ပြီး ကွန်ပေါင်း ၁၅ ပတ်လည်က စျေးကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် စျေးကွက်အတွင်း အရောင်းအဝယ်ဖြစ်နေတဲ့ စျေးမှာ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၂၀၅၀၀ ကျပ်၊ယူရီးယား (နေရွက်လှေ-တရုတ်)၂၀၅၀၀ကျပ်၊ တီစူပါ( သံကွင်း- တရုတ်) ၁၈၀၀၀ ကျပ်၊ ပိုတက် (အိန္ဒိယ) ၂၆၄၀၀ ကျပ်၊ ကွန်ပေါင်း(၁၅း၁၅း၁၅) ၂၉၀၀၀ ကျပ်စျေးနဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ စျေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးစျေးကွက်မှာ** မြေဩဇာက ရာသီစိုက်ပျိုးချိန် မရောက်သေးတာကြောင့် အရောင်းအဝယ်က အေးသလို စျေးကလည်း အနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ အောင်ကမ္ဘာ၊ ပိုတက်၊ တောင်သူမ ၊ အာမို (၁၆း၁၆း၈) နဲ့ ဆင် (၁၀း၁၀း၅)က စျေးငြိမ်နေပြီး ကျန်မြေဩဇာများက စျေးကျလာတယ်လို့သိရပါတယ်။

စျေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့စျေးမှာ မြားကမ္ဘာ-တရုတ်-၁၂း၁၃ (အပြာ၊ အစိမ်း) ၁၃၁၀၀ ကျပ်၊ ဆင် (၁၀း၁၀း၅) ၁၃၂၀၀ ကျပ်၊ အာမို (၁၀း၁၀း၅) ၁၅၀၀၀ကျပ်၊ အာမို (၁၅း၁၅း၁၅) ၃၃၀၀၀ ကျပ်၊ အာမို (၁၆း၁၆း၈) ၃၁၂၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၁၈၄၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၁၈၀၀၀ ကျပ်၊ အောင်ကမ္ဘာ (၁၀း၁၀း၅) ၁၆၀၀၀ ကျပ်၊ ပိုတက် ၂၂၈၀၀ ကျပ်၊ တောင်သူမ ၁၃၂၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ စျေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

# နှံ့ဆီနှံ့စိမ်း

## နှံ့ဆီတန်ချိန် ရှစ်ရာကျော်နဲ့ နှံ့မှုန့်တန်ချိန် တစ်ရာကျော်ဝင်

သီတင်းတစ်ပတ်ဖြစ်တဲ့ ဇန်နဝါရီ ၂၅ ရက်မှ ၃၁ ရက်ကာလအတွင်း ကန်ဒေါ်လာ ၁၂၄၇၅၀၇ တန်ဖိုးရှိ နှံ့ဆီ ၈၇၉ ဒသမ ၈၈၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ အိုကေ၊ ဒွန်းနဲ့ အခြားတံဆိပ်များဝင်လာခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်အဝင်နဲ့ ယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ခြောက်ရာ့ရှစ်ဆယ်ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ကန်ဒေါ်လာ ၃၉၃၄၅၄ တန်ဖိုးရှိ နှံ့မှုန့် ၁၁၀ ဒသမ ၄၄၇ တန်လည်း ဒီတစ်ပတ်မှာ ဝင်လာပါတယ်။ ဒီတစ်ပတ်မှာ စင်ကာပူနိုင်ငံမှပဲ ဝင်လာခဲ့တယ်လို့သိရပါတယ်။ ယခင်တစ်ပတ်နဲ့ ယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန်ခြောက်ဆယ်ကျော်အဝင်ပို ခဲ့ပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဇန်နဝါရီလမှာ ဒီဇင်ဘာလအဝင်နဲ့ ယှဉ်ရင် နှံ့ဆီတန်ချိန် ခြောက်ရာကျော် အဝင်ပိုခဲ့ပြီး နှံ့မှုန့်က တန်ချိန် လေးရာ့ငါးဆယ်ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

သီတာဝင်း (DOT) စုစည်းသည်

### နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၂၄/၁ မှ ၃၀/၁ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၁၇/၁ မှ ၂၃/၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၂၄၆၈.၅၀ | ၆၆၈.၀၀ | (+) | ၁၈၀၀.၅၀ |
| ၂။ | လွယ်ဂျယ် | ၅၇၂.၀၀ | ၃၉၆.၀၀ | (+) | ၁၇၆.၀၀ |
| ၃။ | ချင်းရွှေဟော် | - | ၂၀၀.၀၀ | (-) | ၂၀၀.၀၀ |
| ၄။ | ကန်ပိုက်တီး | ၂၃၅၆.၃၀ | ၂၆၁၈.၀၀ | (-) | ၂၆၁.၇၀ |
| ၅။ | တာချီလိတ် | ၃၀၀၀.၀၀ | ၉၀၀၀.၀၀ | (-) | ၆၀၀၀.၀၀ |
| ၆။ | မြဝတီ | ၁၆၈၀.၅၀ | ၁၄၅၄.၀၀ | (+) | ၂၂၆.၅၀ |
| ၇။ | ကော့သောင်း | ၆၈၇၄.၇၅ | ၈၂၄၁.၄၇ | (-) | ၁၃၆၆.၇၂ |
| ၈။ | မြိတ် | ၂၀၀.၀၀ | ၁၁၇၅.၀၀ | (-) | ၉၇၅.၀၀ |
| ၉။ | မောင်တော | ၁၂၅.၀၀ | - | (+) | ၁၂၅.၀၀ |
| | စုစုပေါင်း | ၁၇၂၇၇.၀၅ | ၂၃၇၅၂.၄၇ | (-) | ၆၄၇၅.၄၂ |

မြင့်မြင့်မာ MIRT (DCCA)

### နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၂၄/၁ မှ ၃၀/၁ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၁၇/၁ မှ ၂၃/၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၄၃၆၀.၀၀၀ | ၁၃၂၀၉.၂၅၀ | (+) | ၁၁၅၀.၇၅၀ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | ၄၈၁.၂၅၀ | ၂၄၀.၇၅၀ | (+) | ၂၄၀.၅၀၀ |
| ၄။ | တာချီလိတ် | - | - | | - |
| ၅။ | မြဝတီ | ၅၄၃.၇၈၀ | ၄၃၆.၀၅၅ | (+) | ၁၀၇.၇၂၅ |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | - | ၇၀၀.၀၀၀ | (-) | ၇၀၀.၀၀၀ |
| | စုစုပေါင်း | ၁၅၃၈၅.၀၃၀ | ၁၄၅၈၆.၀၅၅ | (+) | ၇၉၈.၉၇၅ |

တင်တင်ထွန်း MIRT (DCCA)

# နှမ်း/ မြေပဲ/ ပဲပုပ်

## နှမ်းရောင်စုံတင်ပို့မှု ပိုမို

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးမှ ဇန်နဝါရီလ နောက်ဆုံးပတ်အတွင်း ကန်ဒေါ်လာ ၆ ဒသမ ၀၉၉ သန်းတန်ဖိုးရှိ နှမ်းရောင်စုံ ၃၂၃၃ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က မူဆယ်မှ ၆၈ တန်ကျော်နဲ့ ချင်းရွှေဟော်မှ ၁၄၁၃တန် သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်ရဲ့ နှမ်းတင်ပို့မှု ၁၇၅၂ တန်ခွဲ ပိုမိုလာတာတွေ့ရပါတယ်။ ယခုရက်သတ္တပတ်မှာ မူဆယ်ကနေ နှမ်းလှော် ၄ တန်ကျော်တင်ပို့ခဲ့ပါတယ်။ မကွေးမြို့ရှိ လှော်ဖိုကြီးများမှ နှမ်းလှော်တွေကို ရန်ကုန်၊ မန္တလေးဈေးကွက်တွေကို တင်ပို့ကြရပြီး တရုတ်နဲ့ ကိုရီးယားဈေးကွက်များအထိ တင်ပို့ရကြောင်း၊ တင်ပို့ရတဲ့နိုင်ငံတွေရဲ့ အကြိုက်ကိုလိုက်ပြီး နှမ်းလှော်မှုနဲ့လုပ်ငန်းများလည်း ပြည်တွင်းမှာလုပ်ကိုင်ကြရကြောင်း မကွေးမြို့မှ နှမ်းလှော်ဖိုလုပ်ငန်းရှင်တစ်ဦးက ပြောပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်ရက်သတ္တပတ်က နှမ်းဖြူတစ်တန်ကို မိမိဘက်ပေါက်ဈေး ၂၀၄၃၃၃၉ ကျပ်မှ ယခု ၂၀၃၆၃၁၁ကျပ်သို့ ဈေးအနည်းငယ်ကျဆင်းခဲ့ပြီး နှမ်းနက်တစ်တန်ကို ၂၀၄၃၃၃၉ ကျပ်မှ ၂၂၁၈၂၇၉ ကျပ်သို့ ဈေးပြန်လည်မြင့်တက်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ တစ်လလုံး နယ်စပ်စခန်းအသီးသီးမှ တင်ပို့ ခဲ့တဲ့ နှမ်းရောင်စုံ ၈၅၆၂ တန်ခန့် ရှိခဲ့ပါတယ်။ ယခုတစ်ပတ်ရဲ့ စခန်းအလိုက် တင်ပို့တဲ့ နှမ်းရောင်စုံတွေကို ဖော်ပြပေးလိုက်ပါတယ်-

တန်ချိန်-ကိန်းပြည့်

| နှမ်းအမျိုးအစား | မူဆယ် | ချင်းရွှေဟော် |
|---|---|---|
| နှမ်းဖြူ | ၃၄. ၀၀ | ၇၇၀. ၀၀ |
| နှမ်းနက် | ၁၇. ၅၀ | ၁၉၅၁. ၅၀ |
| နှမ်းညို | ၃၂. ၅၀ | ၃၇၀. ၀၀ |
| နှမ်းဖြူ (အခွံချွတ်) | ၅၄. ၀၀ | - |
| နှမ်းလှော် | ၄. ၂၃ | - |

မော်မော်အောင် MIRT (DCCA)

## ဆောင်းရာသီနဲ့အတူ ပြည်ဈေးကွက် ဆောင်းမြေပဲဈေးအေး

ယခုတစ်ပတ်တွင် ပြည်ဈေးကွက်၌ မြေပဲဆန်ဈေးငြိမ်နေပြီး ကံမဘက်မှတစ်နေ့ အိတ် ၁၂၀၀ ခန့်ဝင်ရောက်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ မြို့တွင်းရှိ ဆီစက်များအပြင် မကွေးဆီစက်နဲ့ ရန်ကုန်ဆီစက်များက အဝယ်ရှိနေပြီး လုံးဆန်ကို ပဲလှော်သမားများနဲ့ မန္တလေးဝယ်လက်သမားများက အဝယ်ရှိသဖြင့် တစ်နေ့ကို အိတ် ၁၀၀၀ ခန့်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ယခုနှစ်တွင် မြေပဲအထွက်နှုန်းများပြီး အဝယ်များရှိနေသော်လည်း ဈေးမှာ ဆီကြိတ်မြေပဲဆန်ဈေးအနည်းငယ်ကျလာပြီး လုံးဆန်ချောဈေးမှာ အနည်းငယ်မြင့်နေပါတယ်။

မြေပဲဆန်ဈေးမှာ ဆီကြိတ် ဆန်တစ်ပိဿာ ၁၈၂၅ ကျပ်၊ လုံးဆန်အဖြူ တစ်ပိဿာ ၂၁၀၀ ကျပ်၊ အနီတစ်ပိဿာ ၂၃၀၀ ကျပ်ဈေးဖြင့် ပြည်ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ မြေပဲ ဆီဈေးမှာလည်း မြေပဲဆီ (ရှယ်) တစ်ပိဿာကို ၃၈၀၀ ကျပ်နှင့် ရိုးရိုး တစ်ပိဿာ ၃၅၀၀ ကျပ်ဖြင့် ဈေးအနည်းငယ်ကျလာတာ တွေ့ရပါတယ်။

ဝေဝေမင်း-ပြည်

## ဈေးပြန်မြင့်လာတဲ့ ပြည်ပဲပုပ် အရောင်းအဝယ်လည်းသွက်

ဖေဖော်ဝါရီ ပထမပတ်အတွင်း ပြည်ပဲဈေးကွက်မှာ မတ်ပဲနှင့် ကုလားပဲဈေးလျှော့နည်းခဲ့ပေမယ့် ပဲပုပ်ဈေးကတော့ လကုန်ပတ်မှာ ဈေးကျသွားပြီး ယခုလဆန်းမှာ ဈေးပြန်မြင့်လာလို့ တစ်တင်း ၁၆၀၀၀ ကျပ်ဖြင့် လှောင်လက်ရော လက်လီသမားပါ ဝယ်လိုအားများနေခဲ့ပါတယ်။ပဲသစ်များ ပေါင်းတလည်၊ ပေါက်ခေါင်း၊ ပန်းတောင်းမြို့နယ်များမှ နေ့စဉ် အိတ် ၁၅၀ ကျော်ထိ အဝင်များလာခဲ့ပြီး အဝယ်လည်း သွက်ခဲ့ကြောင်း သိရပါတယ်။

ခင်ဆွေဝင်း-ပြည်

# စားအုန်းဆီ

## ဇီဝလောင်စာဆီအတွက် ဝယ်ယူမှုမြင့်မားမည့်အလားအလာကြောင့် စားအုန်းဆီဈေးမြင့်တက်

ရေနံစိမ်းဈေးကွက်မှ အလားအလာများနဲ့ ဇီဝလောင်စာဆီအတွက် အင်ဒိုနီးရှားအစိုးရက ထောက်ပံ့ငွေများ တိုးမြှင့်ပေးမည့် စီမံကိန်းကြောင့် ရင်းနှီး မြှုပ်နှံသူတို့ရဲ့ မျှော်လင့်ချက်များ မြင့်တက်လာတဲ့အတွက် ကြောင့်မလေးရှားစားအုန်းဆီကြိုရောင်းကြိုဝယ်ဈေး က ဖေဖော်ဝါရီ ၄ ရက် ရက်သတ္တပတ်အတွင်း အမြင့်ဆုံးဈေးကို ရောက်ရှိခဲ့ပါတယ်။

ရေနံစိမ်းဈေးနှုန်းများ ကျဆင်းနေတဲ့အတွက် ဇီဝလောင်စာဆီထုတ်လုပ်ရေးလုပ်ငန်းကို အကာအကွယ်ပေးနိုင်အောင်ရည်ရွယ်ပြီး အင်ဒိုနီးရှားအစိုးရက ဇီဝလောင်စာဆီထောက်ပံ့ကြေးကို ယခင်က တစ်လီတာကို ရူပြား ၁၅၀၀ ပေးခဲ့ရာမှ ဖေဖော်ဝါရီ ၃ ရက်နေ့မှာ တစ်လီတာကို ရူပြား ၅၀၀၀ (သုည ဒသမ ၄၀ ဒေါ်လာ) အထိ တိုးမြှင့်ပေးဖို့ဆုံးဖြတ်ခဲ့ပါတယ်။ ထောက်ပံ့ကြေးတွေ တိုးမြှင့်ပေးလိုက်တဲ့အတွက် ဇီဝလောင်စာဆီကို ပိုမိုထုတ်လုပ်သုံးစွဲလာမယ်လို့ လေ့လာဆန်းစစ်သူတွေက ခန့်မှန်းခဲ့ပါတယ်။

စားအုန်းဆီရဲ့ ဧပြီလအတွက် စာချုပ်ဖြင့် ရောင်းဈေးက ၂ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ဖေဖော်ဝါရီ ၄ ရက်မှာ တစ်တန်ကို ၂၂၂၀ ရင်းဂစ် (၆၂၄ ဒေါ်လာ) နှုန်းထိ မြင့်တက်လာခဲ့ရာ ဇန်နဝါရီ ၂၈ ရက်နောက်ပိုင်း အမြင့်ဆုံးဈေးနှုန်းဖြစ်ခဲ့ပါတယ်။ စားအုန်းဆီစုစုပေါင်းရောင်းချရတဲ့ ပမာဏက ၂၅ တန်ရှိအတွဲ ၆၆၁၈၆ တွဲထိ ရောက်ရှိခဲ့တဲ့အတွက် တစ်ရက်ပျမ်းမျှရောင်းချရတဲ့ အတွဲ ၃၅၀၀၀ အထက်မှာ ရှိနေပါတယ်။

စောစောပိုင်းက ရေနံဈေးနှုန်းတွေ ပြန်လည်မြင့်တက်လာစဉ်မှာ ဖေဖော်ဝါရီ ၄ ရက်နေ့က ဈေးများပြန်လည် ဖွင့်လှစ်တဲ့အခါ စားအုန်းဆီဈေးလည်း မြင့်တက်ခဲ့ပါတယ်။ ဖေဖော် ဝါရီ ၂ ရက်နဲ့ ၃ ရက်က မလေးရှားမှာ အများပြည်သူရုံးပိတ်ရက်ဖြစ်ပါတယ်။

"ဘာဆာမလေးရှားကုန်စည်ဒိုင် နှစ်ရက်ပိတ်ပြီးနောက် ကုန်စည်တွေနဲ့ စွမ်းအင်ဈေးကွက်အပေါ် ယုံကြည်မှုမြင့်တက်လာတဲ့အတွက် ယနေ့မှာ စားအုန်းဆီဈေးတွေမြင့်တက်လာတာဖြစ်ပါတယ်"လို့ မလေးရှားရှိ ကုန်စည်အကျိုးဆောင်တစ်ဦးက ပြောပါတယ်။

ဖေဖော်ဝါရီ ၃ ရက်က ဒေါ်လာဈေး တန်ဖိုးကျဆင်းတဲ့အတွက် ကုန်စည်ဈေးတွေမြင့်တက်ခြင်းနဲ့အတူ ရေနံဈေးနှုန်းတွေမြင့်တက်ခဲ့ပြီး ရေနံစိမ်းဈေးက လေးရက်အတွင်း ၁၉ ရာခိုင်နှုန်းခန့် မြင့်တက်ခဲ့ရာ ၂၀၀၉ ခုနှစ် ဇန်နဝါရီနောက်ပိုင်း အများဆုံး မြင့်တက်ခဲ့တာဖြစ်ပါတယ်။

ညဏ်တင်

## ပြည်တွင်းဆီဈေးနှုန်းများ (၆-၂-၂၀၁၅)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၃၂၀၀ | ၃၂၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၅၅၀ | ၁၅၅၀ | □ |
| ရန်ကုန် | ၄၀၀၀ | ၄၀၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၃၂၀ | ၁၃၃၅ | △ |
| မန္တလေး | ၃၂၀၀ | ၃၅၀၀ | △ | ၄၈၀၀ | ၃၈၀၀ | ▽ | ၁၄၁၀ | ၁၄၃၀ | △ |
| ပဲခူး | ၂၆၀၀ | ၂၆၀၀ | □ | ၅၅၀၀ | ၅၄၀၀ | ▽ | ၁၄၀၀ | ၁၃၆၀ | ▽ |
| မကွေး | ၃၆၀၀ | ၃၆၀၀ | □ | ၄၈၀၀ | ၄၆၀၀ | ▽ | ၁၄၃၀ | ၁၄၃၀ | □ |
| မုံရွာ | ၃၆၀၀ | ၃၅၀၀ | ▽ | ၃၈၀၀ | ၃၈၀၀ | □ | ၁၄၆၀ | ၁၄၇၀ | △ |
| စစ်တွေ | ၃၄၀၀ | ၃၄၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

*Source: mirt-dtp*

## စားအုန်းဆီဈေးနှုန်းများ (၄-၂-၂၀၁၅ မှ ၆-၂-၂၀၁၅ နေ့ထိ)

ရေတွက်ပုံ - ဒေါ်လာ

| စဉ် | နေ့စွဲ | CIF (ရန်ကုန်) |
|---|---|---|
| (၁) | ၄-၂-၂၀၁၅ | ၆၈၀ |
| (၂) | ၅-၂-၂၀၁၅ | ၇၀၀ |
| (၃) | ၆-၂-၂၀၁၅ | ၇၁၀ |

Source: ဆီကုန်သည်များအသင်း

## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၆-၂-၂၀၁၅ US$/Ton

| အမျိုးအစား | ဇန်နဝါရီလ စတုတ္ထပတ် | ဖေဖော်ဝါရီလ ပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၄၂.၅၀ | ၆၄၀.၅၀ | ▽ |
| RBD P.Olein | ၆၄၁.၀၀ | ၆၃၀.၀၀ | ▽ |
| RBD P.Strarin | ၆၃၂.၅၀ | ၆၃၀.၅၀ | ▽ |

*Source: econ.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၆ - ၂ -၂၀၁၅ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx Earning)/ 612 | ၁၁၉၉.၅၈ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x Earning)/612 | ၃.၀၀ |
| Bill စရိတ် | (CIF x 0.50% x Earning )/612 | ၆.၀၀ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၆.၆၈ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၆၈.၇၇ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၄၀.၆၀ |
| ဆိပ်ကမ်းကပ်ခ | (3x Earning )/ 612 | ၅.၀၇ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၃၃၅.၅၁ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ (၆-၂-၂၀၁၅)နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၁၀ ဒေါ်လာ၊ FOB ၆၈၅ ဒေါ်လာနှင့် Earning ဈေး ၁၀၃၄ ကျပ်) ဖြင့်တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ (၆-၂-၂၀၁၅)နေ့ ဝယ်ယူပြီးနောက် (၁၀) ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်းတစ်ဒေါ်လာကို ဒေါ်လာဈေး ၁၀၂၄ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ် လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်း မရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက် ချက်ပါသည်။
၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများအပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

## ဇိမ်ခံရွက်လှေ ထုတ်လုပ်မှုလုပ်ငန်းအတွက် တောင်ကိုရီးယားအစိုးရ ဝမ်တစ်ဘီလီယံ ရင်းနှီးမြှုပ်နှံမည်

ကမ္ဘာ့တန်းဝင် ဇိမ်ခံရွက်လှေ ထုတ်လုပ်မှုလုပ်ငန်းကို ဝင်ရောက်သွားနိုင်စေရန်အတွက် ကိုရီးယားအစိုးရက ဒေသခံ သင်္ဘောကျင်းငယ်လေးများကို ကူညီပေးသည့်အနေဖြင့် ၂၁ ဘီလီယံဝမ် (ဒေါ်လာ ၁၉ ဒသမ ၄ သန်း) အား ယင်းလုပ်ငန်းနယ်ပယ်တွင် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် ငါးနှစ်စီမံကိန်း တစ်ရပ်ချမှတ်ပေးခဲ့သည်။ ယခုနှစ်တစ်နှစ်တည်းပင် ယင်းရွက်လှေများတည်ဆောက်မည့် နည်းပညာကို လေ့လာရန် ဝမ်တစ်ဘီလီယံ စတင်သုံးစွဲမည်ဖြစ်ကြောင်း သမုဒ္ဒရာနှင့်ငါးဖမ်းလုပ်ငန်းဝန်ကြီးဌာန က ပြောကြားခဲ့သည်။

မကြာသေးမီနှစ်များက ကမ္ဘာပေါ်တွင် ပေ ၁၀၀ အရှည်ရှိသော ရွက်တိုက်လှေများ လိုအပ်ချက် ၁၀ ရာခိုင်နှုန်းတိုးလာခဲ့သည်။ ယင်းပေ ၁၀၀ ရှည်ရွက်လှေသည် မူလတန်ဖိုး အားဖြင့် ၁၀ ဘီလီယံဝမ်ခန့်ဖြစ်ပြီး၊ ၂၀၁၃ ခုနှစ်တွင် ဈေးကွက်တွင်းတန်ဖိုး ၃ ဒသမ ၈ ထရီလီယံဝမ်အထိ တက်သွားခဲ့သည်။ ကိုရီးယားသည် ကုန်တင်ရေယာဉ်ကြီးများ တည်ဆောက်ရာတွင် ရှေ့ပြေးဖြစ်သော်လည်း ဇိမ်ခံရွက်လှေတည်ဆောက်သည့်အပိုင်းတွင် အားနည်းနေသေးသည်။ ကမ္ဘာပေါ်ရှိ ဇိမ်ခံရွက်လှေဈေးကွက်အား လတ်တလောတွင် အီတလီ၊ ထိုင်ဝမ်နှင့် တရုတ်ကုမ္ပဏီများက အသာစီးရနေသဖြင့် ကိုရီးယားကုမ္ပဏီများ ဝင်ရောက်ယှဉ်ပြိုင်ရန် လွယ်ကူသည့် အနေအထားမဟုတ်နိုင်ပါ။

**သန့်ဇင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# စင်ကာပူနိုင်ငံ၌ SMEs များ၏ လုပ်ငန်းစွမ်းဆောင်မှုကျဆင်းလာ

စင်ကာပူနိုင်ငံရှိ ကုမ္ပဏီများ၏ လုပ်ငန်းလည်ပတ်မှုနှင့် ဘဏ္ဍာရေးအခြေအနေကို စာရင်းစစ်ဆေး၍ စီးပွားရေးလုပ်ငန်း စွမ်းဆောင်မှု အဆင့်အတန်းကို အကဲဖြတ်သတ်မှတ်ပေးလျက်ရှိသည့် DP Information Group ၏ အစီရင်ခံစာအရ ကုမ္ပဏီကြီးများ၏ လုပ်ငန်းဆောင်ရွက်မှု တိုးတက်ကောင်းမွန်လျက်ရှိသော်လည်း အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများမှာ လုပ်ငန်းစွမ်းဆောင်ရည် ကျဆင်းလာကြောင်း သိရှိရပါသည်။

DP သတင်းအချက်အလက်အုပ်စုသည် စင်ကာပူနိုင်ငံရှိ Ernst & Young Solutions LLP ၊ စင်ကာပူ စီးပွားရေးလုပ်ငန်းရှင်များ အသင်းချုပ် (SBF) ၊ စာရင်းအင်းနှင့်ကုမ္ပဏီများ ကြီးကြပ်မှုအာဏာပိုင်အဖွဲ့ (ACRA)၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် ဖွံ့ဖြိုးတိုးတက်မှု အာဏာပိုင်အဖွဲ့ (IDA) ၊ စင်ကာပူအပြည်ပြည်ဆိုင်ရာစီးပွားရေးအဖွဲ့အစည်း (IE Singapore) နှင့် စံချိန်စံညွှန်း၊ ကုန်ထုတ်စွမ်းအားနှင့် တီထွင်ဆန်းသစ်မှု ကြီးကြပ်ရေးအဖွဲ့ (SPRING Singapore) တို့၏ပံ့ပိုးကူညီမှုဖြင့် ထိပ်တန်းကုမ္ပဏီ ၁၀၀၀၊ SMEs ၁၀၀၀ နှင့် စင်ကာပူ၌ လုပ်ငန်းဆောင်ရွက်နေသော ထိပ်တန်းနိုင်ငံတကာကုမ္ပဏီ ၁၀၀ စာရင်းများကို နှစ်စဉ်ပြုစုထုတ်ပြန် လျက်ရှိပါသည်။

၂၀၁၅ ခုနှစ်အတွက် စင်ကာပူရှိ ထိပ်တန်း SMEs ၁၀၀၀၏ စုစုပေါင်း လုပ်ငန်းလည်ပတ်ငွေ ပမာဏမှာ စင်ကာပူဒေါ်လာ ၂၈ ဒသမ ၃ ဘီလီယံခန့်ရှိရာ ၂၀၁၄ ခုနှစ် စာရင်း အောက် ၈ ဒသမ ၇ ရာခိုင်နှုန်းခန့် လျော့ကျခဲ့ပါသည်။ အလားတူ ၎င်းတို့၏ စုစုပေါင်း အသားတင် အကျိုးအမြတ်မှာလည်း သုည ဒသမ ရှစ် ရာခိုင်နှုန်း ကျဆင်းပြီး စင်ကာပူဒေါ်လာ ၃ ဒသမ ၄ ဘီလီယံမျှသာ ရရှိခဲ့ကြပါသည်။ လုပ်ငန်းအရှုံးပေါ်သည့် အသေးစားနှင့် အလတ်စားလုပ်ငန်းများ အရေအတွက် မှာ ၂၀၁၄ ခုနှစ်တွင် ၁၁၄ ခုရှိရာမှ ယခုနှစ်၌ ၁၃၀ အထိ ရှိလာပါသည်။ SMEs လုပ်ငန်းများအနေဖြင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး လုပ်ငန်းကဏ္ဍ၌ စုစုပေါင်း အရောင်းဝင်ငွေ ၂၉ ရာခိုင်နှုန်းခန့် တိုးတက်မှု ရရှိခဲ့သော်လည်း တည်ဆောက်ရေးလုပ်ငန်းကဏ္ဍတွင် ၂၅ ဒသမ ၆ ရာခိုင်နှုန်း၊ လက်ကားကူးသန်းရောင်းဝယ်မှု၌ ၁၄ ဒသမ ၉ ရာခိုင်နှုန်းနှင့် လက်လီကူးသန်းရောင်းဝယ်မှုတွင် ၂၅ ဒသမ ၆ ရာခိုင်နှုန်း စီ ကျဆင်းခဲ့ပါသည်။

DP Info အုပ်စု၏ စာရင်းများအရ စားသောက်ကုန်နှင့်အဖျော်ယမကာ လုပ်ငန်းကဏ္ဍတွင် ကုမ္ပဏီကြီးများမှာ အရောင်းဝင်ငွေကျဆင်းပြီး အရှုံးပေါ်နေသော်လည်း SMEs လုပ်ငန်းများမှာမူ တိုးတက်အောင်မြင်မှုများ ရရှိလျက်ရှိကြောင်း တွေ့ရပါသည်။ စားသောက်ကုန်လုပ်ငန်း ကုမ္ပဏီကြီးများအနေဖြင့် တူညီသောလုပ်ငန်းနယ်ပယ်အတွင်း ဈေးကွက်ဝေစုရရှိရန် လုပ်ငန်းငယ်လေးများနှင့် ယှဉ်ပြိုင်လုပ်ကိုင်လာရကြောင်း၊ ဤအချက်က စင်ကာပူရှိ စားသုံးသူများသည် စားသောက်ကုန်လုပ်ငန်း၌ အစဉ်အလာအရ လွှမ်းမိုးထားရှိသည့် ဖရန်ချိုက်လုပ်ငန်းကြီးများထံမှ ပိုမိုလွတ်လပ်စွာ ရွေးချယ်နိုင်သည့် ခေတ်ပေါ် အရောင်းဆိုင်ငယ်များဘက်သို့ အာရုံ ပြောင်းလဲလာခြင်းကို ညွှန်ပြလျက်ရှိကြောင်းဖြင့် DP Info အုပ်စု၏ ဦးဆောင်ညွှန်ကြားရေးမှူး Ms Chen Yew Nah ကပြောကြားပါသည်။

DP Info အုပ်စုမှ ဆောင်ရွက်ခဲ့သည့် ၂၀၁၄ ခုနှစ် SMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုစစ်တမ်းအရ စင်ကာပူ SMEs များ၏ ၇၅ ရာခိုင်နှုန်းသည် အသုံးချသိပ္ပံပညာနယ်ပယ်၌ ရင်းနှီးမြှုပ်နှံမှုပြုခြင်းကဲ့သို့သော တီထွင်ဆန်းသစ်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်းနှင့် နိုင်ငံတကာသို့ ဖြန့်ကျက်လုပ်ကိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသော SMEs လုပ်ငန်းများမှာ ၂၀၁၃ ခုနှစ်စစ်တမ်းကောက်ယူစဉ်က ၁၄ ရာခိုင်နှုန်းရှိရာမှ ၂၀၁၄ ခုနှစ်၌ ၂၀ ရာခိုင်နှုန်းအထိ တိုးတက်လာကြောင်း သိရှိရပါသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ စင်ကာပူမြို့**

## ငါးများတင်သွင်းမှုပိတ်ပင်ထားခြင်းနှင့် ပတ်သက်၍ ဆွေးနွေးရန် အီးယူမှကျွမ်းကျင်သူများ သီရိလင်္ကာနိုင်ငံသို့ သွားရောက်မည်

သီရိလင်္ကာနိုင်ငံမှ ငါးများတင်သွင်းမှုအပေါ် အီးယူ၏ ပိတ်ပင်ထားမှုအား ဖယ်ရှားနိုင်ရေးရည်ရွယ်လျက် အီးယူ၏ အကြံပြုချက်များအား သီရိလင်္ကာအစိုးရ၏ အကောင်အထည်ဖော် ဆောင်ရွက်မှုများကို အကဲဖြတ်ရန် အီးယူမှ ကျွမ်းကျင်သူများသည် သီရိလင်္ကာနိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း သိရှိရပါသည်။

အီးယူသည် သီရိလင်္ကာနိုင်ငံမှ ငါးများတင်သွင်းမှုကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလအတွင်းက ပိတ်ပင်ခဲ့ပါသည်။ ထိုသို့ ပိတ်ပင်မှုကြောင့် သီရိလင်္ကာနိုင်ငံသည် အမေရိကန်ဒေါ်လာသန်း ၂၀၀ ခန့်နစ်နာဆုံးရှုံးနိုင်ကြောင်း ခန့်မှန်းထားပါသည်။

သီရိလင်္ကာနိုင်ငံသည် အီးယူသို့ ငါးများတင်ပို့လျက်ရှိသည့် အဓိကနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ၂၀၁၃ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံမှ အီးယူသို့ တင်ပို့ခဲ့သည့် ငါးမျိုးစုံတန်ချိန်စုစုပေါင်းမှာ ၇၄၀၀ ခန့်ရှိပြီး တန်ဖိုးအားဖြင့် ယူရို ၇၄ သန်းခန့်ရှိခဲ့ပါသည်။ အဓိကတင်ပို့ခဲ့သည့် ငါးအမျိုးအစားများမှာ ဓားရှည် နှုတ်သီးငါး (Swordfish) ၊ ငါးမည်းလုံး (Tuna) နှင့် ငါးမည်းလုံးမျိုးဝင်ငါးများ စသည့်တန်ဖိုးမြင့် ငါးထွက်ကုန်များ ဖြစ်ကြပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

## ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလတွင် ဘယ်လ်ဂျီယံနိုင်ငံ၌ စီးပွားရေးလုပ်ငန်းစုစုပေါင်း ၁၀၁၆ ခု ဒေဝါလီခံရ

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလတွင် ဘယ်လ်ဂျီယံနိုင်ငံ၌ စီးပွားရေးလုပ်ငန်း စုစုပေါင်း ၁၀၁၆ ခုဒေဝါလီခံခဲ့ရပါ သည်။ ထိုသို့ဒေဝါလီခံခဲ့ရခြင်းကြောင့် အချိန်ပြည့်ဝန်ထမ်း ၁၂၂၂ ဦး၊ အချိန် ပိုင်းဝန်ထမ်း ၅၇၁ ဦး၊ လခစားအလုပ် ရှင် ၃၃၇ ဦး အလုပ်လက်မဲ့ ဖြစ်ခဲ့ရပါသည်။

၂၀၁၄ ခုနှစ်၊ ဇူလိုင်လမှ ဒီဇင်ဘာလအထိ ဘယ်လ်ဂျီယံနိုင်ငံ၌ စီးပွားရေးလုပ်ငန်းစုစုပေါင်း ၅၀၄၇ ခု ဒေဝါလီခံခဲ့ရပြီးလွန်ခဲ့သော နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ဒေဝါလီခံခဲ့ရသော စီးပွားရေးလုပ်ငန်းအရေအတွက်သည် ၁၃ ဒသမ ၄ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

## ဘယ်လ်ဂျီယံ ကြမ်းခင်းထုတ်လုပ်ရေး ကုမ္ပဏီအား အမေရိကန်ကုမ္ပဏီက ဝယ်ယူ

ကြမ်းခင်းထုတ်လုပ်လျက်ရှိသည့် အမေရိကန်ပြည်ထောင်စုအခြေစိုက် Mohawk Industries, Inc. သည် ကြမ်းခင်းများ ထုတ်လုပ်လျက်ရှိသည့် ဘယ်လ်ဂျီယံနိုင်ငံအခြေစိုက် IVC Group အားယူရို တစ်ဘီလီယံခန့်ဖြင့် ဝယ်ယူလိုက်ပြီဖြစ်ပါသည်။ IVC Group သည် ဘယ်လ်ဂျီယံနိုင်ငံတွင် ကြမ်းခင်းများ ထုတ်လုပ်လျက်ရှိသည့် အဓိက ဦးဆောင်ကုမ္ပဏီတစ်ခုဖြစ်ပြီး ကမ္ဘာတစ်ဝန်းတွင် ဝန်ထမ်းဦးရေ ၁၄၀၀ ခန့်ထားကြောင်း သိရသည်။

IVC Group သည် Mohawk Industries က ဒုတိယအကြိမ် ရယူခဲ့သည့် ဘယ်လ်ဂျီယံကြမ်းခင်းကုမ္ပဏီ ဖြစ်ပါသည်။ Mohawk Industries က ပထမအကြိမ် ရယူခဲ့သည့် ဘယ်လ်ဂျီယံကုမ္ပဏီမှာ UNILIN Group ဖြစ်ပါသည်။ Mohawk Industries နှင့် IVC Group တို့၏ အပေးအယူကိစ္စများသည် ၂၀၁၅ ခုနှစ် ပထမသုံးလပတ်ကာလအကုန်တွင် အပြီးသတ်ဆောင်ရွက်ရန် ခန့်မှန်းထားပါသည်။

အမေရိကန်ကုမ္ပဏီအများစုသည် လုပ်ငန်းများလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်စေရန် Acquisition Strategy အားကမ္ဘာ့နိုင်ငံအချို့တွင် အသုံးပြုလျက်ရှိကြောင်း သိရှိရပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

## အီးယူ၏ အလုပ်လက်မဲ့နှုန်းကျဆင်း

အီးယူ၏ အလုပ်လက်မဲ့နှုန်းသည် ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလတွင် ၁၀ ဒသမ သုည ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလတွင် ၉ ဒသမ ၉ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ကြောင်း၊ အလားတူယူရိုဇုန်၏ အလုပ်လက်မဲ့နှုန်း သည် ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလတွင် ၁၁ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလတွင် ၁၁ ဒသမ ၄ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလတွင် အလုပ်လက်မဲ့ နှုန်း အနိမ့်ဆုံးအီးယူအဖွဲ့ဝင်နိုင်ငံများ မှာ ဂျာမနီနိုင်ငံ ၄ ဒသမ ၈ ရာခိုင်နှုန်း နှင့်ဩစတြေးလျနိုင်ငံ ၄ ဒသမ ၉ ရာခိုင်နှုန်းတို့ဖြစ်ကြပြီး အလုပ်လက်မဲ့နှုန်းအမြင့်ဆုံးနိုင်ငံများမှာ ဂရိနိုင်ငံ ၂၅ ဒသမ ၈ ရာခိုင်နှုန်းနှင့် စပိန်နိုင်ငံ ၂၃ ဒသမ ၇ ရာခိုင်နှုန်းတို့ဖြစ်ကြောင်း အီးယူစာရင်းအင်းရုံးက ထုတ်ပြန် ကြေညာခဲ့သည့် ကိန်းဂဏန်းအချက် အလက်များအရ သိရှိရပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# စင်ကာပူနိုင်ငံရှိ ထိပ်တန်းကုမ္ပဏီ ကြီးများ၏ လုပ်ငန်းလည်ပတ်ငွေ ပမာဏတိုးတက်လာ

၂၀၁၃ ခုနှစ် ဇွန်လ ၁ ရက်နေ့မှ ၂၀၁၄ ခုနှစ် မေလ ၃၁ ရက်နေ့အတွင်း စီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်း လည်ပတ်မှု စုစုပေါင်းဝင်ငွေအပေါ် အခြေခံ၍ ၂၀၁၅ ခုနှစ်အတွက် ကုမ္ပဏီ အဆင့် သတ်မှတ်ချက် ထုတ်ပြန်ခဲ့ရာ တွင် စစ်တမ်းပြုစုမှု၏ နောက်ဆုံးငါးနှစ် တာကာလအတွင်း ကုမ္ပဏီကြီးများ၏ ဝင်ငွေထွက်ငွေပမာဏမှာ တိုးတက်လာ ကြောင်း တွေ့ရှိရပါသည်။ စင်ကာပူ ထိပ်တန်းကုမ္ပဏီ ၁၀၀၀၏ စုစုပေါင်း လုပ်ငန်းလည်ပတ်ငွေပမာဏမှာ ၂၀၁၅ ခုနှစ်တွင် စင်ကာပူဒေါ်လာ ၂ ဒသမ ၉၈ ထရီလီယံအထိ ရောက်ရှိလာ ရာ ၂၀၁၄ ခုနှစ်စာရင်းထက် ၈ ဒသမ ၂၈ ရာခိုင်နှုန်း ပိုမိုတိုးတက်ခဲ့ခြင်းဖြစ်ပါ သည်။ ကုမ္ပဏီကြီးများအနေဖြင့် သိုလှောင်မှု၊ သယ်ယူပို့ဆောင်မှုနှင့် တည်ဆောက်ရေး လုပ်ငန်းများ၌ တိုး တက်မှု အားကောင်းခဲ့ကြောင်း၊ သို့ရာ တွင် ၎င်းတို့၏ အသားတင်အမြတ်ငွေ စုစုပေါင်းပမာဏမှာ သုည ဒသမ သုည တစ်ရာခိုင်နှုန်းခန့် ကျဆင်းပြီး စင်ကာပူ ဒေါ်လာ ၁၄၉ ဒသမ ၇၈ ဘီလီယံရရှိခဲ့ ကြောင်း DP Info အုပ်စုမှ ဖော်ပြပါ သည်။

စင်ကာပူနိုင်ငံ၌ လုပ်ငန်းများ ဆောင်ရွက်နေသည့် ထိပ်တန်းနိုင်ငံ တကာကုမ္ပဏီ ၁၀၀ ၏ စုစုပေါင်း လုပ်ငန်းလည်ပတ်ငွေပမာဏမှာ ယခင် နှစ်စာရင်း၌ စင်ကာပူဒေါ်လာ ၂၂၃ ဒသမ ၉ ဘီလီယံခန့်ရှိရာမှ ၂၀၁၅ ခုနှစ် တွင် ၂၂၅ ဒသမ ၈ ဘီလီယံသို့ အနည်း ငယ်မြင့်တက်ခဲ့ပါသည်။ အဆိုပါကုမ္ပဏီ များ၏ လုပ်ငန်းဝင်ငွေ ထွက်ငွေပမာဏ စုစုပေါင်းတွင် တရုတ်နိုင်ငံဈေးကွက်မှ ၃၆ ဒသမ ၇ ရာခိုင်နှုန်းဖြင့် ဦးဆောင် လျက်ရှိပြီး အာဆီယံနိုင်ငံများဈေးကွက် မှာ ၂၁ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ဒုတိယ နေရာ၌ တည်ရှိနေပါသည်။

စင်ကာပူထိပ်တန်းကုမ္ပဏီ ၁၀၀၀၊ SMEs ၁၀၀၀နှင့် စင်ကာပူ၌ လုပ်ငန်း များဆောင်ရွက်နေသော ထိပ်တန်း နိုင်ငံတကာကုမ္ပဏီ ၁၀၀ တို့၏ လုပ်ငန်း စွမ်းဆောင်မှုအား အသိအမှတ်ပြု သည့်အနေဖြင့် ပြုလုပ်သော (၂၈) ကြိမ် မြောက် ဆုတံဆိပ်များ ချီးမြှင့်ပွဲကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့၌ DP သတင်းအချက်အလက် အုပ်စုမှ ကြီးမှူးကျင်းပခဲ့ပါသည်။ အဆိုပါ အခမ်းအနား၌ စင်ကာပူနိုင်ငံ ကုန် သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနမှ အငယ်တန်းဝန်ကြီး Mr.Teo Ser Luck တက်ရောက်ခဲ့ရာတွင် ၎င်းတို့၏ စီးပွား ရေးမှာ ကုန်ထုတ်လုပ်နိုင်စွမ်း တိုးမြှင့် ရေးသို့ရွေ့ရှုသည့်ပြန်လည်တည်ဆောက် ရေး လုပ်ငန်းစဉ်များကို ဖော်ဆောင် လျက်ရှိကြောင်း၊ ယင်း လုပ်ငန်းစဉ်များ ဆောင်ရွက်ရာ၌ ဖွံ့ဖြိုးတိုးတက်မှုအခွင့် အလမ်းများကို ရယူနိုင်စေရန်အတွက် အစိုးရအနေဖြင့် SMEs လုပ်ငန်းများသို့ အထောက်အပံ့ကောင်းများစွာကို ပေး အပ်လုပ်ဆောင်လျက်ရှိကြောင်း၊ ၂၀၁၃ ခုနှစ်အတွင်း ကုမ္ပဏီပေါင်း ၅၃၀၀၀ ခန့်သည် အစိုးရ၏ တီထွင်မှုနှင့် ကုန် ထုတ်စွမ်းအား မြှင့်တင်မှုဆိုင်ရာ ရင်းနှီး မြှုပ်နှံခြင်းများအတွက် ထောက်ပံ့မှု အစီအစဉ် (PIC) မှအခွင့်အရေးများကို ရယူနိုင်ခဲ့ကြောင်း၊ အမျိုးသားကုန်ထုတ် လုပ်မှုကောင်စီမှ လုပ်ဆောင်သည့် ကုန်ထုတ်လုပ်မှု တိုးမြှင့်ရေးအစီအမံ များမှ အကျိုးဖြစ်ထွန်းမှုရရှိသော ကုမ္ပဏီများမှာ ယနေ့ အထိ ၂၂၀၀၀ ကျော်ရှိပြီဖြစ်ကြောင်း၊ စီးပွားရေးပြန် လည်တည်ဆောက်မှု အောင်မြင်စေရန် မှာ တီထွင်ဆန်းသစ်မှုနှင့် နိုင်ငံတကာ သို့ ဖြန့်ကျက်လုပ်ကိုင် ဆောင်ရွက်ခြင်း တို့မှ တိုးတက်မှု အခွင့်အလမ်းများကို စင်ကာပူကုမ္ပဏီများမှ တက်တက်ကြွ ကြွ ရှာဖွေလုပ်ကိုင်ရန် လိုအပ်ကြောင်း စသည်ဖြင့် တိုက်တွန်းပြောဆိုခဲ့ပါ သည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ စင်ကာပူမြို့**

# ၂၀၁၅ ခုနှစ်အတွင်း အမေရိကန်နိုင်ငံတွင် ဆွစ်ဇာလန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းကြီးများ က ဒေါ်လာ ၃ ဘီလီယံ ရင်းနှီး မြှုပ်နှံမည်ဟု ထုတ်ဖော်ကြေညာ

အမေရိကန်နိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး Ms.Penny Pritzker ၊ အလုပ်သမား ဝန်ကြီးဌာနဝန်ကြီး Mr. Tom Pere၊ သမ္မတအိုဘားမား၏ အဆင့်မြင့် အကြံပေးပုဂ္ဂိုလ် Ms. Valerie Jarrett၊ National Economic Council (NEC) မှ ညွှန်ကြားရေးမှူး Mr. Jeff Zients တို့သည် ဆွစ်ဇာလန်နိုင်ငံ ဒုတိယသမ္မတနှင့် စီးပွားရေးလုပ်ငန်းရှင် များပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ အား ဇန်နဝါရီလ ၁၃ ရက် နေ့က ဝါရှင်တန်မြို့တွင် တွေ့ဆုံ၍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

ယင်းသို့တွေ့ဆုံဆွေးနွေးစဉ် ဆွစ်ဇာလန် စီးပွားရေးလုပ်ငန်းရှင် ရှစ်ဦးက အမေရိကန်နိုင်ငံတွင် ၂၀၁၅ ခုနှစ်၌ ဒေါ်လာ ၃ ဘီလီယံရင်းနှီး မြှုပ်နှံမည့် စီမံကိန်းများကို ထုတ်ဖော်ကြေညာခဲ့ပါသည်။ ထို့အပြင် job-driven workforce training initiatives များ၏ အရေးကြီးပုံနှင့် ယင်း training initiatives များ၏အကျိုး ကျေးဇူးကြောင့် အမေရိကန်နိုင်ငံတွင် လုပ်ငန်းရှင်များသည် ကျွမ်းကျင် လုပ်သားများကို လုံလောက်စွာ ရရှိစေ ခြင်းသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်စေနိုင်သည့် အချက်တစ်ချက် ဖြစ်ကြောင်းလည်း ထည့်သွင်း ဆွေးနွေးကြပါသည်။

အမေရိကန်နိုင်ငံနှင့်ဆွစ်ဇာလန် နိုင်ငံတို့သည် နှစ်နိုင်ငံသံတမန် ဆက်ဆံရေး စတင်ခဲ့သည်မှာ နှစ်ပေါင်း ၁၆၀ ကျော်ရှိပြီဖြစ်ကြောင်း၊ နှစ် နိုင်ငံနှစ်စဉ် ကုန်သွယ်မှုသည် ဒေါ်လာ ၁၀၀ ဘီလီယံနီးပါးရှိပြီး အမေရိ ကန်နိုင်ငံတွင် ဆွစ်ဇာလန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် ၂၀၀၉ ခုနှစ်တွင် ဒေါ်လာ ၆၅ ဘီလီယံ ရှိရာမှ ၂၀၁၃ ခုနှစ်တွင် ဒေါ်လာ ၁၄၀ ဘီလီယံသို့ တိုးတက်ခဲ့ကြောင်း၊ အမေရိကန်နိုင်ငံ၏ သုတေသနနှင့်ဖွံ့ဖြိုး တိုးတက်မှု ကဏ္ဍတွင် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုအများဆုံးမှာ ဆွစ်ဇာလန်နိုင်ငံ ဖြစ် ကြောင်း အမေရိကန်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သတင်း ထုတ်ပြန်ခဲ့ပါသည်။

**အေးစန္ဒာလွင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဝါရှင်တန်မြို့**

# Japfa ကုမ္ပဏီက မြန်မာနိုင်ငံ၌ ရာခိုင်နှုန်းပြည့် ပိုင်ဆိုင်မှုရှိသည့် လုပ်ငန်းခွဲတစ်ခုအဖြစ် ပြောင်းလဲလုပ်ကိုင်မည်

စင်ကာပူနိုင်ငံ၌ ဌာနချုပ်ရုံး ဖွင့် လှစ်ထားရှိသည့် Japfa ကုမ္ပဏီသည် လက်ကျန်အစုရှယ်ယာများကို ဝယ်ယူ လျက် မြန်မာနိုင်ငံရှိ Japfa Comfeed Myanmar Pte Ltd (JCMA) အား ရာခိုင်နှုန်းပြည့် ပိုင်ဆိုင်မှုရှိသော လုပ်ငန်းခွဲတစ်ခုအဖြစ် လုပ်ကိုင်သွား မည်ဖြစ်ကြောင်း ဖေဖော်ဝါရီလ ၂ရက်နေ့တွင်ထုတ်ဖော် ပြောကြားလိုက် ပါသည်။

Japfa ကုမ္ပဏီသည်တရုတ်၊ အိန္ဒိယ နှင့် အရှေ့တောင်အာရှဒေသနိုင်ငံများ အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်း များကို လုပ်ငန်းခွဲများ ဖွင့်လှစ်လုပ်ကိုင် လျက်ရှိရာ မြန်မာနိုင်ငံရှိ Japfa ကုမ္ပဏီ လုပ်ငန်းခွဲကို ရှယ်ယာ ၈၅ ရာခိုင်နှုန်း ပိုင်ဆိုင်ထားပါသည်။ ကျန်ရှိသောအစု ရှယ်ယာ ၁၅ ရာခိုင်နှုန်းကို Best Livestock လီမိတက်မှ ပိုင်ဆိုင်ခြင်းဖြစ်ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅ ဒသမ ၇ သန်းခန့်ရှိပါသည်။ Japfa ကုမ္ပဏီမှ ပြောဆိုချက်အရ အဆိုပါ လက်ကျန်ရှယ်ယာများအားစည်းကမ်း သတ်မှတ်ချက်ဖြင့် ပေးချေဝယ်ယူမှု သဘောတူစာချုပ်ကို Best Livestock နှင့် ၎င်းတို့ကုမ္ပဏီအကြား ချုပ်ဆိုထား ပြီးဖြစ်ကြောင်း၊ ပြန်လည်ထုတ်ယူနိုင် ခွင့်ရှိသောစရန်ငွေ အမေရိကန်ဒေါ်လာ ၁ သန်းကို ယခုလဆန်းပိုင်း၌ပေးချေ မည်ဖြစ်ပြီး ကျန်ငွေ ၄ ဒသမ ၇ သန်း အားရှယ်ယာဝယ်ယူမှု စာချုပ်အပြီး သတ် လုပ်ငန်းဆောင်ရွက်နိုင်ချိန်တွင် ပေးချေသွားမည်ဖြစ်ကြောင်း၊ မြန်မာ နိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်၏ အတည်ပြုချက်ရ ရှိရေးမှာ စာချုပ်ချုပ် ဆိုမှု၌ အဓိက လိုအပ်ချက်တစ်ရပ်ဖြစ် ကြောင်းသိရပါသည်။

Japfa ကုမ္ပဏီ၏ ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့စာရင်းများ အရ မြန်မာနိုင်ငံရှိ JCMA ကုမ္ပဏီ လုပ်ငန်းခွဲမှာ အသားတင်ပိုင်ဆိုင်မှု အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၅ သန်း ခန့်ရှိပြီး တိရစ္ဆာန်အစာစက်ရုံများ၊ မွေး မြူရေးနှင့် သားဖောက်လုပ်ငန်းများ၊ ကူးသန်းရောင်းဝယ်ရေး နှင့်ကန်ထရိုက် လုပ်ငန်းများအကြား အထက်နှင့်အောက် ထောင်လိုက် လုပ်ငန်းပူးပေါင်းဆောင် ရွက်စနစ်ဖြင့် လုပ်ကိုင်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၌ လုပ်ထုံးလုပ်နည်းများ ပြောင်းလဲမှုက ၎င်းတို့လုပ်ငန်းစုအတွက် လျင်မြန်စွာ တိုးတက်ဖြစ်ထွန်းလျက်ရှိ သော မွေးမြူရေးဈေးကွက်အတွင်း ပိုင် ဆိုင်မှု အပြည့်အဝဖြင့် လုပ်ငန်းဆောင် ရွက် ရာမှ အကျိုးအမြတ်များရရှိစေမည့် အခွင့်အလမ်းကို ဆောင်ကြဉ်းပေးခဲ့ ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံ၌ ၎င်းတို့ လုပ်ကိုင်လျက်ရှိသော မွေးမြူရေးလုပ် ငန်းဆောင်ရွက်မှု နည်းစနစ်ကို ပုံစံတူ လုပ်ကိုင်ခြင်းဖြင့် ပထမဦးစွာ လုပ်ကိုင် ဆောင်ရွက်သူ၏ အားသာချက်များကို ရရှိပြီး မြန်မာ့မွေးမြူရေးဈေးကွက်၌ ဦး ဆောင်မှုရယူနိုင်မည် ဖြစ်ကြောင်း စသည်ဖြင့် Japfa ကုမ္ပဏီ၏ အမှုဆောင် အရာရှိချုပ် Mr.Tan Yong Nang က ပြောပါသည်။

DBS ဘဏ်လုပ်ငန်းစု၏ သာမန် အစုရှယ်ယာ သုတေသနဌာနမှ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့ကထုတ် ပြန်သည့် အစီရင်ခံစာတွင် စင်ကာပူ စတော့ဈေးကွက်ဝင် Japfa ကုမ္ပဏီ၏ ရှယ်ယာများအား ဈေးနှုန်း သုည ဒသမ ၆၃၅ စင်ကာပူဒေါ်လာ၌ ရည်မှန်းချက် ထားရှိ ဝယ်ယူသင့်ကြောင်း ဖော်ပြခဲ့ပါ သည်။ DBS မှ လေ့လာသူ Mr.Ben Santoso ကယခုကဲ့သို့လုပ်ငန်းသိမ်းသွင်း ရယူခြင်းသည် Japfa ၏ မြန်မာနိုင်ငံရှိ လုပ်ငန်းခွဲတွင် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၃၈ သန်းအထိ တိုးမြှင့်လာမည်ဖြစ်ကြောင်း၊ Japfa ၏ ၂၀၁၅ ဘဏ္ဍာနှစ် ဝင်ငွေရ ရှိမှုတွင် JCMA ကုမ္ပဏီလုပ်ငန်းခွဲမှ အမေရိကန် ဒေါ်လာ ၁၁သန်းခန့် ပါဝင်လာမည်ဟု ခန့်မှန်းရကြောင်း၊ စုစုပေါင်း ဝင်ငွေရရှိ မှု၌ ၁ ဒသမ ၇ ရာခိုင်နှုန်းခန့် သာရှိမည် ဖြစ်သော်လည်း မြန်မာဈေးကွက်၏ အလားအလာ ကောင်းမွန်မှုက ရေရှည် ကာလ၌ Japfa ၏ ဝင်ငွေတိုးတက်မှုကို ဖြစ်ပေါ်လာစေမည် ဖြစ်ကြောင်း ပြော ကြားပါသည်။

ဖေဖော်ဝါရီလ ၂ရက်နေ့စင် ကာပူ စတော့အိတ်ချိန်းဈေးကွက်၌ Japfa ကုမ္ပဏီ၏ အစုရှယ်ယာဈေးနှုန်း မှာ စင်ကာပူဒေါ်လာငွေ သုည ဒသမ ၀၀၅ မြင့်တက်ခဲ့ပြီး ရှယ်ယာတစ်စုလျှင် စင်ကာပူဒေါ်လာ သုည ဒသမ ၆၄နှုန်း ဖြင့် ဈေးကွက်ပိတ်သိမ်းခဲ့ကြောင်း သိရှိ ရပါသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ စင်ကာပူမြို့**

# ကိုရီးယားနိုင်ငံတွင် ပြည်တွင်း ရွှေဈေးမြင့်တက်လာဖွယ်ရှိ

တောင်ကိုရီးယားနိုင်ငံတွင်း ရွှေဝယ်လိုအား တက်လာသဖြင့် ရွှေဈေး မြင့်တက်နေကြောင်းသိရှိရသည်။ အွန်လိုင်း ဈေးရောင်းစင်တာတစ်ခုဖြစ် သည့် Gmarket တွင် ယခင်လကရွှေ အရောင်းသည် ယခင်နှစ်အလားတူ ကာလထက် နှစ်ဆတက်ခဲ့သည်။ ရွှေဝယ်လိုအားတက်နေခြင်းသည် ဘဏ်များတွင် အပ်ငွေပေါ် ပေးသည့် အတိုးနှုန်းလျော့ကျနေ ခြင်းကြောင့်ဖြစ်ပြီး၊ ရင်းနှီးမြှုပ်နှံလိုသူများသည် ရွှေ အပေါ် အာရုံစိုက်လာခဲ့ကြသည်။

ရွှေတစ်ဂရမ်လျှင် ဝမ် ၃၉,၉၀၀ (one USD = 1,084 won) သည် ယမန်နှစ် နိုဝင်ဘာလက ဈေးနှုန်းဖြစ်၍ ယခု ပေါက်ဈေးသည် တစ်ဂရမ်လျှင် ၄၅,၀၀၀ ဝမ်ဖြစ်သည်။ နောက်တစ်လ ကြာလျှင် ရောက်ရှိလာမည့် တရုတ်နှစ်သစ်ကူး ပိတ်ရက်ရှည်တွင် ရွှေများနှင့် ရွှေထည်ပစ္စည်းများ ပိုမိုရောင်းရဖွယ်ရှိကြောင်း Gmarket ကသုံးသပ်ထားသည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

# ဖရဲ၊ သခွားမွှေးအလုပ်ရုံဆွေးနွေးပွဲမှသည်

# တည်ငြိမ်သောဈေးကွက်သစ်ဆီသို့

|ထွန်းလှိုင် – မုံရွာ|



ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေး၊ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုရန်ပုံငွေဖြင့် ဇန်နဝါရီလ ၂၄ ရက်နေ့က စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ် မင်းခေါင်ကျေးရွာ သုံးထပ်ကျောင်းတိုက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ကြီးကြပ်ကာ " ဖရဲ၊ သခွားမွှေးသစ်သီးဝလံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသည့် ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံ ဆွေးနွေးပွဲ" ကို ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် သဘာပတိအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်မောင်း၊ မြန်မာနိုင်ငံ ဖရဲ၊ သခွားမွှေး ဗဟိုအစုအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းနဲ့ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူး ဦးမျိုးမြင့်နိုင်တို့က ဆောင်ရွက်ခဲ့ကြပြီး၊ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ စစ်ကိုင်းခရိုင်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိနဲ့ ဝန်ထမ်းများ စစ်ကိုင်းတိုင်းဒေသကြီး သစ်သီးဝလံပန်းမန်နှင့်ဟင်းသီးဟင်းရွက်တင်ပို့ရောင်းချသူများအသင်း ဒု- ဥက္ကဋ္ဌ ဦးစောမြင့်နဲ့ အဖွဲ့ဝင်များ၊ ချောင်းဦးမြို့နယ်၊ မုံရွာမြို့နယ်နဲ့ ဘုတလင်မြို့နယ်တို့မှ ဖရဲ၊ သခွားမွှေးတောင်သူများ၊ စာတမ်းရှင်များ စုစုပေါင်း ၁၅၉ ဦး တက်ရောက်ခဲ့ကြပါတယ်။

ဖရဲ၊ သခွားမွှေးစိုက်ပျိုးထုတ်လုပ်ခြင်းကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀ နီးပါးက စတင်ခဲ့ပြီး ဧက ၅၀ ခန့် စမ်းသပ်စိုက်ပျိုးခဲ့ကြရာမှ ပြည်ပဈေးကွက်ဝင်သစ်သီးဖြစ်တာနဲ့အညီ အကျိုးအမြတ်ရခဲ့ကြတဲ့အတွက် တစ်စထက်တစ်စ စိုက်ဧကတွေ နှစ်စဉ်တိုးချဲ့လာခဲ့ကြရာ ယခုအခါ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖရဲစိုက်ဧက ၁၄၁၁၄ နဲ့ သခွားမွှေးစိုက်ဧက ၈၀၀၀ နီးပါးစိုက်ပျိုးလျက်ရှိကြပါတယ်။

ဒီလို ဝယ်လိုအားနဲ့ ချိန်ဆမှုမရှိဘဲ စိုက်ဧကတွေ တိုးချဲ့လာတာကြောင့် ဈေးကွက်ထဲမှာ ရောင်းလိုအားက ပိုမိုများပြားလာခြင်း၊ အကျိုးအမြတ်ကိုသာ ရည်ရွယ်ပြီး စိုက်ပျိုးနည်းပညာ လိုအပ်ချက်ရှိခြင်း၊ ဈေးကွက်ကောင်းမွန်တဲ့ မျိုးကောင်းမျိုးသန့် ရှားပါးဈေးကြီးခြင်း၊ အာမခံချက်မရှိတဲ့ ဓါတ်မြေဩဇာနဲ့ ပိုးသတ်ဆေးဝါးများကြောင့် အပင်အတွက် အကျိုးမဲ့သလို ကုန်ကျစရိတ်ကြီးမြင့်စေခြင်း၊ စိုက်ဧကတိုးပွားမှုကြောင့် လုပ်သားရှားပါးပြီး လုပ်အားခကုန်ကျစရိတ် မြင့်မားလာခြင်း စတဲ့ အဖက်ဖက်မှ စိုက်ပျိုးစရိတ်တွေမြင့်တက်လာသလောက်၊ သစ်သီးအရည်အသွေး ကျဆင်းလာမှုတွေနဲ့အတူ ယခုနှစ် ဖရဲ၊ သခွားမွှေးတောင်သူ အများစုဟာ အရှုံးနဲ့ ရင်ဆိုင်ကြုံတွေ့လျက်ရှိကြပါတယ်။

တိုက်တိုက်ဆိုင်ဆိုင်ဆိုသလိုပဲ ဖရဲ၊ သခွားမွှေးစိုက်ပျိုးတောင်သူတွေ အခက်အခဲမျိုးစုံ ရင်ဆိုင်နေရတဲ့အချိန်မှာ အခုလို အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရတဲ့အတွက် တောင်သူတွေအတွက် မိမိတို့ရင်ဆိုင်နေရတဲ့ အခက်အခဲတွေကို လုပ်ငန်းရှင်၊ ပညာရှင်တွေနဲ့ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအဖြေရှာခွင့်ရရှိစေခဲ့ပါတယ်။ အလုပ်ရုံဆွေးနွေးပွဲမှာ ပညာရှင်နဲ့ လုပ်ငန်းရှင်များက စာတမ်း သုံး စောင်ဖတ်ကြားခဲ့ပြီး တက်ရောက်လာကြတဲ့ ဒေသစုံမှ တောင်သူများက တင်ပြဆွေးနွေးခဲ့ကြကာ၊ ဆက်လက်ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်များကို သဘာပတိအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးသလို၊ အထက်အဖွဲ့အစည်း အသီးသီးနဲ့ သက်ဆိုင်ရာ အဖွဲ့အစည်းများထံ တင်ပြဆောင်ရွက်ပေးသွားမယ်လို့ သိရပါတယ်။

ဖရဲ၊ သခွားမွှေးဈေးကွက်တည်ငြိမ်ခိုင်မာစေရေးအတွက် ဖရဲ၊ သခွားမွှေးစိုက်ပျိုးထုတ်လုပ်သူများ အစုအဖွဲ့များ ပူးပေါင်းပြီး ကုန်ထုတ်သမဝါယမအသင်း ဖွဲ့စည်းကာ မူဆယ်(၁၀၅)မိုင်သစ်သီးဇုန်တွင် အသင်းပိုင်ပွဲရုံဖွင့်လှစ် ရောင်းချနိုင်ရန်နဲ့ ဝယ်လိုအားအပေါ် အချိုးကျစနစ်ဖြင့် စိုက်ဧကသတ်မှတ်စိုက်ပျိုးစေရန် ဖရဲ၊ သခွားမွှေး အပါအဝင် သစ်သီးဝလံ မျိုးစေ့များအားလုံးအတွက် အာမခံချက်ရှိသော မျိုးစေ့များကို သွင်းပေးရန်နှင့် တရားမဝင် မမှန်မကန် မျိုးစေ့တင်သွင်းသူများရှိနေခြင်းကြောင့် စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့ဥပဒေများ ထုတ်ပြန်ပညာပေးရန်၊ ဖရဲ၊ သခွားမွှေးပိုလျှံနေမှုများကို လေလွင့်ဆုံးရှုံးမှုမရှိစေရန် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်နည်း၊ လူသုံးအလှကုန် ပစ္စည်းထုတ်လုပ်နည်း နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပေးရန်၊ မူဆယ်(၁၀၅)မိုင်ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ပြုလုပ်မှုစနစ်မှာ ပွင့်လင်းမြင်သာမှုမရှိဘဲ မူဆယ်ဈေးနှုန်းနှင့် တစ်ဖက်နိုင်ငံရောက်စဉ် ဈေးနှုန်းကွာဟ လျော့ကျမှုမရှိစေရေး အသင်းသားများ စုစည်းကာ စုပေါင်းပွဲရုံတည်ထောင်နိုင်အောင် ကြိုးစားရန်နှင့် Wholesale Market ထူထောင်ရန်၊ နယ်စပ်ဈေးကွက်တွင် တွေ့ကြုံရသည့်အခက်အခဲများကို နှစ်နိုင်ငံသံတမန်နည်းဖြင့် ပေါင်းစပ်အဖြေရှာနိုင်ရေး တရုတ်စီးပွားရေး သံမှူးမှတစ်ဆင့် ညှိနှိုင်းဆောင်ရွက်ရေး အဆင့်ဆင့်တင်ပြရန်၊ တရုတ်-မြန်မာငွေလဲနှုန်း ပွင့်လင်းမြင်သာမှုရှိအောင်ထုတ်ပြန်ရန်၊ Exchange Rate အခက်အခဲကို ဖြေရှင်းနိုင်သော နှစ်နိုင်ငံ ငွေလဲမှုစနစ်ဖြစ်သည့် ဘဏ်ကိုကြားခံထားငွေလွှဲပို့နိုင်သော Banking System တည်ထောင်နိုင်ရေးအတွက် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊ နံနက် ၉း၀၀ နာရီမှ ည ၉း၀၀ နာရီအထိသာ မူဆယ်ဂိတ်ဖွင့်သည့်စနစ်သည်၊ အထားမခံသည့် သစ်သီးများ သယ်ယူရာအတွက် အခက်အခဲဖြစ်စေသဖြင့် သက်ဆိုင်ရာဌာနများသို့ ညှိနှိုင်းတင်ပြရန်၊ တရုတ်နိုင်ငံဈေးကွက်တစ်ခုတည်းသာ အားကိုးနေရခြင်းကို ကျော်လွှားနိုင်အောင် ပြည်တွင်းဈေးကွက်ကြီးဖြစ်သော ရန်ကုန်ဈေးကွက်သို့လည်းကောင်း၊ မလေးရှားနှင့် အခြားပြည်ပနိုင်ငံများသို့လည်းကောင်း ဈေးကွက်ရှာဖွေထိုးဖောက်နိုင်ရေး ဆောင်ရွက်ရန်၊ ဖရဲ၊ သခွားမွှေးများ မူဆယ်တွင် ရောင်းချပါက ပြေစာရှင်းသည့်အခါ ကုန်ကျစရိတ်များနှုတ်ပြီး တရုတ်ယွမ်ငွေဖြင့် ပေးချေသည့်စနစ်ကို ပြောင်းလဲငွေရှင်းပေးရန်၊ ဂျူတီခွန်ကို တောင်သူများထံမှ မကောက်ဘဲ ပွဲရုံများ၏ ၅ ရာခိုင်နှုန်းထဲမှ ကျခံစေ ရန်နှင့် ဖရဲ၊ သခွားမွှေးများကို ကားတင်ရာတွင် သတ်မှတ်ထားသော အလေးချိန်ဖြင့် ခန့်မှန်းတင်သော်လည်း အနည်းငယ်ကွဲလွဲနိုင်သဖြင့် တိုးဂိတ်ကတ္တားချိန်ရာတွင် ပထမဆုံးတွေ့ရှိသည့် တိုးဂိတ်တွင် တန်ပိုဒဏ်မရိုက်ဘဲ ပြင်ဆင်ခွင့်ပြုပါရန်နှင့် မြင်းမူတိုးဂိတ်သည် ကံတလူ (စစ်ကိုင်း) ဂိတ်အတွက်ပါ နှစ် ဂိတ်စာ ကောက်ခံနေခြင်းကို တင်ပြရန် ဆုံးဖြတ်ခဲ့ကြပြီး၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်အကောင်အထည်ဖော်ကာ လက်ရှိကြုံတွေ့နေရတဲ့ အခက်အခဲများကို ကျော်လွှားနိုင်ဖို့ ဝိုင်းဝန်းအား စိုက်ကြိုးစားရန် လိုအပ်ပါတယ်။

ဖရဲ၊ သခွားမွှေးစိုက်ပျိုးထုတ်လုပ်မှုဟာ ဒေသခံတောင်သူများနဲ့ တကွ ကျေးလက်ပြည်သူအများစုကို အလုပ်အကိုင်နဲ့ဝင်ငွေ ဖန်တီးပေးနိုင်သလို၊ ကျေးလက်နေပြည်သူတွေရဲ့ လူမှုစီးပွားဘဝကို ပိုမိုဖွံ့ဖြိုးတိုးတက်စေရုံသာမက နိုင်ငံတော်နဲ့ တိုင်းဒေသကြီးအတွက် ပြည်ပဝင်ငွေရရှိစေတဲ့ အဓိကပြည်ပပို့ကုန်တစ်ရပ်အဖြစ် ခိုင်မာစွာရပ်တည်ဖို့ လိုအပ်နေပါတယ်။ ဒီအတွက် ဖရဲ၊ သခွားမွှေးသစ်သီးဝလံစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချတဲ့ကဏ္ဍ ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရန် အဖွဲ့အစည်းတစ်ရပ်တည်းနဲ့ ဆောင်ရွက်လို့မရနိုင်ဘဲ နိုင်ငံတော်၊ ပုဂ္ဂလိကကဏ္ဍနဲ့ လူမှုအဖွဲ့အစည်း သုံး ရပ်ကို ဟန်ချက်ညီညီ အားစိုက်ဆောင်ရွက်နိုင်မှသာလျှင် ပြည်ပပို့ကုန် သစ်သီးဝလံကဏ္ဍကနေ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ပံ့ပိုးမြှင့်တင်ပေးနိုင်မှာ ဖြစ်ပါတယ်။

## ချောင်းဦးမြို့နယ် မင်းခေါင်ကျေးရွာ OVOP လုပ်ငန်းဖွံ့ဖြိုးဖို့ သခွားမွှေးစိုက်ပျိုးချေးငွေ အရင်းအတိုးပေးဆပ်

မုံရွာခရိုင် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီရဲ့ ကြီးကြပ်မှုနဲ့ ချောင်းဦးမြို့နယ် မင်းခေါင်ကျေးရွာ ဖရဲ၊ သခွားမွှေးစိုက်ပျိုးထုတ်လုပ်သူများ အစုအဖွဲ့ရဲ့ အသင်းသား ၅၅ ဦး အတွက် သခွားမွှေးစိုက်ပျိုးစရိတ်ချေးငွေကျပ် သိန်း ၅၅၀ ကို ကျေးရွာ တစ်ရွာထုတ်ကုန်တစ်မျိုး OVOP အဖြစ် ဇေယျာပဒေသာ ဖောင်ဒေး ရှင်းမှ ၂၀၁၄ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့က ထုတ်ချေးပေးခဲ့ပါတယ်။

ယခုအခါ ချေးငွေကာလ ၆ လပြည့်ခဲ့ပြီဖြစ်တဲ့အတွက် ချောင်းဦး မြို့နယ် မင်းခေါင်ကျေးရွာ ဖရဲ၊ သခွားမွှေးအစုအဖွဲ့ အသင်းသား ၅၅ ဦးမှ ထုတ်ချေးထားတဲ့ စိုက်ပျိုးစရိတ်ချေးငွေအရင်း ကျပ်သိန်း ၅၅၀ နဲ့ အတိုး ၄၄ ဒသမ ၅၅ သိန်း စုစုပေါင်း ၅၉၄ ဒသမ ၅၅ သိန်းကို ဖေဖော်ဝါရီလ ၆ ရက်နေ့က ဇေယျာပဒေသာ ဖောင်ဒေးရှင်းသို့ အကြေပေးဆပ်ခဲ့ပြီး ဖြစ်တယ်လို့ သိရပါတယ်။

မင်းခေါင်ကျေးရွာ ဖရဲ၊ သခွားမွှေး တောင်သူများအနေနဲ့ ယခုနှစ် မိုးစိုက်ဖရဲသခွားမွှေးများ ဈေးကွက်ပျက်ပြီး စိုက်ပျိုးစရိတ်ဆုံးရှုံး နစ်နာမှုရှိခဲ့ပေမယ့် တာဝန်သိစွာ ယခုလို အရင်းအတိုးပေးသွင်းခြင်း ဖြစ်သလို ယခုစိုက်ပျိုးနေဆဲ ဒေသအခေါ် အောက်တောကွန်းများရှိ သခွားမွှေးခင်းများအတွက် လုပ်ငန်းလိုအပ်ချက်အရ ဇေယျာပဒေသာ ဖောင်ဒေးရှင်းထံမှ ဒုတိယအကြိမ် ချေးငွေရရှိရန် ထပ်မံတင်ပြခဲ့တယ်လို့ အစုအဖွဲ့ဥက္ကဋ္ဌနဲ့ အမှုဆောင်ကော်မတီထံမှ ကြားသိရပါတယ်။

**ထွန်းလှိုင် - မုံရွာ**

## ➲ စာမျက်နှာ-၃ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးဆောင်၍ Trade Policy Review Follow-up. . . မှ အဆက်

ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာ စကားပြောကြားရာတွင် မြန်မာနိုင်ငံသည် ကနဦး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်ဖြစ်သော်လည်း အစိုးရသစ် တာဝန်မယူမီတိုင်အောင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ လုပ်ငန်းစဉ်များနှင့် နိုင်ငံစုံ ကုန်သွယ်မှုစနစ် အကောင်အထည်ဖော်ရာတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ကြောင်း၊သို့သော် ယခု အစိုးရသစ် တာဝန်ယူဆောင်ရွက်ပြီး ၂၀၁၁ ခုနှစ် နောက်ပိုင်းတွင်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ ပြုပြင်ပြောင်းလဲမှုများစွာကို ဆောင်ရွက်လျက်ရှိရာ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးရေးအတွက်လည်း ပြုပြင်ပြောင်းလဲမှုနှင့် ဖြေလျှော့မှုများစွာကို ဆောင်ရွက်ခဲ့သည့်နည်းတူ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကဲ့သို့သော နိုင်ငံတကာ အဖွဲ့အစည်းများတွင် ပြန်လည်ဝင်ဆံ့ရေးအတွက် လည်းပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်နေကြောင်း၊ ပထမအဆင့်အနေဖြင့် WTO ၏ ကုန်သွယ်မှု မူဝါဒ ဆန်းစစ်ခြင်းလုပ်ငန်းစဉ်ကိုစီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ၂၀၁၂ ခုနှစ်၊ ဇွန်လမှ စတင်ကာ ၂၀၁၄ ခုနှစ်၊ မတ်လအထိ တစ်နှစ်နှင့် ကိုးလအတွင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့်အာရှဖွံ့ဖြိုးရေးဘဏ်တို့မှ ကျွမ်းကျင်မှုအကူအညီများ ရယူကာ ကုန်သွယ်မှုနှင့် ဆက်နွယ်နေသည့် ဝန်ကြီးဌာန ၁၈ ခုနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်း ၄ ခု၊ စုစုပေါင်း ပြည်ထောင်စုအဆင့်ဝန်ကြီး ဌာန/အဖွဲ့အစည်း ၂၂ခု လက်အောက်ရှိ ဦးစီးဌာန/အဖွဲ့အစည်း ၈၀ ကျော်မှ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများ၏ အနီးကပ်ပူးပေါင်းကူညီဆောင်ရွက်မှုဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ကမ္ဘာ့နိုင်ငံများက မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လာခဲ့မှုကို အသိအမှတ်ပြုလာကြကြောင်း၊ ထို့အပြင် WTO အဖွဲ့ဝင်များက သင့်လျော်သည့် အချိန်တွင် TPR Follow-up Workshop ကိုကျင်းပ၍ ဖြစ်ပေါ် တိုးတက်မှုများကို ဆွေးနွေးသင့်ကြောင်း အကြံပြုခဲ့ခြင်းအပေါ် မိမိတို့အနေဖြင့် ယခုကဲ့သို့ အလုပ်ရုံဆွေးနွေးပွဲကို အကောင်အထည်ဖော် ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်းတို့ကို ထည့်သွင်းပြောကြားခဲ့ပါသည်။

TPR လုပ်ငန်းစဉ်ကို WTO အဖွဲ့ဝင်အားလုံးကလိုက်ပါဆောင်ရွက် ကြရပြီး၊ ယင်း၏အဓိကရည်ရွယ်ချက် မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံစုံကုန်သွယ်မှုစနစ်၊ ဒေသတွင်းကုန်သွယ်မှုစနစ်များအပြင် ကျင့်သုံးနေသော မူဝါဒများ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို အဖွဲ့ဝင်နိုင်ငံများအကြား ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် နားလည်သဘောပေါက်စေရန်၊
- ပေါ်ပေါက်လာသော ပြဿနာရပ်များကို အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍတို့မှ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်စေရန်၊
- ကမ္ဘာလုံးဆိုင်ရာကုန်သွယ်ရေး စနစ်အပေါ် မူဝါဒများ၏ အကျိုးသက်ရောက်မှုများကို အဖွဲ့ဝင်နိုင်ငံပေါင်းစုံမှ အကဲဖြတ်နိုင်ရေးကို တိုးမြှင့်စေရန်၊

နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲတွင် WTO မှကျွမ်းကျင်သူများက မြန်မာနိုင်ငံ၏ ကုန်သွယ်မှုမူဝါဒဆန်းစစ်မှုတွင် လေ့လာတွေ့ရှိချက်များကို ရှင်းလင်းတင်ပြခဲ့ကြပြီး၊ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများကလည်း WTO ၌ ကျင်းပခဲ့သည့် အစည်းအဝေးပြီး နောက်ပိုင်းကာလတွင် ဖြစ်ပေါ် တိုးတက်ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြခဲ့ကြပါသည်။ ထို့အပြင် နည်းပညာ အကူအညီလိုအပ်မှုများကို ဖော်ထုတ်ဆွေးနွေးခဲ့ကြပါသည်။ ထို့ကဲ့သို့ မြန်မာနိုင်ငံအနေဖြင့် တိုးတက်မှုများ ဆက်လက်ဆောင်ရွက်နိုင်ခဲ့မှုကို ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် WTO မှ ကျွမ်းကျင်သူများကအသိအမှတ်ပြု ထောက်ခံချီးကျူးခဲ့ကြပါသည်။

မြန်မာနိုင်ငံသည် WTO အဖွဲ့ဝင် LDC နိုင်ငံဖြစ်သဖြင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာများတွင် ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ထည့်သွင်းစဉ်းစား ဆောင်ရွက်နိုင်ရန်၊ ကုန်သွယ်မှုဆိုင်ရာ နည်းပညာများကို ရယူနိုင်ရေး ညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော ဆောင်ရွက်မည့်ပုံစံတို့ကို ချမှတ်ထားနိုင်ရန်၊ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရန် ကြုံတွေ့နေရသော ထုတ်လုပ်နိုင်မှု အဟန့်အတားများ (supply-side constraints) ကိုဖြေရှင်းနိုင်ရန်နှင့် စွမ်းဆောင်ရည်မြှင့်တင်မှုများတည် ဆောက်ထားနိုင်ရန်တို့အတွက် WTO မှ ကူညီပေးသည့် Enhanced Integrated Framework (EIF) အစီအစဉ်ကို ၂၀၁၃ ခုနှစ်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ ကမ္ဘာ့ဘဏ်အဖွဲ့မှ တာဝန်ယူဆောင်ရွက်ပေးသည့် Diagnostic Trade Integration Study (DTIS) ကို အကောင်အထည်ဖော်ဆောင်ရွက်နေပြီး၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်း ဒေသနှင့်နယ်စပ်ဒေသများမှ ကုန်သွယ်မှုတွင် ပါဝင်ပတ်သက်နေသူများနှင့် တွေ့ဆုံဆွေးနွေး၍ ကွင်းဆင်း လေ့လာမှုများကို ဆောင်ရွက်လျှက် ရှိပါသည်။

ထို့အပြင် မြန်မာနိုင်ငံသည် ကုန်သွယ်မှုမြှင့်တင်ရေးအတွက် International Trade Centre (ITC) ၏ ကျွမ်းကျင်မှုအကူအညီ၊ ဂျာမဏီနိုင်ငံမှ GIZ အဖွဲ့အစည်း၏ ရန်ပုံငွေဖြင့် National Export Strategy (NES) ကို ရေးဆွဲခဲ့ပြီး၊ မကြာမီကာလတွင် ယင်းကိုစတင်အကောင်အထည်ဖော်ဆောင်ရွက်သည့်အခမ်းအနားကို ကျင်းပပြုလုပ်ရန် စီစဉ်လျက်ရှိကြောင်း သိရှိရပါသည်။

အလားတူပင်ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးကို အထောက်အကူပြုစေရန်အတွက် UNCTAD ၏ အကူအညီဖြင့် National Trade Facilitation Implementation Plan ကို ရေးဆွဲပြုစုလျှက်ရှိပြီး၊ ယင်းကို အကောင်အထည်ဖော်နိုင်ရေးအတွက် ယခုကပင် Donor အဖွဲ့ အစည်းများနှင့် စတင်ဆွေးနွေးကာ အကူအညီရရှိရေးဆောင်ရွက်လျက်ရှိပါသည်။




မြန်မာနိုင်ငံ၏ ကုန်သွယ်မှုနှင့် သက်ဆိုင်သည့် ဥပဒေလုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများကို အများပြည်သူနှင့် ပြည်ပမှလုပ်ငန်းရှင်များ သိရှိနားလည်နိုင်စေရေးအတွက် Trade Portal တစ်ခုကို တည်ထောင် နိုင်ရန် USAID ၏ အကူအညီကို စတင်တောင်းခံဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါကိစ္စအကောင်အထည်ဖော်ဆောင်ရွက်ပြီးပါက အထက်ဖော်ပြပါ ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များကို လေ့လာဖတ်ရှုနိုင်ကြမည် ဖြစ်ပါသည်။

ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်သော ရှင်းလင်းတင်ပြပွဲ၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကား ပြောကြားပြီးနောက် WTO မှ TPR Division ၏ Director ဖြစ်သူ Mr. Willy Alfaro ၊ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တွဲဘက်အတွင်းရေးမှူး၊ ဒေါ်ခိုင်ခိုင်နွယ်နှင့် ဥရောပသမဂ္ဂ (EU) မှ Programme Manager- Trade and Private Sector, Delegation of the European Union to Myanmar ဖြစ်သူ Mr. Alberto Menghini တို့က အဖွင့်အမှာစကားများ အသီးသီးပြောကြားခဲ့ကြပါသည်။

ယင်းနောက် WTO မှ TPR Division မှ Counsellor ဖြစ်သူ Mr. Masahiro Sayafuji နှင့် Expart ဖြစ်သူ Mr. Usman Ali Kjilji တို့က မြန်မာနိုင်ငံ၏ ကုန်သွယ်မှုမူဝါဒ ဆန်းစစ်ခြင်းလုပ်ငန်းစဉ်တွင် တွေ့ရှိချက်များ၊ အစည်းအဝေးပြီးနောက် Follow-up လုပ်ဆောင်ရန်များနှင့်နေပြည်တော် ဆွေးနွေးပွဲ၌ မြန်မာနိုင်ငံဘက်မှ Follow-up ဆောင်ရွက်ပြီးစီးမှု တင်ပြချက်များကို ရှင်းလင်းတင်ပြခဲ့ပါသည်။ ထို့အပြင် WTO မှ TPR Division ၏ Director ဖြစ်သူ Mr. Willy Alfaro က မြန်မာနိုင်ငံ အတွက်နည်းပညာအကူအညီပေးအပ်ရန် လိုအပ်ချက်များကိုလည်းကောင်း၊ ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ ဦးကိုကိုလေးက Aid for Trade Coordination Structure ကိုလည်းကောင်းအသီးသီး ရှင်းလင်းတင်ပြခဲ့ပါသည်။

WTO မှ တာဝန်ရှိ ပုဂ္ဂိုလ်များက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ စည်းမျဉ်းစည်းကမ်းများ လိုက်နာနိုင်ရေးအတွက် မြန်မာနိုင်ငံ၏ ကြိုးစား ဆောင်ရွက်မှုများကို လွန်စွာမှအားရ၍ အသိအမှတ်ပြုကျေးဇူးတင်ပါကြောင်း၊ ယခုကဲ့သို့တိုတောင်းသည့် အချိန်ကာလအတွင်း၌ ဖြေလျှော့ဆောင်ရွက်မှုများ၊ ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ခဲ့ခြင်းကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်များ ထံထပ်ဆင့်တင်ပြပေးမည်ဖြစ်ကြောင်း၊ ဆက်လက်၍လည်း ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်သွားစေလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။

ယင်းနောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေ ကြားခဲ့ကြပြီး၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားကာ အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းခဲ့ပါသည်။

**သက်နိုင် MOC**

## တိရစ္ဆာန်ဖြည့်စွက်စာ (Animal Feed Supplement) များ တင်သွင်းရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးချုပ်စစ်ဆေးထောက်ခံချက်လို

တစ်ဖက်နိုင်ငံမှ တိရစ္ဆာန်ဖြည့်စွက်စာ (Animal Feed Supplement) များတင်သွင်းမည်ဆိုပါက ခရိုင်ဦးစီးရုံးထောက်ခံချက်နဲ့ တင်သွင်းခြင်းမပြုဘဲ ရုံးချုပ်ဓါတ်ခွဲခန်းစစ်ဆေးထောက်ခံချက်နဲ့သာ လျှောက်ထားရမယ်လို့ သိရပါတယ်။

စိုက်ပျိုးရေးထွက်ကုန် အပင်နဲ့ အပင်ထွက်ပစ္စည်းတင်ပို့တင်သွင်းရာမှာလည်း စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနက ထုတ်ပေးတဲ့ အပင်ပိုးမွှားရောဂါကင်းရှင်းကြောင်း ထောက်ခံချက်လက်မှတ် (PC-Phytosanitary Certificate) ပါရှိမှသာ တင်ပို့ခွင့်ပြုရန်နဲ့ တင်သွင်းလာတဲ့ အပင်နဲ့ အပင်ထွက်ပစ္စည်းများ ဝင်ရောက်လာချိန်မှာ သက်ဆိုင်ရာမူရင်းနိုင်ငံက ထုတ်ပေးတဲ့ အပင်ပိုးမွှားကင်းရှင်းကြောင်း ထောက်ခံချက်လက်မှတ် PC နဲ့ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲမှ ထုတ်ပေးတဲ့တင်သွင်းခွင့်ထောက်ခံချက် (IC) ပါရှိမှသာ တင်သွင်းခွင့်ပြုသွားမယ်ဆိုတာကို ကုန်သည်လုပ်ငန်းရှင်များ၊ အေးဂျင့်များနားလည် သဘောပေါက်အောင် မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန် ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေးမှာ စခန်းတာဝန်ခံက အသိပေးရှင်းလင်းချပြခဲ့တယ်လို့ သတင်းရရှိပါတယ်။

**MIRT (DCCA)**

Commodity Exchange News
Vol: 15, No.6 Monday Feb 9 2015

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၉-၂-၂၀၁၅)

ခင်မောင်မောင်အုန်း

## ဘုရင့်နောင်ဈေးကွက်တွင် ပဲစင်းငုံနီဈေးလျှပ် မတ်ပဲကို အိန္ဒိယဈေးချအဝယ်ရှိ

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ်ပဲစင်းငုံနီ (သစ်)ကို အိန္ဒိယဝယ်လက်က ဈေးကွက်စဖွင့်ချိန်မှာတစ်တန်ကို ၈၁၀၀၀၀ ကျပ်ဈေးဖြင့် ဈေးဖွင့်အဝယ်ရှိခဲ့ပေမယ့် နောက်ပိုင်းရက်တွေမှာ ဝယ်လိုအား ပြန်လိုက်လာတာကြောင့် ဈေးတရိပ်ရိပ်မြင့်လာပြီး ဈေးကွက်ပိတ်ချိန်မှာတော့ တစ်တန်ကို ၈၂၅၀၀၀ ကျပ်ဈေးဖြင့် ဈေးပိတ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီ(သစ်)တွေ နယ်စုံမှ အဝင်လျှိုင်နေသလို အိန္ဒိယဘက်ကလည်း ဝယ်လိုအားပြန်လိုက်လာတာကြောင့် ဈေးကွက်မှာ လှုပ်လှုပ်ရှားရှားနဲ့ နေ့စဉ်အရောင်းရော၊ အဝယ်ပါသွက်နေကြောင်း သိရပါတယ်။ မတ်ပဲ (RC) ကိုတော့ အိန္ဒိယဝယ်လက်က ဈေးချအဝယ်ရှိသလို ဝယ်လိုအားပါလျော့သွားတာကြောင့် ကျရိပ် ပြန်သန်းလာပေမယ့် အရောင်းအဝယ်တော့ နေ့စဉ်ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်တန်ကို အနိမ့်ဆုံး ၈၀၀၀၀၀ ကျပ်မှ အမြင့်ဆုံး ၈၆၁၀၀၀ ကျပ်အတွင်းသာ ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## အောင်လံဈေးကွက်မှာ သိပ္ပံနှမ်းကို ရန်ကုန်အဝယ်ပုံမှန်ရှိ ပဲစင်းငုံနီတက်ဈေးဖြင့် အရောင်းအဝယ်သွက် ပဲတီစိမ်း အရောင်းအဝယ်ဖြစ်မှုနည်း

အောင်လံဈေးကွက်မှာ ဒီတစ်ပတ် သိပ္ပံနှမ်းနက်ကို ရန်ကုန်ဝယ်လက်ကဝယ်လိုအားပုံမှန်ရှိခဲ့သလို ရောင်းသူကုန်သည်များကလည်း ဝယ်ဈေးကြိုက်နှစ်သက်လို့ အရောင်းပုံမှန်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၄၃၃၅ ကျပ်ဈေးဖြင့် တစ်ရက်ကိုအိတ် ၃၅၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကိုတော့ Export အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအားသွက် လာတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာကို ၁၂၉၀ ကျပ်(တစ်တန်ကို ၇၈၉၉၈၃ ကျပ်)ဈေးဖြင့် အရောင်းရော၊ အဝယ်ပါ သွက်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ ပဲတီစိမ်းကြီးကိုတော့ ဝယ်လက်တွေက အဝယ်ပြန်ပါးသွားလို့ ဈေးအေးနေပြီး တစ်ပိဿာ ၁၆၇၅ ကျပ် (တစ်တန်ကို ၁၀၂၅၇၅၃ ကျပ်)ဈေးဖြင့် နေ့စဉ်အိတ် ၁၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## မကွေးဈေးကွက်မှာ နှမ်းဖြူနဲ့ နှမ်းနက်စမုံဈေးစွာ ပဲစင်းငုံနီကို ရန်ကုန် အဝယ်လိုက်၊ ကုလားပဲ(သစ်) ဈေးကွက်စတင်ဝင်ရောက်လာ

မကွေးဈေးကွက်မှာ ဒီတစ်ပတ် နှမ်းမျိုးစုံထဲမှ နှမ်းဖြူနဲ့ နှမ်းနက်စမုံကို တရုတ်အတွက် အဓိကဝယ်ယူနေတဲ့ မန္တလေးဝယ်လက်က ဝယ်လိုအားပြန်သွက်လာတာကြောင့် ယခင်တစ်ပတ်ဖြင့် နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး အရောင်းရော၊ အဝယ်ပါ သွက်ခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် နှမ်းဖြူ တစ်ပိဿာ ၂၆၉၀ ကျပ်၊ နှမ်းနက်စမုံတစ်ပိဿာ ၄၀၉၀ ကျပ်ဖြင့် တစ်ရက်ကို အိတ် ၅၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီ (သစ်)တွေ ဈေးကွက်ထဲ ဆက်တိုက်ဝင်ရောက်မှုရှိသလို ရန်ကုန်ဝယ်လက်ကလည်း ဈေးပေးအဝယ်ရှိခဲ့ကြောင်း၊ အရောင်းအဝယ် အနေဖြင့် တစ်ပိဿာ ၁၂၉၅ ကျပ် (တစ်တန်ကို ၇၉၃၀၄၅ ကျပ်) ဈေးဖြင့် နေ့စဉ် အိတ် ၅၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ(သစ်)တွေဈေးကွက်သို့ စတင်ဝင် လာပြီး တစ်ပိဿာကို ၇၃၆ ကျပ် (တစ်တန်ကို ၄၅၀၇၁၉ ကျပ်)ဈေးဖြင့် ဈေးဖွင့်အရောင်းရှိခဲ့ကြောင်း သိရပါတယ်။

## ဟင်္သာတဈေးကွက်မှာ မတ်ပဲ(သစ်)အဝင်နည်းလာ

ဟင်္သာတဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲ(သစ်)ကို Export အတွက်အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအားပြန်လျော့သွားတာကြောင့် မတ်ပဲ(သစ်)တွေဈေးကွက်သို့ ဝင်ရောက်မှုနည်းခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၂၇၅ ကျပ် (တစ်တန်ကို ၇၈၀၇၉၇ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၆၀၀ ခန့်သာဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မန္တလေးဈေးကွက်မှာ ပဲတီစိမ်း(ခရမ်းရွှေဝါ) ဈေးကွက်စဝင်လာ၊ ပဲစင်းငုံနီ တက်ဈေးနဲ့ အရောင်းအဝယ်သွက်၊ ကုလားပဲအုပ်စု အရောင်းအဝယ်ပုံမှန်ဖြစ်

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်း(ခရမ်းရွှေဝါ) စများဈေးကွက်ထဲ စတင်ဝင်ရောက်လာပြီးတစ်ပိဿာကို ၁၉၃၈ ကျပ် (တစ်တန်ကို ၁၁၈၆၈၁၁ ကျပ်)ဈေးဖြင့် တစ်ရက် ကို အိတ် ၄၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်း (ခရမ်းရွှေဝါ) က ဈေးကွက်သို့စဝင်ပေမယ့် အဝင်မလျှိုင်သေးကြောင်း၊ ယခုဝင်လာတဲ့ပဲတီစိမ်း(ခရမ်းရွှေဝါ) စကိုတော့ ပဲရဲ့ အရည်အသွေးအပေါ် မူတည်ပြီး ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီ(သစ်)ကတော့ ဈေးကွက်သို့အဝင်များလာသလို Export အတွက်အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကလည်း ဝယ်လိုအားသွက်ခဲ့ကြောင်း၊ အရောင်း အဝယ်အနေဖြင့် တစ်ပိဿာ ၁၂၈၃ ကျပ် (တစ်တန်ကို ၈၄၆၉၃၅ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၁၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲ(ထိုင်ဝမ်)ကို မြို့ခံပဲခွဲစက်နှင့် အမှုန့်ကြိတ်စက်တွေက ဝယ်လိုအားပုံမှန်ရှိပေမယ့် ဈေးငြိမ်နေကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီးတစ်ပိဿာ ၇၅၀ ကျပ်(တစ်တန် ကို ၄၅၉၂၉၂ ကျပ်)၊ ကုလားပဲ(ထိုင်ဝမ်)တစ်ပိဿာ ၇၁၀ ကျပ် (တစ်တန်ကို ၄၃၄၇၉၇ ကျပ်) ဈေးဖြင့် နှစ်မျိုးပေါင်း တစ်ရက်ကိုအိတ် ၅၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှသိရပါတယ်။

## မုံရွာဈေးကွက်မှာ ပဲစင်းငုံနီကို ရန်ကုန်အဝယ်သွက် ပဲတီစိမ်းနယ်အဝင်လျော့

မုံရွာဈေးကွက်မှာ ဒီတစ်ပတ်နယ်စုံမှ ပဲစင်းငုံနီ(သစ်)တွေ ဈေးကွက်ထဲ ဆက်တိုက်ဝင်ရောက်မှုရှိသလို Export အတွက် အဓိက ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကလည်း အရည်အသွေးအပေါ် မူတည်ပြီး ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၂၈၀ ကျပ် (တစ်တန်ကို ၇၈၃၈၅၉ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၃၀၀၀ မှ ၆၀၀၀ ကြား ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီးကတော့ နယ်အဝင်လျော့သွားသလို မန္တလေး ဝယ်လက်ကလည်း အဝယ်ပါးသွားကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၅၀၀ ကျပ်(တစ်တန်ကို ၉၁၈၅၈၅ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၈၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ရေစကြိုမှာ ပြောင်းနဲ့ ပဲပုပ် ပုံမှန်အရောင်းအဝယ်ဖြစ်

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ် ဒေသထွက်ပြောင်းကို ရန်ကုန်ဝယ်လက်က ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၃၅၀ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း အိတ် ၆၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဒ့ါအပြင်ဒေသထွက် ပဲပုပ်ကိုလည်း ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၈၃၅ ကျပ် (တစ်တန်ကို ၅၁၁၃၄၅ ကျပ်)ဈေးဖြင့် တစ်ပတ်အတွင်း အိတ် ၄၀၀ ခန့် အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။

## ပခုက္ကူမှာဈေးကွက်မှာ ပဲစင်းငုံနီနှင့် ပြောင်း အရောင်းအဝယ်သွက်

ပခုက္ကူဈေးကွက်မှာ အဝင်လျှိုင်နေသလို ရန်ကုန်ဝယ်လက်ကလည်း အဆွဲသွက်တာကြောင့် ယခင်အပတ်ဖြင့်နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး တစ်ပိဿာ ၁၂၉၅ ကျပ်(တစ်တန်ကို ၇၉၃၀၄၅ ကျပ်)ဈေးဖြင့် တစ်ပတ်အတွင်းအိတ် ၅၀၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပြောင်းကိုတော့ ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၃၅၅ ကျပ်ဈေးဖြင့် ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း ဈေးကွက်အတွင်း မှသိရပါတယ်။



## မူဆယ်ဈေးကွက်မှာ ပြောင်းအဝင်ပို တရုတ်ဘက်က တွက်ချက်ဝယ်ယူမှုတွေရှိနေ

မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းဝင်ရောက်မှုက တစ်ပတ် အတွင်း တန် ၂၇၄၀၀ ခန့်ဝင်ရောက်ခဲ့လို့ အဝင်ပမာဏ ပိုများလာကြောင်း၊ ဒါပေမယ့် တရုတ်ဘက်မှာ နှစ်သစ်ကူးပွဲနီး လာလို့ တချို့ကုန်သည်တွေ အဝယ်နားထားမှုရှိသလို တရုတ်ဘက်မှာလည်း အဖမ်းအဆီးတချို့ရှိတာကြောင့် ဈေးကွက်အခြေအနေကိုတွက်ချက်ဝယ်ယူမှုတွေရှိနေကြောင်း၊ အရောင်းအဝယ် အနေဖြင့် ၅၀ ကီလို တစ်အိတ်ကို ၉၃ ယွမ်ဖြင့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## တောင်ကြီးဈေးကွက်မှာ ပြောင်းအရောင်းအဝယ်ပုံမှန်ရှိ

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းဝင်ရောက်မှု များလာသလို ရန်ကုန်ဝယ်လက်နှင့် ဒေသတွင်းအစာစပ်လုပ်ငန်းရှင်များကလည်း ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း၊ အရောင်း အဝယ်အနေဖြင့် တစ်ပိဿာ ၃၆၀ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် သိန်း ၂၀ခန့်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှသိရပါတယ်။

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးတန့်ပေမယ့် အရောင်းအဝယ်ပုံမှန်ရှိ

လားရှိုးဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းအဝင်ပုံမှန်ရှိသလို တရုတ်ဘက်ကလည်း နှစ်သစ်ကူးပွဲတော်နီးလာလို့ အဝယ်ပြန်လိုက်လာကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၃၉၅ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ၂၃ သိန်းခန့် ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ပြည်ဈေးကွက်တွင် မတ်ပဲ(သစ်)ကို လှောင်လက်မဝယ်ဘဲ ရန်ကုန်ဝယ်လက်သာ ပုံမှန်အဝယ်ရှိ

ပြည်ဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ(သစ်)ကို ဒေသတွင်း လှောင်လက်တွေ အဝယ်ပါးပြီး ရန်ကုန်ဝယ်လက်သာ ပုံမှန်အဝယ်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၂၇၀ ကျပ် (တစ်တန်ကို ၇၇၇၇၃၅ ကျပ်)ဈေးဖြင့် နေ့စဉ်အိတ် ၅၀၀ ခန့်ဖြစ်ခဲ့ကြောင်းသိရပါတယ်။ နယ်စုံမှကုလားပဲ(သစ်)တွေ စတင်ဝင်လာပြီး တစ်ပိဿာ ၇၃၅ ကျပ် (တစ်တန်ကို ၄၅၀၁၀၆ ကျပ်) ဈေးဖြင့် ဈေးဖွင့်အရောင်းရှိခဲ့ကြောင်း၊ ဒါပေမယ့် အဝင်ပမာဏကတော့ တစ်ရက်ကို အိတ် ၃၀ မှ ၅၀ ကြားသာ ဝင်ရောက်နေကြောင်း သိရပါတယ်။

# Coffee Cluster (Yangon) ဖွဲ့စည်းပြီ

မြန်မာနိုင်ငံ ကော်ဖီအသင်း၏ ဦးဆောင်မှုဖြင့် Coffee Cluster (Yangon)ဖွဲ့စည်းခြင်းကို ဖေဖော်ဝါရီ ၁ ရက်က ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ House of Memory တွင်ကျင်းပခဲ့ကြောင်း သိရပါသည်။ မြန်မာနိုင်ငံ ကော်ဖီအသင်းနှင့် ကော်ဖီကလပ်စတာများ၏ဖွဲ့စည်းပုံမှာ Bot-ton to up ပုံစံဖြင့် ဖွဲ့စည်းထားကြောင်း ကော်ဖီကလပ်စတာ (ပြင်ဦးလွင်၊ မိုးကုတ်၊ နောင်ချိုနှင့် ရွာင်) တို့ကို ၂၀၁၄ ခုနှစ်၊ ဩဂုတ် ၉ ရက်က မန္တလေးတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာန၊ တိုင်းဒေသကြီးရုံး အစည်းအဝေးခန်းမတွင်ဖွဲ့စည်းပြီးကြောင်းနှင့် ယခုကော်ဖီ ကလပ်စတာ (ရန်ကုန်)ကို ဖွဲ့စည်းခြင်း ဖြစ်ကြောင်း ဆက်လက်ပြီးလည်း ကော်ဖီကလပ်စတာ(တောင်ငူ၊ ကယား ပြည်နယ်နှင့် ချင်းပြည်နယ်) တို့ကို ဖွဲ့စည်းနိုင်ရန်ကြိုးပမ်းသွားမည်ဖြစ် ကြောင်း မြန်မာနိုင်ငံကော်ဖီအသင်း ဥက္ကဋ္ဌ ဦးရဲမြင့်က ပြောကြားခဲ့ပါသည်။ ဆက်လက်၍ အထွေထွေအတွင်းရေးမှူး ဦးမင်းလှိုင်က ရန်ကုန်မြို့ဝန်းကျင်တွင် ကော်ဖီစိုက်ခင်းများ မရှိသော်လည်း ကော်ဖီရောင်းဝယ်သူများ (Coffee Dealers)၊ ကော်ဖီလှော်သူများ၊ Barista များနှင့် အဆင့်မြင့်ကော်ဖီဆိုင်များစွာရှိပါကြောင်း၊ ကော်ဖီကလပ်စတာဆိုသည်မှာလည်း ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများသာမကကော်ဖီ ရောင်းဝယ်သူများ(Coffee Dealers)မှ စားသုံးသူများ စိတ်ကြိုက်ဖျော်စပ်ပေးနိုင်သော Barista များအထိ ဆက်စပ်နေပါကြောင်း၊ သို့ပါ၍ ဖြန့်ဖြူးရောင်းချရေးတွင် ပြည်တွင်းဈေးကွက် ကျယ်ပြန့်သော ရန်ကုန်မြို့တွင် Coffee Cluster (Yangon)ကို ဖွဲ့စည်းရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါ သည်။



အဆိုပါ အစည်းအဝေးသို့ရန်ကုန်မြို့တွင် ကော်ဖီရောင်းဝယ်ခြင်းလုပ်ငန်းများဆောင်ရွက်နေသော ကော်ဖီစိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းရှင်များ၊ Barista များ၊ NGO များ၊ INGO များ၊ ကော်ဖီလုပ်ငန်းကို စိတ်ဝင်စားသူများနှင့် လေ့လာသူများ ၃၀ ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတက်ရောက်လာသော Barista များက မိမိတို့အနေဖြင့် ကော်ဖီ၏အရည်အသွေး (အနံ့အရသာ) ကို ပေါ်လွင်အောင်ဖန်တီးနေသူများ ဖြစ်ပြီး Barista Association တစ်ခု ဖွဲ့စည်းနိုင်ရန် ကြိုးပမ်းနေကြောင်း ကော်ဖီကလပ်စတာ (ရန်ကုန်)နှင့် ညီနောင်အသင်းအဖြစ် အပြန်အလှန်ပူးပေါင်း ဆောင်ရွက်လိုကြောင်း ဆွေးနွေးခဲ့ပါသည်။ တက်ရောက်လာသူများအားလုံး ဆွေးနွေးညှိနှိုင်းကြပြီး မြန်မာနိုင်ငံကော်ဖီအသင်းဥက္ကဋ္ဌမှ Barista များကို ကော်ဖီကလပ်စတာ (ရန်ကုန်) ၏ ညီနောင်အဖွဲ့အနေဖြင့် ပူးတွဲဖွဲ့စည်းခွင့်ပြုမည်ဖြစ်ကြောင်း နောင်သီးခြားရပ်တည်နိုင်လာပါက သီးခြားအဖွဲ့တစ်ခုအဖြစ်ရပ်တည် နိုင်ပါကြောင်းသီးခြားရပ်တည်သည့် အဖွဲ့အနေဖြင့်ဖြစ်စေ၊ ရန်ကုန်ကလပ်စတာ၏ ညီနောင်အဖွဲ့အနေဖြင့်ဖြစ်စေ၊ မိမိတို့မြန်မာနိုင်ငံကော်ဖီအသင်းနှင့် ပူးတွဲညှိနှိုင်း၍ မြန်မာ့ကော်ဖီ လုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးကို ဆောင်ရွက်သွားကြမည်ဟု ပြန်လည်ဆွေးနွေး ခဲ့ပါသည်။ မြန်မာနိုင်ငံကော်ဖီအသင်း၏ ရည်ရွယ်ချက်မှာ ထုတ်လုပ်မှုတစ်ခုတည်းကိုသာ ဦးစားပေးခြင်း မဟုတ်ဘဲ မြန်မာ့ကော်ဖီ အရည်အသွေးနှင့် စားသုံးသူလိုအပ်ချက်ကိုဖြည့်ဆည်းပေးလို သောဆန္ဒရှိကြောင်း၊ မြန်မာနိုင်ငံ ကော်ဖီအသင်းသည် မြန်မာ့အမျိုးသား စီးပွားရေးကို ဖော်ဆောင်သည့် အသင်းဖြစ်သောကြောင့် မြန်မာနိုင်ငံသားများကိုသာ အသင်းဝင်အဖြစ်လက်ခံမည် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။ထို့နောက် ကော်ဖီကလပ်စတာ (ရန်ကုန်) အသင်းအတွက်ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဘဏ္ဍာရေး မှူးတို့ကိုရွေးချယ်ကြပြီး အဖွဲ့ဝင်၁၆ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ကြသည်။

**TMK(DOTP)**

## 92 Ron နဲ့ 95 Ron တင်သွင်းရာမှာ သတ်မှတ် Specification များနဲ့ ကိုက်ညီရန်လိုအပ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ ထုတ်ပြန်

ပုဂ္ဂလိကစက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးရောင်းချခြင်းကို သတ်မှတ်စည်းကမ်းချက်များနဲ့အညီ လွတ်လပ်စွာလုပ်ကိုင်ဆောင်ရွက်ခွင့်ပြုထားပြီးဖြစ်ရာ စွမ်းအင်ဝန်ကြီးဌာန ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင်သယ်ယူဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ၊ ပြည်နယ်တိုင်းဒေသကြီးအလိုက် ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင်သယ်ယူဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီများနဲ့ မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းခွဲများကို ဖွဲ့စည်းလျက် တင်သွင်းဖြန့်ဖြူးရောင်းချနေတဲ့ စက်သုံးဆီများရဲ့ အခြင်အတွယ်၊ အရည်အသွေး၊ စံချိန်စံညွှန်းများ ကိုက်ညီမှန်ကန်စေရေးစနစ်တကျ ထိန်းသိမ်းကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။

ပုဂ္ဂလိကကဏ္ဍမှ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ဒေသများမှ တင်သွင်းကြတဲ့ စက်သုံးဆီများဟာ သတ်မှတ်စံချိန်စံညွှန်း တူညီမှုမရှိဘဲ ကွဲပြားခြားနားမှုများရှိနေတဲ့အတွက် စံသတ် မှတ်ချက်များအဖြစ် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အဆိုပြုတင်ပြတဲ့ ဓာတ်ဆီ 92 Ron Specification နဲ့ ဓာတ်ဆီ 95 Ron Specification များအတိုင်း အတည်ပြုလက်မှတ်ဆောင်ရွက်သွားရန် ဒီဇင်ဘာ ၃ ရက်က ကျင်းပပြုလုပ်တဲ့ စွမ်းအင်ဝန်ကြီးဌာန ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင်သယ်ယူဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီအစည်းအဝေးက သဘောတူဆုံးဖြတ်လိုက်ပြီး ဖြစ်တယ်လို့ သိရပါတယ်။

ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ ပုဂ္ဂလိကလုပ်ငန်းရှင်ကုမ္ပဏီ/အဖွဲ့အစည်းများက 92 Ron နဲ့ 95Ron တို့အတွက် သွင်းကုန်လိုင်စင်လျှောက်ထားရာမှာ သတ်မှတ်ထားတဲ့ Specification များနဲ့ ကိုက်ညီမှသာ သွင်းကုန်လိုင်စင်ထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေးလိုက်ရပါတယ်။

**MIRT (DCCA)**

## အိန္ဒိယနိုင်ငံ၏ အကောက်ခွန် သက်သာကင်းလွတ်ခွင့် DFTP အစီအစဉ်အရ CO Form လျှောက်ထားနိုင်

အိန္ဒိယနိုင်ငံမှ ဖွံ့ဖြိုးမှုနည်းသော နိုင်ငံများသို့ တစ်ဖက်သတ်အကောက်ခွန်သက်သာခွင့်ပေးထားတဲ့DFTP အစီအစဉ်အရမြန်မာနိုင်ငံကိုလည်း တစ်ဖက်သတ်အကောက်ခွန်သက်သာကင်းလွတ်ခွင့်ပေးထားပြီး ၎င်း DFTP အစီအစဉ်အရ အခွန်သက်သာကင်းလွတ်ခွင့် CO Form လျှောက်ထားနိုင်ကြောင်းကို ကုန်သည်လုပ်ငန်းရှင်များသိရှိရန် တမူးနယ်စပ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးမှာ တင်ပြရှင်းလင်းခဲ့တယ်လို့ သိရပါတယ်။

တစ်ဖက်နိုင်ငံမှ တစ်ဖက်သတ်ပေးအပ်ထားသော အကောက်ခွန်သက်သာကင်းလွတ်ခွင့် DFTP အစီအစဉ်အရ CO Form လျှောက်ထားခြင်းနှင့် ပတ်သက်၍ မိမိဘက်ကုန်သည်များက အကောက်ခွန် သက်သာအောင် ပြုလုပ်လိုသော်လည်း တစ်ဖက်နိုင်ငံကုန်သည်မှ မလုပ်ပေးပါကဘာမှလုပ်၍ မရကြောင်း၊ မိမိဘက်ကုန်သည်များမှ တစ်ဖက်ကုန်သည်များထံ အကြွေးရောင်းနေရသဖြင့် ယခုအချိန်အထိ အကြွေးမကြေသေးဘဲ မိမိအပါအဝင်အချို့လည်း ရူပီးသိန်း ၁၀၀ ခန့်အထိ ပေးထားပြီး ကုန်သွယ်မှုဖြစ်မြောက်အောင် လုပ်နေရကြောင်းကို ကလေး-တမူး-ကလေးဝ နယ်စပ် ကုန်သွယ်ရေးကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ဦးလှမောင်က ဖြည့်စွက်ဆွေးနွေး တင်ပြသွားတယ်လို့ သိရပါတယ်။

**ခင်မိုးသူ MIRT (DCCA)**

## ၂၀၁၄ခုနှစ်အတွင်း Huawei Consumer Business Group ၏ ဝင်ငွေ ၁၂ ဘီလီယံကျော်ရရှိခဲ့

Huawei Consumer Business Group က ၂၀၁၄ခုနှစ်၏ဘဏ္ဍာရေးအခြေအနေကို ထုတ်ပြန်ကြေညာခဲ့ရာတွင် ၂၀၁၄ခုနှစ်အတွင်း စုစုပေါင်း ဝင်ငွေ၏ ၃၀ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း Huawei Business Group ၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။ Huawei Consumer Business Group အနေဖြင့် ၂၀၁၄ခုနှစ် အတွင်း ဝင်ငွေ ၁၂ ဒသမ ၂ဘီလီယံ အထိ ရရှိခဲ့ပြီးပထမဦးဆုံး အကြိမ်အဖြစ် ၁၀ ဘီလီယံကျော်အောင် ရောင်းချနိုင်ခဲ့ခြင်း ဖြစ်သည်။

ပြည်ပတင်ပို့မှုတွင် ၇ ဒသမ ၈ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့ပြီး ၂၀၁၄ခုနှစ်အတွင်း စမတ်ဖုန်းအလုံးပေါင်း ၇၅သန်း အပါအဝင် ၁၃၈မီလီယံအထိ တင်ပို့ခဲ့ရသည်ဟု ဆိုသည်။




“ကျွန်တော်တို့ရဲ့နည်းဗျူဟာဖြစ်တဲ့ mid to high end နည်းဗျူဟာများကြောင့် ဈေးကွက်ဝေစုတွေ ပိုမိုရရှိလာပြီး သိသာထင်ရှားတဲ့အောင်မြင်မှုကတော့ ၂၀၁၄ ခုနှစ်အတွင်းမှာ Interbrand ရဲ့ကမ္ဘာ့အကောင်းဆုံး အမှတ်တံဆိပ် ၁၀၀ စာရင်းမှာ ဖော်ပြခြင်းခံရတဲ့ ပထမဆုံး တရုတ်ကုန်ပစ္စည်း အမှတ်တံဆိပ်ဖြစ်လာခဲ့ပါတယ်”ဟု Huawei Consumer BG ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ မစ္စတာရစ်ချတ်ယုက ပြောကြားခဲ့သည်။

ထို့ပြင် Huawei Consumer BG ၏ အကောင်းဆုံးပစ္စည်းများအနက် တစ်ခုဖြစ်သည့် Huawei P7 သည် ဈေးကွက်အတွင်း မိတ်ဆက်ပြီးခြောက်လအကြာတွင် တစ်ကမ္ဘာလုံးသို့တင်ပို့မှု လေးသန်းအထိ ရောက်ရှိခဲ့ပြီး Huawei mate 7 သည်လည်း ၂၀၁၄ ခုနှစ်စက်တင်ဘာလအတွင်း မိတ်ဆက် ခဲ့ပြီး သုံးလအကြာတွင် နှစ်သန်းကျော်အထိ တင်ပို့ရောင်းချနိုင်ခဲ့သည်။ IPSOS မှ ကောက်ယူထားသော နိုင်ငံ ၃၂နိုင်ငံပါဝင်သည့် စစ်တမ်းများအရ Huawei အမှတ်တံဆိပ်၏လူသိများမှုသည် ၂၀၁၃ခုနှစ်တွင် ၅၂ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၂၀၁၄ခုနှစ်တွင် ၆၅ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သည်။

**MTD**

## ED / ID Balance ဖြတ်ခြင်းအားမှန်မှန်ကန်ကန်ဆောင်ရွက်သွားရန်လို

ပို့ကုန် အမှန်တင်ပို့ဆောင်ရွက်ရာတွင် ED Balance ဖြတ်ပိုင်းဖြတ်ရာ၌ ယာဉ်ပေါ်ပါ ကုန်ပစ္စည်းအတိုင်းဖြတ်ခြင်း မရှိကြောင်း ကြားသိရတဲ့အတွက် ယာဉ်စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တာဝန်ရှိ သူများအနေဖြင့် စနစ်တကျစစ်ဆေးဆောင်ရွက်သွားရန်နဲ့ ယာဉ်ပေါ်ပါ ကုန်ပစ္စည်းအရေအတွက်အတိုင်း Balance ဖြတ်ခြင်း ဆောင်ရွက်ရန် လိုကြောင်း၊ ကုန်သည်လုပ်ငန်းရှင်များနှင့် ကိုယ်စားလှယ်များအပိုင်းမှ ယာဉ်ပေါ်ပါကုန်ပစ္စည်းအရေအတွက် အတိုင်း ED / ID Balance ဖြတ်ခြင်းအား မှန်မှန်ကန်ကန် ဆောင်ရွက်သွားရန်လိုကြောင်း တမူးနယ်စပ်မှာ ကျင်းပပြုလုပ်တဲ့ ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးမှာ စခန်းတာဝန်ခံမှ ပြောကြားခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ MIRT (DCCA)**

## ပုံမှန်တင်ပို့တင်သွင်းနေရုံနဲ့ မရဘဲ တစ်ဖက်နိုင်ငံရှိ ကုန်သည်များနဲ့ ချိတ်ဆက်၍ ဈေးကွက်တိုးချဲ့ရန်လို

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းဟာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလထိ ကုန်သွယ်မှုပမာဏ ၃၃၃ ဒသမ ၇၉၉ သန်း ဆောင်ရွက်ခဲ့ပြီး လျာထားချက်အပေါ် ၁၃၉ ရာခိုင်နှုန်းကျော် ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် လျာထားချက်ထက်ကျော် လွန်ဆောင်ရွက်နိုင်တဲ့ စခန်းတစ်ခုဖြစ်ပါတယ်။

ယခု ဇန်နဝါရီလမှာတော့ လျာထားချက်အပေါ် ၈၇ ရာခိုင်နှုန်းကျော် ဆောင်ရွက်နိုင်ပြီး အနီးစပ်ဆုံးကာလနဲ့ နှိုင်းယှဉ်လျှင် ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၆ သန်းကျော်လျော့နည်းဆောင်ရွက်ခဲ့ပါတယ်။ ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းဟာ ကုန်သွယ်မှုပမာဏများပြားလာနိုင်သဖြင့် လျာထားချက်များကိုလည်း ပိုမိုတိုးမြှင့်လျာထားခံရတဲ့ စခန်းတစ်ခုဖြစ်ကြောင်း၊ ကုမ္ပဏီအလိုက် လျာထားချက်များလည်း ပေးအပ်ထားပြီး ဖြစ်ရာ ကုမ္ပဏီများအနေနဲ့ ပုံမှန်တင်သွင်း တင်ပို့နေရုံနဲ့မရဘဲ တစ်ဖက်နိုင်ငံ ကုန်သည်များနဲ့ ချိတ်ဆက်ပြီး ဈေးကွက်များတိုးချဲ့ခြင်း၊ ဈေးကွက်အသစ်ရှာဖွေခြင်းများ ပြုလုပ်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ ဇန်နဝါရီလအတွက် ပြုလုပ်တဲ့ ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးမှာ စခန်းတာဝန်ခံက တိုက်တွန်းပြောကြားခဲ့တယ်လို့ သတင်းရရှိပါတယ်။

ကုန်သွယ်မှုလျာထားချက်ပြည့်မီရေးအတွက် ပိုမိုတင်ပို့တင်သွင်းရန် လိုအပ်သလို OSS ဌာနဆိုင်ရာများ၊ ကုန်သည်လုပ်ငန်းရှင်များအားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်နဲ့ ကုန်သည်လုပ်ငန်းရှင်များကလည်း စည်းစည်းလုံးလုံးညီညီညွတ်ညွတ်နဲ့ မိမိဘက်ဈေးကွက်မပျောက်ဆုံးရေး ဆောင်ရွက်ကြရန်လိုအပ်ကြောင်း အသိပေးပြောကြားခဲ့တယ်လို့ သိရပါတယ်။

**MIRT (DCCA)**

## တစ်ဖက်နိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားနေခြင်းကြောင့် အင်ဖာ-မိုရေးကုန်သွယ်မှု အခက်အခဲများနဲ့ ရင်ဆိုင်နေရ

မဏိပူရပြည်နယ် ထိုဘားခရိုင် လီလွန်ဒေသရှိ အမှတ်(၄၀) အာသံတပ်ဖွဲ့စခန်းကို ဇန်နဝါရီလ ၃၀ ရက်နေ့က အမည်မသိ လက်နက်ကိုင်အဖွဲ့က အကြမ်းဖက်ဝင်ရောက်တိုက်ခိုက်ခဲ့ရာ အာသံတပ်ဖွဲ့ဝင် ၂ ဦးနဲ့ ဒေသခံ ၃ ဦး ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ကြောင်းနဲ့ မည်သည့်လက်နက်ကိုင်အဖွဲ့က ပြုလုပ်သည်ကို စုံစမ်းဆဲဖြစ်ကြောင်း ဖေဖော်ဝါရီလ ၄ ရက်နေ့ထုတ် The Sangai Express သတင်းစာမှာဖော်ပြထားပါတယ်။ အင်ဖာနဲ့ မိုရေးမြို့အကြား အကြမ်းဖက်မှုနဲ့ လမ်းပိတ်ဆန္ဒပြမှုများကြောင့် အင်ဖာ-မိုရေးကုန်သွယ်ရေးမှာ အခက်အခဲများနဲ့ ရင်ဆိုင်နေရပြီး ဆန္ဒပြမှုများလည်း ထပ်မံဖြစ်ပွားနိုင်ခြေရှိတယ်လို့လည်း ဖော်ပြထားပါတယ်။

**နေထက်မင်း (တမူး)**

## ပို့ကုန်သွင်းကုန်အချိုးညီမှသာ ရေရှည်မှာ စီးပွားရေးကောင်းမွန်နိုင်

ပို့ကုန် သွင်းကုန် အချိုးတန်ချက်ညီမျှရန် လိုအပ်ကြောင်း၊ ပို့ကုန်သွင်းကုန်အချိုးမညီပါက ကုန်သွယ်မှုလိုငွေပြမည်ဖြစ်ပြီး ရေရှည်မှာ စီးပွားရေးထိခိုက်မှုဖြစ်လာနိုင်ကြောင်း၊ ဇန်နဝါရီလ ၂၆ ရက်နေ့က မြဝတီ ကုန်သွယ်ရေးဇုန် အစည်းအဝေးခန်းမမှာ ပြုလုပ်တဲ့ ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေးမှာ မြဝတီ နယ်စပ်ကုန်သွယ်ရေးဇုန် တာဝန်ခံ ညွှန်ကြားရေးမှူး ဦးမြင့်ကျော်က ပြောကြားပါတယ်။ မြဝတီရဲ့ ကုန်သွယ်မှုပမာဏကို လေ့လာကြည့်လျှင် ပို့ကုန်သွင်းကုန်အချိုးများစွာ ကွာဟနေကြောင်း၊ လျာထားချက်အပေါ် ဆောင်ရွက်နိုင်မှု ကိုကြည့်လျှင် ပို့ကုန် ၂၈ ရာခိုင်နှုန်း၊ သွင်းကုန် ၇၈ ရာခိုင်နှုန်းရှိနေပါကြောင်း၊ သွင်းကုန်ပိုင်း တဖြည်းဖြည်း တိုးတက်လာသော်လည်း ပို့ကုန်ပိုင်း ကျဆင်းနေတာ တွေ့နေရကြောင်း၊ ပို့ကုန်ပမာဏ သိသိသာသာလျော့ကျနေတာကို အချိန်မီ ကုစားနိုင်ရေး ဝိုင်းဝန်းစဉ်းစား အကြံပြုကြရန် လိုအပ်နေပြီဖြစ်ကြောင်း၊ ယခင်ကပို့ကုန် ရငွေရှိမှ သွင်းကုန်ဆောင်ရွက်ခွင့် ရှိခဲ့ချိန်က ပို့ကုန်ပမာဏ တန်ဖိုးမြင့်မားခဲ့သော်လည်း ထိုစနစ်ဖျက်သိမ်းပြီး နောက်ပိုင်း ပို့ကုန်တန်ဖိုးတဖြည်းဖြည်း လျော့နည်းလာတာကို တွေ့ရှိရကြောင်း၊ သွင်းကုန်တင်သွင်းနိုင်သလို ပို့ကုန်ပိုင်းလည်း များများတင်ပို့နိုင်ရေး End User အထိနဲ့ ချိတ်ဆက်ရန် လိုအပ်မည်ဖြစ်ကြောင်း စခန်းတာဝန်ခံက ရှင်းလင်းအသိပေး ပြောကြားခဲ့ပါတယ်။

တရုတ်နယ်စပ်မှာဆိုလျှင် တရုတ်လယ်သမားအကျိုးကာကွယ်ရန် ဆန်တင်ပို့မှုအပေါ် သွင်းကုန်အခွန်နှုန်းများ မြှင့်ထားတဲ့အတွက် ဈေးကွက်မှာ ယှဉ်ပြိုင်နိုင်ခြင်းမရှိကြောင်း၊ ဒါကို အစိုးရချင်း ချိတ်ဆက် ဆောင်ရွက်နိုင်တဲ့အတွက် ယခုအခါ မိမိနိုင်ငံမှ ကုမ္ပဏီကိုးခု တရားဝင်တင်ပို့ ဆောင်ရွက်ခွင့်ရသွားပြီဖြစ်ကြောင်း၊ မြဝတီဒေသဟာ ရှောင်ကွင်းလမ်းများပြားခြင်း၊ ပို့ကုန်ပစ္စည်းအများစုဟာလည်း နှစ်ရာခိုင်နှုန်း အခွန်ရှောင်တိမ်းလို၍ ရှောင်ကွင်းလမ်းမှသာ သွားလာနေကြခြင်းဖြစ်ရာ တရားမဝင် သွားလာနေမှုများအား လက်တွဲခေါ် ယူသွားရန် လိုအပ်ကြောင်း၊ သို့မှသာ ကုန်သွယ်မှုလည်း တက်လာမှာဖြစ်ကြောင်း ပြောကြားခဲ့တယ်လို့ သတင်းရရှိပါတယ်။ **MIRT (DCCA)**

## မြဝတီနယ်စပ်မှ လယ်ယာထွက်ကုန် တန်ကိုးရာကျော်တင်ပို့နိုင်

မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှ ဇန်နဝါရီလ ၂၄ ရက်မှ ၃၀ ရက်ထိကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၅၂၃ သန်းတန်ဖိုးရှိ ကြက်သွန်နီ ၄၅၂ တန်ကျော်နဲ့ မြေပဲဆံ ၄၇၉ တန်နီးပါးတင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ကြက်သွန်နီတန် ၈၀ ကျော်ပိုမိုတင်ပို့နိုင်ခဲ့ပြီး မြေပဲဆံ ၅၆ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

**ခင်မြနွယ် MIRT (DCCA)**

## ဇန်နဝါရီလအတွင်း ပင်လယ်ငါးရှဉ့် ၁၁ တန်ကျော်တင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ ကော့သောင်းနယ်စပ်မှ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ အတွင်း ကန်ဒေါ်လာ သုည ဒသမ ၀၂၁ သန်းတန်ဖိုးရှိ ပင်လယ်ငါးရှဉ့် ၁၁ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလနဲ့ နှိုင်းယှဉ်ပါက ၄ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ဒီဇင်ဘာလ ၂၄ ရက်မှ ၃၀ ရက်အတွင်းမှာ တန်ချိန် ၁တန်ကျော် တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၀၀၂ သန်းဖိုး တင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ် MIRT (DCCA)**

## မြိတ်နယ်စပ်စခန်းက ဇန်နဝါရီလအတွင်း ကဏန်းမျိုးစုံတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ၂၀၁၅ ခုနှစ် ဇန်နဝါရီလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၄၇၄ သန်းတန်ဖိုးရှိ ကဏန်းမျိုးစုံဖြစ်သော ကဏန်းပျော့ ၅၅ တန်ကျော်၊ ကဏန်းနီ ၈၉ တန်ကျော်၊ ကဏန်းသေး (အသေ) ၅ တန်ကျော်နဲ့ သဲကဏန်း ၃ တန်ကျော်တင်ပို့နိုင်ခဲ့တဲ့အပြင် ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၅၆၀၆ တန်ကျော်၊ ငါးမှုန့် ၁၆၅၀ တန်၊ ရေခဲပုစွန်တန် ၈၀ နီးပါး၊ ပုစွန် ၅၄ တန်ကျော်၊ ကင်းမွန်ခြောက် ၃၇ တန်ကျော်၊ ငါးအသားလွှာ ၂၄ တန်၊ ပုစွန်ခြောက် ၃ တန်ကျော်၊ ရေချူခြောက် ၇ တန်နီးပါး၊ ကင်းမွန် ၉ တန်ကျော်၊ ငါးခြောက် ၂ တန်ကျော်နဲ့ ကင်းမွန်ခေါင်း ၁ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ် MIRT (DCCA)**

## တစ်ဖက်နိုင်ငံကုန်သည်များနဲ့ အရောင်းအဝယ်ဆောင်ရွက်ရာမှာ ကိုယ်ရေးအချက်အလက်များ သိရှိအောင်ဆောင်ရွက်ထားရန်လို

တရုတ်နိုင်ငံရှိ တရုတ်ကုန်သည်များထံမှ ရရန်ရှိသော ပြောင်း၊ ဆန်ကြွေးကျန်များနဲ့ စပ်လျဉ်းပြီး ဇန်နဝါရီလလယ်ပိုင်းက ကုန်သည်တစ်ဦးချင်းစီအား ခေါ်ယူတွေ့ဆုံပြီး တရုတ်ကုန်သည်များထံမှ ကြွေးကျန်စာရင်းများကို ပြုစုကာ တစ်ဖက်နိုင်ငံ မိန်းတိန်မြို့ ပြည်ပဆက်ဆံရေးဌာနတာဝန်ခံနဲ့ ဆက်သွယ်ပြီး ကုန်ဖိုးငွေကြွေးကျန်များ ပြန်လည်ရရှိနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးထားတယ်လို့ ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းတာဝန်ခံက ဒီဇင်ဘာလ ၂၆ ရက်နေ့က ပြုလုပ်တဲ့ ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေးမှာ အသိပေးပြောကြားခဲ့ပါတယ်။

နောင်မှာ ကုန်သည်များအနေနဲ့ တစ်ဖက်နိုင်ငံ ကုန်သည်များနဲ့ အရောင်းအဝယ်ဆောင်ရွက်ရာမှာ တစ်ဖက်နိုင်ငံကုန်သည်များရဲ့ ကိုယ်ရေးအချက်အလက်များ သိရှိအောင် ဆောင်ရွက်ထားရန်လိုကြောင်း၊ သို့မှသာ ဆုံးရှုံးနစ်နာမှုနဲ့ ကြုံတွေ့တဲ့အခါ အချက်အလက် ခိုင်ခိုင်မာမာနဲ့ သက်ဆိုင်ရာ တာဝန်ရှိသူများနဲ့ ညှိနှိုင်းတောင်းခံနိုင်ရေး အဆင်ပြေနိုင်မှာဖြစ်ကြောင်း ကုန်သည်လုပ်ငန်းရှင် ကုမ္ပဏီများအား အသေးစိတ်ရှင်းလင်းပြောကြားခဲ့တယ်လို့ သတင်းရရှိပါတယ်။

**MIRT (DCCA)**

## တမူးနယ်စပ်ဒေသတွင် သခွားမွှေးများစမ်းသပ်စိုက်ပျိုးသင့်

မူဆယ်ဘက်မှ ထွက်ရှိတဲ့ သစ်သီးဝလံများထဲမှ သခွားမွှေးစိုက်ပျိုးထွက်ရှိမှုတွင် မိုးသခွားများဈေးကျ၍ တောင်သူများ နစ်နာမှုရှိခဲ့သော်လည်း ယခုအချိန်တွင် ရွှေသခွားပေါ်ချိန် ၁ ကီလိုကို ၅ ယွမ်ခန့် မြန်မာငွေ ၈၀၀ ကျပ် ရနေပြီး သခွားတစ်လုံးကို အဆင့်မီလျှင် ၃ ကီလိုခန့်ရှိ၍ ကျပ် ၂၀၀၀ ကျော်ခန့် ဈေးရနေတယ်လို့ သိရပါတယ်။ သခွားစိုက်တောင်သူများအနေဖြင့် တစ်ဧကဝင်ငွေ ကျပ်သိန်း ၁၀၀ ကျော်ခန့်ရှိနေကြောင်း စုံစမ်းသိရှိရသဖြင့် တမူးနယ်စပ်ဒေသတွင် သခွားမွှေးများ စမ်းသပ်စိုက်ပျိုးသင့်တယ်လို့ ဇန်နဝါရီလတွင် တမူးနယ်စပ်ကုန်သွယ်ရေး စခန်းအစည်းအဝေးခန်းမမှာ ကျင်းပပြုလုပ်တဲ့ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးမှာ ခရိုင်စီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင် တစ်ဦးက ဆွေးနွေးပြောကြားသွားတယ်လို့ သိရပါတယ်။ **ခင်မိုးသူ MIRT**

### ပြည့်စွက်ဖတ်ရှုပေးပါရန်

ဖေဖော်ဝါရီလ ၂ ရက်နေ့ထုတ် Commerce Journal အတွဲ (၁၅)၊ အမှတ် ၅ စာမျက်နှာ ၁၈ တွင် ဖော်ပြထားသည့် "ပြည်ပမှ တစ်ပတ်ရစ်များ တင်သွင်းခွင့် တတိယအကြိမ်စမ်းသပ်ကာလတိုးမြှင့်" သတင်းတွင် "ပြည်ပမှ တစ်ပတ်ရစ်စက်ဘီးများတင်သွင်းခွင့်" ဟု ပြည့်စွက်ဖတ်ရှုပေးပါရန် လေးစားစွာမေတ္တာရပ်ခံအပ်ပါသည်။

# ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးအရွယ်စုံ တင်ဆောင်လာသော လိုင်စင်မဲ့ယာဉ်ကိုပါ တားဆီးနိုင်ခဲ့



ဖေဖော်ဝါရီလ၄ ရက်နေ့ ၀၉း၃၀ ချိန်ခန့်မှာ မန္တလေး-မူဆယ်လမ်းကြောင်းပေါ်ရှိ နောင်ချို Asia World TollGate အနီး တာဝန်ထမ်းဆောင်နေတဲ့ Mobile Team လရ-၁ အဖွဲ့ထံ Toyota Ipusm 6C/xxxx ဟာ ဝင်ရောက်စစ်ဆေး ခံခဲ့ပါတယ်။ အဆိုပါယာဉ်ပေါ်မှာ တရားမဝင်တင်ဆောင်လာတဲ့ ကျောက်စိမ်းလို့ယူဆရတဲ့ ကျောက်တုံးအကြီး ၆ တုံး ၆၆၂ ကီလိုဂရမ်နဲ့ ကျောက်တုံးအသေးများ ၃၁၃ ကီလိုဂရမ်ကို Mobile Team အဖွဲ့မှ စစ်ဆေးတွေ့ရှိခဲ့တယ်လို့ သတင်းရရှိပါတယ်။စစ်ဆေးတွေ့ရှိခဲ့တဲ့ ကျောက်စိမ်းတုံးအရွယ်စုံ ၉၇၅ ကီလိုဂရမ်ဟာ ခန့်မှန်းတန်ဖိုးကျပ် ၉၅၇ သိန်းရှိတယ်လို့ သိရပါတယ်။ ကျောက်စိမ်းလို့ ယူဆရတဲ့ ကျောက်တုံးများ တင်ဆောင်လာတဲ့ယာဉ်ကိုစစ်ဆေးရာမှာလည်း လိုင်စင်မဲ့ယာဉ် တစ်စီးဖြစ်နေတာကို စိစစ် တွေ့ရှိခဲ့ရတယ်လို့ သိရပါတယ်။ သိမ်းဆည်းရမိကျောက်စိမ်းလို့ ယူဆရတဲ့ ကျောက်တုံးအရွယ်စုံနဲ့ လိုင်စင်မဲ့ Ipsum ယာဉ်တို့ကို လုပ်ထုံးလုပ်နည်းနဲ့အညီ မူဆယ်မြို့နယ် အကောက်ခွန် ဦးစီးဌာနသို့ လွှဲပြောင်း အပ်နှံထားပြီး ဖြစ်တယ်လို့ သတင်းရရှိပါတယ်။ **DCCA**

# ဇန်နဝါရီလ ၂၆ ရက်နေ့က ယာဉ်သုံးစီးအပါအဝင် တန်ဖိုး ကျပ်သိန်း လေးထောင်နီးပါး ဖမ်းဆီးရမိ

မြဝတီ-ရန်ကုန်ကုန်သွယ်မှုလမ်းကြောင်းတွင် တရားမဝင်ကုန်သွယ်မှုတားဆီးရေးနဲ့ စားသုံးသူ အကာအကွယ်ပေးရေးတာဝန်ထမ်းဆောင်နေသော Mobile Team အဖွဲ့ဟာ ဇန်နဝါရီလ ၂၆ ရက်နေ့က ကုန်တင်ယာဉ် သုံး စီးပေါ်မှ Back Hole ယာဉ် ၅ စီးနဲ့ အခြားပစ္စည်းများကို စစ်ဆေးတွေ့ရှိရကြောင်း Commerce Journal အတွဲ ၁၅ အမှတ် ၅ စာမျက်နှာ ၁၉ မှာ သတင်းဖော်ပြထားပြီးဖြစ်ပါတယ်။

ဖြစ်စဉ်မှာ သတင်းပေးတိုင်ကြားချက်အရ သွင်းကုန် Duty ယာဉ် ၃ စီးဖြစ်တဲ့ Isuzu ၆ ဘီး၊ ဟီးနိုး ၁၂ ဘီးနဲ့ Nissan Diesel ၁၂ ဘီးယာဉ်များပေါ်မှ မြေတူးစက်တစ်ပတ်ရစ် ၅ စီး၊ ကားတာယာအဟောင်းများ၊ အလွိုင်းပါတာယာ၊ သံဝှေပါတာယာ၊ တာယာအဟောင်းအရွယ်စုံ၊ ဂုန်နီအိတ်၊ ပီနန်အိတ်၊ ဘက်ထရီ၊ အင်ဂျင်၊ ဂီယာဘောက်စ် (အဟောင်း)၊ ကားရှေ့ဘား (အဟောင်း)၊ ကားနောက်ကြည့်မှန်၊ ကားဟွန်း၊ ကားအပိုပစ္စည်းများ၊ မီးခွက်၊ ရှေ့မီးခွက်၊ နောက်ရောင်ပြန်မီးခွက်၊ ကားရောင်ပြန်မီးခြောက်၊ ကား Fuse အရွယ်စုံ (အဟောင်း)၊ ဆလိုက်မီး (အဟောင်းပါ) မီးစက်တို့ဖြစ်ကြပြီး ယာဉ် သုံးစီးအပါအဝင်ပစ္စည်းရဲ့ ခန့်မှန်းတန်ဖိုးကျပ် ၃၉၈၆ ဒသမ ၆၅၅ သိန်းဖိုးရှိတယ်လို့ သိရပါတယ်။ **DCCA**

# ရှောင်ကွင်းလမ်းမှာစုပုံထားတဲ့ အထပ်သားများနဲ့ ဂျူတီယာဉ်ပေါ်မှာ အမယ်လွဲ တင်ဆောင်လာတဲ့ ဖော်မီကာချပ်များကို သိမ်းဆည်းရမိ

မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်စခန်းထုတ်နုတ်အင်အားဖြင့် Mobile Team အဖွဲ့မှ ဒုတိယ ညွှန်ကြားရေးမှူးခေါင်းဆောင်တဲ့အဖွဲ့သည် ဇန်နဝါရီလ ၆ ရက်နေ့တွင်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန် အေးရှားဝေါလ်တိုးဂိတ်အနီးရှောင်ကွင်းလမ်းပေါ်မှာ စုပုံထားတဲ့ အထပ်သား ၇၃ ချပ်ကို စစ်ဆေးတွေ့ရှိ သိမ်းဆည်း ရမိခဲ့ပါတယ်။ ဇန်နဝါရီလ ၂၀ ရက်နေ့တွင်လည်း ဂျူတီယာဉ်အမှတ် (2F/xxxx)(၁၂ ဘီး) ပေါ်မှ ID တွင် အမယ်လွဲ တင်ဆောင်လာတဲ့ Plywood One side (4' x 8'x 2mm) ဖော်မီကာ ၄၉၉ ချပ်ကိုလည်း သိမ်းဆည်းရမိခဲ့တယ်လို့ သိရပါတယ်။ အဆိုပါ ရှောင်ကွင်းလမ်းမှာ စုပုံထားတဲ့ အထပ်သားများနဲ့ ၁၂ ဘီး ယာဉ်ပေါ်မှ ဖော်မီကာများရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ်သန်းပေါင်း ၂ ဒသမ ၂၂၂ ဖြစ်ပြီးအဖွဲ့စုံဖြင့် မူဆယ်မြို့နယ်အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံပြီး အကောက်ခွန်အမှုတွဲဖွင့်လှစ်နိုင်ခဲ့တယ်လို့ သိရပါတယ်။ DCCA

# တမလန်းအရွယ်စုံ သစ်တုံးများနဲ့ သစ်တင် ၁၂ ဘီးယာဉ်အားသိမ်းဆည်း

မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန် ထုတ်နုတ်အင်အား Mobile Team အဖွဲ့ဟာ ဇန်နဝါရီလ ၂၁ရက် ၁၄း ၀၀ ချိန်မှာ နမ့်အွမ်ကျေးရွာအတွင်းလမ်း၌ သတင်းအရ စောင့်ဆိုင်းစဉ် ၁၂ ဘီးယာဉ် ၉က/ xxxx နဲ့ တရားမဝင်တင်ဆောင်လာတဲ့ တမလန်းလို့ ယူဆရတဲ့ သစ်တုံးအရွယ်စုံ ၁၆ ဒသမ ၇၃၃၄ တန်၊ ခန့်မှန်းတန်ဖိုး ကျပ် ၅၀၂ သိန်းကျော်ကို သိမ်းဆည်းရမိခဲ့ပါတယ်။

အဆိုပါတမလန်းလို့ ယူဆရတဲ့ သစ်တုံးအရွယ်စုံတင်ဆောင်လာသော ၂၂ ဘီးယာဉ်နောက်တွဲအား စစ်ဆေးရာမှာ နောက်တွဲယာဉ်ကိုလည်း တရားမဝင်တင်သွင်းလာကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် သိမ်းဆည်းထားပြီးဖြစ်ပါတယ်။ ယခုအခါ နောက်တွဲယာဉ်တန်ဖိုးအားကျပ်သိန်း ၂၀၀ ဟုခန့်မှန်းတွက်ချက်ပြီးဖြစ်ရာ မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနသို့ အပ်နှံထားပြီး တမလန်းလို့ယူဆရတဲ့ သစ်တုံးအရွယ်စုံကိုလည်း မူဆယ်မြို့နယ်သစ်တောဦးစီးဌာနသို့ လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲများဖွင့်လှစ်ထားပြီး ဖြစ်တယ်လို့ သတင်းရရှိပါတယ်။

**DCCA**

# စုပုံထားတဲ့ ကြိုတ်သားအလှပြင်စင်၊ TV စင်နဲ့ ဆိုင်ကယ်အပိုပစ္စည်းများတွေ့ရှိ

မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်စခန်းထုတ်နုတ်အင်အားနဲ့ Mobile Team အဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးခေါင်းဆောင်တဲ့အဖွဲ့သည် ဇန်နဝါရီလ ၁၃ ရက်နေ့တွင် အေးရှားဝေါလ်တိုးဂိတ်အနီး ရှောင်ကွင်းလမ်းပေါ်မှာ စုပုံထားတဲ့ ကြိုတ်သားအလှပြင်စင် ၁၅ စုံနဲ့ ကြိုတ်သား TV စင် နှစ်ဖာတို့ကို ပိုင်ရှင်မဲ့ စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ အလားတူဇန်နဝါရီလ ၁၅ ရက်နေ့တွင်လည်း အဆိုပါရှောင်ကွင်းလမ်းပေါ်မှာ ဆိုင်ကယ်အပိုပစ္စည်းများနဲ့ အင်ဂျင်ဝိုင်များကိုလည်း ထပ်မံသိမ်းဆည်းနိုင်ခဲ့တယ်လို့ သိရပါတယ်။ ပိုင်ရှင်မဲ့ စစ်ဆေးတွေ့ရှိတဲ့ ကြိုတ်သားအလှပြင်စင်၊ TV စင်၊ ဆိုင်ကယ်အပိုပစ္စည်းများနဲ့ အင်ဂျင်ဝိုင်များရဲ့ ခန့်မှန်း တန်ဖိုးမှာ ကျပ် ၁၀ သိန်းနီးပါးဖြစ်တယ်လို့ သိရပါတယ်။ စစ်ဆေးတွေ့ရှိ တရားမဝင်ကုန်ပစ္စည်းများကို အဖွဲ့စုံဖြင့် စစ်ဆေးပြီး မူဆယ်မြို့နယ်အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံပြီး အကောက်ခွန်အမှုတွဲဖွင့်လှစ်ပြီးဖြစ်ပါတယ်။ **DCCA**

# ID ထက် ပိုမိုတင်ဆောင်လာတဲ့ သစ်သီးများကိုစစ်ဆေးတွေ့ရှိ

မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်စခန်း ထုတ်နုတ်အင်အားဖြင့် Mobile Team အဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးခေါင်းဆောင်တဲ့အဖွဲ့က ဇန်နဝါရီလ ၂၁ ရက်နဲ့ ၂၅ ရက်နေ့များတွင် ဂျူတီယာဉ် ၂စီး (7G/xxxx)(8I/xxxx) ၁၂ ဘီးယာဉ်များပေါ်မှ ID ထက်ပိုမိုတင်ဆောင်လာတဲ့ ပန်းသီးနဲ့လိမ္မော်သီးအိတ်များကို စစ်ဆေးတွေ့ရှိခဲ့တယ်လို့ သတင်းရရှိပါတယ်။ စစ်ဆေးတွေ့ရှိပန်းသီးနဲ့ လိမ္မော်သီးအိတ်များရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ်သန်းပေါင်း သုည ဒသမ ၁၈၀ ခန့်ဖြစ်ပြီး အဖွဲ့စုံဖြင့် မူဆယ်မြို့နယ်အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံပြီး အကောက်ခွန်အမှုတွဲဖွင့်လှစ်နိုင်ခဲ့တယ်လို့ သိရပါတယ်။ **DCCA**

# ကားဆက်စပ်ပစ္စည်းအဝတ်အထည်၊ အလှကုန်များ ကျပ် ၃၉ သိန်းကျော်ဖိုး သိမ်းဆည်းရမိ

မန္တလေး-မူဆယ် ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်မှာ စားသုံးသူ အကာအကွယ်ပေးရေးနဲ့ တရားမဝင်ကုန်သွယ်မှုတားဆီးရန် နောင်ချိုယာယီအခြေပြု Mobile Team လရ-၁အဖွဲ့ တာဝန်ထမ်းဆောင် နေစဉ် ဖေဖော်ဝါရီလ ၁ ရက်နေ့ ၂၃း၃၀ချိန်ခန့်မှာ သစ္စာဟိတ်ဖ်းမှန်လုံယာဉ် 8D/xxxxပေါ်မှ Gear Wheel Pinion၊ အနံ့ရည်၊ ကလေးအဝတ်အထည်၊ အလှဆီ၊ လက်သည်းဖျက်ဆေး၊ Acrylic Powder၊ Soldering Station Quick၊ Injet ink၊ ကားဘန်ဘာ၊ Portable Air Compressor စတဲ့ လူသုံး၊ အိမ်သုံးပစ္စည်း ၁၀မျိုး၊ ခန့်မှန်းတန်ဖိုး ၃၉၁၄၀၀၀ ကျပ် အားသိမ်းဆည်းရမိတဲ့အတွက် အကောက်ခွန်လုပ်ထုံးလုပ်နည်းနဲ့အညီ အမှုတွဲဖွင့်အရေးယူထားပြီး ဖြစ်တယ်လို့ သတင်းရရှိပါတယ်။ **DCCA**

# ခန့်မှန်းတန်ဖိုးကျပ် ၁၇၆၄ သိန်းရှိ ၁၂ ဘီး/ ၁၀ ဘီး ယာဉ်များနဲ့ ကျွဲနွားအရှင် ၇၉ ကောင် မူဆယ် Mobile Team မှ သိမ်းဆည်းရမိ



မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန် ထုတ်နုတ်အင်အား Mobile Team အဖွဲ့မှ ဇန်နဝါရီ ၂၄ ရက် နံနက် ၆း ၁၅ ချိန်ခန့်မှာ မော်ထောင်း-နမ့်တောင်ကျေးရွာအနီး ရှောင်ကွင်းလမ်းမှာ စောင့်ဆိုင်းစဉ် ၁၂ ဘီးယာဉ် ၃ စီး၊ ၁၀ ဘီးယာဉ် ၁ စီးတို့နဲ့ နွားအရှင် ၂၅ ကောင်၊ ကျွဲအရှင် ၆၄ ကောင် စုစုပေါင်း ခန့်မှန်းတန်ဖိုး ကျပ် ၆၇၄ ဒသမ ၅၀ သိန်းအား တားဆီးနိုင်ခဲ့တယ်လို့ သတင်းရရှိပါတယ်။ ကျွဲနွားအရှင် ၈၉ ကောင်ကို အဖွဲ့စုံနဲ့ မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာနသို့ လွှဲပြောင်းအပ်နှံပြီးဖြစ်တယ်လို့ သိရပါတယ်။

အဆိုပါ ကျွဲနွားများကို တင်ဆောင်သယ်ယူလာတဲ့ ၁၀ ဘီးယာဉ်တစ်စီးခန့်မှန်းတန်ဖိုးကျပ်သိန်း ၂၅၀ နဲ့ ၁၂ ဘီးယာဉ်သုံးစီး၊ခန့်မှန်းတန်ဖိုး ကျပ်သိန်း ၈၄၀ တို့အားလုပ်ထုံးလုပ်နည်းနဲ့အညီ အမှုတွဲဖွင့်လှစ်နိုင်ရန် မူဆယ်မြို့နယ်အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းထားပြီးတယ်လို့ သတင်းရရှိပါတယ်။

ကျွဲနွား ၈၉ ကောင်နဲ့ ၁၀ ဘီးယာဉ် တစ်စီး၊ ၁၂ ဘီးယာဉ် သုံးစီးတို့ရဲ့ စုစုပေါင်းခန့်မှန်းတန်ဖိုးမှာ ကျပ် ၁၇၆၄ သိန်းဖိုးရှိတယ်လို့ သိရပါတယ်။

**DCCA**

# အရည်အသွေးကောင်းပါမှ မျက်နှာကောင်းရမည်

|မြင့်ဦး-ပခုက္ကူ|



ရောင်းမှု၊ ဝယ်မှုဆိုတာ ဘယ်ခေတ်၊ ဘယ်စနစ်မှာမဆိုရှိခဲ့ကြတာပါ။ စောစောပိုင်းကာလတွေမှာ ကုန်ပစ္စည်းခြင်း၊ တိုက်ရိုက်ဖလှယ်ကြတယ်။ တဖြည်းဖြည်းတိုးတက်လာတော့ ကြားခံငွေကြေးကို အသုံးပြုလာကြတယ်၊ ဒါက ပြည်တွင်း ကိုယ့်တိုင်းပြည် အတွင်းမှာ ကိုယ်ပိုင်နိုင်ငံငွေကြေးသတ်မှတ်ပြီး ရောင်းကြ၊ ဝယ်ကြတယ်။ အဲဒီကတစ်ဆင့် နိုင်ငံကို ကိုယ်စားပြုပြီး နိုင်ငံအချင်းချင်း ဆက်သွယ်ရောင်းဝယ်ဖောက်ကားကြတော့ နိုင်ငံတကာကိုယ်စားပြု ငွေကြေးသတ်မှတ်ရောင်းဝယ်ကြတယ်။ ဒေါ်လာသုံးမလား၊ ယူရိုသုံးမလား၊ ပေါင်စတာလင်သုံးမလားပေါ့။ ယခုအချိန်မှာ နိုင်ငံတကာမှာ အမေရိကန်ဒေါ်လာကို နိုင်ငံတကာကိုယ်စားပြု သုံးနေကြ တာကို တွေ့ရပါတယ်။ ကောင်းပြီ၊ ရောင်းမယ်၊ ဝယ်မယ်၊ ဘာရောင်းမလဲ၊ ဘာဝယ်မလဲ။ အဓိကကတော့ ကိုယ့်နိုင်ငံမှာထွက်ရှိတဲ့ သီးနှံရှာဖွေရရှိတဲ့ သဘာဝသယံဇာတ စတာတွေကို ကိုယ့်ပြည်တွင်းမှာ သုံးစားပိုလျှံတာ၊ လိုအပ်နေတဲ့ တိုင်းပြည်များနဲ့ ချိတ်ဆက်တင်ပို့ ရောင်းဝယ်ကြတာပေါ့။

အဲဒီလို ရောင်းဝယ်ရာမှာလည်း တရားဝင်လား ၊ တရားမဝင်လားဆိုတာ စကားပြောလာပါတယ်။ တရားမဝင် အရောင်းအဝယ်ပြုလုပ်လို့ ပြဿနာဖြစ်ရင် ရောင်းသူက ရှုံးတယ်ခံရတယ်။ စလုပ်ကတည်းက တရားမဝင် အရောင်းအဝယ်လုပ်ခဲ့တာဆိုတော့ ဘယ်တိုင်လို့ ဘယ်တင်ပြလို့ ဘယ်အဖွဲ့အစည်းက ဖြေရှင်းပေးမှာလဲ၊ အစကတည်းက တရားဝင်ရောင်းခဲ့ဝယ်ခဲ့ရင် သက်သေခံ အထောက်အထားနဲ့ သက်ဆိုင်ရာ၊ ဆိုင်ရာဆိုင်ရာကို တင်ပြလို့ တိုင်ခဲ့ရင် သက်ဆိုင်ရာက ပြေလည်အောင် နည်းမျိုးစုံနဲ့ ဖြေရှင်းပေးမှာပေါ့။ တစ်ခါကိုယ့်နိုင်ငံက တရားဝင်ရောင်းတယ်။ တင်ပို့တယ်။ ကိုယ့်နိုင်ငံဘက်ကတော့ တရားဝင်လို့ သတ်မှတ်ထားပေမယ့် တစ်ဖက်နိုင်ငံက တရားမဝင်ဘူးလို့ သတ်မှတ်ရင်ခံကြရတာပါပဲ။ ဥပမာအနေနဲ့ တင်ပြရရင် မြန်မာနိုင်ငံက တရုတ်ပြည်နယ်ကို နယ်စပ်မူဆယ်မှတစ်ဆင့် ဆန်တင်ပို့တယ်။ ကိုယ့်ဘက်ကတရားဝင် သူ့နိုင်ငံထဲရောက်မှ သူတို့အစိုးရက တရားဝင်မဟုတ်ဘူးဆိုပြီး ဖမ်းတယ်။ ဘယ်သူနစ်နာသလဲ၊ ဘယ်သူရှုံးသလဲ၊ ဘယ်သူတွေ ခံနေကြရသလဲ၊ဒီလိုအဖြစ်မျိုးတွေ မဖြစ်ရအောင် ကိုယ့်ပြည်တွင်းက တင်ပို့ရောင်းသူ၊ စိုက်ပျိုးထုတ်လုပ်သူတွေ မနစ်နာအောင် နိုင်ငံတော်အပိုင်းက ကြိုးစားလုပ်ဆောင်တယ်။ ဒီအတွက် အဖြေတစ်ခုရပြီ။

အိမ်နီးချင်းလူဦးရေ မြောက်များစွာရှိတဲ့ တရုတ်နိုင်ငံက သူ့နိုင်ငံ လူဦးရေစားသုံးရန်အတွက် နှစ်စဉ်ဆန်တန်ချိန် သန်းနဲ့ချီပြီး တင်သွင်းနေရတယ်။ ယခုနှစ်အဖို့ ဆန်တန်ချိန် ၅ သန်းခန့် ပြည်ပကဝယ်ယူရမယ်။ ခါတိုင်းနှစ်တွေက ဘယ်လိုဘယ်နည်း ဘယ်နိုင်ငံကဝယ်ယူတယ်ဆိုတာ မသိရပေမယ့် ဒီနှစ်အဖို့ ထိုင်းနိုင်ငံက ဆန်တန်ချိန် နှစ်သန်း၊ မြန်မာနိုင်ငံက ဆန်တန်ချိန်တစ်သန်း ဝယ်ယူမယ်ဆိုတဲ့ အစီအစဉ်ပါလာတယ်။ ဒါပေမယ့် ဆန်ဖြစ်ရင်ပြီးရောဆိုပြီး ဝယ်မှာတော့မဟုတ်ပါဘူး။ သူတို့နိုင်ငံက သတ်မှတ်ထားတဲ့ အရည်အသွေး သတ်မှတ်ချက် ကိုက်ညီမှုရမှာပေါ့။ သူတို့နိုင်ငံက သတ်မှတ်တဲ့ အရည်အသွေး သတ်မှတ်ချက်နဲ့အညီဖြစ်စေဖို့ မြန်မာ နိုင်ငံဆန်စပါးအသင်းချုပ်က ကြိုးစားခဲ့ရသလို ၂၀၁၄ ခုနှစ်ကုန်ပိုင်းမှာ သဘောတူညီမှုရရှိခဲ့ပါတယ်။

> “
> တည့်တည့်ပြောရရင်
> ကိုယ်ဝယ်ယူသလို သူတို့လည်း
> ဝယ်ယူချင်မှာပဲဆိုတဲ့
> ကိုယ်ချင်းစာတရား တစ်ခု
> ထားကြဖို့လိုပါလိမ့်မယ်။

လွယ်လွယ်တော့မထင်ပါနဲ့။ တာဝန်ရှိသူတွေ နှစ်ဖက်စလုံး အကြိမ်ကြိမ်ညှိနှိုင်းပြီး မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ကိုယ့်မှာရှိတဲ့ကုမ္ပဏီ ၁၉၉ ခုကို စာရင်းတင်ပို့ခဲ့တယ်။ တစ်ခါ တစ်ဖက်က ပြန်လည်တောင်းဆိုပါတယ်။ ကုမ္ပဏီ ၁၀ ခုအောက်သာ ရွေးချယ်ပေးပါဆိုတော့ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေနဲ့ စဉ်းစားကြရပါလိမ့်မယ်။ ဘယ်သူဘက်လိုက်တယ်။ ဘာဖြစ်တယ်၊ ညာဖြစ်တယ်ဆိုတာ မဖြစ်ရလေအောင် ရှိတဲ့ကုမ္ပဏီ ၁၉၉ ခုလုံး စာရင်းပေးထားတယ်။ တရားဝင် မြင်သာပွင့်လင်းမှုရှိစွာ ယှဉ်ပါပြိုင်ပါဆိုတဲ့ သဘော။ ဒါပေမယ့် တစ်ဖက်နိုင်ငံက ကုမ္ပဏီ ၁၀ ခုအောက်သာ အဆိုပြုလာတော့ ကော်မတီဖွဲ့ပြီး ကုမ္ပဏီ ၉ ခု ရွေးချယ်ရတာပေါ့။ ဒီကိစ္စမှာလည်း မကြေလည်သူ၊ မကျေနပ်သူဆိုတာရှိတတ်တော့၊ ရှိခဲ့လေတော့၊ သက်ဆိုင်ရာဝန်ကြီးဌာနကို တိုင်ကြားမှုဆိုတာလည်းရှိခဲ့ပါတယ်။ ဒီတော့လည်း ဒီမိုကရေစီတိုင်းပြည်ပဲဗျာ ဒီမိုကရေစီနည်းနဲ့ မဲခွဲဆုံးဖြတ်ရတာပေါ့။ အဆင်ပြေမြန်မြန်ပြီးအောင် လျှို့ဝှက်မဲခွဲမနေဘဲ တက်ရောက်သူများ၊ မတ်တပ်ရပ်မဲခွဲစေတယ်လို့သိရပါတယ်။ အဲဒီမှာ ကန့်ကွက်မဲ ၇ မဲ၊ ထောက်ခံမဲ ၄၃ မဲ၊ ကြားနေမဲ ၁၀ မဲနဲ့ ကုမ္ပဏီ ၉ ခုရသွားပါတယ်။

ရွေးချယ်ရာမှာလည်း အများပိုင်ကုမ္ပဏီ၊ အသင်းအဖွဲ့အခြေခံရတာ၊ လက်တွေ့အကျိုးဖြစ်ထွန်းခံစားနေရတဲ့ ဒေသတွေလည်းပါအောင်ဆိုတဲ့ အခြေခံအချက်သုံးချက်နဲ့ ရွေးချယ်ခဲ့တာပါလို့ မြန်မာနိုင်ငံဆန်စပါး လုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်ကပြောပါတယ်။ အရွေးခံရတဲ့ကုမ္ပဏီတွေကတော့ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ကို အခြေခံဖွဲ့စည်းထားသော မြန်မာ့လယ်ယာစီးပွား အများပိုင်ကော်ပိုရေးရှင်း (MAPCO)၊ မြန်မာနိုင်ငံ ဆန်စက်အသင်းကို အခြေခံဖွဲ့စည်းထားတဲ့ Myanmar Rice Mill Co., Ltd. ၊ မြန်မာနိုင်ငံ ဆန်ကုန်သည်အသင်းကို အခြေခံဖွဲ့စည်းထားတဲ့ FRP ၊ ကုန်သည်စက်မှုလုပ်ငန်းရှင်များအသင်းကို အခြေခံဖွဲ့စည်းထားတဲ့ Golden Land East Asia ၊ မန္တလေးတိုင်း ဆန်ကုန်သည်အသင်းကို အခြေခံဖွဲ့စည်းထားတဲ့ MRDC၊ ဘုရင့်နောင်လုပ်ငန်းရှင်များ ဖွဲ့စည်းထားတဲ့ကုမ္ပဏီ၊ ဧရာဝတီတိုင်းဒေသကြီးလုပ်ငန်း အခြေပြု ဧရာပုသိမ်ကုမ္ပဏီ၊ မူဆယ်လုပ်ငန်းရှင်များ တည်ထောင်ထားတဲ့ (SPRDC) နဲ့ ရခိုင်ဆန်စပါးကုမ္ပဏီတို့လို့သိရပါတယ်။ ဒီနေရာမှာ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦး ပြောတာကိုလည်း မှတ်သားရမှာဖြစ်ပါတယ်။ “တရုတ်နိုင်ငံရဲ့ တရားဝင်ဝယ်ယူသော ဆန်အရည်အသွေးသတ်မှတ်ချက်များဟာ တော်တော် များတာဖြစ်တဲ့အတွက် ဥရောပနိုင်ငံများကို တင်ပို့ရတာထက်ပင် ခက်ခဲနိုင်တယ်” ဆိုတာကိုပါ။

အစိုးရသစ်လက်ထက် ၂၀၁၂ ခုနှစ်က အင်ဒိုနီးရှားနိုင်ငံမှ မြန်မာ့ဆန်တန်ချိန် ၅ သိန်းဝယ်ယူဖို့ နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး အရောင်းအဝယ်ဖြစ်ခဲ့ဖူးပါတယ်။ ဒါပေမယ့် ပထမဆုံးတင်ပို့တဲ့ဆန်များမှာ သတ်မှတ်အရည်အသွေးမမီတဲ့၊ ညံ့တဲ့ဆန်တန်ချိန် ၇၀၀ ပါခဲ့တာကြောင့် ပြဿနာဖြစ်ခဲ့ပြီး ထပ်မံတင်ပို့ခွင့်မပြုတော့ဘဲ စာချုပ်ဖျက်ခဲ့ရတဲ့ သင်ခန်းစာရှိခဲ့တာကိုလည်း ပြန်လည်မှတ်သားသတိရစေချင်ပါတယ်။ ဒါကလည်း အရောင်းအဝယ်ရဲ့ဖြစ်တတ်တဲ့ သဘောတရားတစ်ခုပါ။ ကိုယ်ကဝယ်ရင်လည်း ပစ္စည်းကောင်းမှသန့်မှ တာရှည်အသုံးပြုခံမှ စားစရာဆိုရင်လည်း သန့်ရှင်းမှ၊ လတ်ဆတ်မှဆိုတာတွေ စဉ်းစားတွေးခေါ် ရွေးချယ်ဝယ်ယူကြတာပါ။ ဒါဖြင့် ကိုယ်ကရောင်းလို့ အခြားသူ သို့မဟုတ် နိုင်ငံကဝယ်မယ်ဆိုရင်ကော ကိုယ်စဉ်းစား သလို ကိုယ်ရွေးချယ်သလို ဝယ်ယူကြမှာဆိုတာ မလွဲနိုင်ပါဘူး။ တည့်တည့်ပြောရရင် ကိုယ်ဝယ်ယူသလို သူတို့လည်း ဝယ်ယူချင်မှာပဲဆိုတဲ့ ကိုယ်ချင်းစာတရား တစ်ခု ထားကြဖို့လိုပါလိမ့်မယ်။

ယခုအနေအထား တရုတ်နိုင်ငံက တရားဝင်ဝယ်မယ့် ဆန်တန်ချိန်တွေထဲက ဦးစွာပင်လယ်ရေကြောင်းမှ တန်ချိန် တစ်သိန်း၊ နယ်စပ်ကုန်သွယ်ရေးက တန်ချိန် တစ်သိန်းစတင်ဝယ်ယူတော့မှာဖြစ်ပါတယ်။ အဲဒီမှာ ကွာဟချက်ကလေးတွေ သွားတွေ့နေရပါတယ်။ နယ်စပ်ကနေသွားရင် ဥပမာ-ဆန်တစ်တန် ကန်ဒေါ်လာ ၄၀၀ ဆိုရင် (FOB) ဆို ကန်ဒေါ်လာ ၄၃၀ လောက်ဆိုတာကွာတယ်။ နယ်စပ်ကကားနဲ့ပို့ရင် တစ်တန်ကို ကန်ဒေါ်လာ ၁၀ လောက် ပိုကုန်မှာဆိုတော့ ဒီနှစ်ခုတင်ပို့မှုမှာကို ကန်ဒေါ်လာ ၂၀ လောက် ကွာဟမှုဆိုတာရှိနေတာကိုလည်း သုံးသပ်တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံဘက်က ရွေးချယ်တင်ပို့ထားတဲ့ ကုမ္ပဏီ ၉ ခုထဲက ဘယ်ကုမ္ပဏီကို တရုတ်ဘက်က ရွေးချယ်မလဲဆိုတာ မသိရသေးပေမယ့် လက်ရှိသဘောတူညီထားချက်အရ ဆန်များတင်ပို့ရတော့မှာ ဖြစ်ပါတယ်။

ပြည်ပသို့ ဆန်တင်ပို့ရောင်းချနေသူ ဦးမျိုးသူရအေးကတော့ ပြောပါတယ်။ “ဘယ်ကုမ္ပဏီကပဲရရ ရတဲ့ကုမ္ပဏီတွေကပို့ဖို့ ပထမဆုံးသွားတာဖြစ်တဲ့အတွက် တင်ပို့ဖြစ်ဖို့သာ အရေးကြီးပါတယ်” ဆိုတာကိုပါ။ ဒါကလည်း အမှန်တရားပါ၊ တင်ပို့ခွင့်ရရှိတဲ့အချိန်မှာ ကိုယ့်ဘက်က တင်ပို့နိုင်ဖို့ပဲလိုပါတယ်။ သတ်မှတ်အရည်အချင်းပြည့်မီစွာဖြင့် အောင်မြင်တဲ့တင်ပို့မှုဖြစ်ဖို့တော့လိုပါလိမ့်မယ်။ ဒီစာစုအစမှာ တင်ပြထားသလို တရုတ်နိုင်ငံက လိုနေတာ၊ ခန့်မှန်းတွက်ချက်မှုအရဆိုရင် ငါးသန်း၊ ယခုထိုင်းနိုင်ငံက တန်ချိန်နှစ်သန်း မြန်မာနိုင်ငံက ဆန်တန်ချိန် တစ်သန်း၊ ပေါင်းသုံးသန်းပဲရှိပါသေးတယ်။ အမှန်တကယ် သူ့ရဲ့လိုနေတာထက် လျော့နည်းနေတာဖြစ်တဲ့အတွက် လိုနေဦးမှာပါ။ အိမ်နီးချင်းနိုင်ငံရဲ့ လူဦးရေအနေအထား အရလည်း နှစ်စဉ်လိုနေမယ်ဆိုတာ ခန့်မှန်းတွက်ချက်ရပါတယ်။ ဦးမျိုးသူရအေး ပြောသလို အောင်မြင်စွာ ပို့ဖြစ်၊ တင်ဖြစ်လို့ကတော့ ရာသက်ပန်ဖောက်သည်ဖြစ်သွားနိုင်တဲ့ အနေအထား အလားအလာကောင်းတွေ တွေ့နေရပြီဖြစ်ပါတယ်။

ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကို သွားနေတဲ့အချိန်မှာ လယ်ယာစိုက်ပျိုးရေးကိုအခြေခံတဲ့ မိခင်နိုင်ငံမှာ လယ်ယာထွက်ကုန်သီးနှံများရဲ့ ပြည်တွင်းစားသုံးလို့ ပိုလျှံနေတဲ့ အသီးအနှံတွေဟာ ကိုယ့်နိုင်ငံအတွက် နိုင်ငံခြားဝင်ငွေရရှိစေမယ့် သားချော၊ သမီးလှများဖြစ်ပါတယ်။ သားချောမှ ချွေးမလှလှရသလို သမီးလှမှလည်း အရည်အချင်းကောင်းတဲ့ သားမက်များရရှိမှာဖြစ်ပါတယ်။ ဆိုလိုချင်တာက Export လုပ်တဲ့သီးနှံများမှာ Quality အရည်အသွေးမီဖို့ လိုတယ်လို့ပြောချင်တာပါ။

နိုင်ငံတော်အစိုးရဘက်က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့က အရောင်းအဝယ်ဆိုတဲ့ လယ်ယာမြေကောင်းမှာ တရားဝင်ဆန်တင်ပို့မှုဆိုတဲ့ မျိုးစေ့ကို ချထားစိုက်ပျိုးနိုင်အောင် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ လယ်ယာမြေလည်းကောင်းတယ်။ မျိုးစေ့ကောင်းလည်း ရှာဖွေပေးထားတယ်။ အောင်မြင်အောင် လုပ်ဆောင်ကြဖို့ပဲလိုပါတော့တယ်။ မြန်မာ့ဆန်တန်ချိန် ၁ သန်းကို တရုတ်နိုင်ငံဘက်ကဝယ်မယ်။ အဆိုပြုထားတဲ့ ကုမ္ပဏီ ၉ ခုထဲက ဘယ်ကုမ္ပဏီပဲရရ တင်ပို့ခဲ့ရင် တစ်ခါဆက်ဆံ ဆယ်ခါလံတဲ့၊ ဖောက်သည်ပျက်တဲ့၊ ဈေးကွက်မဲ့တဲ့ အနေအထားဆိုတာတွေ မဖြစ်ရအောင် ပြည်ပပို့ကုန် Export လုပ်တဲ့ ကုန်ပစ္စည်းများ သတ်မှတ်အရည်အချင်း Quality ကောင်းဖို့ လိုတယ်ဆိုတာ သတိချပ်သင့်ကြောင်းပါ။

“မြန်မာ့ဆန် . . တရုတ်သွား၊ မြို့လား . . အောင်မြင်ပါစေ”




# ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(JICA)၊ မြန်မာ-ဂျပန် စင်တာ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဗဟိုဌာန (MJC)မှ အထူးဟောပြောပွဲအခမ်းအနား လားရှိုးမြို့တွင်ကျင်းပ

| ဝင်းမြင့်ဦး-လားရှိုး |

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်မှုအေဂျင်စီ (JICA)တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် တည်ထောင်သည့် မြန်မာ-ဂျပန် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု ဗဟိုဌာန (MJC)မှ အထူးဟောပြောပွဲတစ်ရပ်အား ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့၊ ရွှေဖူးစာခန်းမတွင် ဇန်နဝါရီလ ၂၇ ရက်မှ ၂၈ ရက်အထိ ကျင်းပပြုလုပ်ခဲ့ပါတယ်။ အထူးဟောပြောပွဲ ပထမနေ့ဖြစ်တဲ့ ၂၇ ရက်နေ့ အခမ်းအနားဟာ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့မှ ကုန်သည်အသင်းအဖွဲ့များနဲ့ ကုန်သည်လုပ်ငန်းရှင်များအတွက် ရည်ရွယ်တဲ့ အထူးဟောပြောပွဲဖြစ်ပြီး၊ ယင်းအခမ်းအနားသို့ တွဲဖက်ပြည်နယ်ဦးစီးမှူး၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနနဲ့ ဝန်ထမ်းများ၊ တွဲဖက်ပြည်နယ်/ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)ကုန်သည်များနဲ့ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ လားရှိုးလက္ကားကုန်စည်ဒိုင်ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ဒေသခံကုန်သည်လုပ်ငန်းရှင်များ၊ ကုမ္ပဏီများမှ ဝန်ထမ်းမိသားစုများ၊ အခြားဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ စုစုပေါင်း ၈၀ ဦး တက်ရောက်ခဲ့ကြပါတယ်။

အထူးဟောပြောပွဲ အခမ်းအနားစတင်လျှင် ရှမ်းပြည်နယ် (မြောက်ပိုင်း)ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဒေးဗစ်က အဖွင့်အမှာစကားပြောကြားပြီး၊ (MJC)မြန်မာ-ဂျပန်စင်တာ Business Manager ဒေါက်တာသန်းသန်းအောင်မှ MJC အခမ်းအနားသို့တက်ရောက်လာသူများအား အထူးဟောပြောပွဲပို့ချမည့် Japan Expert, Mr. Makato TAKEI နှင့် မိတ်ဆက်ပေးခဲ့ပါတယ်။ ထို့နောက် Mr. Makato TAKEI မှ "Change and Chance" ခေါင်းစဉ်ဖြင့် ဟောပြောပို့ချပေးခဲ့ပါတယ်။

(MJC) ပထမနေ့ အထူး ဟောပြောပွဲရဲ့ ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံက ယခုနှင့်နောင် ကာလများတွင် ရင်ဆိုင်ကြုံတွေ့နေရသော အပြောင်းအလဲများကို စိန်ခေါ်ခြင်းနှင့် အသုံးချခြင်း ပြုလုပ်နိုင်ရန်အတွက် စီးပွားရေး အိုင်ဒီယာအသစ်များကို ဖန်တီးဖော်ထုတ်နိုင်ရန်ဖြစ်ပါတယ်။

အထူးဟောပြောပွဲမှာ Japan Expert, Mr. Makato TAKEI မှ ယင်းနေ့ နံနက်ပိုင်းနှင့် ညနေပိုင်းတို့၌ Power Point ဖြင့် ဟောပြောခဲ့ရာမှာ အပြောင်းအလဲနှင့် အခွင့်အလမ်း ဆွေးနွေးပွဲခေါင်းစဉ်ပါ ပြောင်းလဲနေတဲ့ ခေတ်အတွက် စီးပွားရေးအိုင်ဒီယာများ၊ သင်၏ လုပ်ငန်းအတွက် ပြုပြင်ပြောင်းလဲမှုများနဲ့ အခွင့်အလမ်းများ၊ အပြောင်းအလဲဖြစ်ပေါ်ခြင်း၊ အနာဂတ်အတွက်အပြောင်းအလဲ၊ အပြောင်းအလဲအကြောင်းစဉ်းစားရန် အရေးကြီးခြင်း၊ မြန်မာပြည်တွင် ဖြစ်ပေါ်နေသော ပြောင်းလဲမှုများကို ရေးမှတ်ခြင်းပြုလုပ်သည့် Work Shop, Analysis လုပ်ရာတွင် Grouping ကို အသုံးပြုခြင်း၊ MECE ဖြစ်အောင်ပြုလုပ်ရမည့်အချက်များ၊ PESTEL Analysis နှင့် P,N,F , Brain Storming, Fish Bone Diagram အကြောင်းစသည်တို့ကိုဟောပြောပို့ချပေးပြီး၊ အထူးဟောပြောပွဲသို့ တက်ရောက်လာသူများမှ မရှင်းလင်းသည့်အချက်များကို Mr. Makoto TAKEI မှ ပြန်လည် ဆွေးနွေးရှင်းလင်း ပြောကြားခဲ့ပါတယ်။

ထို့နောက် ညနေ ၅နာရီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဒေးဗစ်က အထူးဟော ပြောပွဲအခမ်းအနား နိဂုံးချုပ် အမှာစကားပြောကြားပြီး၊ ပထမနေ့ အထူးဟောပြောပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့ပါတယ်။

၂၇ ရက်နေ့ ညနေပိုင်းတွင် (MJC) မြန်မာ-ဂျပန်စင်တာအဖွဲ့မှ Chief Advisor Mr. Morimasa KANAMARU သည် လားရှိုးမြို့၊ ရပ်ကွက်-၃ရှိ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၊ အလုပ်အမှုဆောင် ဒေါ်ရီရဲ့ စိန်မိသားစုပွဲရုံသို့ သွားရောက်ပြီး ပွဲရုံသိုလှောင်ရုံတွင် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချမည့် အစေ့ထုတ်ပြောင်းများအား တရုတ်နိုင်ငံမှ ကုန်ဝယ်သူ၏ Marking ပါ 25 Kgs အိတ်များအဖြစ် ပြန်လည် သန့်စင်ထုပ်ပိုးနေမှု အခြေအနေ၊ ပွဲရုံသို့ ကျေးရွာတောင်သူများမှ လာရောက်ရောင်းချသည့် ပြောင်းများအား ချိန်တွယ်ဝယ်ယူနေမှု အခြေအနေ၊ တောင်သူများသို့ ပွဲရုံမှ မျိုး၊ သွင်းအားစုနဲ့ ငွေကြေးအရင်းအနှီးများ စိုက်ထုတ်ကူညီပေးနေမှု အခြေအနေ၊ ပြောင်းဈေးကွက်မှာ ဖြစ်ပေါ်နေတဲ့ ရောင်းလိုအား ဝယ်လိုအား အခြေအနေများ၊ ဈေးနှုန်းဈေးကွက် အခြေအနေများ တောင်သူ၊ ပွဲစားနဲ့ပွဲရုံများ၏ ငွေကြေးအကျိုးအမြတ်ရရှိမှုအခြေအနေ၊ တရုတ်နိုင်ငံသို့ တင်ပို့ ရောင်းချရာမှာ ဈေးကွက်ရဲ့ ဝယ်လိုအားအရ ပြောင်းတင်ပို့ရောင်းချရာမှ အကျိုးအမြတ်ရရှိမှုအခြေအနေ၊ ပြောင်းဈေးကွက်မှာ တွေ့ကြုံ နေရတဲ့ လုပ်ငန်းအခက်အခဲများ စသည်တို့ကို ကွင်းဆင်းဆွေးနွေး လေ့လာမှုများ ပြုလုပ်ခဲ့ကြပါတယ်။

MJC မြန်မာ-ဂျပန်စင်တာအဖွဲ့မှ ဒုတိယနေ့အထူးဟောပြောပွဲကို ဇန်နဝါရီ ၂၈ ရက်နေ့ နံနက်ပိုင်း တွင် လားရှိုးမြို့၊ ရပ်ကွက် ၃၊ ရွှေဖူးစာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ယင်းအခမ်းအနားသို့ တွဲဖက်ပြည်နယ်ဦးစီးမှူး၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနနှင့် ဝန်ထမ်းများ၊ လားရှိုးမြို့မှ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ လားရှိုး လက်ကားကုန်စည်ဒိုင် အလုပ်အမှုဆောင်များ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် ကုမ္ပဏီများမှ ဝန်ထမ်းမိသားစုများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များစသည်ဖြင့် စုစုပေါင်း ၆၀ ဦး တက်ရောက်ခဲ့ကြပါတယ်။

ယင်းအခမ်းအနားတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာန၊ တွဲဖက်ပြည်နယ်ဦးစီးမှူး ဦးဝင်းမြင့်ဦးမှ အဖွင့်အမှာစကားပြောကြား ခဲ့ပါတယ်။ ထို့နောက် MJC အဖွဲ့မှ Chief Advisor Mr. Morimasa KANAMARU မှ MJC အား မိတ်ဆက်နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပြီး၊ အခမ်းအနား အစီအစဉ်အရ (MJC)အဖွဲ့မှ Mr .Makoto TAKEI, က Creative Thinking for Policy Making ခေါင်းစဉ်ဖြင့် ဟောပြောပို့ချခဲ့ပါတယ်။

MJC ဒုတိယနေ့ အထူးဟောပြောပွဲရဲ့ ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံရဲ့ အခြေအနေ ပြောင်းလဲသွားသဖြင့် လွတ်လပ်ခွင့်ပိုမိုရရှိလာခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်မှုရှိလာခြင်းကြောင့် အဆိုပါအပြောင်းအလဲများကို ရင်ဆိုင်နိုင်ရန်အတွက် ပေါ်လစီအသစ်များ ချမှတ်ရန် လိုအပ်လာခြင်းနှင့် ပေါ်လစီအသစ်များသည် ယခင်ပေါ်လစီများနှင့် အတော်အတန် ကွဲပြားခြားနားမှုရှိသဖြင့် တီထွင်ကြံဆသော နည်းလမ်းများဖြင့် စဉ်းစားခြင်းများ ပြုလုပ်နိုင်ရန်ဖြစ်ပါတယ်။

အထူးဟောပြောပွဲမှာ ဟောပြောပို့ချခဲ့တာကတော့ ပေါ်လစီချမှတ်ရာတွင် တီထွင်ဖန်တီးမှုရှိသောတွေးခေါ်မှု၏ အရေးပါမှု ပေါ်လစီချမှတ် သည့်ဖြစ်စဉ်၊ အိုင်ဒီယာအသစ်နှင့် အိုင်ဒီယာကောင်းများ၊ Brain Storming အကြောင်း၊ လယ်ယာထုတ်ကုန်များ၏ Value Chain ပုံစံများ၊ Grouping လုပ်ရန်အတွက် ကုန်ပစ္စည်းအမျိုးမျိုးကို အသုံးချခြင်း၊ Metaphorical Thinking, Mind Map, အခြား Process များအတွက် အခြားသော Thinking Methodology များကိုလေ့လာခြင်း၊ မြန်မာနိုင်ငံတွင် အဓိကစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချလျက်ရှိသော စပါးများနဲ့ပတ်သက်ပြီး စပါးစိုက်ပျိုးသည်မှစ၍ ပြည်တွင်း/ပြည်ပ သို့တင်ပို့ရောင်းချသည့်အဆင့်အထိ (Supply Chain) ဖြစ်စဉ် တစ်ခု လုံးအပေါ်တွင် သုံးသပ်ဆွေးနွေးခြင်းစသည်တို့ကို နံနက်ပိုင်းနဲ့ညနေပိုင်းတို့မှာ ဟောပြောပို့ချခဲ့ပေးပြီး အထူးဟောပြောပွဲသို့တက်ရောက်လာသူများမှ မရှင်းလင်းသည့်အချက်များကို Mr. Makoto TAKEI မှ ပြန်လည် ဆွေးနွေးရှင်းလင်းပြောကြားခဲ့ပါတယ်။

ထို့အတူ ဇန်နဝါရီ ၂၈ ရက်နေ့ နံနက်မှာ MJC အဖွဲ့မှ Chief Advisor Mr. Morimasa KANAMARU သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ဒုဥက္ကဋ္ဌ ဦးမောင်ဝင်းနဲ့အတူ လားရှိုးမြို့အဝင်ရှိ ဦးမောင်ဝင်းပိုင်ဆိုင်သည့် ရွှေမြင်းနှစ်ကောင် ခေါက်ဆွဲထုတ်လုပ်ရေးစက်ရုံမှ ခေါက်ဆွဲမျိုးစုံထုတ်လုပ်မှု အခြေအနေများကို သွားရောက်ကြည့်ရှုလေ့လာခဲ့ပြီး ခေါက်ဆွဲထုတ်လုပ်မှုနဲ့ပတ်သက်ပြီး ဦးမောင်ဝင်းနဲ့ အပြန်အလှန် ဆွေးနွေးခဲ့ပါတယ်။

ဆက်လက်၍ လားရှိုးကုန်စည်ဒိုင် အတွင်းရေးမှူး ဦးသောင်းဟန်နှင့်အတူ လားရှိုးမြို့၊ ရပ်ကွက်-၅ ရှိ ဦးရန်ရှင်းဝမ်နေအိမ်၌ သစ်ခွကိုင်းများအား (Value Added) ပြုပြင်ပြီး ဆေးဖက်ဝင် သစ်ခွများအဖြစ် အလုံးများပြုလုပ်၍ တစ်ဖက်နိုင်ငံသို့ တင်ပို့ရောင်းချနေမှုအခြေအနေကိုလည်းကောင်း၊ လားရှိုးမြို့ ရပ်ကွက်-၁ ဆင်နှစ်ကောင် သွပ်ပြားစက်ရုံသို့လည်းကောင်း၊ ရပ်ကွက်-၅ ရှိဆင်နှစ်ကောင် ဖယောင်းတိုင်ထုတ်လုပ်ရေးလုပ်ငန်းသို့ သွားရောက်၍ (SMEs) လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေကိုလည်းကောင်း၊ ရပ်ကွက်-၅ ရှိ ရှစ်ဧကအကျယ်အဝန်းပေါ်မှာ စိုက်ပျိုးထားတဲ့ နဂါးမောက်စိုက်ခင်းသို့လည်းကောင်း၊ သုံးဧကအကျယ်အဝန်းတွင် စိုက်ပျိုးထားသည့် သစ်ခွစိုက်ခင်းသို့လည်းကောင်း၊ သွားရောက်ကွင်းဆင်းကြည့် ရှုလေ့လာပြီး ဈေးနှုန်းဈေးကွက် အခြေအနေ၊ ရင်းနှီးမြှုပ်နှံထားမှု၊ တင်ပို့ရောင်းချမှုနှင့်စိုက်ခင်းများမှ အကျိုးအမြတ်ရရှိမှု အခြေအနေတို့ကို တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။

ထို့နောက် ယင်းနေ့ညနေပိုင်းတွင် Mr. Makoto TAKEI မှ အထူး ဟောပြောပွဲသို့ တက်ရောက်လာသူ များအား MJC Certificate များကို တစ်ဦးချင်းပေးအပ်ခဲ့ပါတယ်။ ထို့နောက် ညနေ ၁၇း၀၀နာရီတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဒေးဗစ်မှ အထူးဟောပြောပွဲအခမ်းအနား နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပြီး၊ ဒုတိယနေ့ အထူးဟောပြောပွဲ အခမ်းအနားကို ရုပ်သိမ်းခဲ့ပါကြောင်း သိရပါတယ်။

## ပြောင်း

### ပြောင်းတင်ပို့မှု လျော့ကျ

ဇန်နဝါရီလ နောက်ဆုံးသီတင်းပတ်မှာ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်း တို့မှ ကန်ဒေါ်လာ ၈ ဒသမ ၇၄၃ သန်းတန်ဖိုးရှိပြောင်းတန်ချိန် ၃၁၂၂၆ တန် တင်ပို့ခဲ့ပါတယ်။

ယခင်သီတင်းပတ်က မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်စခန်း သုံးခုမှ ပြောင်း ၃၆၅၅၂ တန်ကျော်ထိ တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ်မှာ ပြောင်းတင်ပို့မှု ၅၃၂၆ တန်ကျော် လျော့နည်းသွားခဲ့ပါတယ်။ ယခုသီတင်းပတ်မှာ လွယ်ဂျယ်နဲ့ ကန်ပိုက်တီးစခန်းက ပြောင်းတင်ပို့မှုမရှိခဲ့ပါဘူး။ မူဆယ်ကုန်စည်ဒိုင်မှာတော့ ပြောင်းတစ်တန်ရဲ့ မိမိဘက်ဈေးဟာ ယခုတစ်ပတ်မှာ ၂၇၇၂၉၅ ကျပ်ရှိပြီး ယခင်တစ်ပတ်က ၂၇၈၂၀၇ ကျပ်ရှိတာမို့ ပြောင်းဈေးလည်း အနည်းငယ်လျော့ကျသွားတာ တွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ တရုတ်ဘက်က ဝယ်လက်ပုံမှန်ရှိပေမယ့် ပစ္စည်းအဝင်လျှိုင်တာကြောင့် ဈေးကျဆင်းနေရတာဖြစ် ပါတယ်။ ဇန်နဝါရီလ တစ်လလုံး တရုတ်နယ်စပ်မှ ပြောင်းတန်ချိန် ၁၂၁၃၄၃ တန်ကျော် တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင် MIRT (DCCA)**

### တရုတ်နိုင်ငံသို့ ပြောင်းကြိတ်ဖတ်တင်ပို့

တရုတ်နိုင်ငံမှာ တိရစ္ဆာန်အစာအတွက် အသုံးပြုတဲ့ ပြောင်းကြိတ်ဖတ်မှုန့်ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလအတွင်း ကန်ဒေါ်လာ ၂၀၆၀၉ ဖိုးတင်ပို့ခဲ့ပါတယ်။ တန်ချိန်အားဖြင့်တော့ ၂၁၀ တန်ခွဲဖြစ်ပါတယ်။အနီးစပ်ဆုံးကာလဖြစ်တဲ့ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှာ ၃၀၈ တန်ခွဲတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင် MIRT (DCCA)**

## ဝဥ

### တရုတ်ပြည်ကို ပုံမှန်တင်ပို့နိုင်တဲ့ ဝဥခြောက်

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှာ ကန်ဒေါ်လာ သုည ဒသမ ၃၂၄ သန်းတန်ဖိုးရှိ ဝဥခြောက် ၁၇၅ တန်ခွဲ တင်ပို့ခဲ့ပါတယ်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှာတော့ ဝဥခြောက် ၄၈၁ တန်ခွဲနဲ့ ဝဥအစို ၁၅ တန် တင်ပို့နိုင်ခဲ့တာ တွေ့ရပါတယ်။ ဝဥကို မန္တလေးမှ မူဆယ်မြို့၊ မူဆယ်မှ တစ်ဆင့် တရုတ်ဈေးကွက်သို့ ပုံမှန်တင်ပို့နေရတယ်လို့ မူဆယ်ကုန်စည်ဒိုင်မှ သိရပါတယ်။ "ဝ"ဥ တင်ပို့မှုအနေနဲ့ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်အထိ ပင်လယ်ရေကြောင်းနဲ့ နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းများမှ စုစုပေါင်း တန်ချိန် ၃၅၂၅ တန်တင်ပို့ထားပြီးဖြစ်ပါတယ်။

ဈေးကွက်အသင့်အတင့်ရှိပြီး ဈေးနှုန်းလည်းကောင်းမွန်တဲ့ "ဝ"ဥ စိုက်ပျိုးထုတ်လုပ်မှုကို ယခုထက်တွင်ကျယ်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်သူများ အတွက် အပိုဝင်ငွေရရှိပြီး လူမှုဘဝမြှင့်တင်နိုင်မှာဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် ဈေးကွက်ချိတ်ဆက်ဆောင်ရွက် ရန်လိုအပ်လျက်ရှိကြောင်း၊ "ဝ" ဥ နှင့်ပတ်သက်၍ အခြောက်ခံခြင်း၊ ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်း စသည့်လုပ်ငန်းအဆင့်ဆင့်အား နည်းစနစ်ကျစွာ ဆောင်ရွက်ပေးနိုင်ပါက "ဝ" ဥ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သကဲ့သို့ ဈေးလည်းပိုမိုရရှိလာမည်ဖြစ်ပါကြောင်း ဖေဖော်ဝါရီ ၄ ရက်က ကျင်းပသည့် ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း နေ့စဉ်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

**မော်မော်အောင် MIRT (DCCA)**

## ဝါ

### ငွေချည်-၆- ဝါဂွမ်း တန်ချိန် လေးထောင်ကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ကနေ၂၀၁၄ ခုနှစ် မတ်လဆန်းမှစတင် တင်ပို့ခဲ့ရာမှာ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှာတော့ ကန်ဒေါ်လာ ၉ ဒသမ ၆၄၆ သန်းတန်ဖိုးရှိ ငွေချည်-၆-ဝါဂွမ်း ၄၃၈၄ တန်ခွဲကို တင်ပို့နိုင်ခဲ့ပါတယ်။

အနီးစပ်ဆုံး ဒီဇင်ဘာလမှာ ၂၈၇၂ တန်သာတင်ပို့ခဲ့တာတွေ့ရပါတယ်။ ငွေချည်(၆) ဝါမျိုးကို တံတားဦးမြို့နယ် ပြုကန်ကျေးရွာမှာ ကန်ရေသွင်းပြီး စိုက်ပျိုးကြကြောင်း၊ ဝါသီးနှံဈေးကွက်မှာ အမျိုးအစားအလိုက် ဈေးနှုန်းကွာခြားပေမယ့် အမျိုးအစားကောင်း ဝါထိပ်စ ၁ ပိဿာ ၈၅၀ ကျပ်မှ ၉၀၀ ကျပ်၊ လတ်စ ၇၅၀ ကျပ်နဲ့ အောင်စ ၆၅၀ ကျပ်ထိဈေးရှိကြောင်း ဝါစိုက်တောင်သူတစ်ဦးထံမှ သိရပါတယ်။

**မော်မော်အောင် MIRT (DCCA)**

## ရော်ဘာ

### ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဇန်နဝါရီလအတွင်း ရော်ဘာတန် ၁၈၅၀ ကျော်တင်ပို့

ဇန်နဝါရီ ၂၅ ရက်မှ ၃၁ ရက်ထိ ကာလအတွင်းမှာ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ကန်ဒေါ်လာ သုည ဒသမ ၃၁၇ သန်းဖိုးရှိရော်ဘာ ၂၃၂ တန်တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ မလေးရှားတစ်နိုင်ငံတည်းကို RSS 3 တစ်မျိုးတည်း တင်ပို့ခဲ့တာဖြစ်ပြီး ယခင်တစ်ပတ်တင်ပို့မှုထက် ၁၈၄ တန်ခန့် လျော့နည်းခဲ့ပါတယ်။

ဇန်နဝါရီလ တစ်လလုံးအတွင်းမှာတော့ ကန်ဒေါ်လာ ၂ ဒသမ ၃၉၂ သန်းဖိုးရှိ ရော်ဘာ ၁၈၅၈ တန်ကျော် တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး ဒီဇင်ဘာလနဲ့ နှိုင်းယှဉ်ပါက ၁၁၅၇ တန်လျော့နည်းခဲ့ပါတယ်။ နိုင်ငံတကာရော်ဘာဈေးများ ကျဆင်းတဲ့အတွက် မြန်မာ့ရော်ဘာလည်း ဈေးကောင်းမရဘဲ တင်ပို့မှုလည်း လျော့ကျခဲ့တာဖြစ်ပါတယ်။

နိုင်ငံတကာရော်ဘာဈေးများ ယခုတစ်ပတ်မှာ အတက်အကျ သိပ်မရှိတဲ့အတွက် မြန်မာ့ရော်ဘာဈေးလည်း မပြောင်းလဲဘဲ ယခင်တစ်ပတ်အတိုင်းရှိနေတယ်လို့ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်းက ထုတ်ပြန်ထားပါတယ်။ အသင်းက ထုတ်ပြန်ထားတဲ့ ဈေးနှုန်းများကို ဖော်ပြပေးလိုက်ပါတယ်-

| | | |
|---|---|---|
| **RSS 1** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၄၀၀-၁၅၀၀** |
| **RSS 2** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၃၅၀-၁၄၅၀** |
| **RSS 3** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၃၀၀-၁၄၀၀** |
| **RSS 4** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၂၅၀-၁၃၅၀** |
| **RSS 5** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၂၀၀-၁၃၀၀** |
| **MSR 10** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၃၀၀-၁၄၀၀** |
| **MSR 20** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၂၅၀-၁၃၅၀** |
| **MSR 50** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၁၅၀-၁၂၅၀** |
| **Crepe Rubber** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၁၀၀-၁၂၀၀** |

ယဉ်ယဉ်အေး MIRT (DCCA)

# ရော်ဘာဈေးကျသလို တင်ပို့မှုလည်း လျော့ကျ

ဇန်နဝါရီလနောက်ဆုံးပတ်မှာ မြန်မာ-တရုတ်နယ်စပ်စခန်းများဖြစ်တဲ့ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေး ဇုန်နဲ့ ချင်းရွှေဟော်စခန်းတို့မှ ကန်ဒေါ်လာ ၁ ဒသမ ၀၁၄ သန်းဖိုးရှိ ရော်ဘာ ၇၃၉ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ၉၅၃ တန်ကျော်တင်ပို့နိုင်ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၁၄ တန် လျော့နည်းခဲ့ပါတယ်။ တင်ပို့မှုများမှာ မူဆယ် (၁၀၅) မိုင်မှ RSS-3 ၅၂၉ တန်ကျော်နဲ့ ချင်းရွှေဟော်မှ MSR-20 တန် ၂၁၀ ဖြစ်ပါတယ်။

ဇန်နဝါရီလတစ်လလုံးမှာ မူဆယ်(၁၀၅)မိုင်နဲ့ ချင်းရွှေဟော်စခန်းမှ ကန်ဒေါ်လာ ၄ ဒသမ ၀၂၅ သန်းဖိုးရှိ ရော်ဘာ ၂၉၁၅ တန် တင်ပို့ခဲ့ပါတယ်။ အနီးစပ်ဆုံး ဒီဇင်ဘာလက ၇၅၃၃ တန်တင်ပို့ခဲ့လို့ ယခုလမှာ ၄၆၁၈ တန် လျော့နည်းသွားတာ တွေ့ရပါတယ်။ ယခင်လက တင်ပို့မှုရှိခဲ့တဲ့ တာချီလိတ်၊ မြိတ်နဲ့ လွယ်ဂျယ်စခန်းများမှ ယခုလမှာ တင်ပို့မှုမရှိခဲ့တဲ့အတွက်လည်း အပို့ကျခဲ့ပါတယ်။

ယခုတစ်ပတ်မှာ ရော်ဘာတင်ပို့မှုလျော့ကျသလို ရော်ဘာဈေးလည်းကျဆင်းသွားကြောင်း မူဆယ် ကုန်စည်ဒိုင်မှ သိရှိရပါတယ်။ ယခုတစ်ပတ်နဲ့ ယခင်တစ်ပတ်ဈေးနှုန်းများ နှိုင်းယှဉ်ဖော်ပြပေးလိုက်ပါတယ်-

| | မိမိဘက်(ကျပ်/တန်) | | | | တစ်ဖက်နိုင်ငံ(ဒေါ်လာ/တန်) | | | |
|---|---|---|---|---|---|---|---|---|
| | ယခု | ယခင် | ပြောင်းလဲမှု | ရာခိုင်နှုန်း | ယခု | ယခင် | ပြောင်းလဲမှု | ရာခိုင်နှုန်း |
| RSS 3 | ၁၄၆၇၄၅၉ | ၁၄၇၂၂၈၆ | ၄၈၂၇ ▽ | ၀. ၃၃ | ၁၄၄၀ | ၁၄၄၆ | ၆ ▽ | ၀. ၄၂ |

ယဉ်ယဉ်အေး MIRT (DCCA)



## ပရဆေး

### ပရဆေးကုန်ကြမ်း အမယ်စုံ တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ နောက်ဆုံးပတ်မှာ ကန်ဒေါ်လာ ၁ ဒသမ ၁၄၄ သန်းတန်ဖိုးရှိပရဆေးကုန်ကြမ်း ၅၂၀ တန်ခွဲကို တင်ပို့နိုင်ခဲ့ပါတယ်။ တင်ပို့တဲ့ ပရဆေးကုန်ကြမ်းအမယ်တွေကတော့ ချဉ်ပေါင်ဖာလာ (အခွံပါ/မပါ)၊ သီဟိုဠ်စေ့၊ မိကျောင်းကွမ်းဖတ်စေ့၊ ကြောင်ပန်းစေ့၊ ကြောင်လျှာစေ့၊ နေလဲစေ့၊ တောဂျင်း၊ တောဂျုံးမြစ်၊ နန္ဒင်းတက်၊ ဝဥခြောက်၊ မာလာဥ၊ စကားပန်းပွင့်ခြောက်၊ ကွမ်းသီးခွံ၊ နာနတ်လျှော်၊ တမာဆီ၊ ဆီးဆံနဲ့ ဆီးသီးခြောက်တို့ဖြစ်ပါတယ်။

မြန်မာနိုင်ငံက ထွက်ရှိတဲ့ ပရဆေးကုန်ကြမ်းတွေကို တရုတ်နိုင်ငံမှာ လိုအပ်သလို အသုံးပြုကြရာ တရုတ်တိုင်းရင်းဆေးဝါးများ ဖော်စပ်ရာမှာလည်းကောင်း၊ ဟင်းခတ်အမွှေးအကြိုင်ပြုလုပ်ရာမှာ လည်းကောင်း၊ အဖျော်ယမကာနဲ့ အရက်ချက် လုပ်ငန်းများတွင်လည်းကောင်း၊ ဓာတ်မြေဩဇာနဲ့ စက်သုံးဆီထုတ်လုပ်ရာတွင်လည်းကောင်း အသီးသီး ထည့်သွင်းအသုံးပြုကြတယ်လို့ သိရပါတယ်။

**မော်မော်အောင် MIRT (DCCA)**

# အမေရိကန်နိုင်ငံမှ ပန်းသီးတင်ပို့မှုအချို့ကို အင်ဒိုနီးရှားနိုင်ငံ ပိတ်ပင်တားမြစ်

အင်ဒိုနီးရှားနိုင်ငံသည်အမေရိကန်နိုင်ငံ၊ ကယ်လီဖိုးနီးယားပြည်နယ်မှ တင်သွင်းသည့်ပန်းသီးနှစ်မျိုးမှာ အန္တရာယ်ဖြစ်စေသော Listeria ပိုးမွှားပါရှိသည်ဟုဆိုသဖြင့် တင်သွင်းမှုပိတ်ပင်ခဲ့ပါသည်။ အဆိုပါပန်းသီးများမှာ Gala နှင့် Granny Smith တို့ဖြစ်သည် ။

အမေရိကန်ပြည်ထောင်စုတွင်လည်း Listeria ကြောင့် ပြည်နယ် ၁၁ ခုတွင်လူသုံးဦး သေဆုံးပြီး ၂၈ ဦး ရောဂါဖြစ်ပွားခဲ့သည်။ လတ်တလောကာလတွင်လည်း ကိုယ်ဝန်ဆောင်အမျိုးသမီး များစွာတို့သည် အဆိုပါပန်းသီးနှစ်မျိုးစလုံးအား စားသုံးပြီးနောက် ဖျားနာခဲ့ကြောင်းလည်း သိရှိရပါသည်။

လက်ရှိကာလတွင် အင်ဒိုနီးရှားနိုင်ငံအနေဖြင့် Granny's Best နှင့် Big B တံဆိပ်အမှတ်အသားတို့ပါရှိသော ကယ်လီဖိုးနီးယားပြည်နယ်၏ စက်ရုံများမှ တင်သွင်းသောပန်းသီးများကို တင်သွင်းခွင့်မပြုပေ။ သို့ရာတွင် အဆိုပါပန်းသီးများကို အခြားတံဆိပ်အမှတ်အသားများဖြင့် အိမ်နီးချင်းနိုင်ငံများမှတစ်ဆင့် သယ်ဆောင်လာနိုင်သဖြင့် ကြိုတင်ကာကွယ်မည့်နည်းလမ်းများ လိုအပ်လျက်ရှိကြောင်းလည်း သိရှိရပါသည်။

အမေရိကန်ပြည်ထောင်စုမှ ပန်းသီးတင်သွင်းမှုကို ပိတ်ပင်သကဲ့သို့ ပြည်တွင်းလက်လီရောင်းချသူများမှ ပန်းသီးကို ရောင်းချဖြန့်ဖြူးမှုနှင့် ပြည်တွင်းစားသုံးသူများ၏ စားသုံးမှုကိုလည်း တားမြစ်ပိတ်ပင်ထားကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာန၊ စံချိန်စံညွှန်းနှင့် စားသုံးသူကာကွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြောကြားခဲ့သည်။

ညွှန်ကြားရေးမှူးချုပ်မှ အမေရိကန်ပြည်ထောင်စုမှ ပန်းသီးစားသုံးမှုအား လုံခြုံစိတ်ချရမှုရှိကြောင်း ကြေညာသည်နှင့် ပန်းသီးတင်သွင်းမှုပိတ်ပင်ထားခြင်းကို ဖြေလျှော့ပေးသွားမည်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအနက် မလေးရှား၊ စင်ကာပူ၊ ထိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံတို့ပြီးနောက် ပန်းသီးတင်သွင်းမှု ပိတ်ပင်ခြင်းကိုနောက်ဆုံးကြေညာသောနိုင်ငံတစ်နိုင်ငံဖြစ်ပြီး မလေးရှားနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် ၎င်းတို့နိုင်ငံများအတွင်းသို့ ပန်းသီးတင်သွင်းမှုပိတ်ပင်သည့်အပြင် တင်သွင်းထားသော ပန်းသီးများ ကိုလည်း ပြည်တွင်းဈေးကွက်အတွင်းမှပြန်လည်သိမ်းဆည်းခဲ့ပါသည်။

၂၀၁၄ ခုနှစ်ပန်းသီးများ ခူးဆွတ်သည့် ကာလမှစတင်၍ အမေရိကန်ပြည်ထောင်စုမှ ပန်းသီးများကို သင်္ဘောဖြင့် တင်သွင်းရောက်ရှိပြီးဖြစ်ကာ ကျန်းမာရေးအာဏာပိုင်များမှာ စိုက်ပျိုးရေးထွက်ကုန်များ သင်္ဘောတင်ပို့သည့်ဂိတ်များတွင် စုံစမ်းစစ်ဆေးလျက်ရှိပါသည်။ ဇန်နဝါရီ ၁၇ ရက်မှစတင်၍ နိုင်ငံတကာအစားအသောက် လုံခြုံစိတ် ချရမှုဆိုင်ရာ အာဏာပိုင်များကွန်ရက်မှ အမေရိကန်ပြည်ထောင်စုမှ တင်ပို့သော ပန်းသီးများသည် Listeria monocyto genes ပါဝင်သဖြင့် သတိပေးတား မြစ်ချက်ထုတ်ပြန်ခဲ့ပြီးနောက် အင်ဒိုနီးရှားနိုင်ငံသည် အမေရိကန်နိုင်ငံမှ ပန်းသီးတင်သွင်းမှုကို တားမြစ်ပိတ်ပင်ခဲ့ပြီး အမေရိကန်ပြည်ထောင်စုမှ နိုင်ငံတကာသို့တင်ပို့သည့် စီးပွားဖြစ်ထုတ်လုပ်သော ပန်းသီးများနှင့် ထုပ်ပိုးထားသောပန်းသီးများကို ပြန်လည်သိမ်းဆည်းသွားရမည်ဖြစ်ပါသည်။

အဆိုပါ ဘက်တီးရီးယားကို နို့၊ ဟင်းသီးဟင်းရွက်၊ သစ်သီးနှင့် အနီရောင်အသားများတွင် တွေ့ရှိရပြီး မွေးကင်းစကလေးများ၊ ကလေးသူငယ်များ၊ နာမကျန်းသူများ၊ အသက်အရွယ်ကြီးရင့်သူများနှင့် ကိုယ်ခံအားစနစ် အားနည်းသောသူများအား လူကိုသေစေနိုင်လောက်သည်အထိ ပြင်းထန်စွာ ရောဂါဖြစ်ပွားစေနိုင်ပါသည်။ အဆိုပါ ဘက်တီးရီးယားကူးစက်ခံရသူများသည် အပြင်းဖျားခြင်း၊ ဦးခေါင်းကိုက်ခဲခြင်း၊ တောင့်တင်းခြင်း၊ မူးဝေ အော့အန်ခြင်းနှင့် ဝမ်းလျှောခြင်းတို့ကို ဖြစ်ပေါ်စေသည့်အပြင် အသက်သေဆုံးသည်အထိလည်း ဖြစ်ပေါ်စေနိုင်သည်ဟု ဆိုသည်။ အင်ဒိုနီးရှားနိုင်ငံ၊ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်က ၎င်း၏ ဌာနအနေဖြင့် နိုင်ငံတွင်းရောဂါ မဖြစ်ပွားစေရန် အမေရိကန်နိုင်ငံမှ တင်သွင်းသည့် ပန်းသီးများကို ဓာတ်ခွဲခန်းများတွင်စစ်ဆေးမှုများ စတင်လုပ်ဆောင်ခဲ့ကြောင်း၊ အချို့နေရာများမှ ပန်းသီးနမူနာများကို ရယူပြီး ဓာတ်ခွဲခန်းများတွင် စစ်ဆေးသွားမည်ဖြစ်ကာ တွေ့ရှိချက်များရရှိပါက ထုတ်ပြန်ကြေညာ သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါ သည်။ အင်ဒိုနီးရှားနိုင်ငံ၏ တရားဝင်တင်သွင်းမှု ခွင့်ပြုချက်မှတ်တမ်းများအရ ၂၀၁၅ ခုနှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံတွင် အမေရိကန်နိုင်ငံ Bidart Bros. မှ ရောင်းချတင်သွင်းသည့် ပန်းသီးများကို လိုင်စင်ခွင့်ပြုမှုမရှိသေးကြောင်းလည်း သိရှိရပါသည်။

**မျိုးမျိုးထိုက်၊ စားသုံးသူရေးရာဌာနခွဲ**





# ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ခရမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးတွင် စားသုံးသူအကာအကွယ်ပေးရေး အကြောင်းသိကောင်းစရာများ ဟောပြောဆွေးနွေး

ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူနှင့် ဝန်ထမ်းများသည် ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ဇန်နဝါရီ ၃၀ ရက် နံနက်က ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ပြပွဲစိုရ်ခန်းမတွင် စားသုံးသူအကာ အကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိန်းက စားသုံးသူပြည်သူများ၏ နစ်နာဆုံးရှုံးမှုများကိုကာကွယ်ပေးရန် စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ပြဋ္ဌာန်းပြီးဖြစ်ကြောင်း၊ ထို့ပြင် စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ စားသုံးသူများ၏ တိုင်ကြားစာကို လက်ခံခြင်း၊ ညှိနှိုင်းပေးခြင်းတို့ကို ဆောင်ရွက်ပေးမည့် စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီနှင့် လုံခြုံစိတ်ချရသော ပစ္စည်းများရွေးချယ်ဝယ်ယူနိုင်ရန် အကြံဉာဏ်များပေးခြင်း၊ ပြည်တွင်း/ပြည်ပမှ ကုန်ပစ္စည်းများ လုံခြုံစိတ်ချရမှု ရှိ/မရှိစစ်ဆေးဆောင်ရွက်ပေးမည့် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ စားသုံးသူများအနေဖြင့် ရရှိသင့်သည့် အခွင့်အရေးများကို ဥပဒေနှင့်အညီ ရယူနိုင်ရန်နှင့် လိုက်နာဆောင်ရွက်သင့်သည့်အချက်များကို လိုက်နာဆောင်ရွက်နိုင်ရန် စားသုံးသူအခွင့်အရေး၊ တာဝန်များကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ခရမ်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစောသူရိန်က ပြည်သူများ အသက်ရှည်၊အနာရောဂါကင်း၊ ချို့ယွင်းချက်နည်းပါးစွာဖြင့် နေထိုင်နိုင်ရန် အရည်အသွေး ပြည့်ဝသည့် အစားအစာများကို ရွေးချယ်စားသုံးရန်လိုကြောင်း၊ ပြည်ပထုတ်ကုန်ပစ္စည်းများနှင့် ပြည်တွင်းထုတ်ကုန်ပစ္စည်းများတွင် ထောက်ခံချက်ပါရှိသည်များကို စားသုံးရန်လိုကြောင်း၊ တရားမဝင် ဆေးဝါး၊ ထိန်းချုပ်ဆေးဝါး၊ ဆေးဝါးအတုများ၊ စပ်ဆေးများရောင်းချခြင်းမပြုရန် စစ်ဆေးကြီးကြပ်ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ယနေ့အချိန်တွင် စားသုံးသူပြည်သူများအခွင့်အရေး အပြည့်အဝမရရှိလျှင် စစ်ဆေးဖြေရှင်းဆောင်ရွက်ပေးမည့် ဌာနနှင့် ဥပဒေပေါ်ပေါက်လာ၍ မကျေနပ်မှုများကို တိုင်ကြားနိုင်ခွင့်ရှိလာပြီဖြစ်ကြောင်း ဟောပြောဆွေးနွေးခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲသို့ တက်ရောက်လာသူတစ်ဦးမှ အချို့အစားအစာများတွင် ဘေးဥပဒ်အန္တရာယ် ဖြစ်နိုင်သည်များကို မျက်မြင်အခြေအနေကြည့်ရှု၍ တွေ့မြင်နိုင်သော်လည်း ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်များတွင် ဓာတုဆိုးဆေးများအသုံးပြုထားခြင်း ရှိ/မရှိကို မျက်မြင်အခြေအနေနှင့် ကြည့်ရှုဆုံးဖြတ်၍မရနိုင်သဖြင့် နမူနာရယူပြီး ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှသာ စားသုံးရန် သင့်/မသင့်ကို သိရှိနိုင်မည်ဖြစ်ကြောင်းနှင့် တရားဝင်တင်သွင်းသည့် ပစ္စည်းများကိုသာ အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ဆွေးနွေးခဲ့သည်။

ဟောပြောဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူနှင့် ဝန်ထမ်းများ၊ မြို့နယ်ဆရာဝန်ကြီး၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ဝန်ထမ်းများ စုစုပေါင်း ၁၅၀ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မိုးမိုးကြည် (စားသုံးသူ) ရန်ကုန်**

# ပင်းတယမြို့နယ်တွင် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအသိပညာပေးဟောပြောပွဲကျင်းပ

ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ဦးစီးကျင်းပသော သစ်သီးဝလံအခြေခံစားသောက်ကုန် ထုတ်လုပ်နည်းအခမဲ့သင်တန်းကို ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်းတယမြို့ မြို့လယ်ဓမ္မာရုံ ပတ္တမြားခန်းမတွင် ဇန်နဝါရီ ၅ ရက်အထိ အခမဲ့သင်တန်းပို့ချ၍ ဇန်နဝါရီ ၁၀ ရက်တွင် သင်တန်းဆင်းပွဲကျင်းပခဲ့ကြောင်း သိရှိရသည်။

အဆိုပါသင်တန်းဆင်းပွဲတွင် ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးစိုးအောင်က စားသုံးသူအကာအကွယ်ပေးရေးဥပဒေပါ စားသုံးသူအခွင့်အရေးများနှင့် ကုန်သည်လုပ်ငန်းရှင်များ မှ လိုက်နာရမည့်ကျင့်ဝတ်များ ဥပဒေပါပြဋ္ဌာန်းချက်များကို အကျယ်တဝင့်ဆွေးနွေးပြောကြားသွားခဲ့ပါသည်။

ဆက်လက်၍ စံချိန်စံနှုန်းမညီသော လူသုံးကုန်၊ အိမ်သုံးပစ္စည်းများကို ဝယ်ယူသုံးစွဲခြင်းကြောင့် မိမိ မိသားစုနှင့် ပတ်ဝန်းကျင်ကို ဘေးဥပဒ်အန္တရာယ်များဖြစ်စေနိုင်ကြောင်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဟင်းသီးဟင်းရွက်များကို နှစ်ခြိုက်စွာ စားသုံးခြင်း၊ ပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာများ အလွန်အကျွံအသုံးပြုစိုက်ပျိုးထုတ်လုပ်ထားသော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို လွန်ကဲစွာစားသုံးခြင်းမပြုရန် တိုက်တွန်းပြောကြားသွားပါသည်။

စားသုံးသူများအနေဖြင့်လည်း ဝန်ဆောင်မှု ကတိပြုချက်များကိုအမှန်တကယ် ဆောင်ရွက်မှု မရှိသည့် လိမ်လည်လှည့်စားသော ကြော်ငြာများကို အထူးသတိထားရန်နှင့် ပစ္စည်းရောင်းချရာတွင် အခမဲ့ဝန်ဆောင်မှုပေးမည်ဟု ကြော်ငြာ၍ ရောင်းချသော်လည်း After Sale -Service မရရှိဘဲ နစ်နာလျက်ရှိသည့်အပြင် စားသုံးသူပေးရသည့်တန်ဖိုးနှင့် ကိုက်ညီမှုမရှိသော ဝန်ဆောင်မှုများကြောင့် စားသုံးသူများအနေဖြင့် နစ်နာမှုမရှိစေရေးအတွက် သတိပြုကြရန် ဆွေးနွေးပြောကြားခဲ့ပါသည်။

ထို့ပြင် FDA မှ တာဝန်ရှိသူများကလည်း ကျန်းမာရေးနှင့် မညီညွတ်သော ဓာတုဆိုးဆေးများ အသုံးပြုထားသည့် သစ်သီးဝလံများနှင့် အခြားစားသောက်ကုန်များ စားသောက်ခြင်းကြောင့် ကင်ဆာရောဂါ အစရှိသည့် ရောဂါများ ရရှိစေနိုင်ကြောင်း၊ ပြည်သူလူထုများအနေဖြင့် ဂရုတစိုက်စားသောက်ကုန်များကို ရွေးချယ်ဝယ်ယူစားသောက်ရန်နှင့် ဆိုးဆေးပါသည့်စားသောက်ကုန်များကို ရှောင်ကြဉ်နိုင်ကြစေရန် တိုက်တွန်းဆွေးနွေးသွားပါသည်။ အဆိုပါသင်တန်းဆင်းပွဲအား ပြည်နယ်၊ မြို့နယ်ဌာနဆိုင်ရာ အကြီးအကဲများ၊ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့ အတွင်းရေးမှူးနှင့် ရပ်မိရပ်ဖများ၊ သင်တန်းသူသင်တန်းသားစုစုပေါင်း ၅၂ ဦးခန့် တက်ရောက်ခဲ့သည်။

**စိုးအောင် (ရှမ်းပြည်နယ်)**

# စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ခေါင်းစဉ်ဖြင့် ပြင်ဦးလွင်မြို့ မြို့တော်ခန်းမတွင် ဟောပြောဆွေးနွေးပွဲ ကျင်းပ

မန္တလေးတိုင်းဒေသကြီး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှဦးဆောင်၍ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် စိုက်ပျိုးရေးအခြေခံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ သစ်သီးဝလံနှင့် ပန်းမန်အသင်းတို့ ပူးပေါင်း၍ စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲကို ပြင်ဦးလွင်မြို့၊ မြို့တော်ခန်းမ၌ ဖေဖော် ဝါရီလ ၅ ရက်တွင် ကျင်းပခဲ့သည်။

ဟောပြောပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ အတွင်းရေးမှူး ဦးဆွေတင့်ကြူး၊ အဖွဲ့ဝင်များဖြစ်ကြသော ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)ပါမောက္ခ ဒေါက်တာအောင်မြင့်၊ သမဝါယမဝန်ကြီးဌာန၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးဌေးလွင်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ကိုယ်စားလှယ် အရာရှိ၊ စားသောက်ကုန်အသင်းဥက္ကဋ္ဌ ဦးစန်းဝင်း၊ လူသုံးကုန်ဆေးဝါးနှင့် အလှကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးနေလင်း၊ သစ်သီးဝလံနှင့် ပန်းမန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းအတွင်းရေးမှူး ဦးကျော်စိုးနိုင်တို့ တက်ရောက်ခဲ့ကြပါသည်။ ၎င်းအပြင် ဒေသခံဌာနဆိုင်ရာများမှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ ပြင်ဦးလွင်ခရိုင် စည်ပင်သာယာရေးအဖွဲ့၊ အမှုဆောင်အရာရှိဦးခင်မောင်တင်၊ ခရိုင်ကျန်းမာရေးမှူး၊ ကျောင်း ဆရာ/ဆရာမများ၊ အခြားဌာနဆိုင်ရာ ဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ ဈေးသူ/သား များ၊ မီဒီယာများ စုစုပေါင်းအင်အား ၃၅၀ ခန့် တက်ရောက်ခဲ့ကြပါသည်။

၎င်းဟောပြောဆွေးနွေးပွဲတွင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၊ အတွင်းရေးမှူး၊ ဦးဆွေတင့်ကြူးက တက်ရောက်လာသူများအနေဖြင့် စားသုံးသူအကာအကွယ်ပေးရေးနှင့် ပတ်သက်၍ ဟောပြောဆွေးနွေးမှုများကိုကျောင်းသား/သူများနှင့် အခြားသောပုဂ္ဂိုလ်များသို့ လက်ဆင့်ကမ်းဖြန့်ဝေပေးစေလိုပါကြောင်းဖြင့် အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

ဆက်လက်၍ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၊ အဖွဲ့ဝင် ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ပါမောက္ခ ဒေါက်တာအောင်မြင့်က စားသုံးသူများ၏ ဆောင်ရန်၊ ရှောင်ရန်အချက်များနှင့် နစ်နာဆုံးရှုံးမှုဖြစ်ပေါ်ပါက အခွင့်အရေးတောင်းဆိုပုံ၊ အစားအသောက်များအား လုံခြုံစိတ်ချရမှုဆိုင်ရာ နည်းလမ်းများနှင့် စနစ်တကျ ထုတ်လုပ်ရေးတို့ကို စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့် နှိုင်းယှဉ်ဖော်ပြ၍ အကျယ်တဝင့်ရှင်းလင်းဆွေးနွေးခဲ့သည်။



မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ အဖွဲ့ဝင်အသေးစားစက်မှုလုပ်ငန်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး ဦးဌေးလွင်က စားသုံးသူအကာအကွယ်ပေးရေးအတွက် ၎င်းတို့ဌာနအနေဖြင့် ဆောင်ရွက်ပေးနေမှုများ၊ စားသောက်ကုန်များ ထုတ်လုပ်ရောင်းချရာတွင် ထုတ်ကုန်များကို ဓာတ်ခွဲစမ်းသပ်မှုများပြုလုပ်၍ မှတ်ပုံတင်ရန်လိုအပ်ကြောင်း၊ လုံခြုံစိတ်ချရမှု မရှိသော စားသောက်ကုန်များနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး၊ ဦးဆွေတင့်ကြူးကစားသုံးသူအကာအကွယ်ပေးရေး ဥပဒေပြဋ္ဌာန်းချက်များမှစားသုံးသူများ၏ အခွင့် အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့် အရေးနှင့် တာဝန်များ၊ AEC အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ တွေ့ကြုံလာရမည့် အကျိုးဆက်များ၊ အာဆီယံနိုင်ငံများ၌ လက်တွေ့ကျင့်သုံးနေသည့် စားသုံးသူအကာအကွယ် ပေးရေး လုပ်ငန်းများနှင့် မိမိတို့နိုင်ငံ၏ ဆောင်ရွက်နေမှုများအားနှိုင်းယှဉ်၍ ရှင်းလင်းဆွေးနွေးပြောကြားခြင်းများ ပြုလုပ်ခဲ့ပါသည်။

အခမ်းအနားသို့ တက်ရောက်လာသူများမှ စားသုံးသူအကာအကွယ်ပေးရေးနှင့် ပတ်သက်၍ သိရှိလိုသည်များမေးမြန်းရာ တာဝန်ရှိသူများမှ ပြန်လည်ဖြေကြားခဲ့ပြီး ပြင်ဦးလွင်ခရိုင် စည်ပင်သာယာရေးအဖွဲ့၊ အမှုဆောင်အရာရှိဦးခင်မောင်တင်က မြို့ခံလူထုကိုယ်စား ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် ပူးပေါင်းအဖွဲ့သည် ပြင်ဦးလွင်မြို့၊ မြို့မဈေးကြီးအတွင်း ရောင်းချနေသော စားသောက်ကုန်များအား ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။ ကွင်းဆင်းစစ်ဆေးရာတွင် စားသုံးရန်မသင့်ဟု ကြေညာထားသည့် MIKI အမှတ်တံဆိပ် ချယ်ရီအသီးများအား ပူးပေါင်းအဖွဲ့မှ သိမ်းဆည်း၍ စည်ပင်သာယာရေးအဖွဲ့သို့ အပ်နှံခဲ့ပြီး ဆက်လက်မရောင်းချစေရေး ပညာပေး ဆွေးနွေးခဲ့ပါသည်။ ၎င်းအပြင် ထုတ်ကုန်များ ထုတ်လုပ်ရောင်းချရာတွင် ပါဝင်ရမည့် Label များနှင့် ပတ်သက်၍ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေအခန်း (၇)၊ အပိုဒ် (၈)၊ ပုဒ်မခွဲ (ဂ) တွင် ပြဋ္ဌာန်းထားသည့် အချက်များနှင့် ကိုက်ညီမှုမရှိသော ကုန်စည်များ မရောင်းချစေရေး ဈေးသူ/သားများအား ပညာပေးဆွေးနွေးခဲ့ပါသည်။

**တင်ချစ်ကောင်း စားသုံးသူ(မန္တလေး)**

# စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဌာနဝန်ထမ်းများအား ကွန်ပျူတာ အခြေခံနှင့် ရုံးစာရေးသားနည်းသင်တန်းဖွင့်လှစ်ပို့ချ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဝန်ထမ်းများအတွက် ဇန်နဝါရီလ ၈ ရက်မှစတင်၍ ကွန်ပျူတာအခြေခံသင်တန်းဖွင့်လှစ်ပို့ချခဲ့ပါသည်။

အဆိုပါ ကွန်ပျူတာအခြေခံသင်တန်းအား မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်များအသင်းမှ ထုတ်ဝေခဲ့သော လက်စွဲစာအုပ်များကို အခြေခံ၍ ဦးစီးအရာရှိ ဦးသိန်းစိုးက ရုံးချိန်ပြင်ပသင်ကြားပို့ချခြင်း ဖြစ်ပါသည်။ အခြေခံကွန်ပျူတာသင်တန်းသင်ကြားနေစဉ်အတွင်း ကွန်ပျူတာနှင့်အတူ ပူးတွဲဆက်စပ်လုပ်ကိုင်သော ပညာရပ်များဖြစ်သည့် Scanner ဖတ်ခြင်း၊ Camera နှင့် ဆက်စပ်ပစ္စည်းများမှ Data Transfer ပြုလုပ်ခြင်း၊ E-Mail အပို့အယူကိစ္စရပ်များကိုပါ ပူးတွဲသင်ကြားသွားခဲ့ပါသည်။

သင်တန်းကာလသတ်မှတ်ထားသော်လည်း ဝန်ထမ်းများ အခြေခံမှစ၍ ကျွမ်းကျင်တတ်မြောက်စေရန်ရည်ရွယ်လျက် စနစ်တကျ အသေးစိတ်သင်ကြားပို့ချသွားမည် ဖြစ်ပါသည်။

ကွန်ပျူတာဖြင့် စာစီစာရိုက်သင်ခန်းစာဖြစ်သည့် Microsoft Word သင်ခန်းစာ စတင်သင်ကြားသည့် ဇန်နဝါရီလ ၃၀ ရက်မှစတင်၍ ရုံးစာရေးသားနည်းသင်တန်းကိုပါ ပူးတွဲပို့ချလျက်ရှိပါသည်။ ရုံးစာရေးသားနည်းအား ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လတွင်ထုတ်ဝေခဲ့သည့် ရုံးလုပ်ငန်း လက်စွဲစာအုပ်ဖြင့် သင်ကြားသွားမည်ဖြစ်ပြီး ရုံးစာရေးသားနည်းသင်တန်းဖွင့်လှစ်သဖြင့် ကွန်ပျူတာသင်တန်း တက်ရောက်သူများသာမက ကျန်ရုံးဝန်ထမ်းများပါ တက်ရောက်ကြသဖြင့် စုစုပေါင်း သင်တန်းသားဦးရေ ၁၉ ဦး တက်ရောက်ကြောင်း သတင်းရရှိသည်။

**နှင်းနှင်းခိုင် (မုံရွာ)**

# ချင်းပြည်နယ်တွင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ စားသုံးသူပြည်သူများ နစ်နာခြင်းမရှိစေရန်နှင့် စားသုံးသူများအား ဥပဒေဖြင့်ကာကွယ်ပေးနိုင်ရန်ပြည်ထောင်စုလွှတ်တော်မှ ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် ဥပဒေအမှတ် ၁၀ ဖြင့် စားသုံးသူ အကာအကွယ်ပေးရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။

ဥပဒေပါ လုပ်ထုံးလုပ်နည်း များအရ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များကို ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် သက်ဆိုင်ရာ အစိုးရအဖွဲ့များမှဖွဲ့စည်းပေးလျက်ရှိရာ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ချင်းပြည်နယ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့အား ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

ချင်းပြည်နယ်သည် တောင်နှင့် မြောက် ဧရိယာကျယ်ပြန့်သည့် ပြည်နယ်တစ်ခုဖြစ်ပြီး မြို့နယ်ကိုးမြို့နယ်နှင့် မြို့နယ်ခွဲ သုံးခုဖြင့် ဖွဲ့စည်းထားရှိပါသည်။ ပြည်နယ်အတွင်းရှိ စားသုံးသူများ နစ်နာမှုမရှိစေရန် ဖွဲ့စည်းခဲ့သည့် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့တွင် ဌာနဆိုင်ရာ ဝန်ထမ်းများသာမက ကျွမ်းကျင်ပညာရှင်များ၊ ကုန်သည်များ၊ စားသုံးသူကိုယ်စားလှယ်များ စသည်ဖြင့် အလွှာကဏ္ဍ စုံလင်စွာဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ပါသည်။

ချင်းပြည်နယ်အစိုးရအဖွဲ့မှ ယခုဖွဲ့စည်းပေးခဲ့သော စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့တွင် ချင်းပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဦးရမ်မန်းက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်း၊ ပြည်နယ်ဥပဒေရုံးမှ ဥပဒေပညာရှင် ဦးတင်မြင့်နှင့် မြို့မိမြို့ဖ သုံးဦး ပါဝင် ဖွဲ့စည်းထားပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခမ်လျန်စွမ်းက အတွင်းရေးမှူး တာဝန်ထမ်းဆောင်ပါသည်။ တွဲဖက်အတွင်းရေးမှူးအဖြစ် မြို့မိမြို့ဖတစ်ဦးဖြစ်သည့် ဦးခင်မောင်ဝင်းက ဆောင်ရွက်ရန် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်းပြီးနောက် လုပ်ငန်းတာဝန်များကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်အတွက် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီနှင့် ထုတ်ကုန်များ လုံခြုံစိတ်ချမှုဆိုင်ရာ လုပ်ငန်းကော်မတီတို့ကိုလည်း တစ်ဆက်တည်း ဖွဲ့စည်းတာဝန်ပေးအပ်သွားမည်ဟု သတင်းရရှိပါသည်။

ချင်းပြည်နယ်အတွင်းရှိ မြို့ရွာများအချင်းချင်း သွားလာနိုင်ရန်အချိန်ကြာမြင့်သည့်နည်းတူ မျိုးနွယ်စုများနှင့် ဘာသာစကားများလည်း ကွဲပြားကြသဖြင့် စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို အရှိန်ဟုန်မြှင့်လုပ်ဆောင်ရန် လိုအပ်မည်ဖြစ်ပါသည်။

စာသုံးသူအငြင်းပွားမှုများ ဖြေရှင်းရန်အတွက် ဆက်စပ်ဝန်ကြီးဌာန များနှင့်အတူလက်တွဲ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရပါသည်။

**နှင်းနှင်းခိုင်**

# Norfund နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုလီမိတက်တို့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာရှယ်ယာပိုင်ခွင့် သဘောတူညီချက်အစီအစဉ်တစ်ရပ်ကို ထုတ်ပြန်ကြေညာ

နော်ဝေနိုင်ငံအခြေစိုက် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေ အဖွဲ့အစည်းတစ်ခုဖြစ်သည့်Norfundနှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုလီမိတက်တို့သည် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ရှယ်ယာပိုင်ခွင့် သဘောတူညီချက် အစီအစဉ်တစ်ရပ်ကို ထုတ်ပြန်ကြေညာလိုက်ကြောင်း မြန်မာ့ရင်းနှီးမြှုပ်နှံမှု လီမိတက်၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါ သဘောတူညီချက်အရ Norfund သည် Myanmar Finance International Ltd(MFIL) တွင် ၂၅ရာခိုင်နှုန်းအချိုးဖြင့်ရင်းနှီးမြှုပ်နှံခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

Norfund သည် နော်ဝေအစိုးရမှတည်ထောင်ခဲ့သည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီးရွေးချယ်ထားသည့် နိုင်ငံတချို့တွင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးကို လုပ်ဆောင်ရန်ရည်ရွယ်၍ ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခုဖြစ်သည်။

Norfund သည် အသေးစားငွေရေးကြေးရေးလုပ်ငန်းများတွင် အထူးကျွမ်းကျင်မှုရှိသည့်လုပ်ငန်းတစ်ခုဖြစ်ရာငင်းထံမှရရှိသည့် အတွေ့အကြုံများအား MFIL ထံသို့ ဝေမျှပေးမည်ဖြစ်သည်။

"Norfund ဟာ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ အသေးစားငွေရေးကြေးရေးလုပ်ငန်းများမှာ အတွေ့အကြုံရှိတဲ့ ရင်းနှီးမြှုပ်နှံသူဖြစ်တယ်။ သူတို့မှာ ရှယ်ယာထည့်ဝင်ပြီး ငွေကြေးထောက်ပံ့ခြင်းနှင့်ချေးငွေထုတ်ချေးပြီး ငွေကြေးထောက်ပံ့ခြင်းဆိုပြီး နှစ်မျိုးရှိတယ်။ ကျွန်တော်တို့ဟာ မြန်မာနိုင်ငံအတွင်း အသေးစားငွေရေးကြေးရေးလုပ်ငန်းကဏ္ဍမှာ ဦးဆောင်ကုမ္ပဏီတစ်ခု ဖြစ်လာနိုင်အောင်ကြိုးစားနေချိန်မှာ Norfund နဲ့ MFIL တို့ရဲ့ သဘောတူညီချက်ကို ကြိုဆိုပါတယ်"ဟု မြန်မာ့ရင်းနှီးမြှုပ်နှံမှုလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ထွန်းက ပြောကြားခဲ့သည်။

မြန်မာ့ရင်းနှီးမြှုပ်နှံမှု လီမိတက်သည် လန်ဒန်စတော့ဈေးကွက်တွင် ရှယ်ယာအရောင်းအဝယ်ပြုလုပ်နိုင်ရန် စာရင်းဝင်ထားပြီး မြန်မာနိုင်ငံ၏စီးပွားရေးကဏ္ဍမျိုးစုံတွင် ရင်းနှီးမြှုပ်နှံရန်ရည်ရွယ်နေသော ပထမဆုံးအများပိုင်ကုမ္ပဏီတစ်ခုဖြစ်သည်။အဆိုပါ မြန်မာ့ရင်းနှီးမြှုပ်နှံမှုလီမိတက်သည် အသေးစားငွေရေးကြေးရေးလုပ်ငန်းကို မြန်မာ့ဘဏ္ဍာလီမိတက်(Myanmar Finance Company) နှင့် အကျိုးတူ ပူးပေါင်း၍ Myanmar Finance International Ltd.(MFIL) အမည်ဖြင့် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

MFC ၏ မန်နေးဂျင်းဒါရိုက်တာဖြစ်သူ ဦးထက်ညီကလည်း"ကျွန်တော်တို့ရဲ့ လုပ်ငန်းကို ကြီးပွားဖြစ်ထွန်းအောင် ကြိုးစားနေတဲ့အချိန်မှာ Norfund အနေနဲ့ အခြားသောနိုင်ငံများမှ အသေးစား ငွေရေးကြေးရေးနဲ့ဆိုင်တဲ့ ကျယ်ပြန့်တဲ့အတွေ့အကြုံတွေကို ယူဆောင်လာနိုင်မယ်ဆိုရင် MFIL အတွက် တန်ဖိုးဖြတ်လို့မရတဲ့အရာတွေ ဖြစ်လာမှာပါ"ဟု ပြောကြားခဲ့သည်။

ထို့ပြင် Norfund မှ မန်နေးဂျင်းဒါရိုက်တာ Kjell Roland က "မြန်မာနိုင်ငံဟာ အရေးကြီးတဲ့ဈေးကွက်အနေနဲ့ Norfund ကို ကိုယ်စားပြုပါတယ်။ MFIL ဟာ တိုင်းပြည်ရဲ့အသေးစားငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာအောင် အကျိုးပြုကူညီပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့သည်။

MIL ၏ အဓိကရည်ရွယ်ချက်မှာ အရှေ့တောင်အာရှဈေးကွက်နှင့်အတူ ဖွံ့ဖြိုးတိုးတက်လာမည့် မြန်မာနိုင်ငံရှိ စီးပွားရေးနယ်ပယ်အသီးသီးတွင် ရေရှည်ရင်းနှီးမြှုပ်နှံကာ တန်ဖိုးတစ်ခုတည်ဆောက်နိုင်ရန်ရည်ရွယ်ကြောင်း သိရသည်။ အဆိုပါကုမ္ပဏီ၏ ထပ်မံထည့်ဝင်သည့် ရှယ်ယာငွေပေါင်းမှာ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအထိ အမေရိကန်ဒေါ်လာ ၃ ဒသမ ၈သန်းနီးပါး ရှိပြီဖြစ်ကြောင်း သိရသည်။

Myanmar Finance Company Limited ကို ၂၀၁၂ခုနှစ်တွင် မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် နော်ဝေနှင့် ဖင်လန်နိုင်ငံတို့၏ ဂုဏ်ထူးဆောင် ကောင်စစ်ဝန်လည်းဖြစ်သည့် ဦးထက်ညီက စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

အဆိုပါ MFC သည် အသေးစားငွေရေးကြေးရေးလုပ်ငန်းကို ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ချေးငွေများ ထုတ်ချေးခြင်းဖြင့် ဝန်ဆောင်မှုများပေးနေသည့် ကုမ္ပဏီတစ်ခုဖြစ်ကြောင်းသိရသည်။ ၂၀၁၄ခုနှစ် နှစ်လယ်ခန့်တွင် MFC ၌ အဖွဲ့ဝင်ပေါင်း ၁၀၀၀၀ခန့်ရှိနေပြီး ချေးငွေပမာဏ စုစုပေါင်းကျပ် ငွေသန်း ၈၀၀(အမေရိကန်ဒေါ်လာ ၈၃၃၀၀၀) ရှိပြီဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# ကားဈေးကွက်အတွင်း တစ်ဦးချင်းတင်သွင်းမှု ယခင်ကထက် နည်းလာ

ဖေဖော်ဝါရီလဆန်းပိုင်း ရန်ကုန်ကားဈေးကွက်၏အခြေအနေမှာ ယခင်လလယ်ပိုင်းက အခြေအနေကဲ့သို့ပင် ဈေးကွက်အေးနေပြီး လူကြိုက်များ၊ လူစီးများသော ဝက်ဂွန်၊ ဖိုးဝိုးလ်များနှင့် လူသုံးများ ကားလေးအချို့သာ အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

နှစ်သစ်ပထမပတ်မှစ၍ တရားဝင်သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းအသစ်များအရ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကားတင်သွင်းမှုပုံစံပြောင်းလဲလာပြီး ပုံမှန်တင်သွင်းနေသူများပါ အသွင်ပြောင်းလဲ၍ တင်သွင်းလာကြကြောင်း၊ ယခုလက်ရှိ တိုင်းအတွင်း ကျင့်သုံးနေသည့် မူဝါဒအသစ်များသည် ကားအရောင်းစင်တာများအား သိသိသာသာ မထိခိုက်သော်လည်း တစ်ပိုင်တစ်နိုင် ကားသွင်းသူများမှာ ပုံစံပြောင်း၍ရောင်းဝယ်မှသာ အဆင်ပြေရပ်တည်နိုင်မည်ဖြစ်ကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်းအကျိုးဆောင်များမှ ပြောကြသည်။

ရန်ကုန်မြို့တွင်း ယာဉ်ကြောပိတ်ဆို့မှု ပြဿနာများအား ဖြေရှင်းသည့် အချက်တစ်ချက်အနေဖြင့် စီမံဆောင်ရွက်ခဲ့သည့် ၂၀၁၅ ခုနှစ် အတွင်းတစ်ဦးချင်း ယာဉ်တင်သွင်းခွင့်ပါမစ်စနစ်ဖြင့် တင်သွင်းသူများ သတ်မှတ်ကားပါကင်ပြသရသဖြင့် ယခင်နှစ်ကကဲ့သို့ လိုသလောက် မတင်သွင်းနိုင်တော့ဘဲ ကားပါကင် နေရာရရှိမှုပေါ်မူတည်၍ ရသလောက်သာတင်သွင်းရကြောင်း၊ ကားပါကင်အပါအဝင် မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းငှားရမ်းခမှာ စတင်ချိန်က ၃ သိန်းခန့်သာရှိရာမှ ယခုကျပ် ၄ သိန်းနှင့် ၄ သိန်းအထက်ဖြစ်လာသဖြင့် နောက်ဆုံးထုတ်အကွာရာ သုံးစွဲစီးနင်းလိုသူမှအပ ကျန်အဝယ်များမှာဈေးကွက်တွင်း နံပါတ်ရှိပြီးကားများသာ ဝယ်ယူလာကြကြောင်း၊ ဈေး တန်းမှာလည်း ၅ သိန်းမှ ၁၀ သိန်း စွန်းစွန်းထိကွာခြားမှု ရှိလာသဖြင့် ဝယ် ယူမှုပုံစံပြောင်းလဲလာကြောင်း သိရ သည်။

လတ်တလော ရန်ကုန်ကားဈေးကွက်အတွင်း နယ်အဝယ်များလည်းဆင်းကာ ၎င်းတို့အဝယ်များသော ဖိုးဝိုးလ်များအတွက် ၂၀၁၅ မတ်လထိ အခွန်သက်သာခွင့်ရရှိစေမည့် ၂၀၁၄ ခုနှစ်အတွင်း ထုတ်ယူထားသည့် ယာဉ်ဟောင်းအပ်နှံစလစ်(စက်မှုဇုန် 'က'တန်း)များသာ အဝယ်များပြီး စက်မှုဇုန်ထုတ်များမှာ ၅၀ သိန်းအထက်ရှိကာ ၁က/၂က များမှာ ၇၀ သိန်းအထက်ရှိကြောင်း၊ သိန်း ၁၅၀ နှင့် ၂၀၀ ဝန်းကျင်ကားအသုံးပြုသူများသောကြောင့် စက်မှုဇုန်စလစ်သာ အဝယ်များကြောင်း၊ သက်တမ်း နှစ် ၂၀ ကျော် '၁က၊၂က' နောက်ပိုင်း အကွာရာများမှာ အပ်နှံသူတဖြည်းဖြည်းနည်းလာပြီး ဈေးတန်းမှာလည်း ၄၀ သိန်းဝန်းကျင်သို့ ကျဆင်းလာကြောင်း သိရသည်။

**SN**

# ၂၀၁၅ ခုနှစ်နှစ်ဆန်းရဲ့နှစ်ကူးကာလမှာ မန္တလေး-လားရှိုး-မူဆယ် ကုန်စည်သယ်ယူခများ လျော့ကျသွား

မန္တလေး-လားရှိုး-မူဆယ် ကုန်စည်သယ်ယူခနှုန်းထားများမှာ ၂၀၁၅ ခုနှစ် ဇန်နဝါရီလအတွင်း ပို့ကုန်ပစ္စည်းများဖြစ်တဲ့ ပြောင်း၊ ဆန်၊ ပဲတီစိမ်း၊ နှမ်း၊ ရော်ဘာ သယ်ယူခနှုန်းထားများမှာ ဒုတိယပတ်မှစပြီး လျော့ကျသွားတာ တွေ့ရပါတယ်။ သွင်းကုန်ပိုင်းမှာလည်း သယ်ယူခအနေနဲ့ မြေဆီတစ်ပိဿာသယ်ယူခကားခမှာလည်း အပတ်စဉ်ကျဆင်းခဲ့ပါတယ်။ မြန်မာနိုင်ငံမှ ပဲ၊ ပြောင်း၊ နှမ်း၊ ရော်ဘာ၊ ရေထွက်ကုန်များ၊ သစ်သီးဝလံများ အစရှိသဖြင့် နေ့စဉ်တင်ပို့နေရသလို တရုတ်နိုင်ငံမှာလည်း ဓာတ်မြေသြဇာ၊ ဘိလပ်မြေ၊ ဆိုင်ကယ်အမျိုးမျိုး၊ ကြွေပြား၊ သံပြား၊ ကျောက်ပြား အစရှိတဲ့ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းအမျိုးမျိုး၊ ဟင်းချိုမှုန့်၊ ဂျုံမှုန့်၊ နေကြာစေ့၊ ကာနေရှင်းပန်းနဲ့ လူသုံး/အိမ်သုံးပစ္စည်းအမျိုးမျိုးတို့ကို ပုံမှန်တင်သွင်းနေပါတယ်။ မူဆယ်-မန္တလေး ကုန်တင်ယာဉ်လိုင်းများတွင် မိုးတွင်းကာလမှာ ကုန်ရရှိမှုနည်းပါးချိန်တွင် ကုန်တန်ဆာခ လျော့ကျတတ်ပြီး နိုဝင်ဘာလမှ ဧပြီလအထိ ပွင့်လင်းရာသီကုန်စည်ရရှိမှု များပြားချိန်တွင် ကုန်တန်ဆာခများ တိုးမြှင့်ယူလေ့ရှိကြောင်း၊ ယခုအခါတွင် ယာဉ်ကြောပိတ်ခြင်းကြောင့် ကုန်တန်ဆာခအနေနဲ့ လျော့ကျသွားတာဖြစ်ကြောင်း မန္တလေး-မူဆယ် ကုန်တင်ယာဉ်မောင်းတစ်ဦးထံမှ သိရပါတယ်။ ဇန်နဝါရီလရဲ့ ကုန်စည်သယ်ယူခနှုန်းများကို အပတ်စဉ်အလိုက် ဖော်ပြပေးလိုက်ပါတယ်-

(ပိဿာ/ကျပ်)

| | ၃. ၁. ၁၅ မှ ၉. ၁. ၁၅ ထိ | ၁၀. ၁. ၁၅ မှ ၁၆. ၁. ၁၅ ထိ | ၁၇. ၁. ၁၅ မှ ၂၃. ၁. ၁၅ ထိ | ၂၄. ၁. ၁၅ မှ ၃၀. ၁. ၁၅ ထိ |
|---|---|---|---|---|
| **ပို့ကုန်** | | | | |
| ပြောင်း | ၁၀၁-၉၆ | ၁၀၂-၉၆ | ၁၀၁-၉၂ | ၉၁-၈၈ |
| ဆန် | ၁၀၅-၉၈ | ၁၀၈-၁၀၁ | ၁၀၅-၁၀၀ | ၁၀၀-၉၄ |
| ပဲတီစိမ်း | ၁၀၃-၉၈ | ၁၀၆-၉၈ | ၁၀၄-၉၅ | ၉၄-၉၁ |
| နှမ်း | ၁၀၀-၉၆ | ၁၀၂-၁၀၀ | ၁၀၆-၁၀၀ | ၉၄-၉၃ |
| ရော်ဘာ | ၁၀၄-၁၀၀ | ၁၀၂-၁၀၀ | ၁၀၆-၁၀၀ | ၁၀၀-၉၆ |
| **သွင်းကုန်** | | | | |
| မြေဆီ | ၃၁-၃၂ | ၃၀-၃၂ | ၂၉-၂၈ | ၂၅ |

မော်မော်အောင် MIRT (DCCA)

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | စီအာဗွီ (2002) | ယာယီ | ၁၅၅ သိန်း | |
| ၂။ | အယ်(ပ်)ဆန် (2002) | 5G | ၁၃၅ သိန်း | |
| ၃။ | ဟွန်ဒါဖစ် (2011) | ယာယီ | ၁၃၀ သိန်း | |
| ၄။ | အေဗီယိုဆလွန်း (2012) | ယာယီ | ၁၉၅ သိန်း | |
| ၅။ | ဟွန်ဒါအဲဝေ့ဗ် (2009) | ယာယီ | ၁၃၀ သိန်း | |
| ၆။ | ပရိုဘောက်/ဆက်ဆိဒ် (2009) | ယာယီ | ၁၁၀ သိန်း | |
| ၇။ | အယ်(လ်)ဖတ် (2003) | ယာယီ | ၂၂၅ သိန်း | 3.0 |
| ၈။ | ပါဂျဲရိုး (97) | 2G | ၁၇၅ သိန်း | |
| ၉။ | နီဆန်း (ကလစ်ပါ) (2006) | ယာယီ | ၅၅ သိန်း | |
| ၁၀။ | အယ်တို/မီနီဆလွန်း | ယာယီ | ၆၈ သိန်း | |

SN

## သင့်ကျန်းမာရေး

# အော့အန်ခြင်း (Vomiting)

ဒေါက်တာလွင်သန့်

အော့အန်ခြင်းဟာ လူတိုင်း တစ်ကြိမ်မဟုတ်တစ်ကြိမ် တွေ့ကြုံရလေ့ရှိတယ်။ အော့အန်ခြင်းဟာ သာမန်မူးဝေအော့အန်ခြင်းမှ အသက်အန္တရာယ်ရှိ အော့အန်ခြင်း၊ သွေးအန် ခြင်းအထိရှိနိုင်တယ်။

**အော့အန်ခြင်း။** ဦးနှောက်ဗဟိုဌာနက တိုက်ရိုက်(သို့) သွယ်ဝိုက်လှုံ့ဆော်တဲ့အခါ ဗဟိုဌာနမှ စေခိုင်းချက်အရ အစာလမ်းကြောင်းတစ်လျှောက်ရှိ ကြွက်သားများ၊ ရင်အုပ်ပိုင်းနှင့် ဝမ်းဗိုက်ရှိကြွက်သားများ ရင်အုပ်ပိုင်းနှင့် ဝမ်းဗိုက်ကြားရှိ ကန့်လန့်ကာကြွက်သားတို့ ရုတ်တရက်ကျုံ့ခြင်း၊ ဆန့်ခြင်းဖြင့် အော့အန်ခြင်းဖြစ်တယ်။

**အကြောင်းရင်း။** အော့အန်ခြင်း အကြောင်းများစွာရှိတယ်။ အစာလမ်းကြောင်းတစ်လျှောက် အစာမျိုပြွန်မှ အစာဟောင်းအိမ်အဆုံးထိ အကြောင်းအရာတစ်ခုခုကြောင့် တစ်နေရာမှာပိတ်ဆို့ရင် အော့အန်တတ်တယ်။

အစာလမ်းကြောင်းတစ်လျှောက် အစိတ်ပိုင်းများရောင်ခြင်း၊ တစ်ခုခုနှင့်ထိတွေ့လှုံ့ဆော်ခံရခြင်း၊ အထက်လှန် အောက်လျှောရောဂါ၊ အစာအိမ်ရောင်ခြင်း၊ အူအတက်ရောင်ခြင်း၊ အစာအိမ်ရောဂါ၊ အစာအဆိပ်သင့်ခြင်း၊ ကျောက်ကပ်လုပ်ငန်းပျက်စီးခြင်း၊ အသည်းလုပ်ငန်းချွတ်ယွင်းခြင်းတို့မှ အော့အန်စေတယ်။

ဦးခေါင်းခွံအတွင်း အကြောင်းအမျိုးမျိုးကြောင့် ဖိအားများရင် ဥပမာ ဦးနှောက်ရောင်ခြင်း၊ ဦးနှောက် ပြည်တည်နာ၊ ဦးနှောက်သွေးယိုခြင်း၊ ဦးနှောက်ကင်ဆာတို့ဟာ အော့အန်ခြင်းနဲ့ ဆိုင်တဲ့ဗဟိုဌာန ထိခိုက်မိပြီး အော့အန်စေတယ်။ ကိုယ်ဝန်ဆောင်မိခင်များ ကိုယ်ဝန်ရှိစဉ် အော့အန်တတ်တယ်။

**စိတ်ရောဂါ။** အချို့ရောဂါကြောင့်မဟုတ်ဘဲ စိတ်ကြောင့် အော့အန်တတ်တယ်။ စိတ်အလိုမကျရောဂါရှိသူ များ နှလုံးရောဂါပျောက်ဆေးနှင့် မော်ဖင်း (Morphine) မှီဝဲရင်၊ အရက် လွန်ကဲရင် အော့အန်တတ်တယ်။

**ရောဂါ။** သာမန်ဖျားနာခြင်း အမျိုးမျိုး၊ ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း၊ ကား၊ လေယာဉ်ပျံ၊ သင်္ဘောခရီးသွားရင် အော့အန်တတ်တယ်။ အသက်ရှူမဝ၊ မူးဝေရင်အော့အန်သလို၊ အချို့ကြက်ညှာချောင်းဆိုးရောဂါ၊ ပင်ပန်းလွန်းရင် အော့အန်တယ်။ အချို့ အဆိပ်အတောက်များစားမိ၊ သောက်မိ၊ မျိုမိရင် အော့အန်သလို လက်နဲ့နှိုးဆွရင်၊ ဆားရည်ပြင်းပြင်း သောက်ခြင်းအားဖြင့် အော့အန်စေတယ်။

**အမျိုးမျိုး။** အော့အန်ခြင်း အမျိုးမျိုးရှိတယ်။ အရောင်နှင့်အနံ့ဖြစ်နိုင် တယ်။ သည်းခြေရည်နှင့် သွေးတို့ပါဝင်နေတယ်။ ပါဝင်တဲ့အရာလိုက်ပြီး အဖြူ၊ အဝါ၊ အစိမ်း၊ အညိုရောင်နှင့် အနီရောင်တို့ဖြစ်တယ်။ အစာအိမ်အူကျဉ်းရင် ပိုမိုကျွေးလို့ အော့အန်စေတယ်။ စားတဲ့အစာမှာ အဆမတန်စားရင်အန်ထုတ်တယ်။ လေနာရောဂါများ အစာစားပြီးသည်နှင့် အော့အန်တတ်တယ်။ အထက်လှန် အောက်လျှောအပြင် မကြာခဏအော့အန်ခြင်းနှင့် ဝမ်းရည်များပါသွားကာ သွေးလန့်ခြင်း (Shock) အထိရှိနိုင်ပြီး အော့အန်ရင် သေဆုံးတတ်တယ်။

**အော့အန်ခြင်းနောက်ကွယ်မှာ။** အစာအိမ်ရောဂါအနာမှ သွေးထွက်ခြင်း၊ အစာအိမ်ကင်ဆာ၊ အသည်းကျွမ်းခြင်းရောဂါများ၊ အစာမျို ရေမျိုပြွန်အတွင်း နံရံက သွေးထွက်ခြင်း အစာလမ်းကြောင်းတစ်လျှောက် အခန့်မသင့်မတော်တဆဝင်ရင် ထိခိုက်ပွန်းပဲ့ခြင်း ကျောက်ကပ်လုပ်ငန်းပျက်စီးခြင်း၊ အခြားအသားပို အကျိတ်အလုံးများ၊ ကင်ဆာများ သွေးမတိတ်ရောဂါစတဲ့ သွေးနဲ့ ပတ်သက်တဲ့ရောဂါများ သွေးအန်တတ်တယ်။

**ကုသခြင်း။** အော့အန်ရင် ခန္ဓာကိုယ်တွင်း မလိုအပ်တဲ့ အဆိပ်အတောက်ဓာတ်များ ပြန်လည်စွန့်ပစ်ထုတ်ပစ်တဲ့ သဘာဝရဲ့ စေစားချက်နည်းတစ်နည်းဖြစ်ပေမယ့် များစွာအော့အန်ခြင်း အလွန်များရင်၊ ခန္ဓာကိုယ်တွင်းရေဓာတ် ဆားဓာတ်ခန်းခြောက်၍ သွေးလန့်ခြင်းအထိ ဖြစ်တတ်တယ်။ အော့အန်ရင် အော့အန်တဲ့ အကြောင်းလိုအပ်သလို စစ်ဆေးပြီး၊ ဆေးသောက်ခြင်း၊ ဆုံးရှုံးတဲ့ ရေနှင့် ဓာတ်ဆားသောက်ခြင်း၊ သွေးကြောမှ ဓာတ်ဆားရည်သွင်းခြင်းတို့ပြုလုပ်နိုင်သလို သက်ဆိုင်ရာ ဆရာဝန်၊ ပါရဂူနှင့်ပါ ပြသင့်တယ်။

# အယ်လ်ဇိုင်းမားရောဂါဖြစ်ပွားမှုကို ကော်ဖီက တိုက်ဖျက်ပေးနိုင်

အယ်လ်ဇိုင်းမားလို့ခေါ်တဲ့ မှတ်ဉာဏ်ချွတ်ယွင်းမှုရောဂါအတွက် ကုထုံးမရှိသေးသော်လည်း ကြိုတင်ကာကွယ်နိုင်မဲ့ သုတေသနပြုမှုများကိုတော့ အလေးထားလုပ်ဆောင်ကြပါတယ်။ ရှေးယခင်ကတည်းက သုတေသနပြုချက်များအရ ကော်ဖီကို အသင့်အတင့်သောက်သုံးပေးခြင်းဖြင့် ရောဂါဖြစ်ပွားမှုကို လျှော့ချပေးနိုင် ခြေရှိကြောင်း ဖော်ထုတ်နိုင်ခဲ့ကြပါတယ်။ နယ်သာလန်နိုင်ငံ ရော့တာဒမ်အခြေစိုက် အိပ်စမတ်ဆေးဘက်ဆိုင်ရာ ဗဟိုဌာနမှ Ar Framlkram နဲ့အဖွဲ့က ကော်ဖီမှာ အဓိကပါဝင်တဲ့ ကွန်ပေါင်းနှစ်မျိုးကို ခွဲခြမ်းစိတ်ဖြာမှုပြုတဲ့အခါ ကဖိန်းဓာတ်က ဦးနှောက်အတွင်း အာရုံကြောဆိုင်ရာ ရှုပ်ထွေးနောက်ကျိမှုများကို ကာကွယ်ပေးရာမှာ အကူအညီပေးပါတယ်။ ကော်ဖီမှာပါတဲ့ဓါတ်များက ဦးနှောက်ဆဲလ်များ ပျက်စီးချွတ်ယွင်းမှုကို လျှော့ချပေးနိုင်စွမ်းရှိပါတယ်။ ဦးနှောက်ဆဲလ်များအနက် အထူးသဖြင့် မှတ်ဉာဏ်မှတ်သားမှုပိုင်းဆိုင်ရာ အာရုံကြောများချွတ်ယွင်းမှုကို တားဆီးပေးတာဖြစ်ပါတယ်။ လေ့လာရေးအဖွဲ့ခေါင်းဆောင်ကတော့ ကော်ဖီကို ပုံမှန်အသင့်အတင့်သောက်သုံးပေးခြင်းအားဖြင့် လူ့သက်တမ်းတစ်လျှောက်မှာ အယ်လ်ဇိုင်းမားဖြစ်ပွားမှုကို လျှော့ချပေးနိုင်ကြောင်း အကြံပြုပြောကြားခဲ့ပြီး တစ်နေ့ကို အများဆုံး ကော်ဖီ ၃ ခွက်မှ ၅ ခွက်ထိ သောက်သုံးပေးခြင်းဖြင့် အယ်လ်ဇိုင်းမားဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်တယ်လို့ မှတ်ချက်ပြုလိုက်ပါတယ်။

ရှင်ပါဂူ

# အချိုရည်သောက်သုံးမှုနဲ့ ဓမ္မတာပေါ်ချိန်စောခြင်းတို့ ဆက်နွယ်မှုရှိကြောင်း သုတေသီများလေ့လာဖော်ထုတ်

အသစ်ထုတ်ဝေလိုက်သော Human Reproduction ဂျာနယ်မှာ အချိုရည်အများအပြားသောက်သုံးသော မိန်းကလေးငယ်များဟာ ဓမ္မတာလာချိန်စောတယ်လို့ ဖော်ပြထားပါတယ်။ အဲဒီလို ဓမ္မတာပေါ်ချိန် စောတဲ့အတွက် အသက်အရွယ် ကြီးမြင့်လာတဲ့အခါ ရင်သားကင်ဆာဖြစ်ပွားစေနိုင်တယ်လို့လည်း ဖော်ပြထားပါတယ်။

သူတို့ရဲ့ သုတေသနပြုလေ့လာမှုကို လွန်ခဲ့တဲ့ နှစ် ၅၀ ကျော်ကတည်းက လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။အမေရိကန် မိန်းကလေးငယ်များမှာ ပုံမှန်အားဖြင့် ၁၉၉၀ ပြည့်နှစ်များမှာ အသက် ၁၄ နှစ်အရွယ်ကျမှ ရာသီ ပေါ်သော်လည်း ယခုအခါ အသက် ၁၂ နှစ်အရွယ်ကစပြီး စတင်ရာသီပေါ်နေကြောင်း၊ ယခင်လေ့လာချက်များအရ ၀သော မိန်းကလေးများသာ ရာသီပေါ်ချိန်စောတာကို တွေ့ရှိခဲ့ရတယ်လို့ ဆိုပါတယ်။

ဒါပေမဲ့ အချိုရည်သောက်သုံးခြင်းနဲ့ ဓမ္မတာပေါ်ချိန်စောခြင်းတို့ ဆက်စပ်မှုရှိနေတယ်ဆိုတာကိုတော့ ဖော်ထုတ်နိုင်ခြင်းမရှိခဲ့ပါ။ ဟားဗတ်ဆေးပညာကျောင်းနဲ့ ဟားဗတ်ပြည်သူ့ကျန်းမာရေးသင်တန်းကျောင်းမှ သုတေသီများဟာ ၁၉၉၆ ခုနှစ်မှ ၂၀၀၁ ခုနှစ် အတွင်းမှာ အသက် ၉ နှစ်မှ ၁၄ နှစ် အရွယ်ရှိ အချိုရည်သောက်သုံးတဲ့ မိန်းကလေးငယ် ၅၅၀၀ ဦးကို လေ့လာမှုပြုခဲ့တာဖြစ်ပါတယ်။ အဆိုပါလေ့လာမှုအတွက် အချက်အလက်ကောက်ခံမှုကို ကာလရှည် နိုင်ငံအနှံ့ရှိ ဆယ်ကျော်သက် ၁၇၀၀၀ ကိုလေ့လာထားတာဖြစ်ပြီး လေ့လာမှုပရိုဂျက်ကို (Growing Up Today Study) ယနေ့ကြီးထွားမှုနှုန်းလေ့လာချက်လို့ အမည်ပေးထားပါတယ်။ လေ့လာမှုမှာ အသုံးပြုတဲ့ မိန်းကလေးငယ် ၅၅၀၀ လုံးဟာ စတင်လေ့လာချိန်မှာ တစ်ဦးတစ်ယောက်မှ အပျိုဖော်ဝင်ခြင်းမရှိသေးပါဘူး၊ လေ့လာမှုပြုလုပ်စဉ်အတွင်းမှာ မိန်းကလေးငယ်များဟာ စားသောက်မှုအလေ့အကျင့်၊ အလေးချိန်၊ အရပ်အမြင့်နဲ့ ကာယပိုင်းဆိုင်ရာ လှုပ်ရှားမှုအပါအဝင် ရာသီစပေါ်ချိန် စတဲ့မေးခွန်းတွေကို ဖြေဆိုပေးရတာဖြစ်ပါတယ်။

လေ့လာချက်များအရ တစ်နေ့ကိုအချိုရည် ၁ ခွက်ခွဲကျော်သောက်သုံးသူများဟာ တစ်ပတ်ကို နှစ်ခွက်အောက်သောက်သုံးသူများထက် ၂ လခွဲကျော် ဓမ္မတာပေါ်ချိန်စောတာကို လေ့လာတွေ့ရှိခဲ့ရပါတယ်။

လေ့လာသုံးသပ်ချက်အရ လူမျိုးစု၊ ဒေသ၊ ခန္ဓာကိုယ်အနေအထား၊ အရပ်အမြင့်၊ ကာယလှုပ်ရှားမှု၊ မွေးဖွားစဉ်က ခန္ဓာကိုယ်အလေးချိန် စတာတွေဟာလည်း ရာသီစပေါ်တဲ့အချိန်အပေါ် သက်ရောက်မှုရှိတယ်လို့ ဖော်ထုတ်ထားပါတယ်။ အချိုကဲတဲ့ အချိုရည်အများအပြားသောက်သုံးတဲ့ မိန်းကလေးငယ်များဟာ အခြားမိန်းကလေးငယ်များထက် လ အနည်းငယ်စောပြီး အသက် ၁၂ နှစ် ၈ လအရွယ်ခန့်မှာ ရာသီစပေါ်တယ်လို့လည်း လေ့လာချက်များအရ သိရှိရပါတယ်။

ရှင်ပါဂူ

# ကမ္ဘာပေါ်တွင် ပထမဆုံးပန်ကရိယအစားထိုးခွဲစိတ်ကုသမှု ဩစတြေးလျနိုင်ငံတွင် အောင်မြင်

ကမ္ဘာပေါ်တွင် ပထမဦးဆုံးပန်ကရိယအစားထိုးခွဲစိတ်ကုသမှုကို ဩစတြေးလျနိုင်ငံတွင် ပြုလုပ်ခဲ့သည်။ အသက်လေးနှစ်အရွယ်ရှိ ဩစတြေးလျကလေးငယ် ဇေဘီးယားဟမ်းစ်အား ပန်ကရိယအတုဖြင့်အစားထိုးခွဲစိတ်ကုသခဲ့ရာ ဟမ်းစ်မှာ ခွဲစိတ်ကုသပြီးနောက် မိသားစုနှင့်အတူပျော်ရွှင်နေသည်ကို မြင်တွေ့ခဲ့ရကြောင်းဖြင့် စီအန်န်အေသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။ အဆိုပါအစားထိုးခွဲစိတ်ကုသမှုသည် ကမ္ဘာပေါ်တွင် ပထမဦးဆုံးသော ပန်ကရိယ ခွဲစိတ်ကုသမှုဖြစ်ပြီး အောင်မြင်မှုရရှိခဲ့ သည်ဟု ဩစတြေးလျအနောက်ပိုင်း ကျန်းမာရေးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

ဟမ်းစ်သည် ပန်ကရိယပျက်စီးမှုကြောင့် အင်ဆူလင်ထုတ်လွှတ်မှုအားနည်းပါးမှုကြောင့် ဖြစ်ပေါ်တတ်သည့် သွေးတွင်းသကြားဓာတ်လျော့နည်းခြင်း၊ ဟိုမုန်းဓာတ်လျော့နည်းခြင်းစသည့်ရောဂါဝေဒနာများကိုခံစားနေရကြောင်း၊ ထို့ကြောင့်နေ့စဉ် အင်ဆူလင်ကို ထိုးပေးနေရသည့်အတွက် ကလေးငယ်၏ခံနိုင်ရည်အားမှာ တစ်နေ့တခြားဆုတ်ယုတ်လာခဲ့ကြောင်း၊ ပန်ကရိယကို အစားထိုးရန်အတွက် လပေါင်းများစွာလေ့လာပြီး လေ့လာချက်များအပေါ်တွင်အခြေခံကာ အစားထိုးခွဲစိတ်ကုသမှုပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ပတ်သ်မြို့ရှိ ပရင့်စက်စ်မာဂရက်ဆေးရုံရှိ ကလေးကုသဆောင်မှ ဆရာဝန်ကြီးများက ပြောကြားခဲ့သည်။

"နည်းပညာတွေက တိုးတက်လာတဲ့အတွက် အစားထိုးလိုက်တဲ့ ပန်ကရိယဟာ ကလေးငယ်လေးရဲ့ခန္ဓာကိုယ်မှာ လိုအပ်နေတဲ့သွေးတွင်းသကြားဓာတ်တို့ အင်ဆူလင်တို့ကို ထုတ်လွှတ်ပေးနိုင်ပါတယ်။ ဒါကြောင့် သူ့ကို အင်ဆူလင်အမြဲထိုးပေးနေရတာကို ရပ်လိုက်ပါပြီ" ဟု အဆိုပါဆေးရုံမှဆရာဝန်ကြီးများက ပြောကြားခဲ့သည်။

ဟမ်းစ်၏မိခင်ဖြစ်သူ နာအိုမိက "ကျွန်မသားလေးဟာ အသက် ၂၂ လသားအရွယ်ကတည်းက အဲဒီရောဂါကို ခံစားနေရတာပါ။ ခုတော့သားလေး အသက်ကို ကယ်ဆယ်နိုင်ခဲ့ပါပြီ။ ကျွန်မတို့အားလုံး ညဆိုအိပ်ပျော်ခဲ့ပါပြီ"ဟု ဝမ်းသာအားရ ပြောကြားခဲ့သည်။ အဆိုပါအစားထိုးခွဲစိတ်ကုသမှုအတွက် ဩစတြေးလျဒေါ်လာ ၁၀၀၀၀ (အမေရိကန်ဒေါ်လာ ၈၁၀၀) ကုန်ကျခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြခဲ့သည်။

မယ်သီတာ

# (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

### ၉-၂-၂၀၁၅ မှ ၁၅-၂-၂၀၁၅ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး

(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** အလုပ်အကိုင်အခွင့်အလမ်း ပွင့်လင်းလာလိမ့်မည်။ ယာဉ်အမျိုးမျိုးနှင့် ဓာတ်သတ္တုတူးဖော်ရေး လုပ်ငန်း အကျိုးပေးအားကောင်းနေတတ်ပါသည်။ ဝန်ထမ်းဖြစ်လျှင် နေရာပြောင်းရွှေ့တာဝန်ထမ်းဆောင်ခြင်းနှင့် ရာထူးတိုးခြင်းတို့ ရရှိတတ်ပါသည်။ ပညာရေးတွင် ရည်ရွယ်ချက်များ ပြည့်အောင်ကြိုးစားနိုင်တတ်ပါသည်။ အချစ်ရေးတွင်ကောင်းသောချစ်သူတွေ့ရတတ်သော်လည်း အိမ်ထောင်ရေးတွင် စိတ်တိုင်းမကျမှုများရှိနေတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် အစားအသောက်မဆင်ခြင်မှုကြောင့် ရောဂါရတတ်ပါသည်။

**ယတြာ။ သီလရှင်အားဖိနပ်လှူပါ။**



**တနင်္လာသားသမီးများအတွက်** အသိပညာရှင် အတတ်ပညာရှင်များကိုခေါ်ယူ၍ ဆွေးနွေးတိုင်ပင်ညှိနှိုင်းပြီး လုပ်ကိုင်ဆောင်ရွက်ရတတ်ပါသည်။ စီးပွားရေးလုပ်ငန်းများကို လုပ်ဆောင်ရာတွင် စိတ်ရောကိုယ်ပါ အပင်ပန်းခံ၍ လုပ်ကိုင်ရတတ်ပါသည်။ ပညာရေးတွင် အတွေးအခေါ် ဉာဏ်ရည်ဉာဏ်သွေးကောင်း၍ ပို၍ကြိုးစားလျှင် ဂုဏ်ထူးရရှိတတ်ပါသည်။ ကျန်းမာရေးကိုဂရုစိုက်ရတတ်သည်။ အချစ်ရေး မကောင်းသေးပါ။

**ယတြာ။ ဘုရားတွင်နေကြာပန်းလှူ၍လက္ခဏာရေးသုံးပါးကိုဆင်ခြင်ပါ။**



**အင်္ဂါသားသမီးများအတွက်** ဘဝအခြေအနေနှင့် မကိုက်ညီသော လုပ်ငန်းဆောင်တာများကို လုပ်ကိုင်ဆောင်ရွက်ရခြင်း၊ မကျွမ်းကျင်သော စီးပွားရေးများကို စွန့်စား၍ လုပ်ကိုင်ရသောကြောင့် မထင်မှတ်သော ဆုံးရှုံးမှုများကြုံရတတ်သည်ကို သတိရှိသင့်သော ကာလဖြစ်ပါသည်။ ပညာရေးတွင် ဉာဏ်ရည်ဉာဏ်သွေးမြင့်မားနေလိမ့်မည်။ အချစ်ရေးတွင် ချစ်သူဝိုင်းဝိုင်းလည်နေသော်လည်းရွေးချယ်ရန် ခက်ခဲနေတတ်သည်။ ကျန်းမာရေးအနေဖြင့်ကိုယ်လက်ကိုက်ခဲသောဝေဒနာခံစားရတတ်ပါသည်။

**ယတြာ။ မိမိမွေးနံထောင့်တွင် အောင်သပြေပန်းလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စိတ်ကူးယဉ်မှုများနေပြီး စီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်ရန်အတွက် အခက်အခဲ အနည်းငယ်ရှိနေမည်။ ပညာရေးထူးချွန်နေမည်။ အချစ်ရေးတွင် ချစ်သူ၏ ဆန္ဒကို လိုက်လျောနေရတတ်သည်။ အိမ်ထောင်ရေးအနေ ဖြင့် သဘောထားတူညီစေရန် ညှိနှိုင်းနေရတတ်သည်။ ကျန်းမာရေးအနေဖြင့် ထိခိုက်ရှနာဝေဒနာ ခံစားရမှုများရှိနေတတ်ပါသည်။

**ယတြာ။ နတ်သုဒ္ဓါဒံပေါက်ဆွမ်းကပ်ပါ။**



**ကြာသပတေးသားသမီးများအတွက်** ကြီးကျယ်မြင့်မြတ်သော စီးပွားရေးလုပ်ငန်း များကို လုပ်ကိုင်ရန် တာစူနေတတ်သော်လည်း၊ ရည်မှန်းချက် အားနည်းနေတတ်သည်ကို သတိရှိသင့်ပါသည်။ ဘာသာခြား၊ လူမျိုးခြားတို့၏ ကူညီပံ့ပိုးမှုရရှိမှသာ အောင်မြင်ပါလိမ့်မည်။ ဝင်ငွေ၊ ထွက်ငွေ၊ မမျှရှိနေတတ်ပါသည်။ ကျန်းမာရေး ချို့ယွင်းမှုကြောင့် ပညာရေးအားနည်းတတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် စိတ်ဝင်စားပျော်ရွှင်မှု အားနည်းနေမည်။

**ယတြာ။ ထမနဲဆွမ်းကပ်ပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေး အောင်မြင်ဖြစ်ထွန်းမှုရှိနေတတ်ပါသည်။ လုပ်ငန်းခွင်တွင် စိတ်ပင်ပန်းခြင်း၊ ကိုယ်ပင်ပန်းခြင်းရှိမည်။ ရတနာပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းတို့တွင် လိမ်လည်လှည့်ဖြားခံရခြင်းကြောင့် ဆုံးရှုံးမှုများရှိနေတတ်သည်ကို သတိရှိသင့်ပါသည်။ ပညာရေးတွင် အောင်မြင်ကျော်စောမှုရှိနေမည်။ အချစ်ရေးတွင် ပျော်ရွှင်မှုကိုသာဦးစားပေးနေမည်။ကျန်းမာရေး အနေဖြင့် အကြောနှင့် လေတို့ကို သတိထားသင့်သောကာလ ဖြစ်နေတတ်ပါသည်။

**ယတြာ။ ပြောင်းဖူးပေါက်ပေါက်ဆွမ်းကပ်ပေးပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းတို့တွင် ယှဉ်ပြိုင်မှုများနေရတတ်သည်။ လက်အောက်ငယ်သားများကြောင့် လာဘ်လာဘ ဝင်ငွေများ ရရှိခံစားရတတ်ပါသည်။ ပညာရေးတွင် နိုင်ငံခြားပညာထူးချွန်မှု အားကောင်းလိမ့်မည်။ အချစ်ရေးတွင် အနစ်နာခံချစ်တတ်သောသူမျိုးနှင့် ကြုံရတတ်သည်။ အိမ်ထောင်ရေးတွင် စိတ်တူကိုယ်တူ အကျိုးတူလုပ်နိုင်စွမ်း အားကောင်းနေလိမ့် မည်။ ကျန်းမာရေးတွင် လုပ်ငန်းခွင်ပင်ပန်းနွမ်းနယ်မှုကြောင့် စိတ်ဝေဒနာခံစားရခြင်း၊ အင်အားကုန်ခမ်းခြင်းတို့ ရှိနေတတ်ပါသည်။

**ယတြာ။ တိရစ္ဆာန်လေးများကို အာဟာရကျွေးမွေးလိုက်ပါ။**

## ဒသမအကြိမ်မြောက်ကုန်သွယ်လယ်ယာမိသားစုများဆရာကန်တော့ပွဲကျင်းပမည်

ကုန်သွယ်လယ်ယာဝန်ထမ်းဟောင်းများ အချင်းချင်းရိုင်းပင်းကူညီရေးအသင်းမှ ကြီးမှူးကျင်းပသော သက်ကြီးဝါကြီး ဆရာများအား ဒသမအကြိမ်မြောက် ဆရာကန်တော့ပွဲအခမ်းအနားကို ၂၀၁၅ ခုနှစ် မေလ နောက်ဆုံးပတ်တွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကြားတောရလမ်း ကုန်သွယ်လယ်ယာဓမ္မာရုံတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဝန်ထမ်းများနှင့်ဝန်ထမ်းဟောင်းများတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အလှူငွေများ လှူဒါန်းလိုပါက အောက်ဖော်ပြပါပုဂ္ဂိုလ်များထံ ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ပါသည်။

| | | |
|---|---|---|
| ဦးတင်ရွှေ | အထွေထွေမန်နေဂျာ(ငြိမ်း) | ဖုန်း - ၀၉-၇၃၂၀၆၃၀၇ |
| ဦးသိန်းလွင် | အထွေထွေမန်နေဂျာ(ငြိမ်း) | ဖုန်း - ၅၁၃၉၀၆/၀၉-၇၅၁၆၄၇၃ |
| ဒေါ်ခင်အေး | ဒု-အထွေထွေမန်နေဂျာ(ငြိမ်း) | ဖုန်း - ၀၁-၅၁၃၂၉၆ |
| ဦးတိုးအောင်မြင့် | ညွှန်ကြားရေးမှူးချုပ် | ဖုန်း - ၀၉-၇၃၀၃၂၁၇ |
| ဦးသန်းအောင်ကျော် | ဒုတိယညွှန်ကြားရေးမှူးချုပ် | ဖုန်း - ၀၉-၄၉၂၀၆၉၀၃ |
| ဦးသန်းအောင် | ညွှန်ကြားရေးမှူး(ငြိမ်း) | ဖုန်း - ၂၀၁၆၄၆/၀၉-၅၀၁၉၃၃၄ |
| ဦးဇော်မင်း | ညွှန်ကြားရေးမှူး | ဖုန်း - ၀၉-၇၆၁၃၆၇၉ |
| ဦးမြင့်ချို | ညွှန်ကြားရေးမှူး | ဖုန်း - ၀၉-၇၆၂၇၄၄၃ |
| ဦးမြင့်လွင် | ညွှန်ကြားရေးမှူး | ဖုန်း - ၀၉-၄၃၀၃၄၇၇၅ |
| ဦးကျော်ငွေ | အင်ဂျင်နီယာချုပ် | ဖုန်း - ၀၉-၅၀၁၄၅၅၃ |

ဆရာကန်တော့ပွဲ ကျင်းပရေးကော်မတီ

## မြန်မာနိုင်ငံစက်မှုသီးနှံ (ရော်ဘာ)ဌာနမှ တာဝန်ရှိသူများနဲ့ IR Co မှ အမှုဆောင်အရာရှိချုပ် တွေ့ဆုံ

IR Co မှ အမှုဆောင်အရာရှိချုပ် Mr.Yium Tavarolit သည် စက်မှုသီးနှံဖွံ့ဖြိုးရေးဌာနမှ ညွှန်ကြားရေးမှူးချုပ်နဲ့ ဖေဖော်ဝါရီ ၃ ရက်က နေပြည်တော်ရှိ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးရုံးမှာ လာရောက်တွေ့ဆုံခဲ့ပါတယ်။ သဘာဝရော်ဘာ (Natural Rubber) ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပတ်သက်ပြီး အကျိုးကျေးဇူးရရှိစေနိုင်မယ့် ဆွေးနွေးမှုများကို ဆွေးနွေးခဲ့တယ်လို့ ဖေဖော်ဝါရီ ၄ ရက်က Global Rubber Market News အွန်လိုင်းသတင်းမှာ ဖော်ပြထားပါတယ်။

ဆွေးနွေးရာမှာ လတ်တလောရင်ဆိုင်နေရတဲ့ ရော်ဘာဈေးကွက်ကျဆင်းနေရမှုနဲ့ ဒီပြဿနာကို အာဆီယံနိုင်ငံအတွင်းရှိ သဘာဝရော်ဘာထုတ်လုပ်တဲ့ နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်၍ ဖြေရှင်းရန်ကိစ္စအား အသေးစိတ်ဆွေးနွေးခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်မှာ မြန်မာနိုင်ငံဟာ ရော်ဘာစိုက်ဧက ၁ ဒသမ ၄သန်းဝန်းကျင် (ဟက်တာ သုည ဒသမ ၅၆ သန်း) စိုက်ပျိုးထားတာဖြစ်ပါတယ်။

တွေ့ဆုံဆွေးနွေးပွဲမှာ Mr.YiumTaverolit က မြန်မာနိုင်ငံစက်မှုသီးနှံဌာနမှ အရာရှိများအား ITRC နဲ့ IRCO ရဲ့ နောက်ခံသမိုင်းကြောင်း၊ သဘာဝရော်ဘာဈေးနှုန်းတိုးရရှိရေးအတွက် လာမယ့် ၁၀ နှစ်အတွင်းကျင့်သုံးမယ့် နည်းလမ်းများကို ရှင်းလင်းပြောကြားခဲ့ပါတယ်။

ဖေဖော်ဝါရီ ၂၆ ရက်မှာ အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမှာကျင်းပမယ့် ITRC နဲ့ မဲခေါင်ဒေသတွင်း လေးနိုင်ငံ ပူးတွဲအစည်းအဝေးမှာ မြန်မာနိုင်ငံအနေနဲ့ တက်ရောက်ပေးဖို့ ၎င်းက ဖိတ်ကြားခဲ့ပြီးဘန်ဒေါင်းမှာ ကျင်းပမဲ့အစည်းအဝေးရဲ့ အဓိကရည်ရွယ်ချက်ကတော့ သဘာဝရော်ဘာဈေးကွက်အခြေအနေ၊ ITRC နဲ့ မဲခေါင်ဒေသတွင်းတို့ ပူးပေါင်းဆောင်ရွက်မှု ထပ်မံတိုးမြှင့်ရန်နဲ့ သဘာဝရော်ဘာဈေးတည်ငြိမ်မှုရှိစေရေးတို့ကို ဦးစားပေးဆွေးနွေးသွားမယ်လို့ သိရပါတယ်။

အဲဒီဆွေးနွေးပွဲဟာ နိုင်ငံခုနစ်နိုင်ငံမှ သဘာဝရော်ဘာလုပ်ငန်းရှင်ငယ်များ (Small holders) များရဲ့ ရေရှည်အကျိုးစီးပွားရရှိစေရေးလည်း ရည်ရွယ်တယ်လို့ သိရပါတယ်။

**CMK**

## ပြည်ပနိုင်ငံများသို့ မြန်မာ့သစ်သီးဝလံများတင်ပို့



၂၀၁၅ ခုနှစ် ဇန်နဝါရီလ နောက်ဆုံးပတ်မှာ ကန်ဒေါ်လာ ၃ ဒသမ ၉၇၁ သန်း တန်ဖိုးရှိတဲ့ ဖရဲသီး၊ သခွားမွှေး၊ ဆီးသီး၊ အုန်းသီး၊ စပျစ်သီးနဲ့ ရွှေဖရုံသီးတွေကို မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံကို တင်ပို့ခဲ့ပါတယ်။

တင်ပို့ခဲ့တဲ့တန်ချိန်တွေကတော့ ဖရဲသီး ၂၅၈၂၈ တန်၊ သခွားမွှေး ၂၆၅၅ တန်၊ ဆီးသီး ၉၅၆ တန်ခွဲ၊ အုန်းသီး ၈ တန်၊ စပျစ်သီး ၁၁ တန်နဲ့ ရွှေဖရုံသီး ၁၅၆ တန်ခွဲ တို့ဖြစ်ပါတယ်။

ဖရဲနဲ့ သခွားမွှေးကတော့ မူဆယ်ကနေ ပုံမှန်တင်ပို့နေရပြီး စပျစ်သီး ၊ အုန်းသီးနဲ့ ရွှေဖရုံသီးကတော့ ရာသီပေါ်သီးနှံအနေနဲ့ တင်ပို့နေတာပါ။ မြန်မာ့သစ်သီးဝလံတွေ တရုတ်နိုင်ငံကို တင်ပို့မှုရှိသလို တာချီလိတ်နယ်စပ်ကုန်သွယ်ရေးကနေလည်း လိမ္မော်သီး ၅၂၈ တန်ကို ကန်ဒေါ်လာ ၉၇၃၅၈ ဖိုး ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ဇန်နဝါရီလတစ်လလုံးမှာတော့ တရုတ်နိုင်ငံကို ဖရဲသီး ၁၂၆၀၁၉ တန်၊ သခွားမွှေး ၁၁၉၇၅ တန်၊ ဆီးသီး တန် ၃၉၉၀၊ စပျစ် သီး ၁၁ တန်၊ အုန်းသီး ၁၇ တန်နဲ့ ရွှေဖရုံသီး ၂၁၃ တန်ခွဲနဲ့ ထိုင်းနိုင်ငံကို လိမ္မော်သီး ၈၅၈ တန် တင်ပို့နိုင်ခဲ့ပါတယ်။

“တရုတ်နှစ်သစ်ကူးချိန် နီးလာတာကြောင့် သစ်သီးဈေးတွေနည်းနည်းပြန်တက်လာတယ်။ တရုတ်ဝယ်လက်တွေက တရုတ်နှစ်သစ်ကူးခါနီး တစ်ပတ်လောက်အလိုဆိုရင် ရောက်သမျှသစ်သီးတွေ အကုန်ဝယ်တတ်လို့ ဈေးကောင်းလည်းရတယ်”ဟု မူဆယ်သစ်သီးကုန်စည်ဒိုင်မှ သိရပါတယ်။

**မော်မော်အောင်**

**MIRT (DCCA)**



# မြို့ကြီးများ၏ ၉-၂-၂၀၁၅ မှ ၁၃-၂-၂၀၁၅ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၉-၂-၂၀၁၅) | အင်္ဂါ(၁၀-၂-၂၀၁၅) | ဗုဒ္ဓဟူး(၁၁-၂-၂၀၁၅) | ကြာသပတေး(၁၂-၂-၂၀၁၅) | သောကြာ(၁၃-၂-၂၀၁၅) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၅°C/၉၅°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၅°C/၉၅°F |
| ရန်ကုန်မြို့ | နေသာ ၃၄°C/၉၄°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၄°C/၉၄°F |
| မန္တလေးမြို့ | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | တိမ်အသင့်အတင့် ၃၄°C/၉၃°F | တိမ်အသင့်အတင့် ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F |
| မြစ်ကြီးနား | တိမ်အသင့်အတင့် ၂၉°C/၈၅°F | တိမ်အသင့်အတင့် ၂၉°C/၈၄°F | တိမ်အသင့်အတင့် ၂၉°C/၈၄°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F |
| လားရှိုး | နေသာ ၂၆°C/၇၉°F | နေသာ ၂၇°C/၈၀°F | တိမ်အသင့်အတင့် ၂၇°C/၈၀°F | တိမ်အသင့်အတင့် ၂၇°C/၈၀°F | နေသာ ၂၇°C/၈၀°F |
| ကျိုင်းတုံ | နေသာ ၂၈°C/၈၂°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၉°C/၈၄°F |
| လွိုင်ကော် | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၅°F | နေသာ ၃၀°C/၈၆°F | နေသာ ၃၀°C/၈၆°F | နေသာ ၂၉°C/၈၅°F |
| တောင်ကြီး | နေသာ ၂၄°C/၇၃°F | နေသာ ၂၂°C/၇၂°F | နေသာ ၂၄°C/၇၃°F | နေသာ ၂၄°C/၇၄°F | နေသာ ၂၄°C/၇၄°F |
| မော်လမြိုင် | နေသာ ၃၆°C/၉၆°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F |
| ဘားအံ | နေသာ ၃၆°C/၉၅°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၄°C/၉၄°F | တိမ်အသင့်အတင့် ၃၅°C/၉၅°F | နေသာ ၃၄°C/၉၄°F |
| ထားဝယ် | နေသာ ၃၄°C/၉၄°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၄°C/၉၄°F |
| မုံရွာ | နေသာ ၃၃°C/၉၂°F | နေသာ ၃၅°C/၉၅°F | တိမ်အသင့်အတင့် ၃၄°C/၉၃°F | တိမ်အသင့်အတင့် ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F |
| ပုသိမ် | နေသာ ၃၅°C/၉၅°F | တိမ်အသင့်အတင့် ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F |
| မြိတ် | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၂°F |
| စစ်တွေ | နေသာ ၂၉°C/၈၅°F | တိမ်အသင့်အတင့် ၂၉°C/၈၅°F | တိမ်အသင့်အတင့် ၃၀°C/၈၆°F | တိမ်အသင့်အတင့် ၃၀°C/၈၆°F | နေသာ ၃၀°C/၈၆°F |
| မကွေး | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၃°C/၉၁°F |
| ဖလမ်း | နေသာ ၂၅°C/၇၅°F | တိမ်အသင့်အတင့် ၂၄°C/၇၄°F | တိမ်အသင့်အတင့် ၂၂°C/၇၂°F | နေသာ ၂၅°C/၇၅°F | နေသာ ၂၄°C/၇၃°F |



## ဂျပန်နိုင်ငံမြောက်ပိုင်းကို ဖြတ်သန်း တိုက်ခတ်လာသည့် အအေးလှိုင်းသည် ဆိုးလ်နှင့် ဘေဂျင်းတို့အထိပါ တိုက်ခတ်လျက်ရှိ

ဂျပန်နိုင်ငံမြောက်ပိုင်းဒေသများကို ဖြတ်သန်းတိုက်ခတ်ခဲ့သည့် အအေးလှိုင်းသည် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့နှင့် တရုတ်နိုင်ငံ ဘေဂျင်းမြို့အထိပါ တိုက်ခတ်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

ဖေဖော်ဝါရီ ၂ရက်က ဂျပန်နိုင်ငံမြောက်ပိုင်းတွင် အအေးလှိုင်း ကျရောက်မှုကြောင့် နှင်းမုန်တိုင်းများတိုက်ခတ်ခဲ့သည်။ အဆိုပါ နှင်းမုန်တိုင်းများ တိုက်ခတ်မှုကြောင့် ခြောက်ပေအမြင့်ရှိ နှင်းထုများဖြစ်ပေါ်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနမှ သတင်းထုတ်ပြန်ခဲ့သည်။

အထူးသဖြင့် ဟိုကိုင်းဒိုးပြည်နယ်တွင် နှင်းထုများမှာ ပိုမိုကျရောက်လျက်ရှိပြီး ဟိုကိုင်းဒိုးပြည်နယ်မှ စစ်သား ၅၀ ကျော်တို့က နှင်းထုများကို ဖယ်ရှားပေးလျက်ရှိကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

နှင်းထုသည် အိမ်များမြုပ်လုနီးပါးအထိ ကျရောက်ခဲ့သဖြင့် နေအိမ်များအတွင်း၌ နေထိုင်ရန် ခက်ခဲခဲ့ကြောင်းဖြင့် ဒေသဆိုင်ရာသတင်းဌာနများက ရေးသားခဲ့သည်။

ဆိုးလ်မြို့တွင် ကျရောက်ခဲ့သည့် နှင်းထုမှာ တစ်လက်မခန့်ရှိပြီး ပင်လယ်ဝါကိုဖြတ်သန်းတိုက်ခတ်လာသည့် ရေအေးစီးကြောင်းများကြောင့်လည်း အဆိုပါဒေသများတွင် အအေးပိုလာနိုင်ကြောင်း ဆင်ဟွာသတင်းက ရေးသားခဲ့သည်။

"အအေးလှိုင်းဟာ နောက်တစ်ပတ်လောက်အထိ ဖြတ်သန်းနိုင်ပါသေးတယ်။ အပူချိန်တွေ မြင့်တက်လာနိုင်တယ်ဆိုပေမယ့် အအေးလှိုင်းဖြတ်သန်းမှုကြောင့် အဲဒီဒေသတွေမှာ အပူချိန်တွေ စံချိန်တင်ကျဆင်းလာနိုင်ပါသေးတယ်"ဟု မိုးလေဝသပညာရှင် ဂျေဆင်နီခိုးလ်က ပြောကြားခဲ့သည်။

ထို့ပြင် အရှေ့အာရှတစ်ခွင်တွင် ယခုလအလယ်ပိုင်းအထိ အပူချိန်များ လျော့ကျနိုင်သေးကြောင်း၊ ဂျပန်နိုင်ငံ အနောက်ပိုင်းနှင့်ဆိုးလ်မြို့တို့တွင် အပူချိန်များ ကျဆင်းလာနိုင်သေးကြောင်းဖြင့် နီခိုးလ်က ဆက်လက်ပြောကြားခဲ့သည်။ **MTD**

## နယူးဒေလီတွင် အအေးလှိုင်းဖြတ်သန်း ကက်ရှ်မီးယားဒေသတွင် အပူချိန် အနုတ် ၂၀ ံ ဆဲလ်ဆီးယပ်စ်အထိ ကျဆင်းနေ



အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် အအေးလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်များကျဆင်းကာ ရထားလမ်းများပိတ်ထားခဲ့ရကြောင်းဖြင့် NDTV သတင်းတွင် ဖော်ပြထားသည်။ ဒေလီမြို့၏အပူချိန်သည် ၁၀ ဒီဂရီဆဲလ်ဆီးယပ်စ်သာရှိသည့်အတွက် စံချိန်တင်လောက်သည့် အပူချိန်ဖြစ်နိုင်ကြောင်းဖြင့် ဒေလီမြို့မှ မိုးလေဝသတိုင်းတာရေးမှူးက ပြောကြားခဲ့သည်။ ဒေလီမြို့မြောက်ပိုင်းတွင် နှင်းများထူထပ်စွာကျရောက်နေမှုကြောင့် ပြေးဆွဲလျက်ရှိသည့် ရထားခရီးစဉ်များကို ရပ်ဆိုင်းထားခဲ့ရသည်ဟု ဆိုသည်။

ထို့ပြင် အိန္ဒိယနိုင်ငံမှအုပ်ချုပ်သည့် ကက်ရှ်မီးယားဒေသတွင်လည်း အပူချိန်သည် အနုတ် ၂၀ ဒီဂရီဆဲလ်ဆီးယပ်စ်အထိ ရောက်ရှိနေခဲ့ကြောင်း ဇီးနယူးစ်တွင် ဖော်ပြထားသည်။ ယခုနှစ်ဆောင်းရာသီသည် ဂျမူးနှင့် ကက်ရှ်မီးယားဒေသများတွင် အအေးဆုံးဖြစ်ကြောင်း၊ အပူချိန်များမှာ စံချိန်တင်လောက်အောင် ကျဆင်းလျက်ရှိကြောင်း၊ အအေးလှိုင်းများဖြတ်သန်းကာ နှင်းများ ထူထပ်စွာကျရောက်လျက်ရှိကြောင်းဖြင့် ကက်ရှ်မီးယားဒေသမှ မိုးလေဝသပညာရှင်တစ်ဦးက ပြောကြားခဲ့သည်။

ကက်ရှ်မီးယားဒေသမြောက်ပိုင်းရှိ ရေခဲပြင်စကိတ်အပန်းဖြေရာနေရာတစ်ခုဖြစ်သည့် Gulmarg အပန်းဖြေစခန်းသည် ကမ္ဘာလှည့်ခရီးသည်များကို ပိုမိုဆွဲဆောင်နိုင်ခဲ့ကြောင်း၊ ထိုနေရာတွင် အပူချိန်သည် အနုတ် ၁၀ဒီဂရီဆဲလ်ဆီး ယပ်စ်အထိရှိနေကြောင်းဖြင့် ၎င်းကပြောကြားခဲ့သည်။ ထို့ပြင် ကက်ရှ်မီးယားဒေသသည် နောက် ၄၈နာရီအတွင်း ပို၍ခြောက်သွေ့သည့်နေရာတစ်ခုဖြစ်လာနိုင်ကြောင်းဖြင့် မိုးလေဝသဌာနမှ တာဝန်ရှိသူတစ်ဦးက ခန့်မှန်းထားသည်။

**MTD**

Domestic Sport News
Vol: 15, No.6 Monday Feb 9 2015

## ရောဝတီယူနိုက်တက် အသင်းအား 100 Plus မှ အားဖြည့်အချိုရည်များ ပံ့ပိုးပေးရန် သဘောတူညီမှုရရှိ

မြန်မာနိုင်ငံ၏အားဖြည့်အချိုရည် ဈေးကွက်တွင် နာမည်ရရှိပြီဖြစ်သည့် 100 Plus သည် ရောဝတီယူနိုက်တက် အသင်းအား ၂၀၁၅ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ သုံးနှစ်တာအတွင်း အားဖြည့်အချိုရည်များ ပံ့ပိုးပေးရန်အတွက် ဖေဖော်ဝါရီ ၁ ရက်က နှစ်ဖက်သဘောတူညီမှု ရရှိခဲ့ကြောင်းသိရသည်။

100 Plus မှ ရောဝတီယူနိုက်တက်အသင်းသို့ ပံ့ပိုးပေးမည့် အားဖြည့်အချိုရည်တန်ဖိုးမှာ ကျပ်သိန်းပေါင်း ၂၀၀ ကျော်ရှိကြောင်း သိရသည်။

၎င်းအစီအစဉ်တွင် 100 Plus အနေဖြင့် အချိုရည်ဘူးပေါင်း ၁၂၀၀၀ ကိုနှစ်စဉ်ပံ့ပိုးပေးမည်ဖြစ်သည်။ ထို့ပြင် ရောဝတီယူနိုက်တက်အသင်း၏ လေ့ကျင့်ရေးအစီအစဉ်များ၊ ပြိုင်ပွဲများအားလုံးတွင် အားဖြည့်အချိုရည်ဗူးများ ပံ့ပိုးပေးသွားမည့်အပြင် ရောဝတီယူနိုက်တက်အသင်း၏ အိမ်ကွင်းတွင် အသုံးပြုရန် အအေးခံသေတ္တာ(100 Plus Chiller) တစ်ခုကိုလည်း ထားရှိပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ 100 Plus အားဖြည့်အချိုရည်အနေဖြင့် ရောဝတီယူနိုက်တက်အသင်းအား ပံ့ပိုးကူညီမှုများပြုလုပ်ရာတွင် ရောဝတီယူနိုက်တက်မှ ကြီးမှူးကျင်းပမည့် လူငယ်ဖွံ့ဖြိုးရေး အစီအစဉ်များ၊ ပြိုင်ပွဲများတွင်ပါ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

# မြန်မာယူ-၂၀အသင်း၏ တူရကီခရီးစဉ် အောင်မြင်စွာပြီးဆုံး

## လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲအား သုံးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲအဖြစ် ပြောင်းလဲကျင်းပမည်



ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်မည့် မြန်မာ ယူ-၂၀ အသင်းသည် တူရကီနိုင်ငံသို့ သွားရောက်လေ့ကျင့်ရင်း ခြေစမ်းပွဲများယှဉ်ပြိုင်ကစားခဲ့ပြီး မြန်မာနိုင်ငံသို့ ဖေဖော်ဝါရီ ၂ ရက်က ပြန်လည်ရောက်ရှိခဲ့ပြီဖြစ်သည်။

မြန်မာယူ-၂၀ အသင်းသည် တူရကီနိုင်ငံတွင် လေ့ကျင့်ခန်းများ ပြုလုပ်နေစဉ်အတွင်း ခြေစမ်းပွဲခြောက်ပွဲကစားခဲ့ရာ လေးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ဖြင့် အောင်မြင်စွာခြေစွမ်းပြနိုင်ခဲ့ကြောင်း သိရသည်။

မြန်မာယူ-၂၀ အသင်းသည် တူရကီနိုင်ငံတွင် ဇန်နဝါရီ ၁၇ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ သွားရောက်လေ့ကျင့်ခဲ့သည်။ လေ့ကျင့်စဉ်အတွင်း ဇန်နဝါရီ ၁၉ ရက်တွင် တာဂျစ်ကစ္စတန် စူပါလိဂ်ကလပ်အသင်း Taraz နှင့် ယှဉ်ပြိုင်ကစားရာ နှစ်ဂိုးစီ သရေကျခဲ့သည်။ ထို့နောက် ဇန်နဝါရီ ၂၁ ရက်တွင် အဇာဘိုင်ဂျန် ယူ- ၂၂အသင်းနှင့် နှစ်ဂိုး-ဂိုးမရှိ၊ ဇန်နဝါရီ ၂၇ရက်တွင် ဂျာမန်တတိယတန်းကလပ် BAK Berlin ကို လေးဂိုး-တစ်ဂိုး၊ ဇန်နဝါရီ ၂၉ ရက်တွင် ဂျာမန် စတုတ္ထတန်းကလပ် 1879 Ehrenhain ကို လေးဂိုး-တစ်ဂိုး၊ ဇန်နဝါရီ ၃၁ ရက်တွင် ရှက်တာဒိုးနတ် ယူ -၂၁အသင်းကို လေးဂိုး-တစ်ဂိုးတို့ဖြင့် အသီးသီးအနိုင်ရရှိခဲ့ပြီး ဇန်နဝါရီ ၂၄ရက်တွင် အီရန် ယူ-၂၂ အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

ခြေစမ်းခရီးစဉ်တွင် မြန်မာ ယူ-၂၀ အသင်း၏ နိုင်ငံတကာအတွေ့အကြုံရှိ နှင့်ပြီး ကစားသမားများ၏ ခြေစွမ်း ပိုမိုတည်ငြိမ်တိုးတက်လာသည့်အပြင် အသစ်ထပ်မံခေါ်ယူထားသော ကစားသမားများသည်လည်း အကောင်းဆုံးပုံစံရရှိအောင် ကစားနိုင်ခဲ့ကြောင်း မြန်မာယူ-၂၀အသင်းနည်းပြချုပ် မစ္စတာဂတ်ဆီဇီက ပြောကြားခဲ့သည်။

တူရကီနိုင်ငံလေ့ကျင့်ရေးခရီးစဉ်မှ ပြန်လည်ရောက်ရှိလာသည့် မြန်မာယူ -၂၀အသင်းအနေဖြင့် ယခုနှစ်အတွင်း သမိုင်းဝင်ပြိုင်ပွဲတစ်ရပ်ဖြစ်သည့် ၂၀၁၅ ဖီဖာယူ-၂၀ကမ္ဘာ့ဖလားပြိုင်ပွဲအား နယူးဇီလန်နိုင်ငံသို့သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်ရာ ယင်းအတွက် ကြိုတင်ပြင်ဆင်မှုများအား စနစ်တကျ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဂျာမန်နည်းပြ ဂုတ်ဆီဇီတာဝန်ယူထားသည့် မြန်မာယူ-၂၀အသင်းအား ပိုမိုတောင့်တင်းလာစေရန်၊ ကစားသမားများ ကြံ့ခိုင်မှု ပိုမိုပြည့်ဝစေရန်အတွက် ဂျာမနီနိုင်ငံမှ ကာယနည်းပြ Steffen Schwarz နှင့် အရိုးအကြောကျွမ်းကျင်ပညာရှင် Judith Bulir တို့ကိုလည်း တူရကီခရီးစဉ်မှစတင်ကာ ခန့်အပ်တာဝန်ပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။

မြန်မာယူ-၂၀အသင်းသည် ယခု ဖေဖော်ဝါရီလအတွင်း အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ယူ-၂၀ သုံးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲနှင့် နိုင်ငံတကာခြေစမ်းပွဲအချို့တို့ကို ကစားမည်ဖြစ်ပြီး နယူးဇီလန်သို့ မသွားရောက်မီ ဩစတြေးလျနိုင်ငံသို့ သွားရောက်လေ့ကျင့်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေ ဖြင့် နယူးဇီလန် ယူ-၂၀ လက်ရွေးစင်အသင်းကိုလည်း မြန်မာနိုင်ငံသို့ လာရောက်ခြေစမ်းရန် ဖိတ်ကြားထားပြီး လာရောက်ဖြစ်ခဲ့ပါက မြန်မာယူ-၂၀နှင့် ကမ္ဘာ့ဖလားပွဲကြိုခြေစမ်းပွဲကစားမည်ဖြစ်သည်။ ထို့ပြင် အင်္ဂလန်နိုင်ငံသို့လည်း မြန်မာယူ-၂၀ အသင်းအား စေလွှတ်ကာ ကလပ်အသင်းအချို့နှင့် ခြေ စမ်းနိုင်ရန် စေလွှတ်ဦးမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ ယူ-၂၃အသင်းသည် ယူ-၂၀ ကမ္ဘာ့ဖလား ပြိုင်ပွဲအကြိုအဖြစ် လေးနိုင်ငံဖိတ်ခေါ်ပွဲကို ယှဉ်ပြိုင်ရန် မူလက စီစဉ်ထားခဲ့သော်လည်း ဉဇဘက်ကစ္စတန် ယူ-၂၀အသင်းနှင့် ဖီဂျီ ယူ-၂၀ အသင်းတို့သာလာရောက်ယှဉ်ပြိုင်မည်ဖြစ်သဖြင့် သုံးနိုင်ငံပြိုင်ပွဲအဖြစ်သာ ပြောင်းလဲကျင်းပမည်ဖြစ်သည်။

အဆိုပါဖိတ်ခေါ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၇ရက်မှ ၂၁ ရက်အထိ မန္တလေးမြို့ရှိ မန္တလာသီရိအားကစားကွင်းတွင် ကျင်းပမည်ဖြစ်သည်။ ဖေဖော်ဝါရီ ၂ ရက်တွင် မြန်မာယူ-၂၀ နှင့် ဖီဂျီယူ-၂၀၊ ဖေဖော်ဝါရီ ၁၉ ရက်တွင် ဖီဂျီယူ-၂၀နှင့် ဉဇဘက်ကစ္စတန် ယူ-၂၀၊ ဖေဖော်ဝါရီ ၂၁ ရက်တွင် ဉဇဘက်ကစ္စတန်ယူ-၂၀ နှင့် မြန်မာယူ- ၂၀အသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

# မြန်မာ့လက်ရွေးစင်အသင်းများ အနာဂတ်တွင် အောင်မြင်မှုရရှိရေး စီမံချက်များ ချမှတ်ဆောင်ရွက်

နိုင်ငံတကာပြိုင်ပွဲအရပ်ရပ်တွင် မြန်မာ့လက်ရွေးစင်အသင်းများ အောင်မြင်မှုရရှိရေး၊ မြန်မာယူ-၂၀အသင်း၏ ၂၀၁၅ ကမ္ဘာ့ဖလား ယူ-၂၀ ပြိုင်ပွဲအတွက်ကြိုတင်ပြင်ဆင်ရေး၊ လက်ရွေးစင်အသင်းများ၏ အုပ်ချုပ်သူ/နည်းပြအဖွဲ့များ ခန့်အပ်တာဝန်ပေးနိုင်ရေး၊ မျိုးဆက်သစ်လူငယ်ကစားသမားများ ရွေးချယ်ရေး တို့နှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲတစ်ရပ်ကို ဖေဖော်ဝါရီလ ၃ ရက်က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တွင် ကျင်းပခဲ့ကြောင်း သိရသည်။



မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် မြန်မာ့လက်ရွေးစင်အသင်းအား နည်းပြချုပ်အဖြစ် အဗရာမိုဗစ်ချ်နှင့် ဆားဘီးယားနည်းပြအဖွဲ့အား တာဝန်ပေးထားပြီး ယခုနှစ်အတွင်း ယှဉ်ပြိုင်ကစားရမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲနှင့် နိုင်ငံတကာခြေစမ်းပွဲများအတွက် ပြင်ဆင်လေ့ကျင့်မှုများ ပြုလုပ်စေမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ယူ-၂၃အသင်း အနေဖြင့် ယခုနှစ်အတွင်း အဓိကပြိုင်ပွဲနှစ်ရပ် ဖြစ်သည့် ၂၀၁၅ ဆီးဂိမ်းစ်ဘော လုံးပြိုင်ပွဲနှင့် အာရှယူ-၂၃ ခြေစစ်ပွဲတို့အတွက် အသင်းမန်နေဂျာများအဖြစ် ဦးသန်းတိုးအောင်၊ နည်းပြချုပ်အဖြစ် ဦးကြည်လွင်တို့ကို ခန့်အပ်တာဝန်ပေးလိုက်ပြီး ကစားသမားများအား အသက်မှန်ကန်မှုရှိရေးကို အဓိကထား၍ စိစစ်ရွေးချယ်သွားမည်ဖြစ်သည်။

အနာဂတ် မြန်မာ့လက်ရွေးစင်အသင်း ခြေစွမ်း မြင့်မားလာရေးအတွက် အဓိကကျသည့်ယူ-၂၃ အသင်းအား အသက်မှန်ကန်သည့် ကစားသမားများဖြင့် စနစ်တကျရွေးချယ်ဖွဲ့စည်းကာ ရေရှည်စီမံကိန်းများဖြင့် ပြုစုပျိုးထောင်သွားမည်ဖြစ်သည်။ ပဏာမ မြန်မာယူ-၂၃အသင်းအား ဂျပန်နိုင်ငံသို့ သွားရောက်၍ ပူးတွဲလေ့ကျင့်မှုများပြုလုပ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် အမျိုးသမီး လက်ရွေးစင်အသင်းကိုလည်း အိုလံပစ်ပြိုင်ပွဲမတိုင်မီ ပြည်ပနိုင်ငံတစ်နိုင်ငံသို့ သွားရောက်လေ့ကျင့်ခြေစမ်းကစားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် မြန်မာ့လက်ရွေးစင်အသင်း အသီးသီးတွင် ပါဝင်ကစားကြမည့် ကစားသမားများအနေဖြင့် အဖွဲ့ချုပ်မှ ချမှတ်ထားသည့်စည်းကမ်းများအား တိကျစွာ လိုက်နာရမည်ဖြစ်ပြီး စည်းကမ်းဖောက်ဖျက်သည့် ကစားသမားများကို စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ ထိရောက်စွာအပြစ်ပေး အရေးယူသွားမည်ဖြစ်ကြောင်း အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲအပြီးတွင် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။



## အင်္ဂလန်အသင်း အမျိုးသမီးလက်ရွေးစင် တိုက်စစ်မှူး ကယ်လီစမစ် ဘောလုံးလောကမှ အနားယူပြီ

အင်္ဂလန်အသင်းနှင့် အာဆင်နယ် အမျိုးသမီးအသင်းတို့၏တိုက်စစ်မှူးဖြစ်သူ ကယ်လီစမစ်က ၎င်းအနေဖြင့် ဘောလုံးသမားဘဝမှ အနားယူပြီဖြစ်ကြောင်း ကြေညာခဲ့သည်။

အသက် ၃၆ နှစ်အရွယ်ရှိပြီဖြစ်သည့် ကယ်လီစမစ်သည် အင်္ဂလန် အမျိုးသမီးလက်ရွေးစင်အသင်းနှင့်အတူ ၁၁၇ပွဲ ဝင်ရောက်ကစားခဲ့ပြီး ဂိုးပေါင်း ၄၆ ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

၎င်းပါဝင်ကစားခဲ့သည့် အင်္ဂလန် အမျိုးသမီးလက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် နှစ်ကြိမ်တိုင် ချန်ပီယံဆုဖလားကိုရယူပေးခဲ့ပြီးဥရောပ ချန်ပီယံရှစ်ပြိုင်ပွဲတွင်လည်း လေးကြိမ်တိုင် ဖလားရယူပေးနိုင်ခဲ့သူဖြစ်သည်။

ကယ်လီစမစ်သည် နည်းပြချုပ်ဖြစ်လာသည့် မာ့ခ်ဆမ်ပ်ဆင်လက်ထက်တွင် အင်္ဂလန်အသင်း၌ အချိန်ပြည့် ပွဲထွက်ခွင့်ရရန် ရုန်းကန်ခဲ့ရသဖြင့် ယခုကဲ့သို့ ကစားသမားဘဝမှ အနားယူရန် ဆုံးဖြတ်ရခြင်းဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

"ကျွန်မ ဒီဆုံးဖြတ်ချက်ကိုချဖို့ စကားတွေ အများကြီးပြောခဲ့ရပါတယ်။ အများကြီးလည်း စဉ်းစားခဲ့ရပါတယ်။ ပြီးတော့မှ ဒီဆုံးဖြတ်ချက်ကို ချခဲ့ရတာပါ။ ဘောလုံးသမားဘဝကနေအနားယူပြီးတာနဲ့ ကျွန်မ အလုပ်တစ်ခုခုကို လုပ်ရတော့မှာပါ"ဟု ပြောကြားခဲ့သည်။

## အင်ဒီယန်းဝဲလ်စ်တင်းနစ်ပြိုင်တွင် ဆီရီနာဝီလျံ ဝင်ရောက်ယှဉ်ပြိုင် လူမျိုးရေးခွဲခြားမှုကြောင့် ၁၄နှစ်ကြာ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုခဲ့



ပူပူနွေးနွေး ဩစီအိုးပင်းတင်းနစ်ချန်ပီယံ ဆီရီနာဝီလျံသည် အမေရိကန်နိုင်ငံ၊ ကယ်လီဖိုးနီးယားတွင် ကျင်းပမည့် အင်ဒီယန်းဝဲလ်စ်တင်းနစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းများက ဖော်ပြသည်။

ဆီရီနာဝီလျံသည် ၎င်း၏ဆယ်ကျော်သက်အရွယ် ဘဝကတည်းကပင် အဆိုပါ တင်းနစ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုခဲ့ပေ။ ၂၀၀၁ ခုနှစ်က ကျင်းပခဲ့သည့် အဆိုပါ အင်ဒီယန်းဝဲလ်စ်တင်းနစ်ပြိုင်ပွဲတွင် အနိုင်ရရှိပြီးကတည်းက ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုခဲ့ပေ။

ယင်းပြိုင်ပွဲတွင် လူမည်းအမျိုးသမီးတင်းနစ်ပြိုင်ပွဲဝင်ဖြစ်သည့် ၎င်းတို့ညီအစ်မနှစ်ဦးအား လူမျိုးရေးခွဲခြားသည်ဟုဆိုကာ ၂၀၀၂ ခုနှစ်မှစ၍ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုခဲ့ပေ။

"ကျွန်မ အဲဒီတုန်းက ပြိုင်ပွဲရဲ့အဝတ်လဲခန်းထဲမှာ ငိုခဲ့ရတာတွေကို ဘယ်လိုမှ မေ့လို့မရပါဘူး။ မေ့ပစ်ဖို့ဆိုတာကလည်း တော်တော်လေးကို ခက်လှပါတယ်"ဟု အသက် ၃၃ နှစ်အရွယ်ရှိ ကမ္ဘာ့တင်းနစ်ချန်ပီယံဘွဲ့ကို ပိုင်ဆိုင်ထားသူ ဆီရီနာက ပြောကြားခဲ့သည်။

ထိုစဉ်က အဆိုပါပြိုင်ပွဲ၏ဖိုင်နယ်ပွဲတွင် ကင်ကလိုက်စတာနှင့် ယှဉ်ပြိုင်ခဲ့ရချိန်တွင် ကွင်းအတွင်းရှိပရိသတ်တချို့၏ ၎င်းတို့မိသားစုအပေါ် လူမျိုးရေးခွဲခြားသည့် အော်ဟစ်မှုများကြောင့် ငိုပွဲဆင်နွှဲခဲ့ရသည်။ ယင်းပွဲတွင် ၎င်း၏အစ်မဖြစ်သူ ဗီးနပ်စ်ဝီလျံသည် ဆီမီးဖိုင်နယ်တွင် ဒဏ်ရာရရှိခဲ့သဖြင့် ဆုနှင့်လွဲခဲ့ရသည်။

တိုင်းမ်မဂ္ဂဇင်းနှင့် အင်တာဗျူးရာတွင် ဆီရီနာက လာမည့်မတ်လအတွင်း ကျင်းပမည့် အင်ဒီယန်းဝဲလ်စ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အကြောင်းကို အတည်ပြု ပြောကြားလိုက်ခြင်းဖြစ်သည်။

ဆီရီနာဝီလျံသည် ပြီးခဲ့သည့် ဩစီအိုးပင်းဖိုင်နယ်ပွဲတွင် ရုရှားတင်းနစ်ချန်ပီယံ မာရီယာရှာယာပိုဗာကို ၆-၃၊ ၇-၆၊ ၇-၅ ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဆီရီနာဝီလျံသည် ဩစီအိုးပင်းတွင် ခြောက်ကြိမ်၊ ပြင်သစ်အိုးပင်းတွင် နှစ်ကြိမ်၊ ဝင်ဘယ်ဒန်ချန်ပီယံ ငါးကြိမ်၊ ယူအက်စ်အိုးပင်းတွင် ခြောက်ကြိမ်ရရှိခဲ့ပြီး ကမ္ဘာ့အဆင့်တစ်နေရာကိုရယူထားခဲ့သည်။ ဆီရီနာသည် တင်းနစ်ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမှ ဆုကြေးငွေ ရရှိမှုမှာ အမေရိကန်ဒေါ်လာ ၆၆ သန်းကျော်ပြီဖြစ်ကြောင်း သိရသည်။

## အက်ဖ်အေကို ဝေဖန်ခဲ့သည့် ဗန်ဂါးလ် တရားစွဲခံရ

အင်္ဂလန် ဘောလုံးအဖွဲ့ချုပ် (FA) အား ဝေဖန်ခဲ့သဖြင့် မန်ချက်စတာယူနိုက်တက်အသင်း၏မန်နေဂျာ လူးဝစ္စဗန်ဂါးလ်အား အက်ဖ်အေက တရားစွဲဆိုခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်ဇန်နဝါရီ ၂၃ ရက်က ကင်းဘရစ်ချ်ယူနိုက်တက်၏ ကွင်း၌ ကစားခဲ့သည့် အက်ဖ်အေဖလား စတုတ္ထဆင့်ပွဲစဉ်တွင် ဗန်ဂါးလ်အနေဖြင့် အက်ဖ်အေကို ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သည်။

အဆိုပါပွဲတွင် တစ်ဖက်နှင့်တစ်ဖက်ဂိုးမသွင်းနိုင်ခဲ့ဘဲ ဂိုးမရှိသရေဖြင့် သာ ပွဲပြီးဆုံးခဲ့ပြီးနောက် ဗန်ဂါးလ်က အက်ဖ်အေအား ဒတ်ချ်ဘာသာစကားဖြင့် ဝေဖန်ခဲ့ခြင်းဖြစ်သည်။

အသက် ၆၃နှစ်ရှိပြီဖြစ်သည့် ဗန်ဂါးလ်အား တရားစွဲဆိုသည့် သတင်းကို ဖေဖော်ဝါရီ ၉ ရက်တွင် အက်ဖ်အေက အကြောင်းကြားခဲ့ခြင်းဖြစ်သည်။ မန်ယူအသင်းသည် ကင်းဘရစ်ချ် ယူနိုက်တက်အသင်းအား ၎င်း၏ အိမ်ကွင်းဖြစ်သည့် အိုးလ်ထရက်ဖို့တွင် ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲတွင် သုံးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။

ယင်းပွဲစဉ်အပြီးတွင်လည်း ဗန်ဂါးလ်သည် ဒိုင်လူကြီးများကို ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သေးသည်။

ဗန်ဂါးလ်က "ပွဲတိုင်းလိုလို ဒိုင်လူကြီးတွေက ဒီလိုချည်းပဲ။ မင်းတို့လည်း ဒိုင်လူကြီးတွေကို မြင်ကြမှာပါ။ သူတို့အားလုံး အတူတူပဲ"ဟု ဘီဘီစီသို့ ပြောကြားခဲ့သည်။

## ပရိသတ် ၄၈၀၀၀ ဆံ့ ကွင်းသစ်ကို အေစီမီလန် တည်ဆောက်မည်

အီတလီ စီးရီးအေ ပြိုင်ပွဲဝင် အေစီမီလန်အသင်းသည် ပရိသတ် ၄၈၀၀၀ ဝင်ဆံ့သည့် ကွင်းသစ်ကို တည်ဆောက်မည်ဖြစ်ကြောင်း ထုတ်ဖော်ကြေညာခဲ့သည်။

အေစီမီလန်အသင်းအနေဖြင့် ပြိုင်ဘက် အသင်းတစ်သင်းဖြစ်သည့် အင်တာမီလန်အသင်း၏အိမ်ကွင်းဖြစ်သည့် ဆန်စီရိုကွင်းကို ခွဲဝေအသုံးပြုနေရခြင်းအား အဆုံးသတ်ရန်ရည်ရွယ်၍ ကွင်းသစ်တည်ဆောက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါကွင်းသစ်ကို ၂၀၁၈-၁၉ ဘောလုံးရာသီတွင် အပြီးသတ် တည်ဆောက်မည်ဖြစ်ပြီး ကွင်းတည်ဆောက်မှုအတွက် ပေါင်သန်း ပေါင်း ၂၄၀ ခန့် ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကွင်းကို မီလန်မြို့တော်၏ ဆင်ခြေဖုံးဒေသဖြစ်သည့် ပေါ်တယ်လိုတွင် တည်ဆောက်မည်ဖြစ်သည်။

## ကမ္ဘာ့အဆင့်တစ်နေရာကို အသက်အငယ်ဆုံး ဂေါက်သီးသမား လိုင်ဒီယာကို ရယူနိုင်ခဲ့

တောင်ကိုရီးယား နိုင်ငံဖွား နယူးဇီလန်နိုင်ငံသား လိုင်ဒီယာကိုသည် ပြီးခဲ့သည့် LPGA Coates Championship ပြိုင်ပွဲအပြီးတွင် ကမ္ဘာ့အဆင့်တစ်နေရာကို ရယူနိုင်ခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် လိုင်ဒီယာကိုသည် ဒုတိယအကြိမ်မြောက်အဖြစ် ဆုဖလားကို ရယူနိုင်ခဲ့သဖြင့် ကမ္ဘာ့အဆင့်တစ်အဖြစ် သတ်မှတ်ခြင်းခံခဲ့ရခြင်းဖြစ်သည်။ ၎င်းသည် တိုက်ဂါးဝုဒ်တင်ထားခဲ့သည့်စံချိန်ကို ချိုးဖျက်နိုင်ခဲ့သည်။

ကမ္ဘာ့အဆင့်တစ် ဂေါက်သီးချန်ပီယံဟောင်း တိုက်ဂါးဝုဒ်သည် အသက် ၂၁ နှစ်အရွယ်တွင် ကမ္ဘာ့အဆင့်တစ်ကို ရယူနိုင်ခဲ့သော်လည်း လိုင်ဒီယာကိုမှာ အသက် ၁၇နှစ်အရွယ်ဖြင့်ပင် ကမ္ဘာ့အဆင့်တစ် ဂေါက်သီးချန်ပီယံဘွဲ့ကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

"ကျွန်မ အရမ်းကို အံ့အားသင့်မိပါတယ်။ ဒီလိုအဆင့်ကိုရောက်လာတာဟာ ကျွန်မအတွက်တော့ တကယ့်ကိုကြီးမားတဲ့ ဂုဏ်ပြုမှုတစ်ခုပါပဲ။ ကျွန်မ အကောင်းဆုံးကစားနိုင်အောင် အားလုံးကြိုးစားပေးခဲ့လို့ ခုလိုရရှိခဲ့တာပါ" ဟု လိုင်ဒီယာကိုက ပြောကြားခဲ့သည်။



၂၀၁၀ ပြည့်နှစ်က တောင်ကိုရီးယားနိုင်ငံမှ ဂေါက်သီးချန်ပီယံ ဂျီယီရှင်းသည် အသက် ၂၂နှစ်ဖြင့် အသက်အငယ်ဆုံး ကစားသမားဘွဲ့ကို ရရှိခဲ့ပြီး အမျိုးသမီးအဆင့် သတ်မှတ်ချက်တွင် အဆင့်တစ်နေရာကို ရယူနိုင်ခဲ့သည်။

လိုင်ဒီယာကိုသည် ၂၀၁၂ ခုနှစ် ဩဂုတ်လအတွင်းက ကျင်းပခဲ့သည့် ကနေဒီယံအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် အနိုင်ရရှိခဲ့သည်။ အသက် ၁၅ နှစ်အရွယ်ဖြင့် အဆိုပါပြိုင်ပွဲတွင် အနိုင်ရရှိခဲ့သဖြင့် အသက်အငယ်ဆုံး ဂေါက်သီးသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

၎င်းသည် ကြေးစားဂေါက်သီးသမားဘဝကို ၂၀၁၃ ခုနှစ် အောက်တိုဘာလမှစ၍ ရယူခဲ့ပြီးနောက် LPGA Tour ငါးကြိမ်နှင့် ဥရောပတိုးပြိုင်ပွဲတို့တွင် အနိုင်ရရှိခဲ့သည်။

# ကုန်သွယ်မှုသင်တန်းနှင့် သူတို့ အမြင်

## သိန်းမြင့်ဝေ စုစည်းတင်ပြသည်။

ကုန်သွယ်မှုသင်တန်းကျောင်းကို ၂၀၁၂ ခုနှစ် ဧပြီလမှစတင်၍ ရန်ကုန်မြို့၊ ကမ်းနားလမ်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံး၌ ဖွင့်လှစ်ထားပါသည်။ ကုန်သွယ်မှုဆိုင်ရာ လက်မှတ်ရသင်တန်းများကို ၄ လလျှင်တစ်ကြိမ် ဖွင့်လှစ်သင်ကြား ပို့ချလျက်ရှိရာ သင်တန်းသားပေါင်း ၅၀၀ ကျော် မွေး ထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။ ထို့ပြင် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု ဒီပလိုမာ သင်တန်းကိုလည်း ဖွင့်လှစ်ရန် စီစဉ်လျက်ရှိပါသည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ လလယ်ခန့်တွင် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း (International Trade Basic Course) ကို ဆက်လက်ဖွင့်လှစ်မည်ဖြစ်ပါသည်။ စိတ်ပါဝင်စားသူ များနှင့် တက်ရောက်လိုသူများအတွက် သင်တန်းနှင့်ပတ်သက်သည့် အခြေအနေများကို ယေဘုယျ သိရှိနိုင်ရန်ရည်ရွယ်၍ သင်တန်းဆရာ နှင့် သင်တန်းတက်ရောက်ခဲ့သူများ၏ အမြင်များကို စုစည်းဖော်ပြလိုက်ပါသည်။

**➲ယခင်တစ်ပတ်မှ Ms.Rohma အဆက်**

ရှေ့ယခင်ကလိုပဲ ကုန်စည်ကိုဝယ်သူ ရောင်းသူနှစ်ဦး သဘောတူညီမှုနဲ့ အဆင်ပြေသလို ရောင်းဝယ်နေ တာမျိုးမဟုတ်ဘဲ International Standard နဲ့ အညီ နိုင်ငံကြီးတွေကို တင်ပို့မှုများ သေချာစွာလုပ်နိုင်ဖို့ အရေးကြီးပါတယ်။ နိုင်ငံတကာကို ရင်ဘောင်တန်း ဝင်ရောက်နိုင်ဖို့ လိုပါတယ်။ ဒီလို ဝင်ရောက်နိုင်ဖို့ကို လည်း Trade Training Institute မှ ထိရောက်စွာ လေ့ကျင့်သင်ကြား ပေးခဲ့ပါတယ်။

International Trade Course အတွေ့အကြုံဟာ လုပ်ငန်းခွင်မှာတင်မကဘဲ ပညာရေးနယ်ပယ်အတွက်ပါ တိုးတက်မှုတံတား တစ်စင်းအဖြစ် အရမ်းကိုအသုံးဝင်ပါတယ်။ စိတ်ဝင်စား တဲ့ Trade Field က Professionals တွေနဲ့ ပြင်ပမှစီးပွားရေးလုပ်ငန်းရှင်တွေ အပြင် စိတ်ဝင်စားတဲ့ ကျောင်းသူ/ ကျောင်းသားတွေပါ တက်ရောက်သင့်တဲ့ သင်တန်းလည်းဖြစ်ပါတယ်။



**ဒေါ်သီရိအောင်**

ကျွန်မကတော့ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ်(၅)မှာ တက်ရောက်ခဲ့တဲ့ သင်တန်းသူ ဒေါ်သီရိအောင်ဖြစ်ပါတယ်။ MGS Beverages Co.,Ltd. မှာ Finance Manager လုပ်နေပါတယ်။

သင်တန်းစတင်တက်ရောက် ဖြစ်ပုံကတော့ ဆရာဦးသိန်းမြင့်ဝေရဲ့ facebook မှာ TTI သင်တန်း ဆင်းပွဲပုံများထဲက TTI logo နဲ့ Trade Training Institute ဆိုတာကို မြင်တွေ့ရာက စခဲ့ပါတယ်။ ဆရာ့ဆီမှာ TTI နဲ့ပတ်သက်လို့ စုံစမ်းကြည့်တော့ "International Trade" နဲ့ ပတ်သက် ပြီး သင်ကြားပေးတယ်လို့ သိရှိရာက တစ်ဆင့် ဒီသင်တန်းကို တက်ရောက် ဖြစ်ခဲ့တာပါ။

သင်တန်းကို ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့မှာ စတင်တက်ခဲ့ပါတယ်။ သင်တန်းဖွင့်ပွဲနေ့မှာ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနဲ့ TTI သင်တန်းမှ Programme Director တို့က သင်တန်းဖွင့်လှစ်ရခြင်းရဲ့ ရည်ရွယ်ချက်နဲ့ လူ့စွမ်းအားအရင်းအမြစ်နဲ့ ကုန်သွယ်မှုသင်တန်းတို့ရဲ့ အရေးပါပုံတို့ကို ပြောကြားခဲ့ပါတယ်။

သင်တန်းကာလက လေးလကြာမြင့်ပြီး စာမေးပွဲနှစ်ကြိမ်ဖြေဆိုခဲ့ရပါတယ်။ သင်တန်းသား/သူ စုစုပေါင်း ၈၁ ဦး တက်ရောက်ခဲ့ပါတယ်။

သင်တန်းမှာ Importance of Trade & International Trade Theory, Economic Policies စတဲ့ သီအိုရီပိုင်းအပြင် Company Establishment, Registration & Extension, Exporter & Importer License Application, IT Application စတဲ့ စာရွက်စာတမ်းများကို Manual စနစ်ကနေ လက်ရှိ Online အသုံးပြုတဲ့စနစ်အထိ သက်ဆိုင်ရာဌာနများအလိုက် Website များနဲ့ One Stop Service အဖြစ် ဆောင်ရွက်နိုင်အောင် လုပ်ကိုင်ဆောင်ရွက်နေကြောင်း သိရှိခဲ့ရပါတယ်။ Myanmar Trade Centre မှ အပြည်ပြည်ဆိုင်ရာ သတင်းအချက်အလက်များကို ရရှိနိုင်ကြောင်းလည်း သိရှိခဲ့ရပါတယ်။

Sales Contracts, Incoterms, FDA Certificate, Custom Duty, Taxation, Business Ethics, Insurance, Stock Exchange, Commercial Bank များအကြောင်းကိုလည်း အချိန်တိုတိုအတွင်းမှာ သက်ဆိုင်ရာဌာနများမှ ထိထိရောက်ရောက် ပို့ချပေးခဲ့ပါတယ်။

နောင်လာမယ့်အပတ်စဉ်တွေမှာ Accounting & Financial Controlling နဲ့ ပတ်သက်တဲ့ ကဏ္ဍတွေကိုလည်း ထည့်သွင်းသင်ကြားပေးသင့်တယ်လို့ အကြံပေးချင်ပါတယ်။

သင်တန်းရဲ့ထူးခြားချက်ကတော့ Business Talk Programme ပါ။ Business Talk ကို သင်တန်းသားတွေအပြင် စိတ်ပါဝင်စားတဲ့ မည်သူမဆို တက်ရောက်နိုင်တဲ့အတွက် နယ်ပယ်စုံက စီးပွားရေးလုပ်ငန်းရှင်တွေ စီးပွားရေးလုပ်ဖို့ လေ့လာနေသူတွေအတွက် လက်တွေ့လုပ်ကိုင်ရာမှာ ရင်ဆိုင်ရတဲ့အခက်အခဲတွေကို ဘယ်လို ရင်ဆိုင်ကျော်လွှားမလဲဆိုတဲ့ Management Thinking တွေရရှိနိုင်လို့ဖြစ်ပါတယ်။ AEC (Asean Economic Community) အတွက် SMEs (Small & Medium Enterprises) တွေ ဘယ်လိုပြင်ဆင်မလဲ၊ ကုန်သွယ်ဖက်အင်အားကြီးနိုင်ငံတွေ ကြားမှာ ဘယ်လိုရပ်တည်မလဲဆိုတဲ့ Business Idea တွေလည်းရရှိနိုင်ပါတယ်။

သင်တန်းတက်ရောက်ကြသူတွေ မှာ စီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများ၊ ဘဏ်ဝန်ထမ်းများ စတဲ့ ကဏ္ဍပေါင်းစုံမှဖြစ်တဲ့အတွက် Idea တွေ၊ Knowledge တွေ အပြန်အလှန် ဆွေးနွေးဖလှယ်ခွင့်ရခဲ့ပါတယ်။

Mid Term Exam ကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၅ ရက်မှာကျင်းပခဲ့ပါတယ်။ Mid Term Exam အပြီးမှာ Field Trip ထွက်ရတဲ့အခါ သီလဝါဆိပ်ကမ်း၊ တောင်ဒဂုံစက်မှုဇုန်မှာရှိတဲ့ ကြိမ်ထည်လုပ်ငန်း၊ အထည်ချုပ်စက်ရုံနဲ့ 'Electronic' လုပ်ငန်းတို့ကို သင်တန်းသားတွေ တပျော်တပါး သွားရောက်လေ့လာခွင့်ရခဲ့ပါတယ်။

Final Exam ကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁ ရက်မှာ ဖြေဆိုခဲ့ရပါတယ်။ သင်တန်းဆင်းပွဲမှာ ထူးချွန်စွာ အောင်မြင်သူတွေကို ပထမ၊ ဒုတိယ၊ တတိယဆုများ ချီးမြှင့်ပေးပါတယ်။ ကျွန်မအမည်နဲ့ ပထမဆုရရှိကြောင်း ကြေငြာလိုက်တဲ့အခါ အတိုင်းမသိ ဝမ်းသာပျော်ရွှင်ခဲ့ရပါတယ်။ ဆုရရှိသူများကို ပြည်ထောင်စုဝန်ကြီးက ကိုယ်တိုင်ဆုချီးမြှင့်ပေးခဲ့ပါတယ်။ သင်တန်းကျောင်းကလည်း ဆုချီးမြှင့်ပေးပါတယ်။

သင်တန်းမှာပို့ချပေးခဲ့တဲ့ ဆရာ/ ဆရာမများရဲ့ အသင်အပြကောင်းမှု၊ စာတွေ့၊ လက်တွေ့ပေါင်းစပ်လေ့လာ ခွင့်ရရှိခဲ့တဲ့အတွက်ကြောင့် စာမေးပွဲကို ထူးချွန်စွာဖြေဆိုအောင်မြင်ခဲ့ရခြင်း ဖြစ်ပါတယ်။ TTI သင်တန်းမှ သင်ကြား ပေးလိုက်တဲ့ Trade Concept နဲ့ Knowledge များကို လက်တွေ့လုပ်ငန်းနယ်ပယ်မှာ အံ့ဝင်ခွင်ကျအသုံးချလျက် ထိုက်တန်တဲ့ အကျိုးကျေးဇူး တွေရရှိနေပြီဖြစ်ပါတယ်။



**ဒေါ်အိအိချော**

ကျွန်မက ဒေါ်အိအိချောပါ။ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနရဲ့ ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာနလက်အောက်ရှိ ကုန်ပစ္စည်း စမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေး စီမံခန့်ခွဲမှုဌာနခွဲ (လှည်းကူး)မှာ ဆီနဲ့ ဆီထွက်သီးနှံဓါတ်ခွဲခန်းမှူးအဖြစ် တာဝန်ထမ်းဆောင်နေပါတယ်။ ကျွန်မတို့ဌာနရဲ့ ခွင့်ပြုချက်အရ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ်(၅) ကိုတက်ရောက်ခဲ့ပါတယ်။ ဒီသင်တန်းကို တက်ရောက်ခဲ့ရ တဲ့အတွက် ကုမ္ပဏီတစ်ခု တည်ထောင်ချိန်ကစပြီး နောက်ဆုံးပို့ကုန်/သွင်းကုန် လုပ်ငန်းများ ဆောင်ရွက်ချိန်ထိ လိုက်နာရမယ့်စည်းကမ်းချက်တွေ၊ လိုအပ်တဲ့ စာရွက်စာတမ်း၊ ကျင့်ဝတ်တွေနဲ့ နိုင်ငံတကာက သတ်မှတ်ထားတဲ့ စည်းမျဉ်း ဥပဒေစတဲ့အကြောင်းအရာတွေအပြင် စံချိန်စံညွှန်းဆိုင်ရာ ဘာသာရပ်၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ ဘာသာရပ်တွေကိုပါ သိရှိနားလည်ခွင့်ရခဲ့ပါတယ်။ သင်တန်းက စီစဉ်ပေးတဲ့လေ့လာရေးခရီးစဉ်တွေကလည်း သင်ခန်းစာတွေကို လက်တွေ့လုပ်ငန်းနဲ့ ဆက်စပ်မိစေပါတယ်။ ဒါ့အပြင် Business Talk အစီအစဉ်က ကျွန်မတို့ သင်တန်းသားတွေရဲ့ knowledge ကို တိုးစေပါတယ်။ TTI သင်တန်းမှာ လုပ်ငန်းနယ်ပယ်အသီးသီး အလွှာစုံပါဝင်တာကြောင့် မိမိရဲ့ social network ကိုလည်း ကျယ်ပြန့်လာစေတဲ့ အကျိုးကျေးဇူးတွေကို ရရှိခဲ့ပါတယ်။



**ဦးသက်ထွန်းဦး**

ကျွန်တော်က ဒီသင်တန်းတိုင်းမှာ စတော့ရှယ်ယာဈေးကွက် (Stock Exchange) အကြောင်း အသေးစိတ် ဆွေးနွေးပို့ချပေးပါတယ်။ လက်ရှိ Myanmar Securities Exchange Centre မှာ တာဝန်ထမ်းဆောင်နေပါတယ်။

နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်နဲ့ ဆောင်ရွက်နေတဲ့အချိန်မှာ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးမှာ ရင်းနှီးမြှုပ်နှံနိုင်မှသာ အခြားနိုင်ငံများနဲ့ တန်းတူလိုက်ပါနိုင်မှာဖြစ်ပါ တယ်။

ကမ္ဘာမှာ ပြောင်းလဲနေတဲ့ နည်း စနစ်တွေ၊ ပညာရပ်တွေ၊ သတင်းအချက်အလက်တွေကို လေ့လာနိုင်အောင် ဒီ Trade Training Institute က တစ်ထောင့်တစ်နေရာကနေ ဖြည့်စွမ်းပေးနေတယ်လို့ ယုံကြည်ပါတယ်။ လက်ရှိဖွင့်လှစ်နေတဲ့ သင်တန်းများသာမက ဒီ့ထက်အဆင်မြင့်တဲ့ သင်တန်းများကိုပါ တိုးချဲ့ဖွင့်လှစ်သွားနိုင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

# Trade Facilitation & Trade Promotion

## ဖရဲစိုက်တောင်သူများအား စားသုံးသူအကာအကွယ်ပေးရေးအကြောင်းနှင့် ပို့ကုန်သွင်းကုန်လုပ်ထုံးလုပ်နည်းများအကြောင်း ရှင်းလင်း



ပြည်ပသို့ ဖရဲသီးနှင့် သခွားမွှေး အများဆုံးတင်ပို့သည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်အတွင်းရှိ ဖရဲသီးနှင့် သခွားမွှေး စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအား ဖရဲ၊ သခွားမွှေး၊ သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးသင်တန်းကို ချောင်းဦး-ပခုက္ကူ ကားလမ်းပေါ်ရှိ မင်းခေါင်ကျေးရွာတွင် ဇန်နဝါရီလ ၁၉ ရက်နေ့မှ ၂၂ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

သင်တန်းတက်ရောက်သူများအား စစ်ကိုင်းတိုင်းဒေသကြီး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးခမ်လျန်စွမ်းက စားသုံးသူအကာအကွယ်ပေးရေး သိကောင်းစရာများ အကြောင်းကို ဇန်နဝါရီလ ၂၃ ရက်တွင် ဟောပြောပို့ချခဲ့ပါသည်။ ရှေးဦးစွာ တိုင်းဒေသကြီး ဦးစီးမှူးကခေတ်၏ လိုအပ်ချက်များနှင့် တောင်းဆိုမှုများအရ စားသုံးသူအကာအကွယ်ပေးသည့် အဖွဲ့အစည်းဖြစ်သည့် စားသုံးသူရေးရာဌာန ဖွဲ့စည်းပေါ်ပေါက်လာရခြင်းဖြစ်ကြောင်းနှင့် ဥပဒေအရ ကာကွယ်ပေးနိုင်ရန် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေကို ၂၀၁၄ခုနှစ်၊ မတ် ၁၄ ရက်တွင်ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၁၀)ဖြင့် ပြဋ္ဌာန်းခဲ့သည့်အကြောင်း ရှင်းလင်းပြောကြားပါသည်။ သင်တန်းသားများအား စားသုံးသူဟူသော အဓိပ္ပာယ်၊ စားသုံးသူ၏ ရပိုင်ခွင့်နှင့် တာဝန်များ အကြောင်း၊ လုပ်ငန်းရှင်များ ထမ်းဆောင်ရမည့် တာဝန်များနှင့် ခံစားနိုင်သည့် ရပိုင်ခွင့်များအကြောင်း ဟောပြောပါသည်။ ဆက်လက်၍ စားသုံးသူများ ထိခိုက်နစ်နာစေသည့် အချက်များဖြစ်သည့် အစားအသောက်ဆိုင်ရာ နစ်နာမှုများအကြောင်း၊ ဝန်ဆောင်မှုများကြောင့်စားသုံးသူနစ်နာရမှုများအကြောင်း၊ ကုန်ပစ္စည်းများကြောင့် စားသုံးသူ နစ်နာရမှုများအကြောင်း၊ ဖျော်ဖြေရေးကဏ္ဍများကြောင့် စားသုံးသူနစ်နာမှုများ အကြောင်းတို့ကို အကျယ်တဝင့် ပညာပေးပြောကြားပါသည်။

စားသုံးသူ များအား ဥပဒေအရ ကာကွယ်မှုပေးနိုင် ရန် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ကို တိုင်းဒေသကြီး အစိုးရအဖွဲ့မှ လုပ်ငန်းကော်မတီနှစ်ရပ်ဖြင့် ဖွဲ့စည်း ထားရှိပြီးဖြစ်သဖြင့် မိမိတို့ လူနေမှုပတ် ဝန်းကျင်တွင် စားသုံးသူများအတွက် နစ်နာနေမှုများ တွေ့ရှိရပါက တိုင်ကြားနိုင်ပါကြောင်းနှင့် တိုင်ကြားသည့် ပုံစံများနှင့်တကွ တိုင်ကြားရမည့် လိပ်စာ နှင့် ဖုန်းနံပါတ်များအား ပြောပြရှင်းလင်းခဲ့ပါသည်။ ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာဌာနမှ လုပ်ဆောင်နေသည့် စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများအကြောင်း ရှင်းလင်းတင်ပြပြီး သင်တန်း တက်ရောက်သူများမှ စိတ်ဝင်စားမှုများရှိပါက စားသုံးသူရေးရာဌာနနှင့် ဆက်သွယ် ဆောင်ရွက်နိုင်ရန် ဖိတ်ခေါ်ပါကြောင်း၊ သိရှိလိုသည်များကို ဆက်သွယ်မေးမြန်း နိုင်ပါကြောင်းတို့ကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းပြောကြားခဲ့ပါသည်။

အဆိုပါသင်တန်းသို့တက်ရောက်နေသည့် ဖရဲသီးနှင့် သခွားမွှေး စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအား ပို့ကုန်သွင်းကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အကြောင်းကို စစ်ကိုင်းတိုင်းဒေသကြီး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ ဦးစီးအရာရှိဦးသိန်းစိုးက ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ရှင်းလင်းပို့ချခဲ့ပါသည်။ ပြည်ပသို့ ဖရဲသီးနှင့် သခွားမွှေး အများဆုံးတင်ပို့သည့် ဤဒေသရှိ တောင်သူများအနေဖြင့် နိုင်ငံတော် စီးပွားရေးအတွက် အရေးပါသည့် ကုန်သွယ်မှု လုပ်ငန်းကို ဆောင်ရွက်နေခြင်းဖြစ်ရာ တောင်သူအနေဖြင့်သာမက ကိုယ်တိုင်ပို့ကုန် ပစ္စည်းတင်ပို့သည့် ပို့ကုန်လုပ်ငန်းရှင်များလည်း ဖြစ်ပေါ်လာစေရန် ပို့ကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းရခြင်းဖြစ်ကြောင်း၊ မိမိတို့ သီးနှံရောင်းချ၍ ရရှိသည့် ငွေကြေးကို မိမိတို့ လိုအပ်ချက်ရှိသည့် ပစ္စည်းများ ဝယ်ယူတင်သွင်းလိုပါက လိုက်နာဆောင်ရွက်ရမည့် သွင်းကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ပုံမှန်ကုန်သွယ်မှုနှင့် နယ်စပ်ကုန်သွယ်မှု အကြောင်း၊ အလိုအလျောက် လိုင်စင်စနစ်နှင့် အလိုအလျောက် မဟုတ်သော လိုင်စင်စနစ်များအကြောင်း၊ ကုန်စည်တင်ပို့မှု နည်းလမ်းများအကြောင်းနှင့် ပို့ကုန်သွင်းကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများအကြောင်းကို အကျယ်တဝင့် ရှင်းလင်းပို့ချခဲ့ပါသည်။ **သိန်းစိုးသစ်**



## မိသားစု ဒုတိယဝင်ငွေရရှိတဲ့မြောင်ဦး သပေါ့ဖျာလုပ်ငန်း

ကျေးလက်ဒေသအသေးစားကုန်ထုတ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အရင်းအနှီးချေးငွေများကို ထုတ်ချေးပေးလျက်ရှိရာ ကျောက်ဆည်မြို့နယ်မှ သပေါ့ဖျာလုပ်ငန်း၊ အိုးလုပ်ငန်း၊ သက်ကယ်လုပ်ငန်း၊ လယ်ယာသုံးလုပ်ငန်းရှင်များသို့ ထုတ်ချေးပေးလျက်ရှိပါတယ်။ ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၄ ရက်နေ့က မြောင်ဦးကျေးရွာမှ သပေါ့ဖျာလုပ်ငန်းရှင် ၁၈၂ ဦး၊ အင်ရောင်းကျေးရွာသပေါ့ဖျာလုပ်ငန်းရှင် ၂၀၁ ဦး၊ အနောက်ငါးဆူကျေးရွာ အိုးလုပ်ငန်းရှင် ၂၇ ဦး၊ ငါးအိုးကျေးရွာလယ်ယာသုံးလုပ်ငန်းရှင် ၆၅ ဦး၊ လက်ပန်ပင်ကျေးရွာသက်ကယ်လုပ်ငန်းရှင် ၁၇၈ ဦးတို့အတွက် စုစုပေါင်း ၃၅၉ သိန်းထုတ်ချေးပေးခဲ့ပါတယ်။ ကျေးလက်နေပြည်သူများ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မိသားစု ဒုတိယဝင်ငွေရရှိစေရန် ရည်ရွယ်ပြီး ထုတ်ချေးပေးခဲ့ခြင်းဖြစ်ပါတယ်။

အတိုးနှုန်း ၁ ဒသမ ၅ ရာခိုင်နှုန်းကျပ်ဖြင့် ၆ လဆပ်စနစ်ဖြင့် ထုတ်ချေးခြင်းဖြစ်ရာ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့တွင် အရင်းတစ် ဝက် ၁၇၉ ဒသမ ၅ သိန်းနှင့်အတိုး ၁၆ ဒသမ ၁၅၅ သိန်းစုစုပေါင်း ၁၉၅ ဒသမ ၆၅၅ သိန်းပြန်လည် ကောက်ခံရရှိပြီး ဖြစ်ပါတယ်။ ယခုအခါ မိုးစပါးများအားလုံး ရိတ်သိမ်းပြီးဆောင်းသီးနှံများဖြစ်သော ကုလားပဲ၊ နှမ်းများ စိုက်ပျိုးပြီးဖြစ်ရာ တောင်သူလယ်သမားများလုပ်ငန်းခွင်နားနေချိန်ဖြစ်ပါတယ်။

ကျောက်ဆည်မြို့နယ် မြောင်ဦးကျေးရွာတွင် တောင်သူလုပ်ငန်းခွင် နားချိန်ဖြစ်လို့ မိသားစု ဒုတိယ ဝင်ငွေရရှိရန်အတွက် မိမိတို့ မိရိုးဖလာလုပ်ကိုင်လျက်ရှိသော သပေါ့ဖျာလုပ်ငန်းကို လုပ်ကိုင်ကြပါတယ်။ သပေါ့ဖျာရက်လုပ်ရန်အတွက် ကုန်ကြမ်းများကို ယခုရာသီတွင် စုဆောင်းရပါတယ်။ ဆပ်သွားပင်မှ ဆပ်သွား အရွက်အခက်များကို ခုတ်ယူပြီး ဆူးသင်ခြင်း၊ နှီးဖြာခြင်း၊ နေလှန်းခြင်းများပြုလုပ်ရပါတယ်။ နေလှန်းပြီး ခြောက်သွေ့နေမှသာ ကုန်ကြမ်းများကို သိုလှောင်သိမ်းဆည်းထားပြီး ဖျာရက်ခြင်းလုပ်ငန်းကို လုပ်ကိုင်ကြပါတယ်။ သပေါ့ဖျာသည် ရာသီအလိုက် နွေရာသီတွင် အေးမြခြင်း၊ ဆောင်းရာသီတွင် နွေးထွေးခြင်း၊ မွှေးခြင်းစတဲ့ ဂုဏ်သတ္တိများကြောင့် ဈေးကွက်အတွင်း၌လည်း အရောင်းအဝယ်သွက်လျက်ရှိပါတယ်။ သပေါ့ဖျာတစ်ချပ်ကို ၁၀၀၀၊ ၁၅၀၀၊ ၂၅၀၀ ကျပ်ဈေးနှုန်းများဖြင့် ရောင်းဝယ်လျက်ရှိပါတယ်။ မိသားစုလိုက် လုပ်ကိုင်ကြသူများ ရှိသလို နေ့စားအငှားဖြင့်လည်း လုပ်ကိုင်ကြပြီး အမျိုးသမီးတစ်ဦးတစ်နေ့ ဝင်ငွေ ၂၅၀၀-၃၀၀၀ ကျပ်ရရှိပါတယ်။ မြောင်ဦးကျေးရွာဟာ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ခြင်း၊ လျှပ်စစ်မီးများ ရရှိခြင်း၊ တောင်သူလုပ်ငန်းအပြင် သပေါ့ဖျာလုပ်ငန်းကိုပါ လုပ်ကိုင်လျက်ရှိသောကြောင့် ကျေးရွာနေပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း သိရပါတယ်။

**ဝင်းမာ - ကျောက်ဆည်**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

(၁) ရန်ကုန်တိုင်းဒေသကြီး — ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။
Fax:01-254023,
Ph:01-250270,254019
email: ygnmapt@gmail.com

(၂) ပဲခူးတိုင်းဒေသကြီး(အနောက်) — ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။
Fax : 053-28220,
Ph : 053-28032,28020

(၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) — အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။
Ph : 052-21844, 21108

(၄) ဧရာဝတီတိုင်းဒေသကြီး — ပုသိမ်မြို့။
Fax : 042-21811,
Ph: 042-24520,24522
email: yiyinaingwin@gmail.com

(၅) မန္တလေးတိုင်းဒေသကြီး — မန္တလေးမြို့။
Fax : 02-36340,
Ph: 02-36342,36339
email: mdymapt@gmail.com

(၆) ရခိုင်ပြည်နယ် — စစ်တွေမြို့။
Fax:043-23426,Ph:043-23426

(၇) မကွေးတိုင်းဒေသကြီး — အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။
Fax : 063-23199,
Ph : 063-23196,23197

(၈) ရှမ်းပြည်နယ်(တောင်ပိုင်း) — အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။
Fax:081-21093,Ph:081-21627
email:m.myintmaungmaung@gmail.com

(၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) — ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။
Fax:084-21034,Ph:084-21034

(၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) — အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။
Fax:082-23493,Ph:082-23039

(၁၁) ကရင်ပြည်နယ် — ဘားအံမြို့။
Fax:058-21666,Ph:058-21041

(၁၂) တနင်္သာရီတိုင်းဒေသကြီး — ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။
Fax:059-41012,Ph:059-41012

(၁၃) ကချင်ပြည်နယ် — အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။
Fax:074-22459,Ph:074-22459

(၁၄) ကယားပြည်နယ် — (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။
Fax:083-21005,Ph:083-21005

(၁၅) မွန်ပြည်နယ် — အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံးရှေ့ မော်လမြိုင်မြို့။
Fax:057-24728, Ph:057-24318

(၁၆) စစ်ကိုင်းတိုင်းဒေသကြီး — သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။
Fax : 071-23630,
Ph:071-23630,22924

Asean News
Vol: 15, No.6 Monday Feb 9 2015




# ၂၀၁၅ ခုနှစ်ပေါင်းစည်းရေးမှာ အေပက်အဖွဲ့က ဝန်ဆောင်မှုကဏ္ဍကိုဦးစားပေး

အာရှပစိဖိတ်ဒေသ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (အေပက်) Asia Pacific Economic Co-operation အဖွဲ့ဝင် ၂၁ နိုင်ငံပေါင်းစည်းရေးကို ဆောင်ရွက်ရာမှာ အဓိက အသက်သွေးကြောအဖြစ် ဝန်ဆောင်မှုကဏ္ဍကို ဦးစားပေး ဆောင်ရွက်မှာဖြစ်ကြောင်း GMA Network ဝက်ဘ်ဆိုက် သတင်းမှာ ဖော်ပြပါတယ်။

၂၀၁၃ ခုနှစ်က ဆူရာဘာယာမှာ စတင်ခဲ့တဲ့ အစိုးရ ပုဂ္ဂလိကဆွေးနွေးပွဲမှာ ဆွေးနွေးခဲ့ကြတဲ့ ဝန်ဆောင်မှုကဏ္ဍ ဆိုင်ရာ အချက်တွေကို အဖွဲ့ဝင်နိုင်ငံတွေက ဆက်လက် ဆွေးနွေးသွားမှာဖြစ်ကြောင်း ဖေဖော်ဝါရီ ၆ ရက်က ပမ်ပန်ဂါ ဒေသရှိ ကလပ်မြို့မှာပြုလုပ်ခဲ့တဲ့ အေပက်အဖွဲ့ရဲ့ အဆင့်မြင့် အရာရှိကြီးများ ပထမအကြိမ် အစည်းအဝေး First Senior Officials Meeting-SOM1 အစည်းအဝေးကြိုဆိုပွဲ အခမ်းအနားမှာ ဖိလစ်ပိုင် ဒုတိယနိုင်ငံခြားရေးဝန်ကြီး လောရာ ဒယ်လ်ရိုဆာရီယိုက ပြောပါတယ်။

ဝန်ဆောင်မှုလုပ်ငန်းတွေက အာရှပစိဖိတ်ဒေသဘက် ကကြည့်ရင် အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်နေတဲ့အတွက် ဝန်ဆောင်မှုလုပ်ငန်းတွေ ဒီနှစ်ထဲမှာ အဓိကအာရုံစိုက်ဆောင်ရွက်မယ့်ကဏ္ဍတွေ ဖြစ်ပါတယ်။

APEC 2015 ထိပ်သီးအစည်းအဝေးကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်က စတင်ကျင်းပခဲ့တာဖြစ်ပြီး ဖွင့်ပွဲမှာ ဖိလစ်ပိုင်သမ္မတ ဘင်နစ်ဂနိုအာကွီနို(၃)က ဦးဆောင်ဖွင့်လှစ်ပေးခဲ့တာဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၇ ရက်နဲ့ ၁၈ ရက်မှာ ကမ္ဘာ့ခေါင်းဆောင်တွေရဲ့ ထိပ်သီးဆွေးနွေးပွဲအသီးသီးကိုကျင်းပနိုင်ရေးအတွက် ဖိလစ်ပိုင်နိုင်ငံတစ်ဝန်းမှာ ပြင်ဆင်မှုတွေ ပြုလုပ်လျက်ရှိပါတယ်။

နှစ်ရက်ကြာကျင်းပမယ့် အစည်းအဝေးမှာ အေပက် အကြီးတန်းအရာရှိများအနေနဲ့ ယခင်နှစ်က တရုတ်နိုင်ငံမှာ ကျင်းပခဲ့တဲ့အစည်းအဝေးမှာ ချမှတ်ခဲ့ တဲ့ဦးစားပေးလုပ်ငန်းတွေနဲ့ ၂၀၁၄ ခုနှစ် နှောင်းပိုင်းမှာ ပြုလုပ်ခဲ့တဲ့အစည်းအဝေးတွေကချမှတ်ခဲ့တဲ့ ဦးစားပေးလုပ်ငန်းတွေအတိုင်း အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။

## အေအီးစီမတိုင်မီ အင်ဒိုနီးရှားအစိုးရက အိုင်တီအသိအမှတ်ပြုလက်မှတ်ထုတ်ပေးမည်

အင်ဒိုနီးရှားနိုင်ငံရဲ့ အိုင်တီပညာသည်တွေ အသိအမှတ်ပြုလက်မှတ်ရရှိထားဖို့အတွက် အသိအမှတ်ပြု လက်မှတ် တွေထုတ်ပေးနိုင်မဲ့နည်းလမ်းတွေကို အင်ဒိုနီးရှားနိုင်ငံက ရှာဖွေဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ရတဲ့ ရည်ရွယ်ချက်က ယခုနှစ်အကုန်မှာ ဖွဲ့စည်းဖြစ်ပေါ်လာမယ့် အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) စတင် အကောင်အထည်ဖော်တဲ့အခါရရှိလာမယ့် အိုင်တီဈေးကွက်ထဲကို ဝင်ရောက်လှုပ်ရှားနိုင်ဖို့ဖြစ်ကြောင်း ဂျာကာတာပို့စ်သတင်းမှာဖော် ပြထားပါတယ်။

ဆက်သွယ်ရေးနဲ့ သတင်းအချက် အလက်ဝန်ကြီးဌာနက လူအင်အားဝန်ကြီးဌာနနဲ့ အိုင်တီအဖွဲ့အစည်းအသင်းဝင်တွေနဲ့ ပူးတွဲပြီး ယခုနှစ်အတွင်းမှာ တွေ့ဆုံ ဆွေးနွေးကြကာမတ်လလောက်မှာ သဘောတူညီချက်တွေရယူကြဖို့စီစဉ်နေကြောင်း ဆက်သွယ်ရေးနဲ့သတင်းအချက်အလက်ဝန်ကြီး ရူဒီယန်တာရာက ပြောပါတယ်။

“ယခုလအကုန် သို့မဟုတ် မတ်လလောက်မှာ အသေးစိတ်အချက်အလက် တွေချမှတ်နိုင်လိမ့်မယ်လို့ ကျွန်တော်တို့ ခန့်မှန်းထားပါတယ်။ ဒီလိုဆွေးနွေးတဲ့ အထဲမှာ နည်းဥပဒေတွေကိုပြဌာန်းမယ့် အချိန်သတ်မှတ်ချက်နဲ့ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရေးအဖွဲ့အစည်းတွေ ဖွဲ့စည်းရေးကိစ္စတွေပါ ပါရှိလိမ့်မယ်လို့ ခန့်မှန်းပါတယ်”လို့သတင်းထောက်တွေက ဖေဖော်ဝါရီ ၂ ရက်က ပြောပါတယ်။

လောလောဆယ်မှာ တယ်လီကွန်ဆက်သွယ်ရေးကဏ္ဍအတွက် အမျိုးသားလုပ်ငန်းစွမ်းဆောင်ရည်စံနှုန်း (National Working Competency Standards-SKKN) အမျိုးပေါင်း ၂၀ ကိုအင်ဒိုနီးရှားအစိုးရကသတ်မှတ်ထားပါတယ်။ အင်ဒိုနီးရှားနိုင်ငံအတွက် စံနှုန်းသတ်မှတ်ရမယ့် အမယ်ပေါင်း ၄၀ ကနေ ၅၀ ထိရှိတဲ့အတွက် ယခုသတ် မှတ်ချက်ကနည်းနေပါသေးတယ်။

အင်ဒိုနီးရှားမှာ အိုင်တီနဲ့ ဘွဲ့ရထားသူအရေအတွက်က မလေးရှားနဲ့ စင်ကာပူတို့နဲ့ နှိုင်းယှဉ်ရင် ၁၀ ဆလောက်မြင့်တက်နေပါတယ်။ ဒါပေမယ့် အိုင်တီပညာသည်အဖြစ် အသိအမှတ်ပြုခံရသူက အဲဒီနိုင်ငံနှစ်ခုမှာရှိတဲ့ ပညာသည်တွေရဲ့ ထက်ဝက်လောက်ပဲရှိတယ်လို့ အင်ဒိုနီးရှားကွန်ပျူတာဆော့ဖ်ဝဲအသင်းဝင် ဒီဒစ်ပါတိုနိုဂူဒီယာတိုက ပြောပါတယ်။

## အာဆီယံပေါင်းစည်းရေးအတွက် အခြေခံအဆောက်အအုံက အရေးပါ

ဒေသတွင်းစီးပွားရေး ပေါင်းစည်းမှုမှ အရှေ့တောင်အာရှအတွက် အကျိုးအမြတ်ဖြစ်ထွန်းအောင် ဆောင်ရွက်ချင်တယ်ဆိုရင် အခြေခံအဆောက်အအုံမှာ ရင်းနှီးမြှုပ်နှံမှုက အရေးပါလာမှာဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီး ဆီဇာပူရီဆီမာက ပြောပါတယ်။ လက်ရှိ စီးပွားရေးဖွံ့ဖြိုးမှုရည်မှန်းချက်ကိုဆက်လက်ထိန်းသိမ်းထားဖို့အတွက် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) က အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းတွင် ကြီးမားစွာ ရင်းနှီးမြှုပ်နှံဖို့လိုကြောင်း Nikkei Asian Review Forum မှာပူရီစီမာက အမှာစကားပြောကြားစဉ် ပြောကြားခဲ့ပါတယ်။

“ကုန်းလမ်းသွားလာရေးနဲ့ လျှပ်စစ်စွမ်းအားအရင်းအမြစ်မှ အစပြုပြီး ကျန်းမာရေးနဲ့ပညာရေးအပါအဝင် လူမှုအခြေခံအဆောက်အအုံများအဆုံးကဏ္ဍအသီးသီးမှာ မှန်မှန်ကန်ကန်ရင်းနှီးမြှုပ်နှံ နိုင်မယ်ဆိုရင် လူငယ်လူရွယ်ပေါများတဲ့ ဒီဒေသကကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုအတွက် ဦးဆောင်မှုနေရာကိုရယူသွားနိုင်မှာဖြစ်ပါတယ်”လို့ ပူရီစီမာကပြောပါတယ်။

ဒေသတွင်း ပြုပြင်ပြောင်းလဲရေးအတွက် အဓိကကျတဲ့အချက်က တစ်နိုင်ငံချင်းရဲ့ ရည်မှန်းချက်ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရေးဖြစ်ပါတယ်။ တရုတ်နဲ့ ဂျပန်နိုင်ငံပြီးလျှင် အာရှမှာတတိယစီးပွားရေးဖြစ်တဲ့ အာဆီယံဒေသရဲ့ အခြေခံအဆောက်အအုံအရည်အသွေးက ဟောင်ကောင်၊ ကိုရီးယားနဲ့ သီရိလင်္ကာနိုင်ငံတို့နဲ့ နှိုင်းယှဉ်ရင်နောက်




ကျနေဆဲဖြစ်ပါတယ်။

အာဆီယံရဲ့အခြေခံအဆောက်အအုံလိုအပ်ချက်တွေက လာမယ့် ၁၅ နှစ် အတွင်းမှာ ဒေါ်လာ ၇ ထရီလီယံကနေ ၈ထရီလီယံကျော်လိုအပ်မှာဖြစ်ပါတယ်။ လိုအပ်နေတဲ့ အခြေခံအဆောက်အအုံမှာ ရေရှည်ရင်းနှီးမြှုပ်နှံမှုမရှိရင် ဒီဒေသရဲ့တည်ရှိနေတဲ့ အလားအလာတွေကို ဖော်ထုတ်အသုံးချနိုင်မှာ မဟုတ်သလို အာဆီယံစီးပွားရေးအသိုက်အဝန်းက ရရှိလာမယ့်အကျိုးကျေးဇူးတွေကိုလည်း ခံစားနိုင်မှာ မဟုတ်ပါဘူး။

ဉာဏ်တင်-စုစည်းတင်ပြသည်

## အီဘိုလာရောဂါဖြစ်ပွားမှု အဆုံးသတ်နိုင်ရေးအတွက် ကုလသမဂ္ဂနဲ့ ဒဗလျူတီအိုအရာရှိများက ငွေကြေးထပ်မံတောင်းခံ

ယခင်ရက်သတ္တပတ်က အာဖရိကအနောက်ပိုင်းဒေသမှာ အီဘိုလာရောဂါ ထပ်မံဖြစ်ပွားနေမှုကြောင့် အီဘိုလာရောဂါဖြစ်ပွားမှုကို အဆုံးသတ်နိုင်ရေးအတွက် အထောက်အကူပေး နိုင်ဖို့ ကုလသမဂ္ဂနဲ့ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ (ဒဗလျူအိပ်ချ်အို)မှအဆင့်မြင့် အရာရှိကြီးများက ငွေကြေးထပ်မံ တောင်းခံထားကြောင်း ရှင်ဟွာသတင်းမှာ ဖေဖော်ဝါရီ ၂ ရက်ကဖော်ပြထားပါတယ်။

“ပုဂ္ဂိုလ်တစ်ဦးချင်းတွေ၊ အစိုးရတွေ၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေနဲ့ စီးပွားရေးလုပ်ငန်းတွေက အများအပြား ရက်ရက်ရောရောနဲ့ လှူဒါန်းခဲ့ကြပါတယ်။ တကယ့်ရက်ရောမှုတွေကို တွေ့မြင်ခဲ့ရပါတယ်” လို့ အီဘိုလာဆိုင်ရာကုလသမဂ္ဂအထူးကိုယ်စားလှယ် ဒေးဗစ်နာဘာရိုက သတင်းစာရှင်းလင်း ပွဲမှာပြောပါတယ်။

၂၀၁၄ ခုနှစ် အောက်တိုဘာမှ ဒီဇင်ဘာလအတွင်း ဒီရောဂါကိုတိုက်ဖျက်ဖို့အတွက် ဒေါ်လာ သန်း ၈၅၀ လောက်သုံးခဲ့ကြောင်း သူကပြောပါ တယ်။ တိုးတက်မှုကောင်းကောင်းရှိပါ တယ်။ ဒါပေမယ့် အီဘိုလာရောဂါက ကြီးမားတဲ့ခြိမ်းခြောက်မှုတစ်ခုအဖြစ် တည်ရှိနေဆဲဖြစ်ပါတယ်။ ရောဂါဖြစ် ပွားမှုအရေအတွက်တွေ တိုးတက်မှုရှိ နေသေးတယ်ဆိုတဲ့ အစီရင်ခံစာတွေ ရောက်ရှိနေသေးကြောင်း သူကပြောပါ တယ်။ ယခင်ရက်သတ္တပတ်က ရောဂါ ဖြစ်ပွားသူ ၁၂၄ ဦးရှိပြီး ယခင်သီတင်း ပတ်ကရှိခဲ့တဲ့ လူဦးရေထက် ၂၅ ရာခိုင် နှုန်းပိုမိုခဲ့ပါတယ်။

နာဘာရိုရဲ့အဆိုအရ ၂၀၁၅ ခုနှစ် ဇန်နဝါရီက ဇွန်လအထိရောဂါတိုက် ဖျက်ရေးအတွက် ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံလိုအပ်မယ်လို့ သိရပါတယ်။ လောလောဆယ် လိုအပ်နေသေးတာက ဒေါ်လာ တစ်ဘီလီယံဖြစ်ပါတယ်။ ဘဏ္ဍာရေးကိစ္စက အကြီးမားဆုံးအရေးပါနေဆဲဖြစ်ကြောင်း ဒဗလျူတီအိုရဲ့ လက်ထောက်အတွင်းရေးမှူးချုပ် ဘရုစ် အိုင်းလ်ဝပ်ကပြောပါတယ်။ ငွေရမှသာ မဟာဗျူဟာကို ညှိနှိုင်းနိုင်မယ်လို့ သူက ပြောပါတယ်။

# အစိုးရရဲ့ အခြေခံအဆောက်အအုံအစီအစဉ်တွေကြောင့် ဖိလစ်ပိုင်နိုင်ငံရဲ့ အစိုးရအသုံးစရိတ် မြင့်တက်မည်

ပြဋ္ဌာန်းထားပြီးဖြစ်တဲ့ ၂၀၁၅ ခုနှစ် အထွေထွေဘတ်ဂျက်လျာထား ငွေဥပဒေ (2015 Gerenal Appropriation Act) အရ ၂၀၁၅ ခုနှစ်မှာ အစိုးရက အခြေခံစီးပွားရေးအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်း တွေကို ဆောင်ရွက်မှာဖြစ်တဲ့အတွက် ယခုနှစ်မှာ ဖိလစ်ပိုင်အစိုးရရဲ့ အသုံးစရိတ်တွေ မြင့်တက်လာတော့မှာဖြစ်ကြောင်း ဖိလစ်ပိုင်သတင်း အေဂျင်စီဝက်ဘ်ဆိုက်မှာ ဖော်ပြထားပါတယ်။

"ပြီးခဲ့တဲ့နှစ်က အသုံးစရိတ်ကျဆင်းခဲ့တာကို ယခုနှစ်မှာ အခြေခံ အဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုတွေနဲ့ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယခုနှစ်မှာ အခြေခံအဆောက်အအုံ တည်ဆောက်ရေးအတွက် လျာထားငွေက ဂျီဒီပီရဲ့ လေးရာခိုင်နှုန်းရှိ ပါတယ်။ ၂၀၁၆ ခုနှစ်မှာ အခြေခံအဆောက်အအုံအတွက် သုံးစွဲမှုကို ငါးရာခိုင်နှုန်းထိတိုးဖို့ ရည်မှန်းထားပါတယ်"လို့ ဘတ်ဂျက်နဲ့စီမံခန့်ခွဲမှု ဌာန (Department of Budget and Management) ဝန်ကြီးဖလိုရင် စီယို ဘွတ်ချ်အာဘက်က ပြောပါတယ်။

၂၀၁၅ ခုနှစ် အမျိုးသားဘတ်ဂျက်မှာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနဲ့ အဝေးပြေးလမ်းဝန်ကြီးဌာနအတွက် လျာထားချက်က အများဆုံး ဖြစ်ပြီး နှစ်အလိုက်နှိုင်းယှဉ်ရင် အမြင့်ဆုံးဖြစ်ပြီး ယခင်နှစ်ကရှိခဲ့တဲ့ ပီဆို ၂၁၉ ဒသမ ၉ ဘီလီယံထက် ၃၇ ဒသမ ၉ ရာခိုင် နှုန်းပိုမိုပြီး ပီဆို ၃၀၃ ဒသမ ၂ ဘီလီယံရှိခဲ့ပါတယ်။ ဒီလျာထားငွေတွေအနက် ၂၀၁၆ ခုနှစ်မှာ အပြီးဆောင်ရွက်ရမယ့် အမျိုးသားလမ်းတွေ ဖောက်လုပ်ရေးအတွက် ၂၀၁၅ ခုနှစ်မှာ အမျိုးသားလမ်းမတွေမှာရှိတဲ့ တံတားတွေကို အပြီး ဆောက်လုပ်ဖို့အတွက် ပီဆို ၁၈ ဒသမ ၅ ဘီလီယံလျာထားပါတယ်။

အစပိုင်းမှာအမျိုးသားအစိုးရက ထောက်ပံ့မှုပေးမယ့် ပြည်သူ ပိုင်နဲ့ ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ရေး အဓိကစီမံကိန်းတွေလည်း ရှိပါ တယ်။ တစ်ချိန်တည်းမှာ သယ်ယူပို့ဆောင်ရေးနဲ့ဆက် သွယ်ရေးဝန်ကြီး ဌာနက ပီဆို ၅၉ ဒသမ ၅ ဘီလီယံ လျာထားပါတယ်။ ဒီလျာထားငွေက ၂၀၁၄ ခုနှစ်က လျာထားချက်ဖြစ်တဲ့ ပီဆို ၄၈ ဒသမ ၈ ဘီလီယံထက် ၂၁ ဒသမ ၉ ရာခိုင်နှုန်းကျော် ပိုမိုလာတာကို တွေ့ရပါတယ်။



## ဗီယက်နမ်အစိုးရက ရင်းနှီးမြှုပ်နှံမှု စီမံကိန်းကြီးများကို ပြန်လည်သုံးသပ်

ဝန်ကြီးဌာနနဲ့ ဒေသဆိုင်ရာ အဖွဲ့အစည်းအများစုက နိုင်ငံတော်မှာ ကန့်သတ်ချက်ရှိနေတဲ့ သယံဇာတအရင်းအမြစ် တွေနဲ့လိုက်လျောညီထွေမရှိတဲ့ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းတွေ တင်ပြထားတဲ့ အတွက်ပြန်လည်စိစစ်ဖို့လိုကြောင်း ဗီယက်နမ် နိုင်ငံ စီမံကိန်းနဲ့ရင်းနှီးမြှုပ်နှံမှု ဝန်ကြီးဘွဲကွမ်ဗင်းက ဖေဖော် ဝါရီ ၂ ရက်က ပြောပါတယ်။ စီမံကိန်းမှာပါဝင်တဲ့သူတွေအား လုံး အချင်းချင်းပေါင်းစပ်ညှိနှိုင်းမှုကောင်းမှသာ တွေကြုံလာ မယ့် အခက်အခဲတွေကိုကျော်လွှားနိုင်မှာ ဖြစ်ကြောင်း ဟန္နိုင်း မြို့မှာကျင်းပတဲ့ ကာလလတ် ပြည်သူ့ရင်းနှီးမြှုပ်နှံမှုစီမံကိန်း (၂၀၁၆-၂၀၂၀) ပြည့်နှစ် အကောင်အထည်ဖော်ရေးဆွေးနွေး ပွဲမှာ ဝန်ကြီးရဲ့ပြောကြားချက်ကိုကိုးကားပြီး ဗီယက် နမ်သတင်း အေဂျင်စီရဲ့ ဝက်ဘ်ဆိုက်မှာ ဖော်ပြပါတယ်။

ပြည်သူ့ရင်းနှီးမြှုပ်နှံမှုဥပဒေ (Law on Public Investment) ကို ယခုနှစ် ဇန်နဝါရီကစတင်ပြဋ္ဌာန်းခဲ့ပြီးဖြစ် ရာ စီမံကိန်းအကောင်အထည်ဖော်တဲ့အခါ ဒီဥပဒေကိုလိုက်နာ ရမှာဖြစ်ကြောင်း သူကပြောသည်။ ပြည်သူ့ရင်းနှီးမြှုပ်နှံမှုလုပ် ငန်းစဉ် ပြန်လည်ဖွဲ့စည်းတည်ဆောက်ဖို့အတွက် လိုအပ်တဲ့ မူဘောင်ကို ဥပဒေက ကျယ်ကျယ်ပြန့်ပြန့် ပြဋ္ဌာန်းပေးထား ကြောင်းနဲ့ ဒီဥပဒေကို ဆောင်ရွက်တဲ့အခါ လိုအပ်တဲ့ ဒီဂရီ အမိန့်ကို ယခုနှစ် မတ်လမှာ အစိုးရအဖွဲ့သို့ တင်သွင်းဖို့ရှိ ကြောင်း ဝန်ကြီးက ပြောပါတယ်။

ရင်းနှီးမြှုပ်နှံမှုအတွက် လိုအပ်တဲ့ဘဏ္ဍာငွေကို နိုင်ငံ တော် ဘတ်ဂျက်နဲ့ ဖွံ့ဖြိုးရေးအကူအညီဖြစ်တဲ့ Official Development Assistance(ODA) ကရတာဖြစ်ပြီး နောင် လာမယ့် ငါးနှစ်အတွက် လိုအပ်တဲ့ စုစုပေါင်းရင်းနှီးမြှုပ်နှံမှု အတွက်စုစုပေါင်းရင်းနှီးမြှုပ်နှံမှုအစီရင် ခံစာကိုဝန်ကြီးဌာနက တင်သွင်းမှာဖြစ်ကြောင်း သူက ပြောပါတယ်။

ဦးစားပေးအဖြစ် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (Public Private Partnership-PPP) စီမံကိန်း တွေကို ဦးစားပေးပြီးနောက် ODA အရ ဆောင်ရွက်တဲ့ စီမံကိန်းတွေ အတွက် ဆောင်ရွက်ပေးမယ်လို့ သူက ပြောပါတယ်။ ဝန်ကြီး ဌာနက စီမံကိန်းသစ်တွေ ကိုလည်း ပြန်လည်သုံးသပ်သွားမယ်လို့ သူကပြောပါတယ်။

## မလေးရှားနိုင်ငံရဲ့ လူနေအိမ်ရာ ဝယ်လိုအားကျဆင်းမယ်လို့ Moody's က ခန့်မှန်း



၂၀၁၃ ခုနှစ်က စတင်ကျင့်သုံးခဲ့တဲ့ အိမ်ခြံမြေဈေးကွက် ကျဆင်းရေးအစီအမံ တွေနဲ့ဝယ်လက်တွေရဲ့ စိတ်အားထက်သန် မှုကျဆင်းတဲ့အတွက် မလေးရှားနိုင်ငံရဲ့ လူ နေအိမ်ရာဝယ်လိုအားက ၂၀၁၅ ခုနှစ်မှာ ဆက်လက် ကျဆင်းဦးမယ်လို့ Moody's Investor Services အိမ်ရာဝန်ဆောင်မှု လုပ်ငန်းက ခန့်မှန်းထားပါတယ်။

"၂၀၁၅ ခုနှစ်မှာ အိမ်ပေါင်ကြေးတွေ မြင့်မားလာမှာနဲ့ အစိုးရကဧပြီလမှာ ကုန် စည်နဲ့ ဝန်ဆောင်မှုခွန် ၆ ရာခိုင်နှုန်းကို ကောက်ခံတော့မှာကို ဝယ်လက်တွေက စောင့်ကြည့်လေ့လာဦးမယ့်သဘော ရှိနေ တဲ့အတွက်အရောင်းတွေ ကျဆင်းမယ်လို့ ကျွန်တော်တို့ခန့်မှန်းပါတယ်"လို့ Moody's ရဲ့ဒုတိယဥက္ကဋ္ဌနဲ့ လေ့လာဆန်းစစ်ရေးမှူး ဂျာစင်သာပိုးက ပြောပါတယ်။

သူတို့သတ်မှတ်ထားတဲ့ရည်မှန်းချက် အတိုင်းအောင်မြင်အောင် ဆောင်ရွက်ရာ မှာ စိန်ခေါ်မှုတွေနဲ့အများဆုံးရင်ဆိုင်ရမှာ က ဂျိုဟိုး၊ ကွာလာလမ်ပူ၊ ဆလန်ဂါနဲ့ ပီနန် ဒေသတွေမှာရှိတဲ့ အိမ်ရာစီမံကိန်းဆောင် ရွက်နေသူတွေဖြစ်မယ်လို့ Moody's က ခန့် မှန်းထားတယ်။

ယေဘုယျအားဖြင့် ဒီဒေသတွေမှာ ရှိတဲ့အိမ်ရာတွေက တန်ဖိုး ရင်းဂစ်တစ်သန်း အထက်မှာရှိပြီး ဝင်ငွေမြင့်မားတဲ့သူတွေ သို့မဟုတ် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေက ဝယ်ကြကြောင်း ပိုးကပြောပါ တယ်။

မလေးရှားမှာရှိတဲ့ အိမ်တွေရဲ့ ပျမ်း မျှဈေးနှုန်းက ၂၀၀၁ ခုနှစ်မှ ၂၀၁၃ ခုနှစ် အတွင်း နှစ်ထပ်တိုး ၇ ဒသမ ၃ ရာခိုင် နှုန်း တိုးတက်နေပြီး အမျိုးသားတစ်ဦးချင်း ဝင် ငွေတိုးတက်နှုန်းထက် ၆ ဒသမ ၃ ရာခိုင်နှုန်း ပိုမိုလျင်မြန်စွာ တိုးတက်နေပါတယ်။

## လာမယ့်နှစ်တွေမှာ ရင်းနှီးမြှုပ်နှံမှု ထပ်မံနှေးကွေးဦးမယ်လို့ စင်ကာပူစီးပွားရေးဖွံ့ဖြိုးရေးအဖွဲ့ခန့်မှန်း

စင်ကာပူနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုက ယခင် နှစ်က စင်ကာပူဒေါ်လာ ၁၁ ဒသမ ၈ ဘီလီယံရှိခဲ့ ရာမှ လာမယ့်နှစ်တွေမှာ စင်ကာပူဒေါ်လာ ၉ ဒသမ ၁၁ ဘီလီယံထိ ကျဆင်းနိုင်မယ့် အလား အလာရှိကြောင်း စီးပွားရေးဖွံ့ဖြိုးရေးအဖွဲ့ (Economic DevelopmentBoard -EDB) ရဲ့ခန့်မှန်းချက်ကို ကိုးကားပြီး အေရှဝမ်းဝက်ဘ် ဆိုက်သတင်းမှာ ဖော်ပြပါတယ်။

ရင်းနှီးမြှုပ်နှံဖို့ အဆိုပြုချက်တွေက အနည်း ငယ်အကျဘက်ကို ပြနေကြောင်း နဲ့ယခုခန့်မှန်း ချက်ကို ခန့်မှန်းရာမှာ ကျဆင်းနေတဲ့ ကမ္ဘာ့စီးပွား ရေးအခြေအနေနဲ့ လာမယ့်နှစ်တွေမှာ စီးပွားရေး အရ ကြီးမားတဲ့ အထိတ်တလန့်ဖြစ်မှု (Major Shocks) တွေမဖြစ်ဘူးဆိုတဲ့ အခြေခံနဲ့စဉ်းစားပြီး ခန့်မှန်းထားတာဖြစ်ကြောင်း ဖေဖော်ဝါရီ ၂ ရက် ကပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ EDB ရဲ့ ဥက္ကဋ္ဌဘဲဆွမ်ဂျင်က ပြောပါတယ်။

၂၀၁၅ ခုနှစ်အတွက် ရင်းနှီးမြှုပ်နှံမှု အဆို ပြုချက်က ပြင်ဆင်ထားပြီးဖြစ်ပေမယ့် ဒီကာလ နောက်ပိုင်းအတွက်ကတော့ ဆောင်ရွက်ထားနိုင် ခြင်းမရှိသေးဘူးလို့ သူက ပြောပါတယ်။ ၂၀၁၃ ခုနှစ် နောက်ပိုင်းမှာ ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက် တွေက တိုးတက်မှုနှုန်းအနည်းငယ်သာရှိခဲ့ရာမှ ယခုလည်း ဒီအလားအလာအတိုင်း ဆက်သွားလိမ့် မယ်လို့ EDB ကခန့်မှန်းပါတယ်။



၂၀၁၄ ခုနှစ်မှာ ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီ တွေရဲ့ ရင်းနှီးမြှုပ်နှံမှုက စင်ကာပူဒေါ်လာ ၁၁ ဒသမ ၈ ဘီလီယံရှိခဲ့ ပါတယ်။ မူလခန့်မှန်းထားတဲ့ စင်ကာပူဒေါ်လာ ၁၀ ဘီလီယံနဲ့ ၁၂ ဘီလီယံ အကြားအောင်မြင်အောင် အကောင်အထည်ဖော် နိုင်ခဲ့ပေမယ့် ၂၀၁၃ ခုနှစ်က ရရှိခဲ့တဲ့ စင်ကာပူ ဒေါ်လာ ၁၂ ဒသမ ၁ ဘီလီယံအောက်ကျဆင်းနေပါ တယ်။ ယခုလို နှေးကွေးကျဆင်းရတာလည်း စင်ကာပူနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုအဆင့်၊ လူအင်အား၊ မူဝါဒနဲ့ ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုနဲ့ပတ် သက်ပြီး အပြည်ပြည်ဆိုင်ရာ ကန့်သတ်ချက်တွေ အပေါ် အလေးပေးပြီး ခန့်မှန်းထားတဲ့အတွက် ဖြစ်ကြောင်း EDB က ပြောပါတယ်။ ၂၀၁၅ ခုနှစ် အတွက် ကမ္ဘာ့စီးပွားရေးအလားအလာက မရေ ရာမှုတွေ အများကြီးရှိနေသေးတယ်လို့ ပြောပါ တယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

**နယူးယောက်**

ဂရိဘွန်း စာချုပ်တွေကို အပေါင်ခံပစ္စည်းအဖြစ် လက်မခံဘူးလို့ ဥရောပဗဟိုဘဏ်က ပြောကြားခဲ့ပေမယ့် ဂရိဘဏ်တွေကို ဥရောပ ဗဟိုဘဏ်ရဲ့ အရေးပေါ်ငွေဖြစ်လွယ်မှုအကူအညီ (Emergency Liquidity Assistance -ELA) ပေးမယ်လို့ ကတိကဝတ်ရရှိပြီးနောက်ပိုင်း ဖေဖော်ဝါရီ ၅ ရက်မှာ ယူရိုငွေကြေးတန်ဖိုး မြင့်တက်ခဲ့ကြောင်း အေအက်ဖ်ပီ သတင်းမှာ ဖော်ပြပါတယ်။

**ကွာလာလမ်ပူ**

မလေးရှားနိုင်ငံရဲ့ ၂၀၁၄ ခုနှစ်ပို့ကုန်က ၆ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်ပြီး သွင်းကုန်တန်ဖိုးက ၅ ဒသမ ၃ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့ပါတယ်။ ဒါကြောင့် မလေးရှားနိုင်ငံရဲ့ ပြည်ပကုန်သွယ်မှုပိုငွေက နှစ်အလိုက်နှိုင်းယှဉ်ရင် ၁၆ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ပြီး ၁၇ နှစ်မြောက် ဆက်တိုက်မြင့်တက်ခဲ့တယ်လို့ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနဲ့ စက်မှုဝန်ကြီး ဒါတွတ် ဆရီမွတ်စတာဖာက ပြောကြောင်း နယူးစထရိတ် တိုင်းမ်သတင်းမှာ ဖော်ပြပါတယ်။

**စင်ကာပူ**

စင်ကာပူ အိုးအိမ်ဖွံ့ဖြိုးရေးဘုတ်အဖွဲ့က ဆောက်လုပ်တဲ့ ပြည်သူ့တိုက်ခန်းတွေပြန်ရောင်းတဲ့ဈေးက ဇန်နဝါရီမှာ လအလိုက်နှိုင်းယှဉ်ရင် သုည ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ရာ တိုက်ခန်းဈေးတွေတည်ငြိမ်ရေးအတွက် ထိန်းချုပ်မှုနဲ့ တင်းကျပ်တဲ့ အစီအမံတွေဆောင်ရွက်ပြီးနောက် ၁၂ လအတွင်း ပထမဆုံးအကြိမ် မြင့်တက်ခြင်းဖြစ်ကြောင်း စင်ကာပူအိမ်ခြံမြေအိတ်ချိန်းရဲ့ ပြောကြားချက်ကို ကိုးကားပြီး ရှင်ဝှာသတင်းမှာ ဖော်ပြပါတယ်။

**ဗွမ်ထရီ (ဗီယက်နမ်)**

ဗီယက်နမ်နဲ့ လာအိုအပြည်ပြည်ဆိုင်ရာ နယ်စပ်စခန်းဖြစ်တဲ့ လာအို ဘာအို-ဒင်ဆာဗန်မှာ one-stop-shop အကောက်ခွန်ပုံစံစခန်းဖွင့်ပွဲကို ဗီယက်နမ်ဒုတိယဝန်ကြီးချုပ် ငုယင်ဇွမ်ဖူးနဲ့ လာအိုဒုတိယဝန်ကြီးချုပ် ဆွမ်ဆာဗက်လန်းဆဗက်တိုက ဖေဖော်ဝါရီ ၆ ရက်မှာဖွင့်လှစ်ပေးခဲ့ကြောင်း ဗီယက်နမ် သတင်းအေဂျင်စီဝက်ဘ်ဆိုက်မှာ ဖော်ပြထားပါတယ်။

## SOUTH ASIA

# အိန္ဒိယနိုင်ငံရှိ စက်ရုံများ၏ ဇန်နဝါရီ ကုန်ထုတ်လုပ်မှု သုံးလအတွင်း အနိမ့်ဆုံးကိုရောက်ရှိ




စီးပွားရေးလုပ်ငန်းသစ်တွေ တိုးတက်နှုန်း နှေးကွေးကျဆင်းတဲ့အတွက် အိန္ဒိယနိုင်ငံရှိ စက်ရုံများရဲ့ ဇန်နဝါရီ ကုန်ထွက်လုပ်မှု သုံးလအတွင်း အနိမ့်ဆုံးကို ရောက်ရှိကြောင်း ဖေဖော်ဝါရီ ၂ ရက် က ထုတ်ပြန်တဲ့ စစ်တမ်းအစီရင်ခံစာအရသိရပြီး စီးပွားရေးဖွံ့ဖြိုးမှုကို တိုး မြှင့်ဖို့ အစိုးရက ထပ်မံဆောင်ရွက်စရာ တွေရှိနေသေးကြောင်း အေအက်ဖ်ပီ သတင်းမှာ ဖော်ပြထားပါတယ်။

စက်မှုလုပ်ငန်းဖွံ့ဖြိုးမှုနဲ့ စီးပွားရေး ကြံ့ခိုင်မှုရဲ့ ကြိုတင်အချက်ပြတစ်ခုအဖြစ် ရှုမြင်ထားတဲ့ ဒီစစ်တမ်းမှာ ရမှတ် ၅၀ အထက်က စီးပွားရေးတိုးတက်တဲ့ လက္ခဏာကိုပြသပြီး ၅၀ အောက်ကို ကျဆင်းရင် စီးပွားရေး တိုးတက်မှုနှုန်း ကျဆင်းတဲ့သဘောကို ဆောင်ပါတယ်။

"စီးပွားရေးကျဆင်းရတဲ့သဘောက နှစ်လကြာ တိုးတက်ပြီးနောက် အခြေအနေ အပြောင်းအလဲဖြစ်သွားတဲ့သဘောကို ဆောင်ပါတယ်။ ပြည်တွင်း၊ ပြည်ပ နှစ်ခုစလုံးကပါ အမှာစာသစ်တွေတိုးတက်မှုနှုန်း မြင့်တက်ခဲ့ပါတယ်။ ဒါပေမယ့် ဒီဇင်ဘာနဲ့ နှိုင်းယှဉ်ရင်တော့ တိုးတက်မှုနှုန်း နှေးကွေးခဲ့ပါတယ်"လို့ ဟောင်ကောင်ရှန်ဟဲဘဏ်ကော်ပိုရေးရှင်း (HSBC) ရဲ့ အိန္ဒိယဆိုင်ရာစီးပွားရေး ပညာရှင်အကြီးအကဲ ပရန်ဂျူဘန်ဒါရီ ကပြောပါတယ်။

ကမ္ဘာတစ်ဝန်းမှာ ငွေကြေးဖောင်းပွမှုနှုန်းနဲ့ ကုန်စည်ဈေးနှုန်းတွေ ကျဆင်းနေချိန်မှာ အိန္ဒိယနိုင်ငံရဲ့ စီးပွားရေးတိုးတက်နှုန်း နှေးကွေးနေတဲ့အတွက် အိန္ဒိယဗဟိုဘဏ်က အတိုးနှုန်းတွေချပေးလိမ့်မယ်လို့ ဘန်ဒါရီက ပြောပါတယ်။

အိန္ဒိယနိုင်ငံအနေနဲ့ တိုင်းပြည်အတွက် နေ့စဉ်လိုအပ်နေတဲ့ ရေနံစိမ်းရဲ့ ၈၀ ရာခိုင်နှုန်းကို ကမ္ဘာတစ်ဝန်းရှိ ဒေသအသီးသီးမှ တင်သွင်းရတဲ့အတွက် အိန္ဒိယနိုင်ငံဟာ ရေနံဈေးနှုန်း ထိတ်လန့်မှုဖြစ်ရင် အထိအနာဆုံးနိုင်ငံ ဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံ ဗဟိုဘဏ်က ယခုနှစ်ဇွန်လမှာ အတိုးနှုန်းကို ၇ ဒသမ ၇၅ ရာခိုင်နှုန်းကနေ သုည ဒသမ ၇၅ ရာခိုင်နှုန်း လျှော့ချပေးလိမ့်မယ်လို့ HSBC က ခန့်မှန်းထားပါတယ်။ အိန္ဒိယဗဟိုဘဏ်ကအတိုးနှုန်းလျှော့ချမှုကို လ ၂၀ ကြာရပ်ဆိုင်းထားရာမှ လွန်ခဲ့တဲ့လဆန်းပိုင်းမှာ အတိုးနှုန်းကို သုည ဒသမ ၂၅ ရာခိုင်နှုန်း လျှော့ချခဲ့ပါတယ်။

## EAST ASIA

# ၂၀၁၄ ခုနှစ်မှာ တောင်ကိုရီးယားနိုင်ငံရဲ့ ပြည်ပငွေပေးငွေယူ ရှင်းတမ်းပိုငွေပြ

နည်းပညာထုတ်ကုန်တွေတင်ပို့မှု မြင့်တက်လာတဲ့အတွက် ၂၀၁၄ ခုနှစ်မှာ တောင်ကိုရီးယားနိုင်ငံရဲ့ ပြည်ပငွေ ပေးငွေယူရှင်းတမ်းပိုငွေပြမှုမှာ နှစ်နှစ်ဆက်တိုက်စံချိန်တင် မြင့်တက်ခဲ့ကြောင်း ဖေဖော်ဝါရီ ၂ ရက်က နိုင်ငံတော်ကထုတ်ပြန်တဲ့ ကိန်းဂဏန်းတွေအရ သိရပါတယ်။

ငွေပေးငွေယူရှင်းတမ်းပိုငွေက ၂၀၁၃ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၈၁ ဒသမ ၁ ဘီလီယံရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်မှာ ဒေါ်လာ ၈၉ ဒသမ ၄ ဘီလီ ယံရှိခဲ့ကြောင်း တောင်ကိုရီးယားဗဟိုဘဏ်မှ ထုတ်ပြန်တဲ့ ပဏာမစာရင်းတွေအရ သိရကြောင်း အေအက်ဖ်ပီ သတင်းမှာဖော်ပြပါတယ်။ ဒီဇင်ဘာတစ်လတည်းမှာပင် ကုန်သွယ်မှုရှင်းတမ်းပိုငွေ ကဒေါ်လာ ၇ ဒသမ ၂ ဘီလီယံရှိခဲ့ပါတယ်။

ကုန်ပစ္စည်းနဲ့ဝန်ဆောင်မှုလုပ်ငန်းတွေရဲ့ နိုင်ငံခြားကုန်သွယ်ရေးကို တိုင်းတာတဲ့ နိုင်ငံခြားငွေပေးငွေယူရှင်းတမ်းက နှစ်နှစ်နဲ့၁၁လလောက်အခြေအနေတိုးတက်ကောင်းမွန်ခဲ့တဲ့အတွက် ၁၉၈၉ ခုနှစ်နောက်ပိုင်း ပိုငွေပြမှု အရှည်ကြာဆုံးဖြစ်ခဲ့ပါတယ်။

ပို့ကုန်လုပ်ငန်းက အာရှမှာ စတုတ္ထအင်အားကြီးနိုင်ငံဖြစ်တဲ့ တောင်ကိုရီးယားစီးပွားရေးမှာ ထက်ဝက်ကျော်ပါဝင်နေပြီး ၂၀၁၄ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၆၂၁ ဒသမ ၅ ဘီလီယံရှိခဲ့ရာ ၂၀၁၃ ခုနှစ်နဲ့ နှိုင်းယှဉ်ရင် သုည ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။ သွင်းကုန်လုပ်ငန်းက ၁ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းပြီး ဒေါ်လာ ၅၂၈ ဒသမ ၇ ဘီလီယံရှိခဲ့တဲ့အတွက် ကုန်ပစ္စည်း ကုန်သွယ်မှုရှင်းတမ်းမှာ ပိုငွေ ၉၂ ဒသမ ၉ ဘီလီယံရှိခဲ့ပါတယ်။

ပင်လယ်ရပ်ခြားခရီးသွားလာမှုနဲ့ ခိုင်ကြေးပေးရတဲ့ငွေကြေးများအပါအဝင် ဝန်ဆောင်မှုရှင်းတမ်းမှာ ၂၀၁၄ ခုနှစ်အတွင်းက လိုငွေဒေါ်လာ ၈ ဒသမ ၂ ဘီလီယံရှိပြီး ၂၀၁၃ ခုနှစ်မှာတော့ ဒေါ်လာ ၆ ဒသမ ၅ ဘီလီယံရှိခဲ့ ပါတယ်။ အစုပေါ် မှာရရှိတဲ့အမြတ်နဲ့ ဝင်ငွေမြင့်တက် လာတဲ့အတွက် လုပ်ခနဲ့ ဘဏ္ဍာရေးရင်းနှီး မြှုပ်နှံမှုတွေ ကရတဲ့ဝင်ငွေက ပိုငွေ ဒေါ်လာ ၁၀ ဒသမ ၂ ဘီလီယံ ရှိခဲ့ပါတယ်။

## EUROPE

# ကြွေးမြီစေ့စပ်ညှိနှိုင်းရေးအတွက် ဂရိနိုင်ငံဘဏ္ဍာရေးဝန်ကြီး လန်ဒန်သို့ရောက်ရှိ



ဂျာမနီနိုင်ငံရဲ့ ဆန့်ကျင်မှုကို ရင်ဆိုင်နေရတဲ့ ဂရိနိုင်ငံရဲ့ ကယ်တင်မှုချေးငွေ ယူရိုဘီလီယံ ၄၀ (ဒေါ်လာ ၂၇၀ ဘီလီယံ)အတွက် ပြန်လည်စေ့စပ်ညှိနှိုင်းမှုများကို ဆောင်ရွက်တဲ့အခါ ထောက်ခံမှု ရရှိနိုင်ဖို့အတွက် ဗြိတိသျှဘဏ္ဍာရေးဝန်ကြီးနဲ့ဆွေးနွေးဖို့ ဂရိဘဏ္ဍာရေးဝန်ကြီး ယာနစ်ဗာရိုးဖာကီဟာ ဖေဖော်ဝါရီ ၂ ရက်နေ့က လန်ဒန်မြို့သို့ရောက်ရှိလာကြောင်း အေအက်ဖ်ပီ သတင်းမှာ ဖော်ပြပါတယ်။

ဂရိနိုင်ငံအပေါ် မှာ ပြင်းထန်တဲ့ ခြိုးခြံချွေတာရေးမူတွေကို ချမှတ်ရင် သူ့ရဲ့မြို့ရှင်တွေမှာ ပြင်းထန်တဲ့ တုံ့ပြန်မှုတွေနဲ့ရင်ဆိုင်ရလိမ့်မယ်လို့ အမေရိကန်သမ္မတ ဘားရက်အိုဘားမားက သတိပေးစကားပြောကြားပြီးနောက် ဘဏ္ဍာရေးဝန်ကြီးက ဥရောပခရီးစဉ်ကို ထွက်ခွာလာခဲ့ရာ လန်ဒန်မြို့ဟာ သူ့ရဲ့ နောက်ဆုံး ခရီးစဉ်ဖြစ်ပါတယ်။

"ဆုတ်ယုတ်ကျဆင်းနေတဲ့ နိုင်ငံတွေကို လည်ပင်းဆက်ညှစ်နေလို့မရနိုင်ပါဘူး။ သူတို့ရဲ့ လိုငွေတွေကို တိုက်ဖျက်ပစ်နိုင်ဖို့အတွက် သူတို့ကြွေးတွေ ပြန်ဆပ်နိုင်အောင် ဖွံ့ဖြိုးရေးမဟာဗျူဟာတစ်ခုတော့ ရှိဖို့လိုပါတယ်" လို့ အိုဘားမားက စီအင်န်အင်န်သတင်းဌာနကို ပြောပါတယ်။

ခြိုးခြံချွေတာရေးကိုဆန့်ကျင်တဲ့ ဂရိနိုင်ငံအစိုးရသစ်က ဂရိနိုင်ငံရဲ့ ဘဏ္ဍာရေး ပြုပြင်ပြောင်းလဲမှုတွေကို ကြီးကြပ်ဆောင်ရွက်နေတဲ့ Troika လို့ခေါ်တဲ့ သုံးပွင့်ဆိုင်အပြည်ပြည်ဆိုင်ရာ စစ်ဆေးရေးမှူးတွေနဲ့ တွဲမလုပ်နိုင်ပါဘူးလို့ ပြောကြားခဲ့ပါတယ်။

သူတို့နဲ့ လက်တွဲဆောင်ရွက်မယ့်အစား ဂရိနိုင်ငံရဲ့ မြီရှင်သုံးခုဖြစ်တဲ့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ဥရောပသမဂ္ဂနဲ့ ဥရောပဗဟိုဘဏ်တို့နဲ့ တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်လိုတဲ့ဆန္ဒ ရှိနေပါတယ်။ လန်ဒန်မှာ အင်္ဂလန်ဘဏ္ဍာရေးဝန်ကြီး ဂျော့အော့စဘုန်းနဲ့ မတွေ့ဆုံမီ ဂရိဘဏ္ဍာရေးဝန်ကြီးဗာရိုးဖာကီကပဲရစ်မြို့မှာ ပြင်သစ်ဘဏ္ဍာရေးဝန်ကြီးနဲ့ တွေ့ဆုံပြီး ကြွေးမြီ "ဆေးစွဲ" သလိုဖြစ်နေတဲ့ သူ့နိုင်ငံရဲ့ အဖြစ်အပျက်ကို ရပ်တန့်လိုတဲ့ဆန္ဒရှိကြောင်း သူကပြောပါတယ်။

ဘာသာပြန်-စုစည်းတင်ပြသည်



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေဖို့နဲ့ ငွေကြေးတန်ဖိုးကျံ့နေတာကို တိုက်ဖျက်ဖို့ကြိုးပမ်းမှုအဖြစ် ဘဏ်တွေထားရှိရမယ့် အရန်ငွေကြေးအချိုးအစားကို တရုတ်ဗဟိုဘဏ်က လျှော့ချပေးခဲ့ပြီးနောက်ပိုင်း ဖေဖော်ဝါရီ ၅ ရက်နေ့မှာ အာရှထွန်းသစ်စ ငွေကြေးတွေရဲ့ တန်ဖိုးကျဆင်းခဲ့ပါတယ်။ ဂရိနိုင်ငံက ငွေဖြစ်လွယ်မှုအတွက် ဆောင်ရွက်တဲ့အခါ ဂရိ ဘွန်းစာချုပ်တွေကို အပေါင်သဘောမျိုး လက်ခံတော့မှာမဟုတ်ဘူးလို့ဥရောပ ဗဟိုဘဏ် (အီးစီဘီ)က ပြောကြားမှု ကြောင့် ဂရိနိုင်ငံကြွေးမြီအကျပ်အတည်း ဖြေရှင်းရေး မျှော်လင့်ချက်ကို မှေးမှိန် သွားစေတဲ့အတွက် အာရှဒေသရှိ ငွေ ကြေးများကိုပါ ထိခိုက်မှုတစ်မျိုး ထပ်မံ ဖြစ်ပေါ်လာစေခဲ့ပါတယ်။

ဆုံးရှုံးမှုဖြစ်နိုင်တဲ့ အခြေအနေကို ရှောင်ကြဉ်ဖို့အတွက် တောင်ကိုရီးယား စတော့နဲ့ ဘွန်းစာချုပ်တွေကို နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေက ပြန်လည်ရောင်းချလာတဲ့အတွက် တောင်ကိုရီးယားဝမ် တန်ဖိုးကျဆင်းလာခဲ့ပါတယ်။ ရေနံဈေးနှုန်းတွေနောက်တစ်ကြိမ်ထပ်မံကျဆင်းတာကလည်း ရင်းဂစ်တန်ဖိုးကို လျော့ကျစေခဲ့ပါတယ်။ တရုတ်(တိုင်ပေ) မှာ လက်လီလက်ကားရောင်းချမှုတွေ က ဇန်နဝါရီလအတွင်းမှာ ကျဆင်းခဲ့တာ ငါးနှစ်ကျော်အတွင်း အနိမ့်ဆုံးကို ရောက်ခဲ့ပေမယ့် စတော့ဈေးကွက်မှ တစ်ဆင့် နိုင်ငံခြားရင်းနှီးငွေတွေ အဆက်မပြတ်စီးဝင်မှုကြောင့် ထိုင်ဝမ်ဒေါ်လာတန်ဖိုးမြင့်တက်ခဲ့ပါတယ်။

**တရုတ်ယွမ်**

တရုတ်ဗဟိုဘဏ်က ရည်ညွှန်းဖလှယ်နှုန်းကို မြှင့်တင်ပေးတဲ့အတွက် တရုတ်နိုင်ငံတွင်းမှ မတည်ငွေရင်းစီးထွက်မှုကို အဟန့်အတားဖြစ်စေပြီး တရုတ်ယွမ်ငွေကြေးတန်ဖိုးကိုမြင့်တက်စေခဲ့ပါတယ်။ တရုတ်ဗဟို ဘဏ်က ငွေကြေးဖလှယ်နှုန်းကိုတိုးမြှင့် သတ်မှတ်ပေးတဲ့အတွက် ဖေဖော်ဝါရီ ၆ ရက်က ယွမ်ငွေတန်ဖိုးက ရှန်ဟဲမှာ ဖေဖော်ဝါရီ ၅ ရက် ဈေးပိတ်ချိန်က ထက် ၂ ဒသမ ဝ၆ ရာခိုင်နှုန်းမြင့်တက်ပြီး တစ်ဒေါ်လာကို ၆ ဒသမ ၁၂၆၁ ယွမ်နှုန်း ရှိခဲ့ပါတယ်။ ရက်သတ္တပတ်အတွင်း အမြင့်ဆုံးနှုန်းကို ရောက်ရှိခဲ့တာ ဖြစ်ပါတယ်။ ယွမ်ငွေကြေးတန်ဖိုးက ၂၀၁၄ ခုနှစ်မှာ ၂ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းထားတဲ့အတွက် တစ်နှစ်စာခြုံကြည့်ရင် ကျဆင်းနေဆဲဖြစ်ပါတယ်။

**အိန္ဒိယရူပီး**

အမေရိကန်ဒေါ်လာကို အိန္ဒိယပို့ကုန်လုပ်ငန်းတွေက တိုးမြှင့်ရောင်းချလာတဲ့အတွက် ဘဏ်အချင်းချင်းငွေကြေးဖလှယ်ရေးဈေးကွက်မှာ ဖေဖော်ဝါရီ ၆ ရက်က ရူပီးတန်ဖိုးက သုည ဒသမ ဝ၆ ရူပီးနှုန်း မြင့်တက်ပြီး တစ်ဒေါ်လာကို ၆၁ ဒသမ ၆၇ ရူပီးနှုန်း ရှိခဲ့ပါတယ်။ ပင်လယ်ရပ်ခြားဒေသမှာ တခြားအဓိကငွေကြေးတွေနဲ့ ဖလှယ်တဲ့အခါ ဒေါ်လာတန်ဖိုးမြင့်တက်မှုနဲ့ ပြည်တွင်းရှယ်ယာဈေးကွက်အဖွင့်မှာ ရှယ်ယာတန်ဖိုးမြင့်တက်မှုကလည်း ရူပီးတန်ဖိုးမြင့်တက်မှုကို အထောက်အကူဖြစ်စေခဲ့ပါတယ်။

**ဂျပန်ယန်း**

ဂရိဘဏ်တွေအတွက် အရေးပေါ် ဘဏ္ဍာရေးထောက်ပံ့ကြေးရတော့မယ်ဆိုတဲ့သတင်းကြောင့် ဇန်နဝါရီ ၆ ရက်က အာရှဈေးကွက်မှာ ဒေါ်လာနဲ့ ဖလှယ်တဲ့အခါ ယူရိုတန်ဖိုးမြင့်တက်ခဲ့ပါတယ်။ ယူရို-ဒေါ်လာဖလှယ်နှုန်းက ဖေဖော်ဝါရီ ၅ ရက် နေ့လယ် နယူးယောက်ဈေးကွက်မှာ တစ်ယူရိုကို ၁ ဒသမ ၁၄၇၅ ဒေါ်လာနှုန်း ရှိခဲ့ရာမှ တိုကျိုမှာ ၁ ဒသမ ၁၄၆၉ ဒေါ်လာနှုန်း ရှိခဲ့ပါတယ်။ ယန်းငွေနဲ့ ဖလှယ်ရာမှာ တစ်ယူရိုကို ၁၃၄ ဒသမ ၈၉ ယန်းမှ ၁၃၄ ဒသမ ၅၇ ယန်းသို့ပြောင်းလဲခဲ့ပါတယ်။

ဒေါ်လာနဲ့ ယန်းငွေဖလှယ်နှုန်းကတော့ ဖေဖော်ဝါရီ ၅ ရက်မှာ တစ်ဒေါ်လာကို ၁၁၇ ဒသမ ၅၅ ယန်းရှိရာမှ ၁၁၇ ဒသမ ၃၃ ယန်းနှုန်းသို့ပြောင်းလဲပြီး ယန်းတန်ဖိုးမြင့်တက်ခဲ့ပါတယ်။ ဂရိဘဏ်တွေက အစိုးရဘွန်းစာချုပ်တွေကို အပေါင်သဘောမျိုးထားရင် လက်မခံတော့ဘူးလို့ဥရောပဗဟိုဘဏ်ရဲ့ပြောကြားမှုကြောင့် ဖေဖော်ဝါရီ ၄ ရက်က ယူရိုတန်ဖိုးကျဆင်းခဲ့ရာမှ ပြန်လည်မြင့်တက်လာတာဖြစ်ပါတယ်။

**မလေးရှား ရင်းဂစ်**

ပြည်တွင်းသုံးရင်းဂစ်ငွေကြေးဝယ်လိုအား ပြန်လည်မြင့်တက်လာတဲ့အတွက် ဖေဖော်ဝါရီ ၆ ရက်နေ့မှာ ရင်းဂစ်တန်ဖိုး မြင့်တက်ခဲ့ကြောင်း ဝယ်ရောင်းသမားတွေက ပြောပါတယ်။ ဒေါ်လာ-ရင်းဂစ်ဖလှယ်နှုန်းက ဖေဖော်ဝါရီ ၅ ရက်က ၃ ဒသမ ၅၇၂၅ ရင်းဂစ်နှုန်းရှိရာမှ ဖေဖော်ဝါရီ ၆ ရက် မနက် ၉ နာရီ ၁၃ မိနစ်မှာ တစ်ဒေါ်လာကို ၃ ဒသမ ၅၄၃၅ ရင်းဂစ်နှုန်းထိ ရင်းဂစ်တန်ဖိုးမြင့်တက်ခဲ့ပါတယ်။ ယူရိုမှအပ တခြားငွေကြေးများ ဖလှယ်ရာမှာလည်း ရင်းဂစ်ငွေကြေးတန်ဖိုးမြင့်တက်ခဲ့ပါတယ်။

**တောင်ကိုရီးယားဝမ်**

တောင်ကိုရီးယား ဗဟိုဘဏ်က ငွေကြေးမူဝါဒတွေ ထပ်မံလျှော့ချလိမ့်မယ်လို့ စီးပွားရေးပညာရှင်တချို့က ခန့်မှန်းလာတဲ့အတွက် တောင်ကိုရီးယား ဝမ်တန်ဖိုးကျဆင်းမယ်လို့ ယုံကြည်မှုတွေ မြင့်တက်လာခဲ့ပါတယ်။ ဒါပေမယ့် ဒေါ်လာနဲ့ ဝမ်ငွေကြေးဖလှယ်နှုန်းက ဖေဖော်ဝါရီ ၆ ရက်မှာ တစ်ဒေါ်လာကို ၁၀၉၀ ဒသမ ၅၃ ဝမ်မှ ၁၀၈၇ ဒသမ ၃၀ ဝမ်နှုန်းထိဝမ်တန်ဖိုးမြင့်တက်ခဲ့ပါတယ်။

**ထိုင်းဘတ်**

စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကိုမြှင့်တင်ပေးနိုင်ဖို့အတွက် ထိုင်းဗဟိုဘဏ်က လှည့်လည်ငွေကြေးပမာဏ တိုးမြှင့်ရေးကို ထပ်မံဆောင်ရွက်လိမ့်မယ်လို့ စီးပွားရေးပညာရှင်တွေက ခန့်မှန်းကြပါတယ်။ ဒါပေမယ့် ထိုင်းဘတ်ငွေက ဖေဖော်ဝါ ရီ ၄ ရက်မှာ ၃၂ ဒသမ ၆၀ ဘတ်မှ တစ်ဒေါ်လာကို ၃၂ ဒသမ ၅၇ ထိရောက်ရှိကာ တန်ဖိုး မြင့်တက်ခဲ့ပါတယ်။

ညဏ်တင်-စုစည်းတင်ပြသည်

## ဒေါ်လာတန်ဖိုး မြင့်တက်လာတဲ့အတွက် တောင်ကိုရီးယားအရန်ငွေကြေးပမာဏကျဆင်း

တောင်ကိုရီးယားနိုင်ငံရဲ့ အရန်ငွေကြေးပမာဏက ဒီဇင်ဘာလမှာ ငါးလအတွင်း တစ်ကြိမ်ပြန်လည်မြင့်လာခဲ့ရာမှ အမေရိကန်ဒေါ်လာတန်ဖိုးမြင့်တက်မှုက ဒေါ်လာနဲ့မဟုတ်တဲ့ အခြားပိုင်ဆိုင်မှု(အက်ဆက်)တွေကိုတန်ဖိုးချင်းဖလှယ်တဲ့အခါ တန်ဖိုးကျဆင်းတဲ့အတွက် တောင်ကိုရီးယားအရန်ငွေကြေးပမာဏက ဇန်နဝါရီလမှာ ပြန်လည်ကျဆင်းခဲ့ကြောင်း ဇန်နဝါရီ ၄ ရက်ကထုတ်ပြန်တဲ့ ဗဟိုဘဏ်ရဲ့စာရင်းဇယားတွေအရ တွေ့ရပါတယ်။

ဇန်နဝါရီလအကုန်မှာ ရှိခဲ့တဲ့ နိုင်ငံခြားအရန်ငွေကြေးပမာဏက ဒေါ်လာ ၃၆၂ ဒသမ ၁၉ ဘီလီယံရှိတဲ့အတွက် ယခင်လနဲ့ နှိုင်းယှဉ်ရင် ဒေါ်လာ ၁ ဒသမ ၄၁ ဘီလီယံမြင့်တက်ခဲ့ကြောင်း တောင်ကိုရီးယားဗဟိုဘဏ်ရဲ့ထုတ်ပြန်ချက်အရ သိရပါတယ်။

တောင်ကိုရီးယားရဲ့ နိုင်ငံခြားအရန်ငွေကြေးပမာဏက ၂၀၁၃ ခုနှစ် ဇူလိုင်နောက်ပိုင်း ၁၃ လဆက်တိုက် စံချိန်တင်မြင့်တက်ခဲ့ပါတယ်။ ဒါပေမယ့် ၂၀၁၄ ခုနှစ် ဇူလိုင်မှာပြန်လည်ကျဆင်းခဲ့ပြီး ငါးလအကြာဒီဇင်ဘာလမှာ ပြန်လည်မြင့်တက်ခဲ့ပါတယ်။ ဇန်နဝါရီလမှာ ကျဆင်းခဲ့ရတဲ့အကြောင်းရင်းက ဒေါ်လာတန်ဖိုးမြင့်တက်လာတဲ့အတွက် ဖြစ်ပါတယ်။ ဒေါ်လာတန်ဖိုးမြင့်တက်ချိန်မှာ ဒေါ်လာနဲ့မဟုတ်တဲ့ ပိုင်ဆိုင်ပစ္စည်းတွေ Assetကို ဒေါ်လာအဖြစ် ပြောင်းလဲတဲ့အခါ တန်ဖိုးကျဆင်းခဲ့တာကို တွေ့ရပါတယ်။ ယူရိုနဲ့ ဗြိတိသျှ ပေါင်တို့ရဲ့တန်ဖိုးက ဒေါ်လာနဲ့ဖလှယ်တဲ့ အခါ ၆ ဒသမ ၈ ရာခိုင်နှုန်းနဲ့ ၃ ဒသမ ၁ ရာခိုင်နှုန်းအသီးသီးကျဆင်းခဲ့ပြီး ဩစတြေးလျဒေါ်လာက ၄ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။

နိုင်ငံခြားအရန်ငွေကြေးထဲမှာ အာမခံစာချုပ်စာတမ်း တန်ဖိုးက ဒေါ်လာ ၃၃၄ ဒသမ ၆၂ ဘီလီယံ၊ ပုံသေအပ်နှံငွေက ဒေါ်လာ ၁၇ ဒသမ ၇၂ ဘီလီယံ၊ ရွှေတုံးနဲ့က ဒေါ်လာ ၄ ဒသမ ၇၉ ဘီလီယံ၊ အထူးထုတ်ယူခွင့်လက်မှတ်နဲ့က ၃ ဒသမ ၁၉ ဘီလီယံ၊ ဒေါ်လာနဲ့က ၁ ဒသမ ၈၆ ဘီလီယံရှိပါတယ်။

## အိန္ဒိယဗဟိုဘဏ်က အတိုးနှုန်းကို ဆက်လက်ထိန်းထားမည်

ဗဟိုဘဏ်ရဲ့အတိုးနှုန်းများကို လျှော့ချပေးကြောင်း ကြေညာပြီး သုံးပတ်အကြာတွင် အတိုးနှုန်းများကိုပြောင်းလဲခြင်းမပြုဘဲ ယခုအတိုင်း ဆက်လက်ထိန်းထားဦးမည်ဖြစ်ကြောင်း အိန္ဒိယဗဟိုဘဏ်က ဖေဖော်ဝါရီ ၃ ရက်က ကြေညာခဲ့သည်။

သို့ဖြစ်ရာ ဗဟိုဘဏ် သည်အတိုးနှုန်းကိုနောက်တစ်ကြိမ် လျှော့ချပြင်ဆင်မှုမပြုမီ အစိုးရဘတ်ဂျက်အသစ် ပြဋ္ဌာန်းမည်ကို စောင့်ဆိုင်းနေဟန်ရှိကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြထားသည်။ ကူးသန်းရောင်းဝယ်ရေးဘဏ်များအား ဗဟိုဘဏ်က ထုတ်ချေးသောအခြေခံစံထားအတိုးနှုန်းကို ၇ ဒသမ ၇၅ ရာခိုင်နှုန်းအတိုင်း ဆက်လက်ထားရှိဦးမည်ဖြစ်ကြောင်း ဘဏ္ဍာရေးမြို့တော်ဖြစ်သောမွမ်ဘိုင်း မြို့တွင်ပြုလုပ်တဲ့အစည်းအဝေးအပြီးမှာ အိန္ဒိယဗဟိုဘဏ်က ကြေညာပါတယ်။

ဖေဖော်ဝါရီ ၂၈ ရက်မှာ ထုတ်ပြန်မယ့် အစိုးရရဲ့ ဘတ်ဂျက်အခြေအနေနဲ့ ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေကို ဗဟိုဘဏ်က စောင့်ကြည့်ဦးမှာဖြစ်ကြောင်း ဗဟိုဘဏ် ဥက္ကဋ္ဌရာဟူရမ်ရာဂျန်က ပြောပါတယ်။

“ငွေကြေးဖောင်းပွမှုရဲ့ တိုးတက်မှု အခြေအနေတွေကို ကျွန်တော်တို့ ကြည့်နေပါတယ်။ ဘဏ္ဍာရေးဘက်မှာလည်း ဘတ်ဂျက်က ကြေညာခါနီးနေပါပြီ။ ဒီအခြေအနေတွေက ကျွန်တော်တို့ စောင့်ကြည့်လေ့လာရမယ့် အရေးပါတဲ့ အခြေအနေတွေ ဖြစ်ပါတယ်”လို့ ကြေညာချက်ထုတ်ပြန်ပြီးနောက် ရာဂျန်က သတင်းထောက်များကို ပြောပါ တယ်။

ငွေထုတ်ချေးတာတွေ တိုးမြှင့်လာဖို့နဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာဖို့အတွက် အတိုးနှုန်းတွေလျှော့ချပေးဖို့ အစိုးရနဲ့ စီးပွားရေးခေါင်းဆောင်တွေက အစိုးရကို ဖိအားပေးတာ ရှိခဲ့ပါတယ်။ ဒါပေမယ့် မစ္စတာရာဂျန်က ငွေကြေးဖောင်းပွမှုနှုန်း ထိန်းချုပ်ဖို့ကိုသာ ဦးစားပေးခဲ့ပါတယ်။

International Entertainment
Vol: 15, No.6 Monday Feb 9 2015

# ဟောင်ကောင်မှာ ဂီတဖျော်ဖြေပွဲကျင်းပမယ့် လီမင်ဟို

The Heirsဇာတ်ကားနဲ့ကမ္ဘာတစ်ဝန်းက မိန်းမပျိုလေးတွေရဲ့အသည်းကို လှုပ်ခါစေခဲ့တဲ့ တောင်ကိုရီးယားရဲ့အဆိုတော်၊ သရုပ်ဆောင် လီမင်ဟိုဟာ လာမယ့်မတ်လအတွင်း ဟောင်ကောင်မှာ ဖျော်ဖြေပွဲတစ်ရပ်ကို ကျင်းပသွားမယ်လို့ ဆိုပါတယ်။

လီမင်ဟိုဟာ သူ့ရဲ့ဟောင်ကောင် ဖျော်ဖြေပွဲကို Hong Kong 2015 @D Lee Min Ho လို့ အမည်ပေးထားပြီး ဟောင်ကောင်မှာရှိတဲ့ အကြီးဆုံးခန်းမကြီးတစ်ခုဖြစ်တဲ့ Asia World Expo Arena မှာ မတ် ၂၁ရက်မှာ ကျင်းပမယ်လို့ ပွဲစီစဉ်သူတွေက ထုတ်ဖော်ပြောကြားပါတယ်။

လီမင်ဟိုဟာ ဟောင်ကောင်မှာ သီဆိုဖျော်ဖြေရင်း ဟောင်ကောင်မှာရှိတဲ့ သူ့ရဲ့ပရိသတ်တွေနဲ့ တွေ့ဆုံဖို့လည်း စီစဉ်ထားတယ်လို့ဆိုပါတယ်။

“လီမင်ဟိုဟာ သူ့ရဲ့သရုပ်ဆောင်မှုတွေ၊ သီဆိုဟန်တွေကြောင့် လူသိများတဲ့သူတစ်ဦးဖြစ်ပါတယ်။ နိုင်ငံရပ်ခြား တော်တော်များများမှာ သူ့ကိုတွေ့ချင်ကြတဲ့ သူ့ရဲ့ပရိသတ်တွေရှိနေပါတယ်။ဒါကြောင့် ကျွန်တော်တို့အနေနဲ့ လီမင်ဟိုကို တွေ့ခွင့်ရနိုင်ဖို့အတွက် ကျွန်တော်တို့ရဲ့ ဝက်ဘ်ဆိုက်မှာ နိုင်ငံပေါင်း ၁၄၅ နိုင်ငံက ပရိသတ်တွေက တောင်းဆိုထားတာရှိနေပါတယ်”လို့ Minozworld က ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ပြီးခဲ့တဲ့နှစ်က ထွက်ရှိခဲ့တဲ့ လီမင်ဟိုရဲ့ Gangnam 1970 ဇာတ်ကားဟာ လူကြိုက်များလှတဲ့ ဇာတ်ကားတစ်ကားအဖြစ် မှတ်တမ်းဝင်ခဲ့ပါတယ်။

ဒ့ါအပြင် လက်မှတ်ပေါင်း နှစ်သန်းကျော်အထိ ရောင်းချခဲ့ရတယ်လို့လည်း တောင်ကိုရီးယားရဲ့ Box Office မှာ စံချိန်တင်ခဲ့တယ်လို့ ဆိုပါတယ်။



# ဒယ်နီရယ်ခရိုက် ဒဏ်ရာရသွား၍ ဂျိမ်းစ်ဘွန်းဇာတ်ကားရိုက်ကူးမှု ရပ်နားထားခဲ့ရ



ဂျိမ်းစ်ဘွန်းရဲ့ ရိုက်လက်စဇာတ်ကားတစ်ကားဖြစ်တဲ့ Spectre ဇာတ်ကားကို ရိုက်ကူးနေရင်း ဂျိမ်းစ်ဘွန်းမင်းသား ဒယ်နီရယ်ခရိုက် ဒဏ်ရာရရှိသွားတဲ့အတွက် ဇာတ်ကားရိုက်ကူးမှုကို ခေတ္တရပ်ဆိုင်းထားခဲ့ရတယ်လို့ Pinewood Studioရဲ့ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ပါတယ်။

ဒယ်နီရယ်ခရိုက်ဟာ အဲဒီဇာတ်ကားရဲ့ ဇာတ်ဝင်ခန်းတစ်ခန်းဖြစ်တဲ့ ရန်သူတွေနဲ့ ထိုးကြိတ်ရတဲ့အခန်းမှာ ဒဏ်ရာရရှိခဲ့တာဖြစ်ပါတယ်။

အသက် ၄၆ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဂျိမ်းစ်ဘွန်းမင်းသား ဒယ်နီရယ်ခရိုက်ဟာ ထိုးကြိတ်ခန်းကို ရိုက်ကူးရင်း လဲကျခဲ့တာကြောင့် ဒူးဒဏ်ရာရရှိခဲ့ပါတယ်။

အဲဒီဇာတ်ကားဟာ Skyfall ဇာတ်ကားရဲ့အဆက်ဖြစ်တယ်လို့ တာဝန်ရှိသူတွေက ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

“ဒယ်နီရယ်ရဲ့ ဒဏ်ရာဟာ ကြီးကြီးမားမားဖြစ်မယ် မထင်ပါဘူး။ လဲကျပြီးတဲ့နောက်မှာ သူ့ကို အိမ်အထိလိုက်ပြီး ပို့ခဲ့ကြပါတယ်။ သူ့ရဲ့ဒဏ်ရာကို ဆရာဝန်နဲ့သေသေချာချာ ပြသပြီးရင်တော့ ဒဏ်ရာရဲ့ အတိမ်အနက်ကို ပြောပြပါမယ်။ ခုတော့ ခင်ဗျားတို့အိမ်ကို ပြန်လို့ရပါပြီ”လို့ Pinewood Studio ရဲ့ တာဝန်ရှိသူက အင်တာဗျူးဖို့လာတဲ့ သည်ဆန်းသတင်းစာရဲ့ သတင်းထောက်ကို ပြောကြားခဲ့ပါတယ်။

ဒယ်နီရယ်ခရိုက်ဟာ ပြီးခဲ့တဲ့ရက်သတ္တပတ်အတွင်းက ရောမမြို့မှာ အဲဒီဇာတ်ကားရဲ့ ဇာတ်ရှိန်အမြင့်ဆုံးဇာတ်ဝင်ခန်းတစ်ခန်းကို ဒါရိုက်တာဆမ်မန်ဒီးနဲ့ အတူ ရိုက်ကူးခဲ့သေးတယ်လို့ ဆိုပါတယ်။ ဂျိမ်းစ်ဘွန်းရဲ့ဇာတ်ကားသစ်ကို၂၀၁၅ ခုနှစ် နိုဝင်ဘာ ၅ ရက်မှာ ထွက်ရှိမှာဖြစ်တယ်လို့ ဆိုပါတယ်။



# အမ်ဘာ့အတွက် မင်္ဂလာဦးလက်ဆောင်အဖြစ် ရွက်လှေကို အမည်ပြောင်းပေးလိုက်တဲ့ ဂျွန်နီဒိ(ပ်)

ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းက လက်ထပ်ပွဲဆင်နွှဲလိုက်တဲ့ Pirates of the Caribbean ဇာတ်လမ်းတွဲနဲ့ နာမည်ကြီးလာခဲ့တဲ့ ဂျွန်နီဒိ(ပ်)ဟာ သူ့ရဲ့သတို့သမီးလေး အမ်ဘာဟာ့ဒ်အတွက် မင်္ဂလာဦးလက်ဆောင်ဖြစ် သူပိုင်ဆိုင်တဲ့ရွက်လှေရဲ့နာမည်ကို ပြောင်းပေးလိုက်တယ်လို့ဆိုပါတယ်။ ဂျွန်နီဒိ(ပ်)ဟာ ၂၀၁၂ ခုနှစ်က လက်တွဲခဲ့တဲ့ ဗန်နက်ဆာကို လမ်းခွဲပြီး အမ်ဘာဟာ့ဒ်နဲ့လက်ထပ်ခဲ့တာဖြစ်ပါတယ်။ ဗန်နက်ဆာနဲ့ လက်တွဲခဲ့စဉ်က သူပိုင်ဆိုင်ခဲ့တဲ့ ရွက်လှေကြီးရဲ့နာမည်ကို ဗန်နက်ဆာလို့ အမည်ပေးခဲ့ပါတယ်။

ဒါပေမယ့်လည်း အမ်ဘာဟာ့ဒ်နဲ့ ရွှေလက်တွဲတဲ့အခါမှာတော့ အဲဒီရွက်လှေရဲ့အမည်ကို ပြောင်းပေးမယ်လို့ ဂျွန်နီဒိ(ပ်)ကပြောကြားလိုက်ပါတယ်။

အဲဒီရွက်လှေကြီးဟာ ရှေးဟောင်းရွက်လှေကြီး တစ်စင်းလိုမျိုး တည်ဆောက်ထားတာဖြစ်ပြီး ပေါင်သန်းပေါင်း ၂၁ ဒသမ ၅ သန်းတန်ကြေးရှိပါတယ်။ အသက် ၅၁ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဒိ(ပ်)ဟာ အသက် ၂၈ နှစ်အရွယ်သာရှိသေးတဲ့ ဟောလိဝုဒ်ရဲ့ ရုပ်ရှင်မင်းသမီးချောမော်ဒယ်မင်းသမီးလေး အမ်ဘာဟာ့ဒ်နဲ့လက်ထပ်ခဲ့တာပဲဖြစ်ပါတယ်။ ဂျွန်နီဒိ(ပ်)ဟာ ဗန်နက်ဆာနဲ့ လက်ထပ်ခဲ့ပြီးတဲ့နောက် တည်ဆောက်ခဲ့တဲ့ အဲဒီရွက်လှေရဲ့နာမည်ကို ဗန်နက်ဆာလို့ အမည်ပေးခဲ့ပါတယ်။ ဒါပေမယ့်လည်း ဗန်နက်ဆာနဲ့ လမ်းခွဲပြီးတဲ့နောက်မှာ အဲဒီရွက်လှေရဲ့အမည်ကို မပြောင်းလဲဘဲထားရှိခဲ့ပြီး အခု အမ်ဘာဟာ့ဒ်နဲ့ လက်ထပ်ပြီးမှ ရွက်လှေရဲ့အမည်ကိုပြောင်းမယ်လို့ ပြောကြားခဲ့တာပဲဖြစ်ပါတယ်။

# BAFTA Night အခမ်းအနားမှာ ဝင်ရောက်ဆင်နွှဲဖို့ ဖိတ်ကြားခြင်းခံရတဲ့ တွမ်ခရုစ်

ဟောလိဝုဒ်ရဲ့ စူပါစတား မင်းသားတစ်ဦးဖြစ်တဲ့ တွမ်ခရုစ်ကို British Academy of Film and Television Arts (BAFTA) အခမ်းအနားမှာ ဝင်ရောက်ဆင်နွှဲဖို့ BAFTA ကို စီစဉ်သူကပြောခဲ့ပါတယ်။

တွမ်ခရုစ်ဟာ အခုလောလောဆယ်မှာ လန်ဒန်မြို့ကို ရောက်ရှိနေပြီး သူ့ရဲ့ မဟာဇာတ်ကားကြီးတစ်ကားဖြစ်တဲ့ Mission Impossible 5 ဇာတ်ကားကို ရိုက်ကူးနေတယ်လို့ ဆိုပါတယ်။



“တွမ်နဲ့ ပတ်သက်လို့က တော့ တကယ့်ကို စိတ်ဝင်စားစရာတွေချည်းပါပဲ။ အခုလည်း တွမ့်ကို BAFTA က သူ့ရဲ့ပွဲမှာ လာပြီး ဖျော်ဖြေပေးဖို့ ဖိတ်ကြားနေပြန်ပါတယ်။ တွမ်လည်း တက်ရောက်လိမ့်မယ်လို့ မျှော်လင့်မိပါတယ်” လို့ The Sun သတင်းစာက ဖော်ပြခဲ့ပါတယ်။

ဒီနှစ်အတွက် BAFTA ဆုကို အေမီအဒန် ရရှိလိမ့်လို့ ထင်ကြေးပေးနေကြပါတယ်။

အဲဒီ BAFTA ဆုပေးပွဲအခမ်းအနားမှာ ဗြိတိသျှရော့ခ်ကာကြီးကာဆာဘိန်းက အဖွင့်သီချင်းကို သီဆိုမှာဖြစ်ပါတယ်။ အင်္ဂလန်ရဲ့ ဘောလုံးမင်းသားကြီး ဒေးဗစ်ဘက်ခမ်လည်း အဲဒီပွဲမှာ ပါဝင်ဆင်နွှဲမယ်လို့ ဆိုပါတယ်။



# Ocean SUPERCENTER

## Valentine's Day Specials

**1st ~ 13th Feb 2015**

FERRERO ROCHER အပါအဝင် Valentine's Day
လက်ဆောင်တွေကို ကျပ် ၅၀၀၀ ဖိုး ဝယ်ယူပြီး
ချော့ကလက် အရေအတွက်ကို ခန့်မှန်းလိုက်ရအောင်...
@ North Point Branch & Shwe Ghone Daing Branch

Brought to you by Ocean SUPERCENTER
& FERRERO ROCHER

အထူးဆု
Lovely Teddy Bear +
FERRERO ROCHER
Bouquet



စိတ်တူကိုယ်တူရှိတဲ့ ချစ်သူစုံတွဲတိုင်းအတွက်

## အလိုက်ဖက်ဆုံး ချစ်သူစုံတွဲ ပြိုင်ပွဲ

14th February 2015

Winner Prize ကျပ် ၄00,000 နှင့်
အခြားဆုလက်ဆောင်များ
@ Ocean SUPERCENTER
(North Point Branch)



ဝင်ကြေး အခမဲ့

- အသက် ၁၈နှစ်နှင့် အထက် ချစ်သူစုံတွဲများ ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။
- နှစ်သက်ရာ စုံတွဲသီချင်းတစ်ပုဒ်၊ နှစ်သက်ရာ စုံတွဲအင်္ကျီတစ်စုံဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။
- ပြိုင်ပွဲဝင် Form များကို Ocean Supercenter ဆိုင်ခွဲများရှိ Customer Service Counter များတွင် အခမဲ့ထုတ်ယူနိုင်ပါသည်။ ပြိုင်ပွဲဝင်ဦးရေ ကန့်သတ်ထားပါသည်။

Hotline : 0986 50117

Main Sponsor : FERRERO ROCHER Co-sponsor : L'ORÉAL PARIS

**Ocean Supercenter North Point Branch :** ပြည်လမ်းနှင့် တော်ဝင်လမ်းထောင့်၊ ၉မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

COMMERCE
INTERNATIONAL

# ဗီယက်နမ်နိုင်ငံရဲ့ သစ်ထုတ်ကုန်ပစ္စည်းတင်ပို့မှု မြင့်တက်

ယခုနှစ်မှာ ဗီယက်နမ်နိုင်ငံရဲ့ သစ်ထုတ်ကုန်ပစ္စည်းတင်ပို့မှုက အနည်းဆုံး ၁၅ ရာခိုင်နှုန်းရှိမယ်လို့ ဟိုချီမင်းစီတီးလက်မှုနဲ့ သစ်တောထွက်ပစ္စည်းလုပ်ငန်းအသင်း (Handicraft and Wood Industry Association-Hawa) က ပြောကြောင်း ဗီယက်နမ်သတင်းအေဂျင်စီဝက်ဘ်ဆိုက်မှာ ဖော်ပြထားပါတယ်။

ဗီယက်နမ်နိုင်ငံရဲ့ စီးပွားရေးအလားအလာမှေးမှိန်နေပေမယ့် လွန်ခဲ့တဲ့ခုနစ်နှစ်အတွင်းမှာ သစ်လုပ်ငန်းရဲ့ ပို့ကုန်ပစ္စည်းတိုးတက်မှုနှုန်းက ပျမ်းမျှ ၁၅ ရာခိုင်နှုန်းရှိခဲ့ကြောင်း Hawa ရဲ့ ဒုတိယဥက္ကဌ ဟွန်ဗန်ဟန်းက ဖေဖော်ဝါရီ ၇ ရက်က ပြောပါတယ်။

စီးပွားရေးအကျပ်အတည်းကြောင့် ဥရောပသမဂ္ဂ (အီးယူ)မှာရှိတဲ့ ပရိဘောဂလုပ်ငန်း ကုမ္ပဏီအများအပြားကို ပိတ်ထားရပြီး တချို့နိုင်ငံတွေက သစ်လုပ်ငန်းတင်ပို့သူတွေကို ရောင်းကုန်ပစ္စည်း စုပုံမှုအခွန်တွေ ကောက်ခံပါတယ်။ ဒီအခြေအနေက ဗီယက်နမ်နိုင်ငံအတွက် ဥရောပဈေးကွက်ကိုဝင်ဖို့ အခြေအနေတွေပွင့်လင်းလာစေခဲ့ကြောင်း သူကပြောပါတယ်။

ဗီယက်နမ်နိုင်ငံက သူရဲ့အစဉ်အလာဈေးကွက်တွေဖြစ်တဲ့ အမေရိကန်ပြည်ထောင်စု၊ အာရှနဲ့ အီးယူတို့အပြင် ဗီယက်နမ်သစ်လုပ်ငန်းထုတ်ကုန်တွေ မရောက်သေးတဲ့ ဥရောပအရှေ့ပိုင်းနဲ့ အရှေ့အလယ်ပိုင်းဒေသကို ကုန်သွယ်မှု တိုးမြှင့်ရေးအစီအစဉ်တွေ ဆောင်ရွက်ဖို့ သစ်လုပ်ငန်းအဖွဲ့ကို အကြံပြုလာကြပါတယ်။

ဘကျော်တင်-စုစည်းတင်ပြသည်



ဗီယက်နမ်ရဲ့ ပို့ကုန်လုပ်ငန်းက ၂၀၁၄ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၂၃ ဘီလီယံ ရှိခဲ့တဲ့အတွက် ကမ္ဘာ့ပို့ကုန်မှာ အဆင့် ၁၀ နေရာကို ရောက်ရှိလာခဲ့ပါတယ်။ ဒါပေမယ့် ကမ္ဘာ့ပို့ကုန်လုပ်ငန်းရဲ့ ၂ ဒသမ ၆၈ ရာခိုင်နှုန်းကို သာတင်ပို့နိုင်သေးတဲ့အတွက် ဈေးကွက်ဝေစုကိုတိုးမြှင့်မယ်ဆိုရင် တိုးမြှင့်လို့ရနိုင်သေးကြောင်း သူကပြောပါတယ်။ ပြည်တွင်းဈေးကွက်ကို ပြန်ကြည့်မယ်ဆိုရင် လူဦးရေ သန်း ၉၀ ရှိနေတဲ့အတွက် ဒီဈေးကွက်ကလည်း အခွင့်အလမ်းတွေ အများကြီးထွက်ပေါ်နိုင်ပါတယ်လို့ သူကဆိုပါ တယ်။

သစ်လုပ်ငန်းအနေနဲ့ ပရိဘောဂ၊ အိမ်အလှဆင် လုပ်ငန်းနဲ့ လက်မှုအထည် တွေကိုပြသတဲ့ ကုန်စည်ပြပွဲကို သုံးနှစ်ဆက်တိုက် ကျင်းပထားတဲ့အတွက် ပြည်တွင်းဖောက်သည်တွေနဲ့ ထုတ်လုပ်သူတွေကို ဆွဲဆောင်နိုင်ခဲ့ပြီး နှစ်စဉ်ရောင်းအား မြင့်တက်ခဲ့ကြောင်း သူက ပြောပါတယ်။

ဒါပေမယ့် ယခုနှစ်ကုန်မှာ အာဆီယံစီးပွားရေး အသိုက်အဝန်း (အေအီးစီ)ကို ထူထောင်ပြီးရင် ပြည်တွင်းဈေးကွက်ထဲမှာလည်း ပြင်းထန်တဲ့ ယှဉ်ပြိုင်မှုနဲ့ ရင်ဆိုင်ရလိမ့်မယ်လို့ သူက သတိပေးပါတယ်။

ထုတ်လုပ်သူအများစုက အသေးစားလုပ်ငန်းတွေဖြစ်တဲ့အတွက် သူတို့ရဲ့ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်တိုးတက်ရေးအတွက် အချင်းချင်းလက်တွဲဆောင်ရွက်ရမယ်လို့ သူက ပြောပါတယ်။ ထုတ်လုပ်မှု အရေအတွက်နဲ့ အရည်အသွေး တိုးတက်ကောင်းမွန်ဖို့အတွက် နည်းပညာ အသုံးပြုနိုင်အောင် ပိုမိုရင်းနှီးမြှုပ်နှံဖို့လိုကြောင်းလည်း သူက ပြောပါတယ်။

## ထိုင်းအိမ်ခြံမြေလုပ်ငန်းတို့က သက်ကြီးရွယ်အိုတို့ကို အလေးပေး

ထိုင်းနိုင်ငံမှာ သက်ကြီးရွယ်အိုလူဦးရေ တရိပ်ရိပ်ကြီးထွားလာနေပြီဖြစ်တဲ့အတွက် အိမ်ဝယ်ယူသူတွေက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူနေမှုစရိတ်နဲ့ ဘဝအရည်အသွေးစတဲ့ကိစ္စတွေအတွက် စိုးရိမ်ပူပန်မှုတွေဖြစ်ပေါ်နေရတဲ့ကာလဖြစ်ပါတယ်။ ဒီလိုကာလမျိုးမှာ အိမ်ခြံမြေဖွံ့ဖြိုးရေးကို ဆောင်ရွက်နေသူတွေအတွက် “သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းတဲ့နေထိုင်မှုဘဝ (Green Living) နဲ့ သက်ကြီးရွယ်အိုနိုင်ငံသားတွေအပေါ် ဦးစားပေး စဉ်းစားရမယ့် အကြောင်းအချက်တွေ ဖြစ်လာပါတယ်။



ယခင်ရက်သတ္တပတ်က ဂျပန် ကုမ္ပဏီတစ်ခုဖြစ်တဲ့ ParaHouse က ဆောင်ရွက်နေတဲ့ အိုဆာကာရှီချီယိုအာ ရှီယာစီမံကိန်းကို ထိုင်းအိမ်ခြံမြေလုပ်ငန်း ပရူစကာအကြီးအကဲ လာဆက်ချူလာဒယ်ဆာ သွားရောက်လေ့လာခဲ့ပါတယ်။ ဒီလိုလေ့လာတဲ့အခါတွေ့ရှိခဲ့ရတာက လူနေအိမ်ဒီဇိုင်းတွေက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ဖောက်သည် လိုအပ်ချက်ကို အလေးပေးဆောင်ရွက်လျက်ရှိရာ အထူးသဖြင့် သက်ကြီးရွယ်အို မိသားစုတွေနဲ့ သူတို့ရဲ့ဘဝအရည် အသွေးတိုးတက်ကောင်းမွန်ရေးကို ဦးစားပေးဆောင်ရွက်ထားတာကို လေ့လာတွေ့ရပါတယ်။

The Plant ဆိုတဲ့ စီမံကိန်းနဲ့ ဗန်ကောက်မြို့ပတ်တာနာကန်လမ်းမှာ စွမ်းအင်ချွေတာရေး အိမ်ရာစီမံကိန်းကို ယခုနှစ်ထဲမှာ ပရူစကာက စတင်အကောင်အထည်ဖော်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ စီမံကိန်းကိုဆောင်ရွက်ရာမှာအလယ်အလတ်နဲ့ အထက်တန်းဝင်ငွေရှိသူတွေအတွက် ဦးစားပေးဆောင်ရွက်မှာဖြစ်လို့ ဒီစီမံကိန်းက အနာဂတ်ဖွံ့ဖြိုးမှုအတွက် ဦးတည်တဲ့စီမံကိန်းဖြစ်ပါတယ်။ Para Homeရဲ့အစီအစဉ်အရ ဆောင်ရွက်တဲ့ ခေတ်မီမြို့တော် ရှီယိုအရှီယာမှာရှိတဲ့ ဂျပန်စတိုင်နေအိမ်တွေက သီးခြားအိမ်ကလေးတွေဖြစ်ပြီး လုံခြုံစိတ်ချမှု၊ ကျန်းမာရေးပြည့်စုံမှု၊ စွမ်းအင်ချွေတာမှုနဲ့ ခေတ်မီနည်းစနစ်နဲ့ တည်ဆောက်ထားပြီး အိမ်တွေရဲ့ လျှပ်စစ်သုံးစွဲရာမှာ တီထွင်ဖန်တီးမှုရှိတဲ့ နည်းပညာကို အသုံးပြုထားပါတယ်။

## ယခုနှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်မှုများရှိနေ

အင်ဒိုနီးရှားရဲ့ စီးပွားရေးက ယခုနှစ်မှာ ဆက်လက်ကြံ့ခိုင်မှုရှိနေဦးမှာဖြစ်ကြောင်း လေ့လာဆန်းစစ်သူတွေနဲ့ စီးပွားရေးသမားတွေက ခန့်မှန်းကြပေမယ့် ကမ္ဘာ့စီးပွားရေးမှာဖြစ်ပေါ်နေတဲ့ အကြောင်းတရားတွေက ဒီအခြေအနေကို အဟန့်အတားဖြစ်စေလိမ့်မယ်လို့ သတိပေးထားကြောင်း ဂျကာတာပို့စ်သတင်းမှာ ဖော်ပြထားပါတယ်။

“တစ်ကမ္ဘာလုံးနဲ့ ဆိုင်တဲ့ အကြောင်းတရားများက လောလောဆယ်မှာစွမ်းအား အလွန်အမင်းပြင်းထန်မှုရှိနေပြီး ကမ္ဘာ့ဈေးကွက်ထဲမှာ ပြောင်းလဲမှု အမြောက်အမြားကို တွေ့မြင်နေရပါတယ်။ အင်ဒိုနီးရှားစီးပွားရေးနဲ့ ဘဏ္ဍာရေးဈေးကွက်ဟာ ဒီအခြေအနေတွေရဲ့ ရိုက်ခတ်တဲ့ဒဏ်တွေကို ခံနေရပါတယ်။

ဒီကနေ့အချိန်မှာ အရေးကြီးနေတာက စွမ်းအားပြင်းထန်တဲ့ အခြေအနေတွေကို ဘယ်လိုကိုင်တွယ်ဖြေရှင်းရမလဲဆိုတဲ့ အချက်ဖြစ်ပါတယ်” လို့ East Spring Investment Indonesia ရဲ့ရင်းနှီးမြှုပ်နှံမှုအရာရှိချုပ် အေရီပီတိုဂျိုက ဖေဖော်ဝါရီ ၃ ရက်နေ့မှာ ပြောပါတယ်။

အင်ဒိုနီးရှားနိုင်ငံရဲ့ စီးပွားရေးနဲ့ ဘဏ္ဍာရေးဈေးကွက် ဖွံ့ဖြိုးမှုကို ထိခိုက်စေတဲ့ အကြောင်းတရားတွေထဲမှာ ကမ္ဘာ့ရေနံဈေးနှုန်းတွေ ကျဆင်းမှု၊ အမေရိကန် ဗဟိုဘဏ်ရဲ့ အတိုးနှုန်းတွေ မြှင့်တင်ပေးဖို့ စီစဉ်ဆောင်ရွက်မှု၊ တရုတ်နဲ့ဥရောပဒေသရဲ့ စီးပွားရေးတွေ နှေးကွေးကျဆင်းမှုနဲ့ ဂရိနိုင်ငံမှာ လက်ဝဲအယူအဆရှိတဲ့ နိုင်ငံရေးပါတီ Syriza Patry အနိုင်ရခဲ့တဲ့အချက်တွေလည်း ပါဝင်ပါတယ်။

အင်ဒိုနီးရှားစီးပွားရေး တိုးတက်ကောင်းမွန်ဖို့အတွက် ပြည်ပဈေးကွက်အခြေအနေတွေကလည်း ထူးခြားတဲ့ အကြောင်းတရားတွေ ဖြစ်ကြောင်း မန်ဒရီသိပ္ပံမှ အမှုဆောင်ဒါရိုက်တာ အက်စထရီဒါမာယန်တီက ပြောပါတယ်။ ပြည်တွင်းစီးပွားရေးတိုးတက်ကောင်းမွန်ဖို့အတွက် ရင်းနှီးမြှုပ်နှံမှုဖွဲ့စည်းတည်ဆောက်ပုံပြုပြင်ပြောင်းလဲဖို့လိုကြောင်းလည်း သူက ပြောပါတယ်။